www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ပိုင်မှူးအိမ်

# အချစ်ကို ကြက်ခြေခတ်ကြေး

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇။

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၉၁၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၇၁၀၆၀၅

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | အာကာ |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ဂ၈၊ ၃ထပ် (ညာ)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/ခ၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်။ |
| အတွင်းပလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၉၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com


။

လာခဲ့ချစ်သူ
" အရိုးကောက်ပွဲ " အတူသွားရအောင်
ရိုးမြေကျ ကြင်နာ
မြူစင်ခြ တစ်သက်တာနဲ့
တစ်သက်တာ ချစ်ပါ့မယ်ဆိုတာ . . . . ပုံ။

။


www.burmeseclassic.com

www.burmeseclassic.com



(၁)

BURMESE CLASSIC

ကျောရိုးထဲ စိမ့်တက်လာသည်။ ကြက်သီးက ဖျန်းခနဲ။ ရင်၌ ရင်ခုန်သံတို့က စည်းချက်မညီကြ။ ပထမဆုံးသော ရက်။ သူ၏တက္ကသိုလ် ကျောင်းသားဆိုသော ဘဝ၏ ပထမဆုံးရက်။ သူမျှော်လင့်ခဲ့သော မက်ခဲ့သော အိပ်မက်တို့၏ နိဒါန်း။

သူကျောင်းဝင်ပေါက်တည့်တည့်မှာရပ်၍ မိန်းကို မော့ကြည့်ရင်း ပီတိတွေ ဖြာလျက်။ ကြည့်စမ်း. . . ။ ဒီလောက် ကျက်သရေရှိတဲ့ မြင်ကွင်း၊ ငြိမ်းအေးမှုနှင့်အတူ တက်ကြွမှုန်းမသိ တက်ကြွလို့လာသည်။

'တီ. . . တီ. .'

ရုတ်တရက် တီးသော ဆိုင်ကယ်ဟွန်းသံရှည်ကြောင့် သူလန့်ဖျပ်သွားရသည်။ နောက်ကို လှည့်ကြည့်တော့ ဆိုင်ကယ်နှစ်စီး၊ ကောင်မလေး လေးယောက် သူ့ကို ပြုံးစိစိဖြင့် ကြည့်နေကြသည်။

'ဘာကြောင့်ရပ်ရပ် လမ်းဘေးချရပ် သိလား၊ လမ်းလယ်ကောင်မှာ ရပ်ရင် အန္တရာယ်ရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . .

ခပ်စွာစွာ ကောင်မလေးတစ်ယောက်က လှမ်းပြောသည်။ သူ့မျက်နှာ နီခနဲ။ ကွေ့ဝင်သွားရင်လည်း ရသည်။ ကျောင်းဝင်ပေါက်က အကျယ်ကြီး။ ဆိုင်ကယ် နှစ်စီးသာမက ခုနစ်စီးလောက် ရင်ပေါင်တန်းဝင်လို့ရသည်။ ဒါ. . . တမင်သက်သက် ကြုပ်နေကြခြင်း။

'ဟယ်တော့ နားမကြားဘူးလား မသိဘူး'

'ဒက်ပေးခံထားရတယ်ထင်တယ်၊ နေရာကို မရွှေ့ဘူး'

ခပ်စွာစွာ ကောင်မလေးနှင့် နောက်တစ်ယောက်က မျက်မှောင်တွန့်ရင်းဆိုသည်။ ပြီးနောက် သူ့ဘေးမှ သီသီလေးပွတ်ကာ စီးသွားကြသည်။ ဘယ်တစ်စီး ညာတစ်စီး ကပ်စီးသွားကြသည်မို့ သူထိတ်သွားရသည်။

'ဗုဒ္ဓေါ'

လန့်သွားသော သူ့ကိုကြည့်ကာ ကောင်မလေးများက ဟားကြသည်။ 'ဟိုနှစ်ကောင်ကို မစောင့်မိတာ မှားပြီ' ဟု ပထမဆုံးအကြိမ် နောင်တရသွားမိ၏။ ဆိုင်ကယ်ပေါ်မှ ခပ်ရွှတ်ရွှတ်ကောင်မလေးက 'ကြောင်' ခေါ်သလိုမျိုး 'မီမီ'ဟု အော်ကာ လက်လှုပ်ပြသွားသေးသည်။ ရင်ထဲမှာ ထောင်းခနဲ၊ ရယ်လည်း ရယ်ချင်သွားရသည်။ တော်တော်ဗရုတ်ကျသောအဖွဲ့ဟု။

သူမတို့အုပ်စုကား ပျောက်ကွယ်၍ သွားလေပြီ။ သူကတော့ ခပ်မှန်မှန် လျှောက်လာရင်း မိန်းရှေ့မှ အုတ်ခုံဝိုင်းပေါ် အခြားကျောင်းသားများကဲ့သို့ ဝင်ထိုင်သည်။ ဤနေရာလေးက Junction ကျသောနေရာလေး။ ဆိုင်ကယ်ပတ်ကင်က မိန်းရှေ့မှာပဲမို့ ဆိုင်ကယ်နှင့်လာသူ တော်တော်များများက ဒီရှေ့ကို မဖြတ်ချင်လို့မရ။ ကိုယ်ပိုင်ကားနှင့် လာသူများသည်လည်း ထိုနည်းတူ။ လိုင်းကားစီးလာသူများသည်လည်း မှတ်တိုင်က ကျောင်းဝင်ပေါက်ကြီးနှင့် မလှမ်းမကမ်းမှာမို့ မိန်းရှေ့သည် ကျောင်းသားများအတွက်ကတော့ View Point ပဲဖြစ်သည်။

ဆိုင်ကယ်မြို့တော်ဟု တင်စားရလောက်အောင်ပင် တောင်ကြီးမြို့၏ တက္ကသိုလ်ဝင်း၌ ဆိုင်ကယ်များက ပျားပန်းခတ်မျှ။

ရှေ့မှဖြတ်သွားသမျှတို့ကို လိုက်ကြည့်ရင်း မျက်စိများပင် ညောင်း၍လာသည်။ ခုထိ ဟိုနှစ်ကောင်က ရောက်မလာကြသေး။ ရေချိုးတာလည်းကြာ၊ အဝတ်လဲတော့လည်း ကြာ၊ နေရာတကာကြာလွန်းသည်။ ကျောင်းဖွင့်စရက်မို့ နုနုထွတ်ထွတ်ရင်ခုန်သံများနှင့် သူ အမြန်သွားချင်နေသလောက် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်က အေးဆေးလုပ်နေကြသည်။

အဆောင်မှ သူထွက်လာချိန်အထိ သကောင့်သားများက ရေချိုး၍ပင်မပြီးသေး။ ထို့ကြောင့်လည်း 'ငါ မိန်းရှေ့က စောင့်မယ်ဟေ့' ဟု အော်ရင်း အရင်ထွက်ခဲ့ခြင်းဖြစ်သည်။ နာရီကို ကြည့်တော့ လက်ချာချိန်က နီး၍နေလေပြီ။

'ဟေ့ကောင် ခွန်နိုင်အေး'

သူ့နာမည်ကို ခေါ်သော ခွန်ရန်လင်း၏ အသံကြောင့် သူနောက်ပြန်လှည့်ကြည့်သည်။ ခွန်ရန်လင်းနှင့် ငြိမ်းဆွေမင်းတို့နှစ်ယောက်သာ လှုပ်လှုပ်၊ လှုပ်လှုပ်ဖြင့် လာနေကြသည်။

'ဟာ မင်းတို့ ဘယ်ကနေ ဘယ်လို ပတ်လာကြတာလဲ'

'ဟဲ ဟဲ မင်းဖြတ်လမ်းကို မသိလိုက်ဘူး မဟုတ်လား၊ ဟိုး. . . မှာတွေ့လား၊ 'ရတနာ' ကင်တင်း၊ အဲဒီအေးမှာ လမ်းလေးရှိတယ်၊ ငါတို့အဆောင်နဲ့ ဆို တန်းနေတာပဲ'

'ကားလမ်းအတိုင်း ခပ်ဝေးဝေး သွားစရာ မလိုတော့ဘူးပေါ့ကွာ'

သူ့အမေးကို ခွန်ရန်လင်းနှင့် ငြိမ်းဆွေမင်းတို့က ဆရာကြီးလေသံဖြင့် ဆိုကြသည်။ ဖြတ်လမ်းက လာကြရသဖြင့် သူတို့ကိုယ်သူတို့ ကြံဖန်ပြီး ဂုဏ်ယူနေကြသည်။

'ခွေးတိုးပေါက်တော့မဟုတ်ပါဘူးနော်'

'ဟာ ဘယ်က ခွေးတိုးပေါက်ရမှာလဲ၊ လူသွားလမ်းမှ ဖြူးနေတာပဲ'

'အေးလေ'

သူ့အမေးကြောင့် နှစ်ကောင်သား ငရုတ်သီး မစားပါဘဲ ရှူးရှူးရှဲရှဲ ဖြစ်ကြသည်။

'ကဲပါ ... လက်ချာချိန် နီးနေပြီ သွားရအောင်'

'ဘယ် သွားမှာလဲ'

'ဟာ တောင်ကြီး ၁ မှာ အင်္ဂလိပ်စာ အချိန်လေ၊ ငါတို့နဲ့တစ်ခန်းတည်း အတူတူပဲ လာ'

ခွန်ရန်လင်းကို ဖြေရင်းက သူရှေ့ဆုံးမှ လျှောက်သည်။ မနေ့ကတည်းက အချိန်ဇယားကူးရင်း ကျောင်းစာသင်ခန်းအချို့ကို စနည်းနာပြီးသား၊ သူက ဆရာကြီးဖြစ်လို့နေသည်။ ဟိုနှစ်ကောင်ကတော့ တောင်ကြည့်မြောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com


ဖြင့် လိုက်လာသည်။

'ဟကောင် ခွန်နိုင်အေး၊ တောင်ကြီး - ၁က ဘယ်မှာလဲ'

'တောင်ကြီး ၂ ဘေးမှာ'

'မဟုတ်ဘူးလေ၊ ဘယ်နေရာမှာလဲလို့ မေးတာ'

'အေး ပင်လုံဆောင် ဘေးမှာလေ'

'ကျွတ်'

ခွန်ရန်လင်းနှင့် ငြိမ်းဆွေမင်းတို့က သူ့အဖြေကို မကျေနပ်ကြ။ သူက လည်း တမင်ပင် သူတို့နှစ်ကောင်ကို စချင်သည်မို့ စဖြစ်အောင် စလိုက်ခြင်း ဖြစ်သည်။

'မေး မနေပါနဲ့ ငြိမ်းဆွေရာ၊ လမ်းမသိ ဒီကောင်နောက်လိုက်'

'အေး ဟုတ်တယ်၊ လမ်းမသိ ဘာနောက်လိုက်ဆိုလား'

'အေးပါ ကိုယ့်ဆရာကို ပစ်မှားကြ မိုးကြိုးအပစ်ခံရမယ့်ကောင်တွေ'

ပြောရင်း ဆိုရင်းဖြင့် အင်းလေးဆောင်ဘေးမှ ဖြတ်ကာလျှောက်လာ ကြသည်။ တက္ကသိုလ် စာတိုက်ထဲကနေ ကောင်မလေး လေးယောက်ထွက်လာ ကြသည်။ စောစောက သူ့ကိုလောင်ထားခဲ့သော ထိုလေးယောက်။ မျက်နှာချင်း ဆိုင်ကနေ သူမတို့ လျှောက်လာကြသည်။ သူခေါင်းကို တမင်ငုံ့ကာ လျှောက် သည်။ သူမတို့ သူ့ကိုမြင်တော့ အချင်းချင်း လက်တို့တာကို တွေ့လိုက်ရသည် ကိုး။

'မမြင်ချင်ယောင်ဆောင်တယ်တော့ ခေါင်းကြီးငုံ့လို့'

'မဟုတ်ပါဘူးဟာ ပိုက်ဆံရှာနေတာလေ၊ တစ်ယောက်ယောက်များ ကျနေခဲ့မလားလို့'

တဟီးဟီးဖြင့် မထိတထိပြောရင်း ဖြတ်သွားသော သူမတို့ကြောင့် သူ ရှက်သွားရသည်။ အေးပေါ့လေ၊ သူတို့အုပ်စုက သုံးယောက်၊ သူမတို့အုပ်စု ကလေးယောက် ဖြစ်နေသည်ကိုး။ မီးများတော့ မီးနိုင်၊ ရေများတော့ ရေနိုင်ပေါ့။ သူမတို့ကတော့ ရေလည်းမဟုတ် မီးလည်းမဟုတ်ပါ။ တော်တန်ရုံလှသည် ဆိုသော စကားလုံးကို 'သနားတယ်' ဟုဆိုရမည်ဖြစ်သော အလှပဂေး မော်ဒယ် လေးတွေချည်းဖြစ်သည်။

'ဟာ ငါတို့ကောင် စွံလှချည်လား'

'အမယ် မယ် မျက်နှာတွေတောင် နီလို့ သူကများ ရှက်နေ…တယ်


www.burmeseclassic.com

www.burmeseclassic.com



ငါ ကန်လိုက်ရ'

ငြိမ်းဆွေမင်းနှင့် ခွန်ရန်လင်းတို့က တစ်ယောက်တစ်ပေါက်' အထင်တကြီး၊ သူ့အထင် အနည်းငယ် မနာလိုစွာ' ရေရွတ်ကြသည်။ မျက်လုံးများမှာ အားကျနေမှုများကို (သူ့အထင်) တွေ့နေရသည်။

'ဒီလိုပါပဲ အဟမ်း အဟမ်း'

သူကလည်း မြောက်တတ်သော ပုထုဇဉ်တို့၏ ထုံးစံအတိုင်း ကော်လံကိုကိုင်ရင်းက ဆောင့်ကြွားကြွား ဆိုဖြစ်သည်။ သူတို့နှစ်ကောင်သားကတော့ 'မေး မိကဲ့ပါးစပ် မှားပါတယ်' ဟုရွတ်ကြသည်။ အမှတ်တမဲ့ နောက်ပြန်လှည့်ကြည့်တော့ သူမတို့လေးယောက် အင်းလေးဆောင်ထဲ ဝင်သွားကြတာကို တွေ့လိုက်ရသည်။ အင်းလေးဆောင်က ဥပဒေဌာနထဲ။

'ဩော် ... သူတို့က ဥပဒေ ကျောင်းသူတွေကိုး'

'ဘာ စောစောက ကလေးမတွေလား ဒါဆို ချိန်ခွင် မေဂျာကပေါ့'

သူတစ်ယောက်တည်း ရေရွတ်သော စကားကို ကြားသည့် ငြိမ်းဆွေမင်းက 'ချိန်ခွင်'မေဂျာကပေါ့ ဟုဆိုသည်။ သူမတို့ မေဂျာ၏ အမှတ်အသားက 'သမာဓိ ချိန်ခွင်' ဖြစ်သည်ကိုး။

'ငါ့တပည့်တောင် တော်တော် တိုးတက်နေမှုကိုး'

'မင်း သေလိုက်ပါလား'

သူနှင့် ငြိမ်းဆွေမင်းတို့ တစ်ယောက်တစ်ခွန်း ငြင်းခုန်နေကြသည်ကို ကြည့်ရင်း ခွန်ရန်လင်း က 'ဟက်' ခနဲ ရယ်သည်။

'ကဲ ကဲငါ့တပည့် တို့ ဒါ တောင်ကြီးဆောင်ပဲ'

တောင်ကြီးဆောင်ရှေ့တည့်တည့် ရပ်ရင်းပြောသော သူ့ကို ခွန်ရန်လင်းက ပေါပါ့ကွာ' ဟု ရွတ်သည်။ ငြိမ်းဆွေမင်းကတော့ 'ရောဂါရင့်နေပြီ' ဟု မကြားတကြား ရွတ်သည်။

'အေး သစ်ပင်မြင့်တော့လည်း လေတိုက်တာပေါ့၊ အင်း ကိုယ့်ထက်သာ မနာလို၊ ကြောက်စရာတယ်ကောင်းသကိုး'

တရားရဟန်ဖြင့် ရေရွတ်သော သူ့ကို အမြင်ကတ်ကတ်ဖြင့် နှစ်ယောက်သား ကြည့်နေကြသည်။ တောင်ကြီးဆောင်က ခြံစည်းရိုးများ ပတ်အုံလည် ကာရံထားပြီး လူဝင်ပေါက်ငယ်လေးကိုသာ လှပ်ထားပြီး ဂိတ်ခါးကြီးကို ပိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com


တောင်ကြီး ၁ ရှေ့မှာ ကျောင်းသားအချို့ ရပ်နေကြသည်။ အခန်းထဲမှာတော့ ဆူညံလျက်၊ ကျောင်းဖွင့်ရက်မို့ မိတ်ဖွဲ့ကြရင်း ဘော်ဒါရှာကြသည်။ ကျောင်းသား ကျောင်းသူ အသစ်တို့၏ ထုံးစံအတိုင်းမြင်တာနဲ့ ခင်ဖို့ကိုသာ အာရုံရှိကြသည်ကိုး။

ကျောင်းသားသစ်တချို့ကတော့ ကျောင်းသူများကိုကြည့်ရင်း စိတ်ကူးဖြင့် ထုံးတို့ကာ မှတ်နေကြသည်။ ကျောင်းသူတချို့ကလည်း ခပ်ချောချော မြင်တိုင်း တီးတိုးတီးတိုးတို့ဖြင့်။

'ဝင်ကြရအောင်'

ဟောခန်းက ကျဉ်းသယောင်ယောင်ဖြင့် မကျဉ်းလှ။ ကျောင်းသား ကျောင်းသူကိုက များနေသည်။ ထုံးစံအတိုင်း ကျောင်းသူများက ခပ်တည်တည်ဖြင့် ရှေ့ဆုံးမှ နေရာယူကြသည်။ ကြုံကြုံဖန်ဖန် ကျောင်းသူတချို့ကမူ ပေါက်ပေါက်ရှာရှာ နောက်ဆုံးမှာ နေရာယူကြသည်။

သူတို့သုံးယောက် အခန်း၏ နောက်ဘ [illegible] ဝင်ကြတော့ နောက်ဆုံးတန်းမှ ကောင်မလေးတချို့က ကျွတ်စီစီ ဖြစ်သွားကြသည်။ မျက်လုံးများက သူ့ဆီမှာ။ ခုံလွတ်တစ်ခုမှာ ဝင်ထိုင်ကြတော့ ငြိမ်းဆွေမင်းက ပွစိပွစိ ရွတ်သည်။

'တောက် ဟော့ကောင် ခွန်ရန်လင်းရေ . . . ငါတို့ကောင်တွေတော့ ဒီကောင်နဲ့သွားရတာ ရုပ်ပါတွေ မှိန်ကုန်ပြီ'

'ဟ . . ငြိမ်းဆွေရာ ငါတို့ ရုပ်ပါတွေက သူမသာ ကိုယ်မသာပါကွာ၊ ဒီကောင်က ဘုန်းနိမ့်ကံနိမ့်ဖြစ်နေတော့ မျက်နှာပွင့်နေတာပေါ့၊ အကောင်းပွင့်တာ မဟုတ်ဘူး'

ခွန်ရန်လင်းက ခပ်တည်တည် နှိပ်ကွပ်သည်။ ဒါကို သဘောကျသော ငြိမ်းဆွေမင်းက တဟီးဟီးဖြင့် ရယ်သည်။

'အေး သစ်ပင်ကလည်း မြင့်တော့ လေပိုတိုက်ခံရတာပေါ့လေ။ ဒုက္ခ ဒုက္ခ'

တရားကျသူ တစ်ယောက်လို သူရွတ်တော့ ခွန်ရန်လင်းက 'လာပြန် ပြီ ဒီသစ်ပင်' ဟု ရွတ်သည်။

'လေတိုက်ရုံတင် ဘယ်ကမလဲ၊ မုန်တိုင်းကို မိဦးမယ့်သစ်ပင်'

ငြိမ်းဆွေမင်းက အထက်ပါအတိုင်း အားပါးတရ ဆိုကြသည်။


www.burmeseclassic.com

www.burmeseclassic.com



'အင်း ကိုယ့်ထက်သာ မနာလို၊ တယ်ပြီး ကြောက်စရာကောင်း သကိုး၊ ဒုက္ခ ဒုက္ခ'

ဒုက္ခဆိုတာကို သံရှည်ဖြင့် ဆွဲပြောသော သူ့ကို နှစ်ကောင်သား နှာခေါင်း ရှုံ့သည်။ ဆရာဝင်လာသဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်သွား သည်။ အင်္ဂလိပ်စာ အချိန်မှာဝင်လာသည်မို့ အင်္ဂလိပ်စာ ဆရာဟု ယေဘုယျ သတ်မှတ်လိုက်သည်။

ဆရာက ပြုံးပြသည်။ ကျောင်းသား ကျောင်းသူများကို ပြုံးပြသော ဆရာ့အပြုံးက အေးမြမြ။ ဆရာက ကျောင်းသူ ကျောင်းသားအားလုံးကို ဝေ့ ဝဲကာ ကြည့်သည်။

'ဆရာကတော့ ဦးမြခိုင်ပါ၊ မင်းတို့ကို အင်္ဂလိပ်စာ သင်ပါမယ်၊ မင်းတို့က မေဂျာ လေးခုပေါင်းထားတာ ဖြစ်တယ်၊ မြန်မာစာ၊ ဆိုက်ကို Botany နဲ့ Zoology တို့ ဖြစ်တယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ'

ကျောင်းသား ကျောင်းသူများက တညီတညွတ်တည်း ဖြေကြသည်။ 'The right, Sir" ဟု ခပ်ကြောင်ကြောင် ကျောင်းသား အသံကလည်း စူးခနဲ ထွက်လာသေးသည်။ ကျောင်းသူအချို့က တခွိခွိဖြစ် ကုန်သည်။ ကျောင်းသား တချို့က 'ဝါး'ခနဲ ရယ်ကြသည်။

'အေး ဟုတ်ပြီ၊ အဲဒီတော့ မင်းတို့ . . . . . . . . . . .'

ဆရာက သင်ကြားမည့် သင်ခန်းစာများနှင့် ပတ်သက်၍ လည်း ကောင်း၊ ကျောင်းတော်သူ ကျောင်းတော်သားများ နေထိုင်ပြောဆိုရမည်များကို လည်းကောင်း ရှင်းပြသင်ကြားသည်။

အင်္ဂလိပ်စာ အချိန်ပြီးသည်နှင့် Bot ; Pratical အချိန်မို့ သုံးယောက် သား Lap အခန်းဘက် ထွက်ခဲ့ကြသည်။

'ခွန်နိုင်အေးရေ ငါတို့ဘယ်အခန်းမှာလဲကွ'

'အေး Lap 2 မှာပဲ ငါ့တပည့်'

သူ့အဖြေကြောင့် ငြိမ်းဆွေမင်းက 'မှားပါတယ်' ဟု ရေရွတ်သည်။

'ငြိမ်းဆွေရေ နေ့လယ်ခင်းကျရင် ငါတို့လည်း Timetable သွားကူး ရအောင်ကွ၊ တော်ကြာ ဒီကောင် ဂေါက်သွားလိမ့်မယ်၊ ဘာမေးမိုးမမိ၊ သူ့ ကိုယ်သူ ဆရာ ဆိုတာကြီးပဲ'



www.burmeseclassic.com

www.burmeseclassic.com


'အေးကွ ဘဝင်မြင့်ရူး ရူးတယ်ဆိုတာ ဒါလား မသိဘူး'

'အင်း . . . ကိုယ့်ထက်သာ မနာလို'။ တယ်လည်း ကြောက်စရာကောင်းသကိုး. . . ကျွတ် . . ကျွတ်. . . ကျွတ်'

'လုပ်ပြီ'

သူ့လက်သုံးစကားကြောင့် ခွန်ရန်လင်းက 'လုပ်ပြီ'ဟု မကျေမချမ်းရေရွတ်သည်။ ငြိမ်းဆွေမင်းက တဟားဟားရယ်ရင်း သူ့ပခုံးကို ခပ်ဖွဖွထိုးသည်။

'ကဲ ကဲ အခန်းထဲ ဝင်ရအောင်'

'ရှေ့က ဝင်တော်မူပါ ကိုဘဝင်'

သူ့စကားကို အရောက်ပို့သော ငြိမ်းဆွေမင်း၏ ခပ်ရွဲ့ရွဲ့စကားကြောင့် ရယ်ဖြစ်ကြသည်။ Lap အခန်းက ထိုင်ခုံများအား Lature အခန်းများကလို တစ်ဆက်တည်း မဟုတ်။ တစ်ခုံချင်းဖြစ်သည်။ ခုံနံပါတ်အလိုက် အခန်းသုံးခန်းခွဲလိုက်သည်မို့ ကျောင်းသူ ကျောင်းသား သိပ်မများတော့။

'အင်း ဒီကရှေ့ဆိုရင် ငါတို့ကောင်ကြီး ခွန်နိုင်အေးကတော့ Bot. Pratical ပျက်မှာ မပူရတော့ဘူး'

'ဘာဖြစ်လို့လဲ ငြိမ်းဆွေရ'

'သြော် ခွန်ရန်လင်းကလည်း မင်းညံ့သေးတာပဲ၊ ငါတို့ Lap ခန်းက မ, အိမ်သာနဲ့ နီးတယ်လေကွာ'

'သြော် အေး ဟုတ်သားပဲ. . . ဟား . . . ဟား. . . '

ခပ်တည်တည်ကြီးဖြင့် ငြိမ်းဆွေက သူ့ကို နှိပ်ကွပ်သည်။ ခွန်ရန်လင်းတော့ သူပါ ရောရယ်ဖြစ်ကြသည်။ တကယ်လည်း သူတို့ Lap အခန်းနှင့် မ, အိမ်သာက နီးသည်ကိုး။

'ငါကတော့ သတိမထားမိပါဘူး ရန်လင်းရာ ဒါမျိုးက စိတ်ဝင်စားတဲ့လူတွေပဲ သိတာမျိုးကွ'

'ဒါလည်း ဟုတ်တာပဲ ဟား ဟား'

သူပြန်နှိပ်ကွပ်သည်ကို ခွန်ရန်လင်းက သဘောတူပြန်သည်။ တဟားဟားဖြင့်လဲ ရယ်ပြန်သည်။ ငြိမ်းဆွေကတော့ ပေစောင်းစောင်းလုပ်ရင်း မအောင့်နိုင်သဖြင့် ရယ်သည်။

ထိုအချိန်မှာပင် ဆရာမများ ဝင်လာကြသည်။ ငါးယောက်ခန့် ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာမ ခပ်ငယ်ငယ် နှစ်ယောက်က White Board မှာ ပုံတစ်ပုံစီ ဆွဲကြသည်။

ဆရာမကြီးတစ်ယောက် ကျောင်းသူ ကျောင်းသားများဘက်ကို မျက်နှာ ချင်းဆိုင်ရပ်သည်။

'ဒီနေ့က မင်းတို့ရဲ့ ပထမဆုံး Bot; Pratical ဖြစ်တယ်၊ ဒီတော့ Pratical အတွက် စာအုပ်ဝယ်ရမယ်။ ဒီတော့လက်ရှိ Roll No. နဲ့ ခေါ်မယ်။ ကိုယ့်အလှည့်ကျမှ လာပါ'

ကျောင်းသူ ကျောင်းသားများ Pratical စာအုပ်ဝယ်ကြသည်။ ကျောင်း ဖွင့်စမှာ တချို့ ကျောင်းသူ ကျောင်းသားများ မေဂျာပြောင်းတတ်ကြသဖြင့် ခုံနံပါတ် Roll No.အတည်မရကြသေး။ မေဂျာ မပြောင်းပါမှ (သို့) ပြောင်းပြီးချိန်မှ Roll No. အတည်ကို ရကြသည်။

'ကဲ အားလုံးမှာ စာအုပ်ရှိကြပြီ၊ ဒီတော့ မင်းတို့ကို တီချယ်ပြောပြမယ်၊ ဒီစာအုပ်ထဲမှာ ဘောပင် လုံးဝမသုံးပါနဲ့၊ စာအုပ်ရဲ့ ညာဘက် စာမျက်နှာသည် ပုံဆွဲရန် ဖြစ်တယ်။ ဘယ်ဘက် စာမျက်နှာကတော့ စာရေးရန် ဖြစ်တယ်။ စာအုပ်ရဲ့ ရှေ့ဆုံးမှာ မှတ်တမ်းဇယားများ ရှိတယ်။ ရက်စွဲရေးပါ။ လေ့ကျင့်ခန်းရဲ့ ခေါင်းစဉ် ရေးပါ၊ အသပ်ရပ်ဆုံးနဲ့ အသန့်ရှင်းဆုံးလုပ်ကြပါ။ အဲ . . . အရေးအကြီးဆုံးက မဆူညံကြပါနဲ့ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ တီချယ်'

ကျောင်းသားများအားလုံး တိတ်ဆိတ်သွားကြသည်။

'ဟော ဒုက္ခပဲ ခဲတံ ပါမလာဘူး'

'ခွင့်တောင်းပြီး သွားဝယ်ကြမလား'

'ဒါဆို ပေတံတွေ၊ ခဲဖျက်တွေပါ လိုမှာပေါ့'

'ငါတို့ကတော့ အစုံပါတယ်'

ကျောင်းသူ ကျောင်းသာများထံမှ အသံတိုးတိုး တိုးတိုးဖြင့် ထွက်လာကြသည်။ အပြင်ထွက်ကြရန်ကလည်း မရဲကြ။ တချို့ကတော့ဆရာမဆီ ခွင့်တောင်းကာ အပြင်ထွက်ဝယ်သည်။ ထိုလူများထံ အမှာတော်ပါးကြသည့်မှို ငွေတစ်ထပ်လိုက်ကြီးကိုင်လျက် ခေါင်းကိုကုတ်ကြသည်။ တစ်ယောက်က တော့ ပြုံးဖြီးဖြီးဖြင့် 'နောက်နေ့မှ ဆုံမယ်နော်' ဟုစသည်။

'သွားပြီနော် . . . ခဲတံတွေ မှာထားတဲ့ငွေတွေကို နောက်တွေ့မှပဲ



www.burmeseclassic.com

www.burmeseclassic.com


. . '. . . . . . . . . .

ပေးတော့မယ်၊ အဆင်ပြေတယ်ဟုတ်'

ကျန်တစ်ယောက်ကလည်း ဆရာမများ မကြားအောင် မတိုးမကျယ် အသံ ဖြင့် လှမ်းစနေကြသည်။ ဆရာမက မကြားဘဲ မနေ (သူက ဆရာမကိုး) 'ဟေ့' ဟု လှမ်းမာန်တော့မှ သကောင့်သားနှစ်ယောက် ဇက်ကလေးများ ပုကာ ထွက်သွားကြသည်။

'တော်တော် ပြောင်တဲ့ ကောင်တွေ'

ခွန်ရန်လင်းက ရယ်ရင်းဆိုသည်။ ငြိမ်းဆွေမင်းကတော့ ကျီးကန်း တောင်းမှောက်ဆိုတာမျိုး ရှိရှိသမျှကုန်သော ကောင်မလေးများကို လိုက်လံ ကြည့်ရှုလို့နေသည်။

ခွန်ရန်အေးကတော့ အကျီထူ ဇစ်ကို ဆွဲကာတင်သည်။ လေအေးက တိုက်သည်။ တောင်ကြီး ဒီဇင်ဘာရဲ့ ချမ်းအေးမှုက ဟစိမ့်စိမ့်။ သူတို့နှင့်မျက် နှာချင်းဆိုင်မှာ ကောင်မလေး တစ်အုပ်ထိုင်နေကြသည်။ ပုံကူးဆွဲသူက ဆွဲခဲ တံ မရှိသေးသူက တီးတိုးတီးတိုး စကားပြောနေကြသည်။

'ဟေ့ . . ဟေ့. . .'

သူ့ကို ခေါ်သည်ထင်၍ ခွန်နိုင်အေး ပုံဆွဲရာမှ မော့အကြည့် ထိုမျက် နှာချင်းဆိုင်မှ ပုံမဆွဲရသေးသော ကောင်မလေးက ပြုံးပြသည်။ သူက ပြန် ပြုံးပြမိရင်း ဘာလဲ ဟု မေးဆတ်ပြလိုက်သည်။

'ဟဲ့ ရှင့်ပုံကို ဘယ်ဘက်စာမျက်နှာမှာ ဆွဲထားတာ ရှင်မှားနေပြီ ပုံက ညာဘက်မှာ ဆွဲရမှာလေ'

'ဟုတ်သားပဲ'

ဟုပြောရင်း သူစိတ်နည်းနည်း လေသွားသည်။ ပုံဆွဲတာက အတော် လေးပင် ခရီးရောက်လို့နေပြီ။

'ကျေးဇူးပဲနော်၊ သတိမေ့သွားတယ်'

'ရပါတယ်၊ ဒါနဲ့ ဘယ်နဲ့ ညာတော့ ကောင်းကောင်း သိတယ်ဟုတ်'

'အေး . . . အာ . . .'

ထိပြီ ဟု သိလိုက်ချိန်မှာ ထိုကောင်မလေးနှင့် ဘေးက အဖော်များက ရယ်ပြီးနေလေပြီ၊ မျက်နှာပူပူနှင့် ပုံကို ခဲဖျက်နှင့် ငုံ့ဖျက်နေမိသည်။ သူတို့က ရယ်လို့ကောင်းတုန်း။

'ဖြည်းဖြည်းဆွဲပေါ့၊ မီတွေတောင် ခဲတံဝယ်နေတုန်း'


www.burmeseclassic.com

www.burmeseclassic.com


သူမ့ကအနည်းငယ် အားနာသွားဟန်ဖြင့် စကားလှမ်းပြောသည်။ 'မီ' တဲ့။ အင်မတန် စကားများနိုင်လှချည်လား .. ဟု သူတွေးသည်။ သာလိကာ မ။

ခဲတံသွားဝယ်သော ကျောင်းသားနှစ်ယောက် ပြန်လာသည်။

'ကဲ လက်ဝါးဖြန့်ရင် ခဲတံရမယ်'

အနည်းငယ် ဆူညံသွားသည်။ ဆရာမက 'အဟမ်း အဟမ်း' ဟု ချောင်း ဟန့်လိုက်တော့မှ ငြိမ်ကျသွားသည်။

'ဟော့ နင်လက်ဖြန့်တာ နှစ်ခါရှိပြီ'

'ဘာနှစ်ခါလဲ.အခုမှ ထိုင်ခုံက ထလာတာ'

'ဟာ နင်ကလည်း ကားဂိတ်မှာတုန်းက လျက်ဆား နမူနာ လာကျွေးတာ နင့် လက်ဖြန့်သေးတယ်လေ'

'သေလိုက်'

ကောင်မလေးက ခဲတံ ဘောပင်ကို ဆွဲယူရင်း ရှက်ရှက်ဖြင့် မျက်စောင်းထိုးသွားသည်။ သကောင့်သား နှစ်ကောင်ကတော့ တဟီးဟီးဖြင့် သဘောကျကျန်ရစ်သည်။

'ဟော့. . . . . . ဒီမှာ'

သူ့ရှေ့က ကောင်မလေးကပင် ခေါ်ပြန်သည်။ သူ မကြားချင်ယောင်ဆောင်နေလိုက်သည်။ Pratical အခန်းမှ စားပွဲခုံများက မျက်နှာချင်းဆိုင်ထိုင်ရသည့် စားပွဲများမို့ သူမနောက်တစ်ခေါက် ထပ်ခေါ်တာကိုလည်း သူကြားပါသည်။ မကြားချင်ယောင်ဆောင်ကာ နေလိုက်သည်။

'ဒီမှာ'

ခေါ်သံနှင့်အတူ လက်မောင်းပူခနဲ ဖြစ်သွားသည်။ သာလိကာမပါးစပ်က ခေါ်ရင်း လက်က ပေတံစောင်းဖြင့် လှမ်းခေါက်သည်။

'ဘာလဲကွ'

မျက်မှောင်ကုတ်ရင်း (လက်မောင်းကို ပွတ်ရင်း) ပြန်ထူးတော့ သူမကရယ်ချင်ပက်ကျိဟန်ဖြင့် ကြည့်သည်။ ကလေးတစ်ယောက်ကို ကျီစားတော့မည့် သူ တစ်ယောက်လိုမျိုး။

'ခဲဖျက် ခဏလောက်'

'ဘုံးတတ်ရင်ဆောင်ထား'


www.burmeseclassic.com

www.burmeseclassic.com


. . . . . . . . . . . . . .

ခဲဖျက်ခဏလောက် တဲ့။ အမြင့်မြင့်ကတ်ကတ်ဖြင့် 'သုံးတတ်ရင်ဆောင်ထား'ဟု သူဘုတောပစ်လိုက်သည်။ ရှုက်သွားစမ်းပါစေ။. . . . ရှုက်သွားပါသည်။ သို့သော် သူထင်ထားသလောက်ကြီးတော့ မဟုတ်။

'ယောက်ျားလုပ်ပြီးတော့ ကပ်စေးနဲလိုက်တာ'

'. . . . . . . . . . . .'

သူမအပြောကို သူမကြားချင်ယောင် ဆောင်လိုက်သည်။ ဘာသံမှထပ်မကြားရတော့။

'ဟကောင်. . . ငှားပေးလိုက်လည်း ရရဲ့သားနဲ့ မင်းကလည်း'

'မင်းအသာနေစမ်းပါ ငြိမ်းဆွေရ'

'အေးလေ'

သူတို့သုံးဦးသား တိုးတိုး တိတ်တိတ်သူမတို့မကြားအောင် ပြောဖြစ်သည်။

'ယောက်ျားလေးလုပ်ပြီး အတင်းတုပ် နေကြတယ်ပေါ့လေ'

သာလိကာမ. . . ။ မော့မကြည့်ဘဲ ပုံဆွဲရင်းက တစ်ယောက်တည်းတီးတိုးရေရွတ်သလိုဖြင့် ဆိုသည်။ သူတို့သုံးယောက်. . အတင်းမပြောရဘဲနှင့် ဘလိုင်းကြီး သူမကခွပ်သည်။ ပြီးတော့ သူမ၊ မပြောလိုက်သလိုမျိုး ခပ်တည်တည်ဖြင့် ပုံဆက်ဆွဲနေသည်။

'ကျွတ်. . . မှားပြန်ပြီ ဒီ Cell ကလည်း ဆွဲရခက်လိုက်တာ'

သူမက ပုံကို White Board မှကူးဆွဲရင်းက ရေရွတ်သည်။ သူတနေရင်းထိုင်ရင်း ဝမ်းသာသွားရသည်။ အဲဒါ သူတစ်ပါးကို နှိပ်ကွပ်ဖို့ပဲ အာရုံရောက်ချင်ဦးဟု။

ခွန်ရန်လင်းနှင့် ငြိမ်းဆွေမင်းက မရယ်ချင်ဘဲ ညစ်၍ရယ်သည်။ 'ဟာ ဟာ ဟာ'ဟု။ ဝစ္စနှစ်လုံးပေါက် 'ဟား ဟား ဟား'မဟုတ်ဘဲ 'ဟာ ဟာ ဟာ' ဟုရယ်တော့ သူမကိုရယ်မှန်း သူမသိသည်။ မျက်စောင်းကို 'ဒိုင်း' ခနဲထိုးသည်။

'ဟဲ့ ကေသီ ငါ့ကို ခဲဖျက်ငှားစမ်းပါ၊ ငါ့ရှေ့က လူတွေက ခဲဖျက်လေးတောင် မငှားရက်ဘူးဟဲ့၊ ကပ်စေးတွေ'

သူမအသံက လိုအပ်သည်ထက် အနည်းငယ်ပို၍ ကျယ်သည်။ ကျောင်းသူ/ကျောင်းသားအချို့က စပ်စပ်စုစု ဝိုင်းကြည့်သည်။ သူတို့သုံး


www.burmeseclassic.com

www.burmeseclassic.com



ကောင်သား ရှက်ကိုးရှက်ကန်းတွေ ဖြစ်သွားရသည်။ တတ်လည်းတတ်နိုင်သော သာလိကာမပါပေ။

'ကဲ ကူးဆွဲလို့ ပြီးကြပြီလား'

ဆရာမ၏ အသံက အနည်းငယ်ဆူညံစ ပြုနေသော ကျောင်းသူ/သားတို့၏အသံကို တိတ်ဆိတ်သွားသည်။ 'ပြီးပါပြီ တီချယ်' ဆိုတာနှင့် 'မပြီးသေး ဘူးတီချယ်' ဆိုသော ဖြေသံက တစ်ယောက်တစ်ပေါက်ထွက်လို့လာသည်။

'ကဲ စာရှင်းပြမယ် ပြီးတဲ့လူကော မပြီးသေးတဲ့လူပါ နားထောင်၊ မပြီးသေးတဲ့လူက စာရှင်းပြီးမှ ဆက်ဆွဲတော့'

သူတို့သုံးကောင် White Board ဘက်ကို လှည့်ကြည့်လိုက်ကြသည်။ ရှေ့က သာလိကာမတွေက ပြီးသေးဟန်မတူ။ ခေါင်းကုတ်တာကို မြင်လိုက်ရသည်။

ဆရာမက Pratical လုပ်သော Plant ၏ Cell အကြောင်းကိုရှင်းပြသည်။

'ကဲ. . . ဒီ Cell နဲ့ ပတ်သက်ပြီး ရှင်းတယ်နော်၊ မရှင်းတာ ရှိရင်မေးလို့ရတယ်။ ကဲ. . . . . မေးစရာရှိလား'.

'မရှိပါဘူး တီချယ်'

'ဟုတ်ပြီ။ ဒါဆိုရင် Roll -1 to 20 က ဟိုခုံမှာထိုင်နေတဲ့ အင်္ကျီအပြာရောင်နဲ့ ဆရာမ ဒေါ်သီတာဝေဆီမှာ စာအုပ်ထပ်ပါ။ 21 to 40 က အင်္ကျီအဝါရောင်လေးနဲ့ ဆရာမ ဒေါ်ခင်ခင်ဌေး ဆီမှာ စာအုပ်ထပ်ပါ။ ကျန်တဲ့ 42 နဲ့ အထက်က တီချယ့်ဆီမှာ စာအုပ်လာထပ်ပါ၊ မပြီးတဲ့လူက ဆက်ဆွဲ'

ဆရာမ၏ စကားအဆုံး ကျောင်းသူ/သားများထံမှ စကားသံများထွက်လာသည်။ ပြီးပြီးသား လူများက စာအုပ်ကို သူ့ထက်ငါ အောင်ပြေးထပ်ကြသည်။ ဆွဲလက်စလူများကလည်း အမြန်ဆွဲကြသည်။

သူတို့ စာအုပ်များက ခုံနံပါတ် ရှေ့ဆင့်နောက်ဆင့်မို့ ငြိမ်းဆွေမင်း တစ်ယောက်တည်းယူသွားရင်း 'ပထမကွဲ' ဟု သာလိကာ မကြားအောင်ပြောင်သွားသေးသည်။

'သူမကတော့ ပြီးချင်ဇောဖြင့် အမြန်ဆွဲလေ. . မှားလေဖြင့် ဒေါသထွက်နေသည်။ ကြားက ငြိမ်းဆွေကို စွေကာ ကြည့်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'Cell ပိုတော့ ပျက်ပါပြီကွာ။ မော်ဒန် ပန်းချီယောင်ယောင်၊ ပါတိတ်ဆင်ယောင်ယောင်နဲ့ ပေတူးကိုလန်နေတာပဲ'

အငြိမ်မနေတတ်သော ခွန်ရန်လင်းကလည်း သာလိကာမကို ဆွဖြစ်အောင် ဆွသည်။

'မကူညီချင်နေ မနှောင့်ယှက်နဲ့'

ထိုသာလိကာမ ဘေးမှသူမ၏ သူငယ်မလေးက သူမကိုယ်စား ဝင်တောပေးလိုက်သည်။

'အလဲ့ စကားမပြောတတ်ဘူးထင်နေတာ ပြောတတ်တယ်ဟ'

'သေနာ'

ခွန်ရန်လင်းကို ထိုကောင်မလေးက အထက်ပါအတိုင်း အားပါးတရ ပြောထည့်လိုက်သည်မို့ သကောင့်သား မျက်နှာကြီး ရှုံ့မဲ့လို့ သွားသည်။ 'သေနာ' ဟု ပြောသည့်အပြင် မျက်စောင်းကပါ အဆစ်ထိုးသွားသည်ကိုး။

'ဟကောင် ဟိုမှာ စာအုပ်ရပြီ သွားရ င်'

စာအုပ်ထောင်ပြနေသော ငြိမ်းဆွေကို ကြည့်ရင်းက လှမ်းပြောသောသူ့ကို ခွန်ရန်လင်းက ခေါင်းညိတ်ပြသည်။

'သွားတော့မယ်နော်'

'သွားသင့်တာ ကြာပြီ'

'လိုက်မခေါ်နဲ့ ကြားလား'

'သေလိုက်ပါလား'

အရေးထဲ ခွန်ရန်လင်းက သာလိကာမ၏ သူငယ်ချင်း ကြက်တူရွေးမကို စဖြစ်အောင်စခဲ့သေးသည်။ ငြိမ်းဆွေလှမ်းပေးသော စာအုပ်ကို လှမ်းယူကာ ဖွင့်ကြည့်တော့ ရှေ့ဆုံးက စာမျက်နှာ၏ ဖယားမှာ A+ + ဆိုတာကို ဆရာမက ခြစ်ထားပေးသည်။

'ဟာ ငါတို့ကျတော့ A+ တဲ့မင်းကျတော့ Plus နှစ်ခုတောင်'

ခွန်ရန်လင်းက သူ့စာအုပ်ကိုကြည့်လိုက် ငြိမ်းဆွေနှင့် နှစ်ယောက်သားစာအုပ်ကို ကြည့်လိုက်ဖြင့် ရေရွတ်သည်။ သူတမင်ပင် ကော်လာတို ထောင်ပြသည်။

'မင်းကလည်းလေ . . . အသာနေတာမဟုတ်ဘူး၊ ကြေးတော့မယ်ထွေ့လား'

www.burmeseclassic.com



'အေး. . .ငါကိုက မှားပါတယ်'

ငြိမ်းဆွေနှင့် ခွန်ရန်လင်းတစ်ယောက်တစ်ပေါက် ရေရွတ်ကြသည်။

'သစ်ပင်က မြင့်တော့ လေကလည်း တိုက်နိုင်လွန်းတယ်'

ကော်လာကိုထောင်ပြရင်း ပြောသော သူ့စကားကြောင့် 'ငါမပြောဘူးလား' ဆိုသော ပုံစံဖြင့် ခွန်ရန်လင်းကမေးငေါ့သည်။

'ကဲ ကင်တင်းကို သွားရအောင်လေ လာခွန်ရန်လင်း မင်းကရှေ့က သွား၊ ငါတို့က လမ်းမသိတော့ မင်းနောက်လိုက်ရမှာ'

ငြိမ်းဆွေက သူ့ကို ရှေ့ကိုတွန်းပို့ရင်း နှိပ်ကွပ်သည်။ ခွန်ရန်လင်းက 'ဟုတ်တယ်' ဟုထောက်ခံသည်။ သူဘာမှမပြောဖြစ်တော့။ ဗိုက်လည်းဆာနေပြီ မဟုတ်ပါလား။ ဘိုချစ်မှာ ထိုင်ဖြစ်ကြသည်။

ခေါက်ဆွဲကြော် သုံးပွဲမှာပြီး စောင့်နေတုန်း သာလိကာမနှင့် ကြက်တူရွေးမတို့ နှစ်ကောင် သူတို့ဝိုင်းနဲ့ မလှမ်းမကမ်းမှာ ထိုင်သည်။

'ဟဲ့ကေသီ ရေနွေးပဲ ဖိသောက်မနေနဲ့လေ တစ်ခုခုမှာစားမှပေါ့'

ထိုင်ခုံမှာ မထိုင်ခင်ကလေးမှာပင် သူမက သူတို့ကို နှိပ်ကွပ်သည်။ ကွပ်ဆို သူတို့ကလည်း ရေနွေးခွက်ကိုယ်စီဖြင့် ရေနွေးသောက်နေကြသည်ကိုး၊

'ဘာ စားမှာလဲ အစ်မ'

'ဘာစားစရာရှိလဲ'

'ဟုတ်ကဲ့ ခေါက်ဆွဲကြော်၊ ကြာဆံကြော်၊ ထမင်းပေါင်း၊ ထမင်းသုပ်၊ ဆီချက်၊ ကောက်ညှင်းပေါင်း အကြော်အစုံရတယ်အစ်မ'

'ဟုတ်ပြီ ဒါဆို လက်ဖက်ရည် ပုံမှန် နှစ်ခွက်'

'ခင်ဗျာ'

အကြောင်ရိုက်ခံရသည်မို့ စားပွဲထိုး လူပျိုပေါက်စ ရှက်သွားသည်။ ခေါင်းကိုကုတ်ရင်း လှည့်ကြည့်လှည့်ကြည့်ဖြင့် ' Two Tea ရှယ် ပုံမှန်' ဟု ဖျော်ဆရာကို လှမ်းအော်သည်။ သူမတို့က တခွိခွိဖြင့် ရယ်ကြသည်။ ပြီးနောက်

'ဟဲ့ကောင်လေး လာဦး'

သူမတို့က စားပွဲထိုးကို လှမ်းခေါ်ပြန်သည်။ စားပွဲထိုးက မရဲတရဲ သူမတို့ကို ကြည့်သည်။

'ဘာလိုသေးလဲ အစ်မ'

စားပွဲထိုးက ခပ်တွန့်တွန့် (ခပ်ရွံ့ရွံ့) မေးသည်။ သူမတို့နှင့် ခပ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှာ ရပ်လျက်နှင့်

'ဘာမုန့်ရှိလဲ'

'ဟို. . . ကိတ်မုန့်၊ ပေါင်မုန့်မီးကင်၊ ပေါက်စီ၊ ကောက်ညှင်းမုန့် ဇက်ထုပ်. . ထုပ်'

'ရပြီ. . ရပြီ ကြက်သားနဲ့ ထမင်းကြော်နှစ်ပွဲ'

'ခင်ဗျာ'

စားပွဲထိုး ဒုတိယမွိ ကြောင်သွား ပြန်သည်။ ရုတ်တရက် အီးမှန်ခံ လိုက်ရသော မျက်နှာနှင့် ငိုချင်စိတ်ပေါက်သွားဟန်ဖြင့် ခေါင်းကိုကုတ်သည်။ ပြီးနောက် စပ်ဖြဲဖြဲဖြင့် မရဲတရဲရယ်သည်။

'သေချာတယ်နော် အစ်မ'

စားပွဲထိုးကလည်း မခေ။ စပ်ဖြီးဖြီးဖြင့် သာလိကာမတို့ကို မေးသည်။ သူမတို့က ရုတ်တရက်မို့(မထင်မှတ်ထားသည့်မို့) ကြောင်တောင်တောင်ဖြင့် ခေါင်းညိတ်သည်။

'ဒါဆို ဝက်သားနဲ့ ခေါက်ဆွဲကြော်နှစ်ပွဲပေါ့နော်'

'အေး . . အာ . . ဒီကလေး'

သာလိကာမက ရှက်ရှက်ဖြင့် 'ဒီကလေး' ဟုရေရွတ်သည်။ အသက် အလွန်ဆုံးကွာလှ ၃. ၄နှစ်။ သူမတို့ဘာသာ လူကြီးပုံဖမ်းချင်နေသည်။ ခွန်ရန် လင်းက ခါးကိုဆန့်သည်။

'ညီလေးရေ'

'ဗျာ. . . . အစ်ကို'

ထိုစားပွဲထိုးပင် ခွန်ရန်လင်းကိုပြန်ထူးရင်း လက်ကလေးနောက်ပစ် လျက်ထူးသည်။

'သတိထား ကြားလား'

'ခင်ဗျာ'

'အကုတ်မခံနဲ့ နူတတ်တယ်'

'ဩော်. . . . ဟုတ်ကဲ့'

ခွန်ရန်လင်း၏ စကားကြောင့် စားပွဲထိုး ပထမတော့ ကြောင်သွား သည်။ နောက်မှ ခွန်ရန်လင်းမေးငေါ့ပြသော သာလိကာမတို့ဝိုင်းကို ကြည့်ရင်း ဘ သဘောပေါက်သွားသည်။ ကြက်တူရွေးမက 'အောင်မာ မာ' ဟုရေရွတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငြိမ်းဆွေက လျှာကို ဆတ်ခနဲ ထုတ်ပြသည်မို့ ကြက်တူရွေးမက နှုတ်ခမ်းကို ကိုက်သည်။

စားပွဲထိုးတစ်ယောက်က သူတို့မှာထားသော ခေါက်ဆွဲကြော်များကိုလာချပေးသည်။ သူတို့စား၍သိပ်မကြာခင်အချိန်မှာပင် သူမတို့မှာထားသော ထမင်းကြော်များ ရောက်လာသည်ကို မြင်နေရသည်။ နောက်တက်ရမယ့်အချိန်က မြန်မာစာအချိန်၊ နောင်ချိုဟောမှာဖြစ်သည်။

'ညီလေးရေ ရှင်းမယ်'

စားပွဲထိုးကိုခေါ်ကာ ကျသင့်ငွေကို သူရှင်းလိုက်သည်။ သူမတို့ဝိုင်းဘက် အမှတ်မထင်ကြည့်တော့ သူမလှမ်းအကြည့်နှင့်ဆုံသည်။ မျက်စောင်း 'ဒိုင်း'ခနဲ ထိုး၍သွားသည်။ သာလိကာ ရုပ်ကလေးက လှသလောက်၊ တော်တော် ဇရုတ်ကျသည်။ ဒါတောင် ဒီနေ့မှ ကျောင်းတက်လို့ ဖရက်ရှာမို့တော်သေးသည်။ နောက်ဆုံးနှစ် ကျောင်းသူသာ ဖြစ်သွားပါက မွတ်နေအောင်ကိုလည်လိမ့်မည်။

'ခွန်နိုင်အေး အခု ဘာအချိန်လဲကွ'

'မြန်မာစာလေ'

'ဘယ်အခန်းမှာလဲ'

'နောင်ချို ဟောမှာကွ'

'အဲဒီဟောက ဘယ်မှာလဲ'

'တောင်ကြီး ၁ တို့၊ ၂ တို့ကို ကျော်သွားတယ်ကွ၊ ဟိုးဘက်မှာ' သူ လက်ညှိုးထိုးရင်း ရှင်းပြသည်။

'ဩော် အဝေးသင်ဌာန ဘက်မှာပေါ့'

'တိုးတက်လာပြီ'

သူ့အပြောကြောင့် ငြိမ်းဆွေ ပေစောင်းပေစောင်းဖြင့် ကြည့်သည်။ သူတို့ အင်းလေးဆောင်ဘက်က ပတ်လျှောက်ခဲ့ကြသည်။ သူ့စိတ်မှာ ချိန်ခွင်ကျောင်းသူလေးကို တွေ့လိုတွေ့ငြားဟု မော်းတင်ကာလာခဲ့သည်ကိုး။ ထိုကလေးမများက စောစောက သာလိကာမတို့ ကြက်တူရွေးမတို့နှင့်စာလျှင် သိပ်ဇရုတ်မကျကြ။ အဲ . . . ရုပ်ကလည်း သူ့အထင် ဒီကလေးမတွေက ပိုလှသည်ဟုထင်သည်။

'ခွန်နိုင်အေး၊ မင်း ဟို ကလေးမတွေကို ရှာနေတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com


'အေး'

'ငါတို့ ဘိုချစ် ကင်တင်းမှာ ထိုင်နေတုန်းက သဇင်ကင်တင်းမှာ သူတို့ ဝင်သွားတာ ငါတွေ့လိုက်တယ်၊ ငါ မင်းကိုပြောဦးမလို့ပဲ၊ ဟိုသာလိကာမ ရှုပ်လို့ မေ့သွားတယ်'

'ဟုတ်လား'

'နာတာပဲ' ဟု သူတွေးသည်။ သူမတို့က ဆိုင်ကယ်နှင့် ကျောင်းတတ်သည်မို့ တောင်ကြီးကလည်း ဖြစ်နိုင်သည်။

သူတို့တောင်ကြီးဆောင်ဘေးမှ ဖြတ်ကာ လျှောက်ကြရင်း တိတ်ဆိတ် နေကြသည်။ တစ်ဖက်လမ်းမှ သာလိကာမနှင့် ကြက်တူရွေးတို့ နှစ်ယောက်၊ ဆိုင်ကယ်ဖြင့် နောင်ချိုဆောင်ဘက်သွားတာကို သူမြင်လိုက်သည်။

ထိုသာလိကာမလေးသည် ဆွဲဆောင်မှုအား ပြင်းသော ရုပ်ရည်နှင့် အချိုးအစားကျနသော ခန္ဓာကို ပိုင်ဆိုင်ထားသော်လည်း သူ့စိတ်ထဲမှာ မှတ်မှတ်ရရ ရှိမနေဝါ။

နောင်ချိုဟောမှာ လူပိုများသည် First Year မေဂျာအားလုံး၏ မြန်မာစာသင်ရိုးက အတူတူမို့ မေဂျာဘယ်နှခု ပေါင်းထားမှန်းပင် မသိတော့။ သူများတော့ ကြည့်စရာများသည်။ မနက်တုန်းကဆီက မြင်ဖူးသူ အချို့လည်း ပါသည်။ E မေဂျာကလည်း ပါသည်။ တောင်ကြီးတက္ကသိုလ်မှာ ဘယ်ခုနှစ် ဘယ်လိုပြောင်းပြောင်း E မေဂျာ၌ လှပသူများကြောင်း ဘေးမှ ကျောင်းသား တစ်ယောက်ပြောစကားကို ကြားလိုက်ရသည်။

'ငါ့အဒေါ်တွေ ကျောင်းတက်တော့ တောင်ကြီးတက္ကသိုလ် မဖြစ်သေးဘူး ဒီဂရီကောလိပ်ပဲရှိသေးတယ်၊ အဲဒီအချိန်ကတည်းက ငါမြင်ဖူးသလောက် E မေဂျာ ကျောင်းသူ အချောအလှတွေ များတယ်ကွ၊ အခုလည်းကြည့် နောက်လည်း ကြည့်ထားဦး'

ထိုကျောင်းသား၏အဆိုကြောင့် နားစွန်နားဖျား ကြားလိုက်ရသော ခွန်ရန်လင်းက ငြိမ်းဆွေမင်းနှင့် သူ့ကိုကြည့်သည်။ နောင်များကျမှ ထိုစကားသည် မှန်ကြောင်း သူတို့အုပ်စု လက်ခံလိုက်ရသည်။ E မေဂျာသည် အမှန်ပင် တယ်ပင် အချောအလှ အတော့်ကို များသည်။

မြန်မာစာ အချိန်မှာ ကျောင်းသူကျောင်းသား များလွန်းသဖြင့် နောင်ချိုဟောမှာ ထိုင်ခုံလွတ်ပင်မရှိ။ ခုံလောက်လောက် ငွေဖြစ်နေတာကိုပဲ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com


တင်ရမည်။

သာလိကာမတို့က သူတို့နှင့် နှစ်ခုကျော်လောက်မှာ ထိုင်နေသည်။ ခွန်ရန်လင်းက စာသင်ချိန်အပြီးမှာ ဘယ်အချိန်ကတည်းက လုပ်ထားမှန်း မသိသော စက္ကူများဖြင့် သာလိကာမကို ပစ်သည်။ ထိုများက သာလိကာမ၏ ကောက်ကွေးနေသော စပရိမ်လို ဆံပင်ထဲ သွားစိုက်သည်။ ဒေါ်သတကြီး သူမ လှည့်ကြည့်ချိန်မှာ ခွန်ရန်လင်းက သူ့ကို ကမန်းကတန်း လက်ညှိုးထိုးသည်။ ငြင်းချိန်ပင် မရလိုက်။ သူမက လက်ဝါးထောင်ပြသည်။ 'ပါးကိုးချင်လား' ဆိုသည့်သဘော။ တော်သေးသည်။ လူများလွန်းသဖြင့် အဝေးမှာ သူမ ကျန်ရစ်ခဲ့အောင် သူတို့ 'လှစ်' ခနဲနေအောင် အမြန်ထွက်လာနိုင်ခဲ့ကြသည်။ သို့မဟုတ်ပါက မလွယ်ကြော။


www.burmeseclassic.com

www.burmeseclassic.com

# ၃၁ ကိုကြက်ငှေ (၅) ခတ်ကြေး

ည နေစာကို လပေး ပေးထားသောဆိုင်မှာ စားပြီး ပြန်လာခဲ့ကြသည်။ အဆောင်ပြန်ရောက်ပြီးတော့လည်း ဘာမှထူးထူးထွေထွေ လုပ်စရာက မရှိ

'ခွန်နိုင်အေး ငါတို့ Tea ဆွဲရအောင်'

'အေး ကောင်းသားပဲ'

သုံးယောက်သား ဧရာဝတီ တီးဟောက်စ်မှာပဲ ထိုင်လိုက်ကြသည်။ ဖွင့်ထားသော သီချင်းမှာ သူတို့ နစ်မျောနေကြသည်။

'ဟကောင် ခွန်နိုင်အေး'

'ဩော် သူရ လာ သူငယ်ချင်းထိုင်'

တစ်ဆောင်တည်းနေ သူရလာသဖြင့် သူတို့ နေရာပေးလိုက်ကြသည်။ သူတို့ အဆောင်က အခန်းများက အားလုံးတစ်ယောက်ခန်းတွေချည်း ဖြစ်သည်။ ကျောင်းသားလည်း သိပ်များများစားစား မရှိလှသည်မို့ အေးအေး ချမ်းချမ်း ရှိသည်။ သူရက ဘူမိဗေဒ ကျောင်းသားဖြစ်သည်။ တစ်ဆောင်လုံးမှာ ဇစ်တာတီး အကျွမ်းကျင်ဆုံးနှင့် တစ်ဆောင်လုံးမှာ တစ်ဦးတည်းသော ဂီတာကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်သူဖြစ်သည်။

'မင်းကို အရမ်းအားကျတာပဲ သူရရာ'

'ဘာဖြစ်လို့လဲကွ'

'မင်းလို ဂီတာတီး တတ်ချင်လိုက်တာကွာ'

'တတ်ချင်ရင် သင်ပေါ့၊ ခွန်နိုင်အေးရ၊ စိတ်ပါလက်ပါသင်ရင် အတတ်မြန်ပါတယ်'

'မဟုတ်ဘူး သူရရေ ဒီကောင့်လက်က ဒဏ်ဖြစ်ဖူးတော့ သူ့ဘယ်လက်က သိပ်အလုပ်လုပ်လို့ မရဘူး၊ ဒီကောင်သင်သေးတယ်၊ ဒီကောင့်လက်ချောင်းတွေက ၁၀ မိနစ်လောက် ဂီတာကိုင်တာနဲ့ နီရဲပြီး တုန်လာတာ အရမ်းနာတဲ့ပုံနဲ့'

တစ်မြို့တည်းနေ ငယ်ပေါင်းမို့ ခွန်ရန်လင်းက ရှင်းပြသည်။ သူရက 'ဒီလိုလား' ဟု စိတ်မကောင်းစွာ ရေရွတ်သည်။

'ငါ အဲဒီအချိန်ကစပြီး ဂီတာဆို မကိုင်ရဲဘူး၊ တတ်ကလည်း အရမ်းတတ်ချင်တာ၊ သီချင်းဆိုဝါသနာကလည်း သူများထက်ကို ပိုတယ်၊ ငါ့လက်ကို ငါ စိတ်နာလွန်းလို့ ဂီတာဆို မြင်တောင် မမြင်ချင်လောက်အောင်ပဲ၊ ဒါပေမယ့် ဝါသနာက ပါလွန်းတော့ သီချင်းဆို အကုန်နားထောင် အကုန်ကြိုက်ပဲ'

'ဒါဆို အဆိုတော့ ဖြစ်မှာပေါ့၊ အတီးက သဘောလောက်ရရင် ဆိုလို့ကတော့ ဖြစ်ပါတယ်၊ ခွန်နိုင်အေးက အသံကောင်းမယ့်ပုံပဲ'

'သွား မမြှောက်နဲ့သူရ၊ ဒီကောင်က မြှောက်ပေးလို့ကတော့ တက်နေအောင် ကတာ'

ငြိမ်းဆွေမင်းက အရယ်တစ်ပိုင်းနှင့်ဆိုသည်။

'ဟာ နိုင်အေး ဟိုမှာ ဥပဒေမေဂျာက ဟိုကောင်မလေးတွေ'

ခွန်ရန်လင်း၏ လက်ညှိုးညွှန်ရာကို သူလိုက်ကြည့်မိသည်။ မနက်တုန်းဆီက ကောင်မလေး။ သူ့ရင်မှာ'လှိုက်'ခနဲ၊ 'သူလည်း အဆောင်နေတာပဲ'ဆိုသော အသိက ရင်ကို လှုပ်ခတ်သွားစေသည်။

'ဟိုရှေ့က ပန်းရောင်လေးနဲ့ တစ်ယောက်ကို ပြောတာလား'

'အေး မင်းသိလား သူရ'

'အဲဒါ နန်းမိုဟွမ်တဲ့ ကျိုင်းတုံက၊ ဒါပေမယ့် သူ ၁၀ တန်းကတည်းက ကကောင်ကြီးမှာကျောင်းတက်တာ။ သူက သူ့အဒေါ်ဆီမှာနေတာ သူတို့ဝင်



www.burmeseclassic.com

www.burmeseclassic.com


သွားတဲ့ လမ်းသွယ်ထဲမှာ သူ့အဒေါ်ရဲ့ အမျိုးသမီးဘော်ဒါဆောင် ရှိတယ် လေ'

'အဆောင်နာမည်က ဘာတဲ့လဲ'

'ချယ်ရီ လိဂ်ပြာ တဲ့'

'ဟား လှလိုက်တဲ့ Name လေးကွာ'

ငြိမ်းဆွေမင်းက ချီးကျူးသည်။ နာမည်က ကဗျာဆန်သလို လှလွန်းသည်ကိုး။

'ငါနဲ့တော့ ခေါ်ခေါ်ပြောပြောရှိတယ်၊ တော်တော်လေး ခင်တယ် ဆိုပါတော့၊ ငါနဲ့ ၁၀ တန်းတုန်းက အခန်းတူတယ်လေ၊ အ. ထ. က ၄ မှာ။ အဲဒီတုန်းက ငါဦးလေးက လှိုင်လင်ဘက် မပြောင်းသေးတော့ ငါကတောင်ကြီးမှာ ကျောင်းလာနေတာ'

သူရက ဟဲဟိုးမှဖြစ်ပြီး သူ့ဦးလေးတို့က ဝန်ထမ်းမို့ တာဝန်ကျရာ ပြောင်းရွှေ့စဉ် တောင်ကြီးမှ အိမ်ကို သူရထံ အပ်နှံခဲ့သော်လည်း သူရတစ်ယောက်တည်း မနေချင်သူမို့ ဦးလေးအိမ်ကို အိမ်ငှားထားခိုင်းလိုက်ပြီး သူက အဆောင်မှာ လာနေခြင်း ဖြစ်သည်။

'ဒါနဲ့ သူက သူ့မှာ ဟိုဒင်းကွာ ဟို'

'ဩော် ရည်းစားလား No မရှိ'

သူ့အမေးကို သူရက နားလည်သိတတ်စွာ ဖြေသည်။

'ပွင့်လင်းတယ်၊ ခင်တတ် ပျော်တတ်တယ်၊ ရည်းစားလုံးဝ မထားဘူး အဲ လိုက်တဲ့လူတော့ အင်မတန်ကို ပေါတယ်'

'မများဘဲ နေမတဲ့လား' ဟု သူတွေးသည်။ ဒီလောက် ချစ်ဖို့ကောင်းသော ကောင်မလေးကို ငြိမ်းဆွေမင်းက အတန်ငယ် တွေဝေနေသော သူ့ကို မျက်လုံးရှေ့မှာ လက်လှုပ်ရင်း စသည်။

'နေဦး သူလည်း မင်းလိုပဲ သီချင်းဆို အရမ်းဝါသနာပါတယ်၊ ကျောင်းမှာတွေတုန်းကဆို သူ မပါဘဲကို မပြီးဘူး'

'အသံကော ကောင်းလား'

'ဟား အသံကတော့ ဘာကောင်းသလဲ မမေးနဲ့ခွန်နိုင်အေးရေ သူက အသံကောင်းရုံတင်ဘယ်ကမလဲ သီချင်းကို ဆိုတတ်တာ အရမ်းတော်တယ်'

'ဟုတ်လား'

သူ့ရင်မှ 'ဓနွေး'ခနဲ ဖြစ်သွားရပြန်သည်။ ဝါသနာချင်း တူနေပါရော


www.burmeseclassic.com

www.burmeseclassic.com



လား' ဟု။ သူမမှာ ချစ်စရာ ရုပ်ရည်ကို ပိုင်ဆိုင်ထားသလို ကောင်းမွန်သော အသံကိုပါ ပိုင်ဆိုင်ထားသည်ဆိုတော့ သူမသည် နတ်သက်ကြွေသော နတ်သမီးပဲ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁ ကိုကြက်ခြေ ၆ ခတ်ကြေး

အဆောင်ပြန်ရောက်တော့ ဝရန်တာမှာ ထိုင်ဖြစ်ကြသည်။ သူရက သူ့ ဂီတာလေးကို ယူလာသည်။ ကျန်သူတို့ သုံးယောက်ကတော့ ဂီတာဆို 'ချီ' နဲ့လား မေးရလောက်အောင် ညံ့ဖျင်းသော သူများမို့ သူရကို အားကျစွာ လိုက်ကြည့်နေရသည်။ သူက အဆိုးဆုံး။ ရန်လင်းနှင့် ငြိမ်းဆွေက အဲဒီ လောက်ကြီးကို ဂီတာကို ဝါသနာပါတာမဟုတ်။ သူကတော့ သေလုမတတ်။

သူရက ဂီတာကို ကြိုးညှိသည်။ သူကတော့ နန်းမိုဟွမ် ဆိုသော တောင်မကလေးကို ပြန်ပြန် မြင်ယောင်နေသည်။ 'ချယ်ရီ လိပ်ပြာ' အမျိုးသမီး ဆောင်ဒါဆောင်တဲ့လား။ နောင်များကျ သီချင်းသွားဆိုကောင်း ဆိုဖြစ်ပေလိမ့် မည်။ သေချာပါသည်။ သူမသာ ထိုအဆောင်မှာ ရှိနေသရွေ့ သူသွားဆိုဖြစ် မှာပဲ ဖြစ်သည်။

'ကဲ စလိုက်ရအောင်'

သူရက 'လေးဖြူ' ၏ သီချင်းတစ်ပုဒ်ကို စ,တီးသည်။ သူရဆိုရာ နောက်ကို သူလိုက်ညည်းသည်။ ရန်လင်းနှင့် ငြိမ်းဆွေကတော့ တစ်ခါ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လိုက် ဆိုသည်။ အဝင်အထွက် မမှန်သော သူ့ကို သူရက ထိန်းတီးပေးသည်။ တစ်ပုဒ်ပြီးသွားသည်။ ရန်လင်းက လက်ခုပ် ထ,တီးသည်။

'ဟကောင် နိုင်အေး ကြည့်မနေနဲ့ ငါက သူရကို ဩဘာပေးတာ'

'ဟော ဘလိုင်းကြီးပါလား'

သူရက ရယ်လို့သာနေသည်။ ရန်လင်းကတော့ ပြောလိုက်ရ ဆိုလိုက်ရသူတို့၏ ထုံးစံအတိုင်း ပြုံးဖြီးဖြီးကြီး လုပ်လို့နေသည်။ ငြိမ်းဆွေက ရုတ်တရက်ကြီး လက်ခုပ် ထ,တီးသည်။

'ပြောပါဦး အဲလေ နှိပ်ကွပ်ပါဦး၊ မင်းကရော ဘာအတွက် တီးတာလဲ'

သူ ရှက်ရယ် ရယ်ရင်းဆိုတော့ ငြိမ်းဆွေက 'အဟမ်း အဟမ်း' ဟု ချောင်းဟန့်သည်။

'ဩော် မင်းရဲ့ ဖင်ကြား ခဲညပ်သံကြီးကို အောင့်အည်းပြီး နားထောင်ရတာ ပြီးသွားလို့ ဝမ်းသာအားရ ထတီးတာလေ ဟား ဟား'

'ဟား ဟား ဟား'

သူ ရှက်ရယ် ရယ်ဖြစ်သလို အားလုံး တဝါးဝါး တဟားဟား ရယ်ဖြစ်သည်။ ရယ်သံကြောင့် အောက်ထပ်က ကျောင်းသားများ 'ဘာရယ်နေကြတာလဲ လုပ်ပါဦး ငါတို့လည်း ရယ်ရအောင်' ဟုပြောရင်း တက်လာကြသည်။ ရန်လင်းက ဖောက်သည်ချသည်။ တဝါးဝါးဖြင့် ရယ်ဖြစ်ကြပြန်သည်။

'ကဲ ကဲ နောက်တစ်ပုဒ်'

ရန်လင်းကစပ်ဖြီးဖြီးဖြင့် သူရကိုပုတ်ရင်း'နောက်တစ်ပုဒ်'ဟုဆိုသည်။

'ဟကောင် နိုင်အေး ဒီတစ်ခါတော့ ခဲ မညပ်စေနဲ့နော် ဟား ဟား'

ငြိမ်းဆွေက ရယ်ရင်း သူ့ကို ဆိုသည်။ တကယ်တော့ အပေါ်ထပ်မှာက ဖရက်ရှာ များပြီး အောက်ထပ်မှာက ဒုတိယနှစ်နှင့် နောက်ဆုံးနှစ်များသည်။ အားလုံးကလည်း လူပျော်တွေချည်း၊ အဆောင်နှင့် မျက်နှာချင်းဆိုင်မှာတော့ အမျိုးသမီး ဘော်ဒါဆောင်တစ်ခု နာမည်က 'အေးရိပ်' ထို့အတူ နောက်ကြောဘက်မှာလည်း 'နွေဝေး' အမျိုးသမီး ဘော်ဒါဆောင်၊ ဘယ်နှင့်ညာမှာတော့ အမျိုးသား ဘော်ဒါဆောင်များ ဖြစ်သည်။ သူတို့ ဆိုသံရယ်သံများကြောင့် ရှေ့ဆောင်မှ ကောင်မလေးတွေ ဝရန်တာကို ထွက်လာ အငြင်းပြေနားထောင်နေကြသည်။ သူရက မိုးကြိုး၏ သီချင်း တစ်ပုဒ် တီးပြန်သည်။ တဲဦးသီချင်းမို့ အသားကုန်ဟစ်ကြသည်။ အဆောင်မှူးက သူ့ဦး နာရီ မကျော်

www.burmeseclassic.com


မချင်း ဂီတာတီးခွင့် ပြုထားသည်ကိုး။

'ဟိုး ထား ဟိုးထား'

ရန်လင်း၏ အလန့်တကြားတားမြစ်သံကြောင့် ဖီးလ် ဝင်နေပြီဖြစ်သော အတီးသမားတွေရော အဆိုသမားတွေပါ ရုတ်တရက် ရပ်လိုက်ကြရင်း ကြောင်သွားကြသည်။

'ဘာလဲကွ'

'နေဦး . . ဒီကောင် နိုင်အေး တအားအော်နေတယ်၊ သူ့အမြီးများ ငါ တက်နင်းမိသလားလို့'

'အာ ဟား ဟား'

'ဟား ဟား ဟား ဟား'

ဒုတိယမ္ပိ ခံလိုက်ရသည်မို့ ထုံးစံအတိုင်း ရှက်ရှက်ဖြင့် သူ့ရယ်သလို အားလုံးကလည်း ဝါးလုံးကွဲ ရယ်ကြသည်။ စောစောက ဖီးလ် ကွေးသွားတာကို မေ့ သွားကြသည်။

'ဟေ့ သီချင်းဆိုမှာလား ရယ်မှာလား'

အရှေ့ အမျိုးသမီး ဘော်ဒါဆောင်မှ ခပ်စွာစွာ ရှိပုံရသော လူမမြင်ရသည့် (ဝရန်တာ မီးပိတ်ပြီး ထိုင်နေကြသည်ကိုး၊ သူတို့ကလည်း လူမြင်မှာ ရှက်ကြသေးသည်) ကောင်မလေးတစ်ယောက်က လှမ်းပြောသည်။

'ဟ ငါတို့က နင်တို့ကို ဖျော်ဖြေဖို့ ကတိပေးထားလို့လား၊ ကြိတ်ပြီး အားပေးမနေနဲ့။ ဗြောင်အားပေးလည်း ရတယ်။ သီချင်းတောင်းချင်ရင်လည်း ဖြစ်တယ် သိလား'

ငြိမ်းဆွေက အာပြဲကြီးဖြင့် အရှေ့ဆောင်ကို လှမ်းအော်သည်။ ပြီး သူတို့ ရယ်ကြသည်။

'အောင်မာမာ နင်တို့ကို နားထောင်ပေးမယ့်သူ မရှိလို့ အားနာပါနား နားထောင်ပေးတယ်မှတ်ပါ၊ ဘဝင်မြင့်မနေနဲ့ ဟင်း'

'တကူးယ်ကောင်းလို့ အားပေးနေတာ မဟုတ်လား'

'ဝေးပါသေးတယ်၊ အသံတွေကိုက ညောင်နာနာနဲ့'

'အဲဒီလောက်ထိ မချီးကျူးပါနဲ့၊ ဒီက ကောင်တွေက ဘဝင်မမြင့် တတ်ဘူး၊ ဟား ဟား'

ဟိုဘက် ဒီဘက် လှမ်းပြောကြရင်း နှစ်ဖက်စလုံး ရယ်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



လမ်းသွယ်လေးပဲ ခြားသည်မို့ တော်တန်ရုံ လေသံနဲ့ ပြောရင်တောင် ကြားရသည်။ သူမတို့ကလည်း ရယ်လို့ ကောင်းနေကြတုန်း။

ထိုနေ့ညက သူတို့ သီချင်းအတော်များများကို ဆိုဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်

ပိုင်း သူမအကြောင်းကို အနည်းအကျဉ်း သူ့ရထံမှ သိခဲ့ရသည်။ သူမ၏ အဒေါ်က မုဆိုးမတစ်ယောက်ဖြစ်သည်။ သို့သော် သားသမီး မရှိ။ ထို့ကြောင့် ကျိုင်းတုံမှ မိုဟွမ်ကို ခေါ်ရင်း အတူနေကြခြင်း ဖြစ်သည်။ မိုဟွမ်ကို သူ့အဒေါ်က အရမ်းချစ်ကာ အလိုလိုက်သည်ဟု သိရသည်။ ထို 'ချယ်ရီ လိပ်ပြာ' အဆောင်မှ ရရသမျှသော အဆောင်လခတို့ကို မိုဟွမ်အား ပေးသည်ဟုလည်း သိရသည်။

'ချယ်ရီ လိပ်ပြာ' က နည်းနည်းနောနော အဆောင်မဟုတ်။ အတော့်ကို ကြီးသော အဆောင်ဖြစ်သည်။ အနည်းဆုံး အဆောင်သူ အယောက် ၇၀ လောက်ရှိသည်။

ထို့ကြောင့် သူမသည် သူဌေးသမီးနှယ် ဝတ်စား သုံးဖြုန်းနိုင်သည်ကို ဘူ နောက်ပိုင်းမှ သူ တဖြည်းဖြည်း သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တူ ကိုယ်တူ ဝါသနာတူများမို့ သူတို့ သုံးကောင် သူရနဲ့ ခင်သထက် ခင်လာကြသည်။ ဒီနေ့လည်း ကျောင်းမသွားမီ နံနက်စာကို 'ပန်းသီလာ'မှာ စားဖြစ်ကြသည်။

'ဟကောင် နိုင်အေး၊ ဟိုမှာ 'ချယ်ရီ လိပ်ပြာ' လာနေပြီ'

သူရ၏ ခပ်တိုးတိုး သတိပေးမှုကြောင့် သူ ဆိုင်ရှေ့ လှေကားထစ်မှ တစ်လှမ်းချင်း တက်လာနေသော နန်းမိုဟွမ်ကို သူ လှမ်းမြင်လိုက်သည်။ ရင်ဘတ်မှာ တဒိန်းဒိန်းဖြစ်နေသော ရင်ခုန်သံတို့က ကမောက်ကမ၊ ကံကောင်းထောက်မစွာ သူတို့ ဘေးဝိုင်းမှာပဲ အားလပ်သည်မို့ ထိုဝိုင်းကို သူမနှင့် သူမသူငယ်ချင်းခပ်ချောချော ကောင်မလေးတစ်ယောက် လာထိုင်သည်။

'နိုင်အေး ငါ မိတ်ဆက်ပေးရမလား'

'အေး'

'ငြင်းရှာတယ်'

သူရ၏အမေးကို သူက 'အေး' လိုက်စဉ် ရန်လင်းက နှိပ်ကွပ်သည်။

'ခု ဝင်ရောရင် မကောင်းဘူးကွ၊ ဒီတော့ စားသောက်ပြီး သူတို့ အထမှာ နောက်က လိုက်ရအောင် သူတို့လည်း ဆိုင်ကယ် မပါဘူးကွ'

'အေး'

'ငြင်းပြန်ပြီ'

ထုံးစံအတိုင်း သူရစကားကို သူက 'အေး' လိုက်စဉ် ငြိမ်းဆွေက နှိပ်ကွပ်ပြန်သည်။ ပြီးရယ်ဖြစ်ကြသည်။ 'ငါတို့နှစ်ကောင် သွားနှင့်မယ်' ဟု ဆိုရင်း ငြိမ်းဆွေနှင့် ရန်လင်းတို့ အလိုက်သိစွာ လက်ဖက်ရည်ဖိုး မရှင်းရပြီးရော သဘောဖြင့် ထထွက်သွားကြသည်။

သူရက အိတ်ကပ်ကို ပုတ်ကာ လက်ခါပြရင်း 'ဟီးဟီး' ဟု ရယ်ပြသည်။ သူလည်း ရော၍ ရယ်ဖြစ်သည်။ အသုံးဖြုန်းကြီးသော သကောင့်သားတွေ ကျောင်းဖွင့်တာ မကြာသေးခင်မှာပဲ ငွေက ပြတ်နေကြပြီ။ သူတို့အိမ်က ငွေ ပို့ရသူများကတော့ တော်တော် ချွေတာကြတာပဲ' ဟု ရွဲ့ပေလိမ့်မည်။

သူမတို့က အမှတ်ဖြင့် မှတ်ကာ စားနေသလိုမျိုး ဖြည်းညှင်းစွာ တစ်ဇွန်းချင်း တစ်ငုံချင်း သုံးဆောင်နေကြသည်ကို ကြည့်ရင်းက သူ ဝါးမရှည်သလို ဖြစ်လာသည်။ သူရကတော့ လက်ကာပြသည် 'စောင့်လိုက်ပါဦး' ဆိုသည့်သဘော။ သူ သွက်ပြင်းကို ချသည်။ စိတ်ရှည်ရမည့် ဒီဒုက္ခကို။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ တကာ့ ဒုက္ခတွေထဲတွင် စောင့်ရသော (တစ်စုံတရာကို မျှော်ရသော) ဒုက္ခသည် အကြီးမားဆုံးပါတကားဟု အပြန်ပြန်အလှန်လှန် ဆင်ခြင်ဖြစ်သည်။

'ဟကောင် သူတို့ရှင်းနေပြီ ငါတို့လည်း ရှင်းရအောင်'

သူရက အသာလက်တို့ရင်း ဆိုသည်။ စားပွဲထိုးကို သူရကပင် လှမ်းခေါ်သည်။ ကျသင့်ငွေကို ရှင်းပြီး သူမတို့ကို ခြေရာခံစရာ မလိုဘဲ နောက်ကလိုက်သည်။

သူမတို့က ကားလမ်းအတိုင်းသွားသည်မို့ တက္ကသိုလ်ရေကန် အစပ်မရောက်ခင်လေးမှာပဲ သူမတို့နှင့် ယှဉ်လျက် အနေအထားကို ရောက်သည်။

'ဟာ မိုးဟွမ်၊ ငါ နင့်ကို မတွေ့လို့ ကျောင်းမတက်ဘူး ထင်နေတာ'

သူရက ရုတ်တရက် အခုမှ တွေ့လိုက်ရသူလို အံ့အားသင့်ဟန်ဖြင့် နှုတ်ဆက်သည်။ သူမက လှည့်ကြည့်ရင်း ပြုံးလာသည်။ မှတ်မိတွေ့ရှိသွားသည့်သဘော။ သူ သူရကို အော်စကားရော၊ အကယ်ဒမီပါ ပေးပစ်ချင်သည်။ ဒီလောက်တောင် တော်တဲ့ကောင်၊ သူမကတော့ သူ့ကို မှတ်မိလေ မမှတ်မိလေ မသိ။

'သူရ ငါလည်း နင့်ကို အခုမှတွေ့တယ်၊ ဒါနဲ့ နင် ဘာမေဂျာလဲ'

'ငါက ဘူမိ၊ နင်ကော'

'ငါက ဥပဒေ'

'ဟာ ဒါဆို ဥ ကျောင်းသူကြီးပေါ့'

'အေး'

သူမရော သူမ သူငယ်ချင်းပါ ရှက်ရှက်ဖြင့် ရယ်သည်။ ခွေးကောင်သူက ဥ-ကျောင်းသူဟု စလိုက်သည်ကိုး။ အဆောင်ရောက်မှ နားရင်းရိုက်ဦးမည်ဟု သူတေးသည်။

'စကားမစပ် နင့်ကို မိတ်ဆက်ပေးဦးမယ်၊ ဒါ ငါ့ဘော်ဒါ ခွန်နိုင်အေးတဲ့။ ငါကတော့ နိုင်အေးလို့ ခေါ်တယ်။ သူလည်း နင့်လိုပဲ သိချင်းဆို အရမ်းဝါသနာပါတာ၊ နင်နဲ့ ပေါင်းလို့ ဖြစ်တယ်'

'ဟုတ်လား'

သူမက 'ဟုတ်လား' ဆိုသော စကားကို တုံ့ပြန်ရင်း ပြုံးသည်။ တော်သေးလေး (အဲ မဟုတ်သေး၊ တော်တော်ကြီးကို လှပါသည်။ မိုးဂါလီဇာအပြုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ကောင်းကောင်း မမှတ်မိ၍ သူမပြောတတ်၊ သူ့စိတ်ထဲမှာတော့ ဒီတောင်ကြီးတက္ကသိုလ်မှာ သူမ၏အပြုံးကို အလှဆုံးဟု သတ်မှတ်ပစ်လိုက်သည်။ အို ကမ္ဘာမှာ အလှဆုံးဟု သတ်မှတ်ပစ်လိုက်သည်။) သူရကိုလည်း စကားလုံး အသုံးအနှုန်းကောင်းသူဟု သတ်မှတ်ပစ်လိုက်သည်။ ကြည့်ဦးလေ 'နင်နဲ့ ပေါင်းလို့ဖြစ်တယ်' တဲ့ သူ့ရင်ဘတ်ကတုန်ကယင်ကြီး ဖြစ်သွားပုံများ. . .။ သူမကတော့ မသိလိုက်တာလား၊ မသိချင်ယောင်ဆောင်သလား မသိ၊ ဟန်မပျက်။

'အေး ငါကလည်း မိတ်ဆက်ပေးရသေးတာပေါ့၊ သူက ဇာနေဘ်ရီ တဲ့'

'ဩော် ဇာနေဘ်ရီဆိုတော့ ဇာဘော်လီ မဟုတ်ဘူးပေါ့'

'ဟဲ့ သူရ'

သူမက သူရကို လှမ်းကာ ဟန့်လိုက်ရင်း ဟက်ဟက် ပက်ပက် ရယ်သည်။ ဇာဘော်လီ အဲ ဇာနေဘ်ရီကပါ ရယ်သည်။ သူမကတော့ ရှက်သွားသလားမေးစရာမလိုအောင် မျက်နှာကြီးက နီရဲကာ သွား၏။ သူပင် ထို ကောင်မလေးကို မဆီမဆိုင် အားနာသွားရသည်။ သူရ။ တော်တော် ဆိုးတဲ့ ကောင်။

'စိတ်မဆိုးနဲ့နော်၊ ဒီကောင်က အထက်တန်းကျောင်းသားဘဝက တည်းက အရမ်းနောက်တတ်တာ၊ ပြီးတော့ သူ မဟုတ်သလိုဘဲ၊ ဒါနဲ့ စကား မစပ် နော်ရီရေ ဒီကောင်လည်း နင့်လိုပဲ Musical Instrument Crazy ပဲ ဒါပေမယ့် သူက ဂီတာတစ်ခု ကျွမ်းကျင်တယ်၊ သူရ သူက တယော အရမ်း ကောင်းတာ တစ်ရက်ရက်မှာ ငါတို့ ဆုံရအောင်လုပ်ပါလား'

'ဟုတ်'

'နေဦး ၊ ငါပြောဖို့ မေ့သွားတယ်၊ နင်လည်း တူရိယာ လူလင်၊ နော်ရီ ကလည်း တူရိယာ မေပျို၊ နင်တို့ ပေါင်းလို့ ဖြစ်တယ်'

'မိုက်ွှမ်နော်' (တကယ်တမ်းကျ နော်ရီက သူမ ဘာတူရိယာ ပစ္စည်း ကိုမှ ဝါသနာမပါ)။

'အဟိ'

သူမ တကယ် အမှတ်ကြီးပါသည်။ (နဖူးမှာ အမှတ်ကြီးပါသည်ဟု မဆိုလိုပါ။ အမှတ်အသား ကောင်းခြင်းကို ဆိုလိုပါသည်။) သူနှင့် သူမ၏



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးစကက ပေါင်းလို့ ဖြစ်သည်' ဟူသော စကားကို ပြန်ချေပ၏။ နော်ရီက 'မိုဟွမ်' နော်ဟု ရှက်ရှက်ဖြင့် ဆိုသော်လည်း သကောင့်သား သူရကတော့ 'အဟိ'ဟု ဆိုရင်း လက်သည်းကိုက်ကာ ကတော်ပုံဖမ်းရင်း ရှက်ဟန်ဆောင်သည်။ သူပင် ဆောင့်ကန်ချင်ချင် ဖြစ်သွားရသည်။ အေးပေါ့ သူက 'ဆူး'ကိုး။

ကျောင်းဝင်ပေါက်နားသို့ ရောက်လို့လာသည်။

'ကဲ ငါ ပရက်တီကယ်ရှိလို့ သွားလိုက်ဦးမယ်၊ နောက်မှ ဆုံမယ်နော်'

သူအားလုံးကို နှုတ်ဆက်လိုက်သည်။ အထူးသဖြင့် သူမကို။ သူရက သူမတို့ မမြင်အောင် မျက်နှာကို ရွဲ့ပြသည်။ သူမနှင့် သူမသူငယ်ချင်းက ပြုံးပြသည်။ ဌာနဆီ မော့ကြည့်တော့ ခွန်ရန်လင်းက လက်ပြသည်။ ခွန်ရန်လင်း၏နောက် မလှမ်းမကမ်းမှာ တော့ သူ့ကိုဟု အတိအကျ မသိ ကြည့်နေသော သာလိကာမကို သူလှမ်းမြင်လိုက်ရသည်။ ကျောင်းတက်ရက်ကြာတော့မှ သူမ၏အမည် ယွန်းမီဇင် ဆိုတာ သိလိုက်ရသည်။ သူမ၏ သူငယ်ချင်း ကြက်တူရွေးမလေး၏ အမည်က နွယ်သူဇာပါတဲ့။ နာမည်တွေကတော့ အပျံစား။ အလန်းစားတွေချည်း ဖြစ်သည်။

မေဂျာ ပရက်တီကယ်မို့ ဘယ်သူ့ ကြည့်ကြည့် ဒီမျက်နှာတွေချည်း။ အခန်းထဲမှာ ထိုင်ကြတော့ သာလိကာမက မျက်နှာချင်းဆိုင်မှာ။ ပရက်တီကယ်၏ ခေါင်းစဉ်ဖြစ်သော ဖားပုံလေးကို ဆွဲနေတုန်း သူ့ခဲဆန် ကုန်လို့သွားသည်။

'ဟာ ခဲဆန်ဘူး အဆောင်မှာ ကျန်ခဲ့ပြီကွ၊ ဟကောင် ရန်လင်း မင်းမှာ ခဲဆန်ဘူးပါသေးလား'

'ဟင့်အင်း မပါဘူး'

'ဟာ မြွေပဲ'

သူ ခေါင်းကုတ်မိတုန်း ရှေ့ကို ကာတွန်းပုံလှလှလေးနှင့် ခဲဆန်ဘူးလှလှလေး ဒိုင်ဗင်ပစ်ကာ ဝင်လာသည်။ သူမ။ သာလိကာမ မေးကို ဆတ်ပြသည်။ 'ယူထား' ဆိုသည့်သဘော။ ခဲဆန်ဘူးကို သူလှမ်းယူမလို့ လုပ်ပြီးမှ 'ဖျတ်' ဆို သတိရသည်။ သူမကို သူ 'ခဲဖျက်' မငှားဘဲ နှိပ်ကွပ်ခဲ့ဖူးသည်လေ။

လက်လှမ်းပြီးမှ တွန့်ခနဲ ဖြစ်သွားသော သူ့ကို သာလိကာမက အံ့ဩသလို ကြည့်သည်။ ဒီလိုကျပြန်တော့ သူမက 'ကလေး' တစ်ယောက်လို။ မထူးပါ

www.burmeseclassic.com



ဘူးဟု သူခဲဆန်ဘူးကို လှမ်းယူကာ ခဲဆန်တစ်ချောင်းကိုယူရင်း ခဲဆန်ဘောပင်တွင် ထည့်သည်။ ခဲဆန်ဘူးကို သူမံဆီလှမ်းပေးလိုက်သည်။

'ကျေးဇူးပဲ'

'ရပါတယ်'

သူ ရွှန်းရွှန်းစားစား ပြောသော စကားကို သူမကလည်းပြုံးရင်း ရပါတယ်ဟု ဆိုသည်။ အလှဲ့။ ဒီလိုကျပြန်တော့လည်း သူမက သာလိကာနှင့် မတူတော့ ယွန်းမီဇင်နှင့် တူပြန်သည်။

ဒီနေ့ ဘာကြောင့်မှန်းမသိ။ စိတ်က အလိုလိုရွှင်ပြကာ လူတိုင်းအပေါ် အကောင်းချည်းမြင်နေသည်။ ဒီလိုကျပြန်တော့လည်း အချစ်ဆိုတာက လူ၏စိတ်ကို ပျော်ရွှင်စေသည်ဟု သူတွေးသည်။

သူ ပရက်တီကယ်လုပ်သော ဖားပုံကို ဆွဲပြီးချိန် သူမကို လှမ်းကြည့်တော့ သူမစာရွက်မှာ ထုံးစံအတိုင်း ပေတူးလန်လျက်။ သူကြည့်နေတုန်း သူမက မော့ကြည့်လာသည်။ ရုတ်တရက် အကြည့်ချင်း ဆုံသည်။ သူဦးအောင်လွှဲလိုက်သည်။ တော်ကြာ သူ့ကို ခိုးကြည့်နေသည်ဟု ထင်လျှင် မခက်ပါလား။

'ခွန်နိုင်အေး'

သူမက မရဲတရဲ ခေါ်သည်။ ဒါ သူမထံမှ ပထမဦးဆုံး အကြိမ်အဖြစ် သူ့နာမည်ကို ကြားရခြင်းဖြစ်သည်။ သူ သူမကို ကြည့်တော့

'ဟိုလေ ဒီဖားပုံက အရမ်းခက်လို့ ဟို Body လေးကို အကြမ်းခြစ်ပေးပါလား၊ လေဘယ်က မို့ ဘာသာ ထိုးပါ့မယ်'

သူမပုံစံက သနားစရာ။ ဆရာမ မြင်သွား သိသွားမှာကိုလည်း ကြောက်နေဟန်တူသည်။ 'ဟင့်အင်း'လို့ ငြင်းလိုက်ပြန်ရင်လည်း မကောင်း။ သူက အားလုံးပြီးသွားပြီ။

'ပေး'

သူ့ ပရက်တီကယ်စာအုပ်နှင့် သူမ၏ ပရက်တီကယ်စာအုပ်ကို လဲလိုက်သည်။ ထို့နောက် သူ သူမဆွဲထားသော ပုံကို သပ်သပ်ရပ်ရပ် ဖျက်ပစ်ကာ သေသေသပ်သပ်လေး ဖားပုံကို ခပ်သွက်သွက် ဆွဲခြစ်ပေးလိုက်သည်။

'ပြီးပြီလား'

'ပြီးပြီ'

သူမနှင့် သူ ဆရာမျာအလစ်ကို ချောင်းပြီး စာအုပ်ချင်းပြန်လဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတစ်ယောက်ယောက် မြင်သွားလျှင် သူရော သူမပါ ဆူခံထိပေလိမ့်မည်။

'ဟား လှလိုက်တာ ကျေးဇူးပဲ'

'ရပါတယ်'

အရေးထဲ ဖားပုံကိုပဲ 'လှလိုက်တာ'ဟု ချီးကျူးနေသေးသည်။ ပြီးသူမက မြားထိုးပြီး လေဘယ်လ် တပ်လို့နေသည်။ ရန်လင်းက အပြီးသတ်သွားပြီမို့ ရှေ့ဆုံးစာရွက်မှာ ရက်စွဲနှင့် လေ့ကျင့်ခန်း ခေါင်းစဉ်ကို ဇယားကွက်မှာ ဖြည့်နေသည်။

'ဖွန်ကြောင် ငါ့ကိုကျတော့ မဆွဲကူဘူး'

'ဟ . . မင်းက တစ်မျိုး'

အရေးထဲ ဆရာသမားက ကတ်တွက်နေသည်မို့ သူ နားရင်း ဖပ်ဖွဖွ ရိုက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ● ပြန့် ပိုင် မှူး စိမ်

'ခွန်နိုင်အေး'

ခေါ်သံကြောင့် သူနောက်လှည့်ကာ ကြည့်တော့ သာလီကာမ (သို့) ယွန်းမီဇင်၊ ဘေးမှာက သူမ၏ သူငယ်ချင်း ကြက်တူရွေး (သို့) နွယ်သူဇာ၊ ရန်လင်းက 'ဘာလဲဟ' ဟု သူ့ကို ကြည့်သည်။

'ဟို နင် ပုံဆွဲပေးတာကို ကျေးဇူးဆပ်မလို့၊ ကင်တင်းသွားရအောင်'

'ဟာ နေပါစေ၊ မဟုတ်တာ၊ တစ်တန်းထဲသားတွေပဲ ရပါတယ်'

'ဘာလဲ ပြန်ကျွေးရမှာ စိုးလို့လား'

'မဟုတ်ပါဘူး'

'ကဲပါကွာ သူတို့ကို အားနာပါတယ်၊ ငါတို့လည်း သွားမှာပဲဟာ၊ လာသွားမယ်'

ရန်လင်း . . ။ သူ့ပခုံးကို ဇွတ်ဖက်ကာ ဆွဲခေါ်သည်။ မငြင်းသာ တော့ လှေကားထစ် အတိုင်းအောက်ထပ်ကို ဆင်းလာတော့ Bot ပရုဂံ တီကာယ်အခန်းဘက်မှ ငြိမ်းဆွေ ထွက်လာသည်။ ကြက်တူရွေးမတို့ကိုသူနှင့်တွဲ လျှက်မြင်တော့ မျက်ခုံးကြီးကို ပင့်သည်။ ပြီး မမြင်ချင်ယောင်ဆောင်ကာ



www.burmeseclassic.com

www.burmeseclassic.com


ကော်ရစ်ဒါမှာ ရပ်နေသည်။

'လာ ကင်တင်းသွားမလို့'

သူ ငြိမ်းဆွေကို အမြင်ကတ်ကတ်ဖြင့် ပခုံးကိုလှမ်းထိုးလိုက်ရင်းခေါ်ခဲ့သည်။ သကောင့်သားက ဂျစ်ကန်ကန်ဖြင့် နောက်မှခပ်ခွာခွာလိုက်လာသည်။

သူ့စိတ်ထဲမှာတော့ ခပ်ရှုပ်ရှုပ်။

ဆိုင်ကိုရောက်တော့ သူမက (အမှတ်မထင်) သူ့ဘေးမှာ နေရာရသည်။ သူမထံမှ အမည်မသိရေမွှေးနံ့က နှာဝမှာ လာရောက်ကျီစယ်သည်။ တစ်ချက်တစ်ချက် စကားပြောရင်း လာလာထိမိသော သူမ၏ အထိတွေ့က သူ့ ရင်ဘတ်ကို တစ်မျိုးကြီး ဖြစ်နေစေသည်။ သူမက တော်တန်ရုံ ယောက်ျား ခေါင်းမခါရဲလောက်အောင် လှသည်ကိုး။ လှသည်ဆိုတာထက် ဆွဲဆောင်မှု အားပြင်းသည်။

'ခေါ်နေတာ မကြားဘူးလား၊ ဘာသောက်မှာလဲ ဘာစားမှာလဲ'

'ဟမ် အာ ဟို ကတ်ကြေးကိုက် စားမယ်လေ'

'ဝက်နဲ့လား ကြက်နဲ့လား'

'ရတယ် ဘာဖြစ်ဖြစ်'

သူ ရှက်သွားသည်ဟု ဝန်ခံရလိမ့်မည်။ အရေးထဲ သူနှင့် ယွန်းမီဇင်တို့ ပြောသမျှကို ဟိုနှစ်ကောင်က ပြုံးစိစိကြည့်လို့နေသည်။ ငြိမ်းဆွေကဆို နှာခေါင်းကို မသိမသာ ကုတ်ပြသည်။ နှာခေါင်းမီးတောက်နေသည် ဆိုသည့် သဘော။ ဒါကို မြွေမြွေချင်း ခြေမြင်ပြီးသားမို့ သူသိသည်။

စားပွဲထိုးက သူ့အတွက် ကတ်ကြေးကိုက်လာချပေးသည်။ တူဘူးကို သူ လက်လှမ်းတုန်း 'နေ နေ'ဟု ဆိုကာ သူမက တစ်ခါသုံးတူကို ဆတ်ခနဲ အိတ်ထဲမှ ဖောက်ကာ သူ့လက်ထဲ ထည့်ပေးသည်။ ကြောင်တောင်တောင်နဲ့ သူ လှမ်းယူအပြီး လိပ်ပြာမလုံစွာ ဟိုနှစ်ကောင်ကို လှမ်းကြည့်တော့ တစ်ကောင်က မမြင်လိုက်ရသလို၊ မသိလိုက်ရသလိုမျိုး လမ်းမဘက်ကို ကြည့်နေသည်။ ဒါပေမယ့် ကိုယ်စီ ပြုံးဖြီးဖြီးကြီးတွေနှင့်။

တစ်ကောင်ကတော့ ရေခွေးသောက်ရင်း 'ဖွီး'ခနဲ သီးသည်။

'ဘာဖြစ်တာလဲ'

'မဟုတ်ဘူး၊ ရေနွေးပူလို့ ဒီကောင်'

ယွန်းမီဇင်က အမေး၊ သူကလည်း အဖြေ၊ 'မဟုတ်ဘူး' ဆိုတာကို


www.burmeseclassic.com

www.burmeseclassic.com



ထည့်ဖြေမိသော ကိုယ့်ကိုယ်ကို ဖြတ်ရိုက်ချင်သွားမိခဲ့သည်။ တော်သေးသည်။ သူတို့ကလည်း မှာထားတာတွေ ရောက်လာခိုက်နှင့် ကြုံသွား၍။ စကားမပြောကြဘဲ စားသောက်ကြပြီး ရေနွေးကိုယ်စီသောက်နေကြသည်။

'ခွန်နိုင်အေးတို့က ကျောင်းကို အဆောင်က ဒန တက်တာနော်'

'ဟုတ်တယ်'

သူ့ကို မေးပေမယ့် သူမဖြေမိ၊ သူ့ အစား ရန်လင်းက ဝင်ဖြေပေးသည်။ သူမြင်သည်က ရှေ့တစ်ဝိုင်းကျော်မှ မိုဟွမ်။ သူ့ကို ကြည့်နေရင်းက မျက်နှာလွှဲသွားသည်။

သွားပြီ ဟု သူတွေးသည်။ ယွန်းမီဇင်က သူ့ဘေးမှာ၊ တစ်မျိုး (သို့) တစ်မျိုးထက်ပို၍ အထင်တွေလွဲ အတွေးတွေလွဲ ဖြစ်နိုင်သည်။ မိုဟွမ် ပိုက်ဆံရှင်းနေတာကို သူမြင်နေရသည်။ ထမင်းကြော်ပန်းကန်တွေ စားပွဲထိုး သိမ်းသွားတာလည်း သူမြင်သည်။

ထမင်းကြော်. . . . မှာမည့်အချိန် စားမည့်အချိန်တို့ကို တွက်လိုက်လျှင် မိုဟွမ်တို့ သူ့အရင် ရောက်ခဲ့ကြောင်း အဖြေထွက်သည်။

ဒါဆို သူလာသည့်အချိန်ကတည်းက သူမ သူ့ကို မြင်နေနိုင်သည်။ ဒါ့အပြင် . ယွန်းမီဇင် တူတွေ တစ်ရှူးတွေ စီစဉ်ပေးတာကအစ သူမ မြင်နေပေလိမ့်မည်။

မြင်ချင်မှလည်း မြင်ပေလိမ့်မည်။ သို့သော် မြင်သွားခဲ့သည်ဟုဘာ သူ တစ်ထစ်ချ ယုံကြည်နေသည်။

ရင်၌ ထူပူကာ ဘာကိုမှန်းမသိ ကြောက်လို့နေသည်။

'ခွန်နိုင်အေးက မီတို့ကို မခင်ချင်ဘူးနဲ့တူတယ် . . . စကားလည်း မပြောဘူး'

'ဟုတ်တယ် ခပ်တည်တည်နဲ့'

'အာ မဟုတ်ဘူး၊ မဟုတ်ပါဘူး သိပ်နေမကောင်းချင်တာနဲ့'

'ဩော် ဟို ခေါင်းကိုက်နေလို့လား၊ မီ့ဆီမှာ ဆေးပါတယ်'

'ဟာ ရပါတယ်နေပါစေ၊ ပျောက်သွားမှာပါ၊ ငါကဆေးကြောက်တယ်'

ငွေရှင်းပြီး လက်ချာချိန် တက်ရန် ကျောင်းဆီ ပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



။

ထိုသူက သီချင်းအဆိုဖြစ်။
တော်တော်နှင့်လည်း အိပ်မပျော်။
ကဗျာတစ်ပုဒ်တော့ သူရေးဖြစ်သည်။

။



www.burmeseclassic.com

www.burmeseclassic.com



။

မသီမဆိုင်ရပါဘဲနဲ့ ငါ့ရင်ပူတာယာ
ယုံပါကွယ်
တကယ်သို့ ငါက
လက်ဆက်ချင်မြောင် သောင်လားတဲ့,
ပုပ်သိုးနေတဲ့ ပန်းသီး မဟုတ်ခဲ့ဘူး။

။



www.burmeseclassic.com

www.burmeseclassic.com



သူရ နှင့်အတူ သူ့ကို တွေ့လိုက်ရချိန် သူမရင်မှာ 'ဒိုင်း'ခနဲ လိုက်ဖို သွားခဲ့ရသည်။

'ခွန်နိုင်အေးတဲ့' ။ သူ စကားပြောတာက ပအိုဝ်းသံ ဝဲသည်။ နာမည်နှင့် လေယူလေသိမ်းအရဆိုလျှင် ပအိုဝ်း လူမျိုးပဲ ဖြစ်မည်။ ရှင်းသန့်သော အသားအရေ၊ ယောကျ်ားပီသကာ ဆွဲဆောင်မှုအား ပြင်းသော ခန္ဓာကိုယ် အချိုးအစား၊ တောက်ပ စူးရှသော မျက်လုံးများ၊ နွေးထွေးနူးညံ့သော နှုတ်ခမ်း အရာအားလုံးက သူမရင်၌ စွဲထင်နေပြီးသား။

ကျောင်းဖွင့်စနေ့ကတည်းက ကျောင်းဝင်းပေါက်နားမှာ ရပ်ပြီး ကျောင်းကြီးကို မော့ကြည့်နေစဉ် နောက်မှ မြင်နေရသော သူ့ဟန်က ဆွဲဆောင်မှု တစ်မျိုး ရှိနေခဲ့သည်လေ။

တက္ကသိုလ်စာတိုက်က သူမတို့အတွက် ဆုံစဉ်အခါက သူငယ်ချင်းများနှင့် ဘာရယ်မဟုတ် သူမရင်မှာ စွဲထင်နေသော သူ့၏ရုပ်ဝဲဝဲမျက်နှာ။

သူရက သူမနှင့် မိတ်ဆက်ပေးလိုက်စဉ်အခါက အတော်ကြီးကို ဖုံး



www.burmeseclassic.com

www.burmeseclassic.com



ဖိခဲ့ရသော ပျော်ရွှင်မှုမျိုး သူ မကြုံမှ မကြုံဖူးခဲ့။ သူသည်လည်း သီချင်းဆို ဝါသနာပါသည်'တဲ့ သူက ဒီလို စိတ်တူ ကိုယ်တူလူမျိုး။

သူရ ပြောလိုက်ပုံကလည်း ကြည့်ဦး၊ နင်နဲ့ ပေါင်းလို့ရတယ်' ဆိုပဲ။ အဲဒီအချိန်က သူမ၏ရင် ပရမ်းပတာ လှုပ်ရှားသွားသည်ကို သူကတော့ သိမည် မထင်ပါ။ သိုးငယ်လို ရိုးသားကာ တောက်ပနေသော မျက်လုံးများဖြင့်သာ ခပ်ရှက်ရှက် ပြုံးရယ်ကာ နေခဲ့သည်။ မိန်းကလေးတစ်ယောက်၏ သိက္ခာအရ ဘယ်အရာကိုမှ ကိုယ်စွဲလမ်းမိသော ရှေ့မှာမှ အများအယွင်း မရှိစေလိုသော ဆန္ဒဖြင့် သူမသည် သူ့ရှေ့မှာ အဆင်အပြေဆုံး နေနိုင်ခဲ့သည်ဟု သူမ ထင် သည်။

လက်ချာချိန်မှာ သိပ်စိတ်မပါချင်သည်မို့ ကင်တင်းမှာ လာထိုင်မိတာ ကိုက သူမ၏အမှား၊ တကယ်လို့များ အခြားဆိုင် တစ်ဆိုင်မှာ သွားခဲ့မိလျှင် လည်း အကောင်းသား။ သူ့ကို ကောင်မလေး ခပ်ချောချောနှင့်တွဲလျက် တွေ့ လိုက်ရစဉ် သူမရင်မှာ မနာလိုမှုတွေ ပြည့်လျှမ်းလို့ နေခဲ့သည်။

'သူငယ်ချင်း ဖြစ်မှာပါလေ'

'ဟု ဖွတ်ဖြေသိမ့်ခဲ့မှုများနှင့်အတူ သူမ မျက်တောင်မခတ်တမ်း သူ နှင့် သူ့ဘေးမှ ဆွဲဆောင်မှုအပြည့်ဖြင့် တော်တော်ကြီးကိုလှသော ကောင်မက လေးကိုပါ တစ်ချိန်လုံး ကြည့်နေခဲ့သည်။

သူ့ဘေးမှ စပရိမ်ဆံပင်နှင့် ကောင်မလေးက သူ့ကို ရွှန်းရွှန်းစားစား ဖြင့် ကြည့်နေခဲ့သည်ကိုလည်း သူမ အထင်းသား မြင်နေရသည်။

ထိုကောင်မလေးက တစ်ခါသုံးတူကို အိတ်မှ ဖောက်ကာ တူနှစ် ချောင်းကို သူ့အား ကမ်းပေးစဉ်အခါက သူမ၏ရင်တွေ မဆီမဆိုင် နာကျင်နေ ပုံများ၊ ထိုကမလေးမ လိုအပ်သည်ထက်ပို ပိုအလွန်းသည်ဟု သူမ ထင်ပစ်လိုက် သည်။ လူရှေ့ သူ့ရှေ့မှာများ တစ်ယောက်တည်းကို ကွက်ပြီး တစ်ရှူးစွေ စိစဉ်ကာ လုပ်ပေးနေလိုက်ပုံများ၊ သူမပင် မဆီမဆိုင် ထိုမိန်းကလေးအစား ရှက်မိသည်။

'ဒီ . . . ဒီလောက်ထိ ရင်းနှီးနေပုံထောက်တော့ နောက်ဆက်တွဲ သူမ ဆက်မတွေးချင်တော့။ ဆက်ပြီးတော့လည်း ကြည့်မနေချင်တော့။ ဘာတွေများ ဆက်ကဲဦးမှာလဲ' ဟူသော မသိစိတ်ဖြင့် ဆက်လက်ကြည့်ချင်နေသော သူမ၏ စိတ်ဟိုကို ဆက်ကြည့် ဆက်ခံစားလို့ မရလောက်အောင် ဖြစ်ရသော ဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com



တို့က အနိုင်ယူသွားသည်။

ထိုစဉ်မှာပဲ သူက ရုတ်တရက် ကြည့်လာခိုက်နှင့် ဆုံသည်။ ပြုံးပြချင်စိတ် ( ပြုံးပြနိုင်သော စိတ်) မရှိတော့သည်မို့ သူမ မျက်နှာကို လွှဲပစ်လိုက်သည်။ ထိုမျက်နှာ လွှဲပစ်လိုက်သည့်ခဏ၊ ရင်မှာ ဟာခနဲ။ ငွေရှင်းပြီး ထွက်လာခဲ့သော သူမ၏ ခြေလှမ်းတို့က အားအင် ကုန်ခန်းနေသလိုမျိုး။

သူမ၏ အနေအထားကို ရိပ်မိသော နော်ဇာရီကတော့ ဘေးမှာ တိတ်ဆိတ်စွာပဲ ပါလာခဲ့သည်။

'ဟဲ့ နင်သိပ်နေမကောင်းချင်ရင် မိုင်နာချိန် မတက်တော့နဲ့လေ၊ အဆောင်ပြန်ရအောင်'

နော်ဇာရီ၏ ဘူမသိ ဘမသိ ဆိုသော စကားကို သူမ ခေါင်းခါလိုက်သည်။

'ငါ့ပုံစံက လူနာပုံစံ ဖြစ်နေလို့လား၊ မိုဟွမ်ပါဟာ သာမန်မိန်းကလေး တစ်ယောက်လို ငါ့ကိုယ်ငါ ခံယူထားတာ မဟုတ်ဘူး၊ ဘယ်ကိစ္စကမှ ငါ့ ပညာရေးကို ဖျက်ဆီး မခံနိုင်ဘူး၊ မိုင်နာချိန်ပဲ ဖြစ်ဖြစ်၊ မေဂျာချိန်ပဲ ဖြစ်ဖြစ် ဘာကြောင့်မှ ငါ အပျက်မခံဘူး စိတ်ချ'

သူမဘာသာ သူမအားတင်းကာ တွေးလိုက်သော စကားတို့ကို ခေါင်းမော့ရင်း ဆိုဖြစ်သည်။ သူမခေါင်းခါသည်ကို နော်ရီတ နားမလည်စွာ ခေါင်းညိတ်သည်။

တကယ်လည်း မိုင်နာချိန်မှာ သူမစာတွင်သာ အာရုံနှစ်ထားနိုင်ခဲ့သည်။

အရာရာကို သူ့အကန့်နှင့်သူ ခွဲခြားနိုင်သော စွမ်းရည်ကို သူမ ပိုင်ဆိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



‘ဖုဟွမ်’

ဇာနေဘ်ရီက နားကြပ် စီဒီကို ပိတ်ပြီး နားမှ နားကြပ်ကို ဖြုတ်ရင်း သူမကို ခေါ်သည်။

‘ပြော’

‘ဟို မနေ့က သူရ မိတ်ဆက်ပေးတဲ့လူက တော်တော် ချောတယ်နော်’

‘အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး’

တကယ်တော့ သူမရင်မှာ ခေါင်းညိတ်နေပါသည်။

‘ဟင် . . . နင်ကလည်း ဒီလောက်ဖြောင့်တဲ့လူကိုများ ဒီလောက် မဟုတ်ပါဘူးတဲ့ Welcome ကျရင် သူပဲ King ရမယ် ထင်တယ်နော်’

‘ဘယ်သိမှာလဲ၊ ပေးပေး နင်.နားမထောင်ရင် ငါနားထောင်မယ်’

စကားကို ဘုကန့်လန့်ပြောရင်း စီဒီလေးကို လှမ်းယူသည်။ နေဘ်ရီက ‘ဘာစ်မျိုးကြီးပါလား’ ဟုဆိုရင်း စီဒီကို လှမ်းပေးသည်။ နားကျပ်ကို နားတွင် တပ်ရင်း CD ကိုဖွင့်ကာ မျက်လုံးတွေကို သူမ မှိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စပရိမ်ဆံပင်နှင့် သူ့ကို အံ့အာရုံဝယ် ကျက်မိထားသလိုမျိုး မြင်ယောင်မိ မြင်
သည်။ CD ဖွင့်ထားသော်လည်း မည်သည့် သီချင်းဖြစ်သည်ကိုပင် စွာန်
မဝင်စားနိုင်တော့။ သို့သော် မျက်လုံးကိုမူ မှိတ်ထားမိဆဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဝမု
ဟွမ်ရေ ညှော်သည်လာတယ်'

အုံနာလဲဖြစ် အဆောင်မှူးလည်းဖြစ်သော သူ့အဒေါ်၏ ခေါ်သံကြောင့် သူမနှင့် ဇာနေဉ်ရီ တစ်ယောက်ကို တစ်ယောက် ကြည့်ဖြစ်ကြသည်။ ထူးထူးဆန်းဆန်း ဘယ်တုန်းကမှ ဘယ်သူမှ မလာဖူးသည်မို့ 'ဘယ်သူပါလိမ့်' ဟု သူမတွေးသည်။

'လာ နင်ရောလိုက်ခဲ့' ဟု ဇာနေဉ်ရီ၏ လက်ကိုဆွဲရင်း နှစ်ယောက်သား အဆောင်အပေါ်ထပ်မှ ဆင်းခဲ့သည်။ ဧည့်ခန်းထဲမှာ ထိုင်နေသော ယောကျာ်းကလေးနှစ်ယောက်၏ ခြေထောက်ကို စမြင်လိုက်ရသည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမ အသက်ရှူဖို့ပင် မေ့သွားသလားဟု သူမကိုယ်သူမ ထင်လိုက်မိသည်။ သူနှင့် သူရ။ သူမ သူရကို အားပါးတရ ပြုံးပြလိုက်သည်။ သူမသည် အစဉ်တက်ကြွနေသော မိန်းမတစ်ယောက်ပဲ ဖြစ်ရမည်။ လေးလံ တွေဝေနေသော မိန်းမ မဖြစ်ရ။

'ဟာ သူရ ဘယ်ကနေ ဘယ်လို မျက်စိလည်လာသလဲ'



www.burmeseclassic.com

www.burmeseclassic.com


'ဒီကို တမင်လာတာဟ၊ ဒီနားနဲ့ ဒီနား မျက်စိလည်စရာလား'

'နေဦး နော်ရီ မရှိမသေ အအေးနှစ်လုံး ယူခဲ့ဟာ'

'ဟာ နေပါစေ၊ မိုဟွမ်ရ'

'ဘာလဲ မုန့်ခပါလို့လား'

'အေး အဟဲ'

'နော်ရီရေ မရှိမသေ မုန့်ပါယူခဲ့ဦးဟေ့'

သူမ၏ စကားအဆုံး သူနှင့် သူရက ပြုံးကြသည်။

'ဘာပြုံးတာလဲ သူရ'

'သြော် နင် မရှိမသေ စကားကို ခုထိ သုံးတုန်းလို့၊ မရှိမသေ စကား တအားပြောတာပဲလား'

ပြောရင်း သူရက 'ဟက်'ခနဲ ရယ်သည်။ သူမက စတိတ်ကျောင်းမှာကတည်းက တစ်ယောက်ယောက်ကို အကူအညီတောင်းတိုင်း မရှိမသေ ဆိုသည့် စကားလုံးကို စကားခံကာ ပြောလေ့ရှိသည်။ ဒါကြောင့် သူမကို သူငယ်ချင်းများက 'မရှိမသေ စကားအတော်ပြောသူ' ဟု စ,လေ့ရှိသည်။ သူရနှင့်အတူ သူမပါ 'အေး' ဟုပြောရင်း ရယ်ဖြစ်သည်။

'ဒီလိုဟ မိုဟွမ်ရ လာမယ့် တနင်္ဂနွေနေ့ကျရင် ငါတို့ ဒီအဆောင်နေတဲ့ဘော်ဒါတွေစုပြီး ကက္ကူကို ဘုရားဖူးသွားကြမလို့၊ အဲဒါ နင်တို့လိုက်ဦးမလားလို့'

'သြော်'

'နင် ရောက်ဖူးလား ကက္ကူကို'

'ဟင့်အင်း မရောက်ဖူးသေးဘူး၊ ငါလည်း အရမ်းသွားချင်နေတာ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲ တနင်္ဂနွေလေ အားတယ် မဟုတ်လား၊ မနက် ၆ နာရီလောက် သွားပြီး၊ ညနေ ၅ နာရီလောက်ဆိုရင် ပြန်ရောက်မှာပါ'

သူမ တွေဝေသလိုလို ဖြစ်ချင်နေသည်မို့ သကောင့်သား သူရက ခွတ်မဲဆွယ်နေသည်။ သူတော့ လိုက်ဖြစ်မှာ သေချာသည်။ စရိမ်ဆံပင်နှင့် သူကောင်မလေးရော ပါမည်လားမသိ။ ပါသည် ဆိုလျှင်တော့ ဒီခရီးကို သူမ ခေါင်းခါရလိမ့်မည်။

'ဟိုဒင်း မိန်းကလေးတွေ များလား'


www.burmeseclassic.com

www.burmeseclassic.com



'အေး အေး အဲဒါပြောဖို့ မေ့နေတယ်၊ အခုက ယောကျ်ားတွေချည်းပဲ စုရသေးတယ်၊ မိန်းကလေး တစ်ယောက်မှ မပါသေးဘူး၊ မပါဆို ငါတို့နဲ့ကလည်း အသိမိတ်ဆွေ ကောင်မလေးတွေ မရှိသေးဘူးလေ'

'မရှိသေးဘူး၊ ကျောင်းဖွင့်တာ တော်တော်လေးကြာပြီ၊ နင်ညံ့တာပေါ့'

'အေးပါ၊ ငါညံ့တယ်ပဲ ထားပါ၊ နင်သိတဲ့အတိုင်း ငါတို့ ၉ တန်း ၁၀ တန်း တုန်းက အတူနေခဲ့တဲ့ သူငယ်ချင်းတွေဆိုတာလည်း မေဂျာတွေကွဲ နေရာတွေကွဲနဲ့ လိုက်ရှာမှကို ရမှာလေ။ ဒီအဆောင် အနီးအနားတစ်ဝိုက်ဆိုတော့ တကူးတကကြီး လိုက်ကြိုလိုက်ပို့ နေစရာ မလိုဘူးလေ'

'ဒီလိုဆို ငါက လူစုထားရမယ်ပေါ့'

'မဆိုးဘူး၊ နင်တော်တယ်'

'အောင် မာ'

အအေးနှင့် ကိတ်မုန့်သွားယူသော ဇာနေ်ာရီ ရောက်လာသည်။ ခွန်နိုင်အေးနှင့် သူရတို့ရှေ့မှာ အအေးပုလင်းကို (ပိုက်စွပ်လျက်သား) ချပေးသည်။ ကိတ်မုန့်ပန်းကန်ကို နှစ်ယောက်ကြားမှ လတ်သုတ်ပဝါပေါ် ဖိလျက်ချသည်။

'ဟာ နင်တို့ မသောက်ဘူးလား'

'ခုပဲ သောက်ပြီးတာ၊ မုန့်စားမှာပေါ့၊ သောက်ပါ သောက်နော်'

'သောက်ပါ' ဆိုတာက သူရကို ပြောတာဖြစ်ပြီး 'သောက်နော်' ဆိုတာက ခွန်နိုင်အေးကို ပြောလိုက်ခြင်း ဖြစ်သည်။ သူမစိတ်ထဲမှာ 'စပရိမ်ဆံပင်နှင့် ကောင်မလေး မပါ' ဆိုတာကို သံသယရှိသည်။

'နင်တို့ကလည်းဟာ မိန်းကလေး တစ်ယောက်မှကို မပြောရသေးဘူး ဆိုတော့ ငါက လူစုဖို့ လွယ်ပါ့မလား မသိဘူး'

'အဲဒါကြောင့် တစ်ပတ် ကြိုတင်ပြီး လာပြောထားတာလေ၊ စိတ်ချ၊ ငါတို့ကြောင့် ငါတို့ပြောလို့ဆိုပြီး 'ကောင်မလေး တစ်ယောက်မှ ပါမှာမဟုတ်ဘူး၊ အဟဲ'

အအေး သောက်ရင်း သူရက ပြောင်ချော်ချော်ဖြင့် ဆိုသည်။ ဇာနေ်ာရီက 'ဘယ်သွားမလို့လဲ' ဟု မေးသည်။

'ကက္ကူကို နောက်တစ်ပတ် တနင်္ဂနွေ'ဟု သူမက အတိုချုံး ပြောသည်။

'သေချာတယ်နော် သူရ၊ အဲဒီနေ့ရောက်တော့မှ ငါ့သူငယ်ချင်း ကောင်မလေးတွေပါလို့ ကားမဆံ့တော့ဘူး ဘာညာဆိုရင် ဟယ်ဖို့သာပြင်'

www.burmeseclassic.com

www.burmeseclassic.com



'မိုးဟွမ်ကလည်း နင်ငါ့ကို တော်တော် အထင်ကြီးတာကိုး၊ စိတ်ချ နှင့်- သူငယ်ချင်းက ခပ်တည်တည် ခပ်တင်းတင်းမို့ ဘယ်ကောင်မလေးမှ မကပ်ရဲဘူး'

'အောင် မာ'

'ဒီကောင်က ပိုဆိုးသေး'

သူရက ပြောရင်း ခွန်နိုင်အေးဘက်သို့ လက်ညှိုးထိုးရင်း ဆိုသည်။ အပြောခံရသော ခွန်နိုင်အေး ရှက်ရှက်ဖြင့် ရယ်သည်။ မျက်နှာနီနီဖြင့် ရှက်နေသော သူ့ကိုကြည့်ရင်း စပရိမ် ဆံပင်နှင့် ကောင်မလေး မပါလောက်ဘူး လေဟု သူမ တွေးဖြစ်သည်။

'နင်သိတဲ့အတိုင်းပဲ မိုးဟွမ်ရာ၊ ဘုရားဖူးဆိုတာလည်း ငါတို့ယောက်ျား တွေချည်းသွားရင် ခြောက်ကပ်ကပ်နဲ့ ပျင်းစရာကြီး'

'ဘာမှ မဆိုင်ဘူး'

'တကယ်ပြောတာ၊ ကောင်မလေးတွေပါတော့ ပါတော့ . . . အဲ ခြောက်ကပ်ကပ် မဖြစ်တော့ဘူးပေါ့ဟာ၊ ဘယ်လိုပြောမလဲ စိုပြည်တာပေါ့ အဟဲ'

ပြောရင်း သူရက ရယ်သည်။ သူမတို့ပါ ရယ်ဖြစ်ကြသည်။ ထိုနေ့ တတော့ သူရနှင့် သူမသာပင်တိုင် စကားတွေ ပြောဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'သိပ်များ သိသာသွားမလားပဲနော် သူရ'

'ဩော် မင်းကလည်း ဟတ္တုကလည်း ဟိုဒင်းချင်သေးတယ်၊ ဟတ္တုမြူ ရမှာကလည်း ကြောက်နေသေးတယ်၊ သိသာတော့လည်း နားဖောက်ပြီးသား ဖြစ်တာပေါ့၊ ရွှေစွန်ညို ဘာလိုလို့ ဝဲတယ်ဆိုတာ သူတို့က သိပြီးသား'

'ဟာကွာ ရှုက်တော့ ရှုကိစရာကြီး ဗျနော်'

သူက ထုံးစံအတိုင်း ရှက်နေသေးသည်မို့ သူရက ပေစောင်းစောင်း ဖြင့် ကြည့်သည်။

'နေရာတကာ ရှက်နေတာကြီးပဲ၊ ရှက်ရင်လည်း သေလိုက်ကွာ'

ခွန်ရန်လင်းက စိတ်မရှည်သလို ဝင်ပြောသည်။ ငြိမ်းဆွေက 'အေး လေ' ဟု ထောက်ခံသည်။

'မဟုတ်ဘူး၊ ငါက '

'မဟုတ်ရင် မပြောနဲ့ နေရာတကာ ရှက်နေတာ နောက်တစ်ခါ ရှက် ကြောင်းပြောရင် မင်း . . . ဆောင့်ကိုကန်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရန်လင်းက သူ့ကို ပိတ်ပြောသည်။ ငြိမ်းဆွေကတော့ ထုံးစံအတိုင်း 'ဟုတ်တယ်' ဟု ထောက်ခံသည်။

'အဲဒီနေ့ကျရင် ဟို ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို ငါတို့က မင်းတို့နှစ်ယောက်ကိုဆုံပေးပြီး ရှောင်ထွက်မယ်၊ ကျန်တာ မင်းအပိုင်း၊ ကြည့် လုပ်ရှားပေါ့'

'အေးကွာ' ဟု မချင့်မရဲပြောရင်း ခေါင်းကုတ်ကာ ငံ့ရင်း ခပ်ရှက်ရှက်ဖြစ်နေသော သူ့ကို ကြည့်ရင်း ရန်လင်းက ရုတ်တရက် မတ်တတ်ထရပ်ကာ ခါးတောင်းကျိုက်ဟန်ပြင်ရင်း . . .

'ဘာလဲ အဲဒါရှက်နေတာလား ကန်မှာနော်' ဟုဆိုသည်။

'မရှက်ပါဘူးကွာ'

'သူရဲ ပြောသလိုပဲ မင်းက ဟတ္တာလည်း ထားချင်သေးတယ် ဟတ္တာလည်းမပြုဘူး'

ခွန်ရန်လင်း၏ အပြောကြောင့် သူတို့အားလုံး ဝိုင်းရယ်ဖြစ်ကြသည်။

'ကဲပါကွာ ငါသီချင်းဆိုချင်နေပြီ ဟကောင် သူရ လုပ်ပါဦးကွ ထူးအိမ်သင် တစ်ပုဒ်လောက်'

သူက လက်ဖြင့် ပိုက်ထားသော ဂီတာကို စတီးသည်။ ဝရန်တာမှာ သူတို့ လေးယောက်အပြင် နောက်ထပ် အဆောင်တူ ဘော်ဒါတစ်ယောက်နှစ်ယောက်ခန့် ရောက်လာသည်။ သူက ထူးအိမ်သင်၊ ဇော်ဝင်းထွဋ်၊ မျိုးကြီးတို့ကို အသည်းစွဲမို့ သီချင်းဆိုတိုင်း ၎င်းတို့၏ သီချင်းဖြင့် စကာ တစ်ယောက်ယောက်၏ သီချင်းဖြင့် ဆုံးနေကျ၊ ကျန်လူများကလည်း အလိုက်အထိုက်သမားတွေချည်းပဲမို့ သူ့ကို အလိုလိုက်ကြသည်။

သူ့အသံက အားလုံး၏ အသံကို မမီပါ။ သို့သော် ထုံးစံအတိုင်း အော်၍ မရသော နေရာ ရောက်လျှင် ရူးချင်ယောင် ဆောင်ကြသည်။ နောက်မျိုးကြီးသီချင်း ပြီးနောက်တစ်ပုဒ်က ကိုညီထွဋ်၏ သီချင်း၊ ကိုညီထွဋ်၏ အသံကို သူတို့ မမီကြပါ။ ထုံးစံအတိုင်းပင် အော်ရမည့် နေရာရောက်လျှင် ခြင်ရိုက်သလိုလို၊ ယားလို့ ကုတ်သလိုလို စသဖြင့် ရူးချင်ယောင် ဆောင်ကြသည်။

အစကတော့ သူ မရမက အသံကုန်လိုက်ဆိုပါသည်။ သို့သော် အသံကြောင်သွားသည့် အခါတိုင်း တခွိခွိ တဟားဟားဖြင့် ခိုးရယ်ကာ အားပေးခံရပေါင်းများလာတော့ သူလိုက်မဆိုတော့၊ မဆိုဖြစ်တော့။

ထိုည အိပ်မက်ထဲမှာ သူနှင့် မိုဟွမ်တို့ ရုပ်ရှင်ထဲကလို ပန်းခြံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လက်တွဲပြီး မိတာတစ်ရာ အပြေးပြိုင်ပွဲ ပြိုင်နေသလိုမျိုး ပြေးနေသည်။

သို့သော် အပြင်မှာလို ချွေးတွေ သံတွေနှင့် လျှာထွက်မနေပါ၊ လုံးလုံး မမောကြ၊

တောင်ကြီး ကြိုးတံတားပေါ်ကို ဘယ်နှခေါက်မှန်းမသိ၊ အပြန်ပြန် အလှန်လှန် ပြေးဖြစ်သည်။ သူတို့နှစ်ယောက်သား လိုင်းကားသာဆို ထိုနေ့ည က အုံနာထောလောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



Physics Practrical မှာ ဗင်ကျူရီမီတာအကြောင်း လက်တွေ့သုပ်ရသည်။ သူနှင့် တစ်ဖွဲ့တည်းကျသော ကျောင်းသားများက အသီးသီး test သုပ်ကာ စတီး ball လေး၏ Diameter ကို တွက်နေကြသည်။ သူ ဘာမှ မလုပ်ဖြစ်သေး။

ဗင်ကျူရီ မီတာလေးကို ကိုင်ရင်း သူ့အတွေးတို့က ဟိုရောက် ဒီရောက် ဖြစ်လို့နေသည်။ နောက်မှာ ဆရာ ရပ်ကြည့်နေမှန်းမသိ၊ ဆရာက သူ့ပခုံးကို ပုတ်သည်။ သူက ဆရာမှန်းမသိ။ ခွန်ရန်လင်းဟု ထင်ကာ ပခုံးပေါ်ကို နောက်သို့လှည့်မကြည့်။ ဘယ်ကိုမှမကြည့်ဘဲ လက်ဖြင့်ခါသည်။ 'မလုပ်နဲ့' ဆိုသည့်သဘော။

ဆရာက နောက်တစ်ခေါက် ပခုံးကို ပုတ်ပြန်သည်။ သူ့ကို မသိသေးခင်းလည်း ဆရာသိသည်။ သူ စိတ်တိုစွာဖြင့်'ကျွတ်' ဟု စုတ်သပ်ရင်း လှည့်ကြည့်တော့ ဆရာ။

'ဟာ ဆရာ ကန်တော့'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာလုပ်နေတာလဲ'

'ဟို ဒီ ဒီ ဗင်ကျူရီမီတာ လုပ်ထားတာလေးကို သဘောကျလို့လွန်းလို့ပါဆရာ၊ ဟိုဒင်းပေါ့ အရမ်းတိကျပြီး တိုင်းတာမှတ်သားရတာလည်း လွယ်ကူတယ်လေ'

ဆရာက 'မဖြီးနဲ့၊ ငါ အံတိုနေပြီ' ဟူသော သဘောဖြင့် သူ့ပခုံးကို နှစ်ချက်ပုတ်သွားသည်။ တစ်ခန်းလုံး ဝိုင်းကြည့်နေသည်မို့ သူ့မျက်နှာတွေ ထူပူသွားရသည်။

Roll Call လက်မှတ်ထိုးရန် ဆရာတစ်ယောက်က ခေါ်သည်။ ဆရာမ တစ်ယောက်က လက်မှတ် ခိုးထိုးမည် စိုး၍ စောင့်ကြည့်နေသည်။ Roll No. 30 to 40 လာထိုးကြ' ဟုဆို၍ သူလက်မှတ်သွားအထိုး နေရာကမှားထိုးမိသည်။

'ဟဲ့ ဘာဖြစ်လို့ 41 မှာ သွားထိုးနေတာလဲ'

'ဟာ ဆောရီး တီချယ်'

'မင်းခုံနံပါတ် ဘယ်လောက်လဲ'

'လေးဆယ်ပါ တီချယ်'

'ဟင်းနော် မင်းတို့ လက်မှတ်တွေ ခိုးမထိုးကြနဲ့၊ တက္ကသိုလ်ရောက်နေပြီ၊ အကျင့်လေးတွေ ပြင်ကြဦး'

Roll No. 41 မှာ သူထိုးထားသော လက်မှတ်ကို ဖျက်ရင်း ပြောလိုက်သော ဆရာမ၏အသံက အတော်လေး ကျယ်သည်မို့ တစ်ခန်းလုံးအကြည့်က သူ့ဆီ ရောက်လာပြန်သည်။ မျက်နှာထူပူသွားရပြန်သည်။ 'မင်းကတော့ လုပ်ပြီ' ဟု ငြိမ်းဆွေက ခပ်တိုးတိုး ရေရွတ်သည်။

'ဒီတစ်ခါ တီချယ်တို့ကို အဆိုးမဆိုနဲ့နော်၊ လက်မှတ်ထိုးပေးတဲ့လူရော၊ ခိုးအထိုးခိုင်းတဲ့လူရော၊ သိလို့ကတော့ အပြစ်ပေးခံရမယ်နော် ဒါပဲ'

ဆရာမက ထိုသို့ဆိုရင်း မျက်လုံးကို ဝေ့ကြည့်သည်။ သူကတော့ သူ့ကိုရှာသည်အထင်ဖြင့် ဇက်ကို ပုသည်။

'လက်မှတ်ခိုးထိုးပြီး လူမိတော့မှ မှားထိုးမိတာတွေ ဘာတွေ မလုပ်နဲ့၊ လက်မှတ်မှားထိုးရင်မှားထိုးတဲ့လူကိုပါ Absent လုပ်ပစ်မယ် ကြားလား'

'ကြားပါတယ် တီချယ်'

ဆရာမက Roll Call စာအုပ်ကို ပိုက်ရင်း ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသား ကျောင်းသူအချို့လည်း အခန်းထဲမှ ထွက်သူထွက်ကြသည်။ မပြီးသေးသူ တချို့ကျန်သည်။

'ခွန်နိုင်အေး ကင်တင်းလား'

နောက်မှခေါ်သံကြောင့် စိတ်အပျက်ကြီး ပျက်သွားမိသည်။ သာလိကာမ။ ကင်တင်းကိုလိုက်ပြီး သာလိကာ ဦးမည်။ 'မဟုတ်ဘူး'လို့ ပြောရန်သူ ပြင်သည်။

'ဟုတ်တယ် ကင်တင်းကို လာလာ အတူသွားရအောင်၊ ကင်တင်းကိုဝဲမဟုတ်လား'

ဖြတ်ကာ ဝင်ပြောလိုက်သော ရန်လင်းကို သူ ရိုက်ချင်သွားမိသည်။ တော်တော်ကို လျှာရှည်တဲ့ကောင်၊ သာလိကာမနှင့် ကြက်တူရွေးမတို့က 'ဟီးဟီး' ဟု အဓိပ္ပာယ်မရှိ ရယ်ရင်း နောက်က ကပ်ပါလာသည်။ ဒါတောင်တော်ရစ်တာ အနည်းငယ်ကျဉ်းနေ၍။ မဟုတ်လျှင် ဇွတ်ဘေးက ကပ်လိုက်ဦးမည်။ တော်ကြာ ထိုသို့ကပ်မိ (မတော်တဆ ဖြစ်ဖြစ်) ကပ်မိနေတုန်း မိုဟွမ်သာ မြင်သွားပါက သေပြီ။

ရန်လင်းကတော့ ပြုံးဖြီးဖြီးကြီးဖြင့် ဆောင့်တန်ချင်စရာ ကောင်းလောက်အောင် စကားတွေ ရွှန်းရွှန်းဝေအောင် ပြောရင်းက ပါလာသည်။

'ကဲ ပန်းနုရောင် ကိုပဲ သွားကြမလား'

'အေး ကောင်းတယ်'

ရန်လင်းက အဆိုပြုပြီး ကြက်တူရွေးမလေးက ထောက်ခံသည်။ တကယ်တော့ ရန်လင်း ဘာကြောင့် ဒီသာလိကာမတို့ သူငယ်ချင်းနှစ်ယောက်ကို ခေါ်ချင်ရသည်ဆိုတာ သူကောင်းကောင်းသိသည်။ သကောင့်သားက ကြက်တူရွေးမလေးကို ဘာဘာ ညာညာ ဖြစ်နေသည်ကိုး။

'နင်တို့က ငါတို့နှစ်ယောက်ကို သာလိကာမနှင့် ကြက်တူရွေးမလို့ အမည်ပေးထားတယ်ဆို'

'အေး'

'ဒါဆို ငါက နင်တို့ကို ပုံပြင် ပြောပြရဦးမှာပေါ့'

ခွန်နိုင်အေး သူ ကောင်းကောင်းကြီး စိတ်ညစ်သွားရသည်။ သူမပြောတော့မည်ဆိုတာကို သူ ကောင်းကောင်းသိသည်။ သူသိသလို ရန်လင်းနှင့်ငြိမ်းဆွေလည်း သိသည်။ စကားတစ်ခွန်းမှမပြောသော သာလိကာကို စကား



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သော ကြက်တူရွေးက 'ဆရာကြီး'ဟု ခေါ်၍ ရောင်းဈေး ပိုရသော ပုံပြင်။ ဒါက ကြားရဖန်များ၍ သူဖြင့် အမြင်တောင် ကတ်နေသော ပုံပြင်။ အပ်ကြောင်း ထပ်ရုံမက ဓာတ်ပြားနှင့် အပ်ချောင်းညှားပြီး သားစဉ်မြေး ဆက် ဘယ်နှဆက်တောင် ပြောင်းနေပြီ မသိ။ ဒါပေမယ့် ဟာ နင်ပြောမှ ငါသိတယ်၊ ရှိုး ဟိုး ဟိုး နေပြီ' ဟု သွားပြောလို့မရ၊ မကြားဖူးချင်ယောင် ဆောင်ကာ ပါးစပ် လက်လေးလုံးလောက် ဟပေးပြီး 'မျက်စိသူငယ် နားသူငယ်လေးဖြင့် သူမ ပြောသမျှ နားထောင်ပေးရမည်။ မဟုတ်လျှင် ရှိုင်းရာကျမည်။ ဒုက္ခမှ တကယ့်ဒုက္ခ။

ပြီး နောက်ဆုံး စကားပြောကျွမ်းသော ကြက်တူရွေးက စကားတစ်လုံးမှ မပြောသော သာလိကာကို 'ဆရာကြီး' ဟု ခေါ်၍ ဈေးပိုလေသတည်းဟု သူမက အဆုံးသတ်လိုက်သည်နှင့် လက်ခုပ်လက်ဝါးတီးပြီး သူမကျေနပ်အောင် အားရပါးရ ရယ်ပေးရဦးမည်။ မရယ်လို့မရ၊ မရယ်လျှင် ရှိုင်းရာကျမည်။

ထို့ကြောင့် နားစိုက်ထောင်ရသည်။ ထို ရှိုး ဟိုး ဟိုးနေသော ပုံပြင်ကို။

ထားလိုက်ပါတော့ ရန်လင်းကတော့ အချစ်တန်ခိုးဖြင့် နားထောင်ချင်ယောင် ဆောင်ရတာ တော်သေးသည်ဟု ယေဘုယျ ပြော၍ရသည်။ သူနှင့် ဆွေငြိမ်းကတော့ မဆီမဆိုင် သက်သက်မဲ့ ဝင်၍၊ ဒါပေမယ့် သူတို့ ဂရုစိုက်နားထောင်ကြသည်။ သူနှင့် ငြိမ်းဆွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ဖြစ်ကြသည်။ 'ဝင်ရှိသ၍ခံလိုက်ဦး' ဟု၊ တစ်ယောက်ကို တစ်ယောက်မသိ မသာ မျက်ခုံးပင့်ပြရင်း ရယ်ချင်လာကြသည်။

သို့သော် ရယ်၍မဖြစ်သေး။ ရယ်ရမည့်နေရာမရောက်သေး။ အခုမှ သူမ၏ ပုံပြင်က ကြက်တူရွေး၏ ဈေးနှုန်းကို ပြောဆိုခန်းပဲ ရှိသေးသည်။ ရန်လင်းကတော့ အော်စကားရော အကယ်ဒမီပါ အပြွတ်လိုက် ပေးချင်လောက်အောင်ကို သရုပ်ဆောင်ကောင်းသည်။ ငြိမ်းဆွေက ရန်လင်းကို ကြည့်ရင်း သူ့ကို ကြည့်သည်။ သူတို့နှစ်ယောက် အကြည့်ချင်းဆုံသည်။ ငြိမ်းဆွေက 'မင့်ကောင်ကို ကြည့်ဦး' ဟု မျက်စပစ်ပြသည်။ နှစ်ကောင်သား တော်တော်ကြီးရယ်ချင်နေကြသည်။ သို့သော် ရယ်လို့မဖြစ်သေး။ ရယ်ရမည့်နေရာက တစ်မှတ်တိုင်လောက် လိုသေးသည်။ ဒီတော့ (လူကျင့်ဝတ်ကြောင့်) ရယ်ရန်မသင့်



www.burmeseclassic.com

www.burmeseclassic.com



တော်သေး၍အောင့်ထားရသည်။

ရန်လင်းကတော့ သတိအနေအထားဖြင့် ရယ်ရန်နေရာကို စောင့်ကာ နှုတ်ခမ်းကို မပြုံးတုန်း ပြုံးတုန်းလုပ်ကာထားသည်။ ဤသည်ကို ကြည့်ကာ သူရော ငြိမ်းဆွေပါ ရယ်ချင်သည်ထက် ရယ်ချင်လာသည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိလေ ပိုရယ်ချင်လေ။ သို့သော် အောင့်ကာထားရသည်။ ဒုက္ခ မျိုးကွဲတွေထဲမှာ ရယ်ချင်တာကို အောင့်ထားရသော ဒုက္ခလည်းပါသည်။

နောက်ဆုံး သူလုံးလုံး မအောင့်နိုင်တော့။ ငြိမ်းဆွေလည်း ထို့နည်းတူ။ အောင့်လုံးကွဲ။

အားရပါးရ ရယ်ချပစ်လိုက်သည်။ (ဝါးလုံးကွဲတစ်မျိုး)

'ဟား ဟား ဟား ဟား ဟား'

'ဟား ဟား ဟား ဟား'

သူတို့နှစ်ယောက်၏ ဝါးလုံးကွဲ ရယ်လိုက်မှုကြောင့် (ဇာတ်သိမ်းခါနီး) ပုံပြောနေဆဲ သာလိကာမက အောင့်သက်သက်ဖြင့် ပြူးကြောင်ကြောင် ဖြစ်သွားသည်။

ရယ်ရန် သတိအနေအထားဖြင့် ကီသွင်းကာ နေနေသော ရန်လင်းက လည်း 'ဘာလဲ' ဟုခပ်ကြောင်ကြောင်ဖြင့် ကြည့်ကာနေသည်။ သူ့ကောင်မလေး ကလည်း ရန်လင်း ကြည့်နေမှန်းသိ၍ ပဲအပြည့်ပေးရာမှ လန့်သွားသည်။

'ဟဲ့ . . . ရယ်ရမယ့် နေရာလည်း မရောက်သေးဘဲနဲ့၊ ငါ့ပုံပြင်က မပြီးသေးဘူး'

သာလိကာမက မကျေမနပ်ဖြင့် ခပ်ဆောင့်ဆောင့် ရေရွတ်သည်။

'မဟုတ်ဘူး၊ အဲဒီမရောက်သေးဘဲနဲ့ကို ရယ်ရတာ နင့်ပုံပြင်က အရမ်း ရယ်ရတာပဲဟာနော် နိုင်အေး ဟား ဟား ဟား'

'အေး အရမ်းရယ်ရတယ် အောင်မြတ်လေး ဗိုက်တောင်နာလာပြီ ဟား ဟား ဟား'

'ဟား ဟား ဟား'

'ဟား ဟား ဟား'

သူတို့နှစ်ယောက်ကတော့ နဂိုကမှ ရယ်ချင်အောင့်လုံးကွဲရသည့်ကြား ထဲ ကြောင်စီစီ ဖြစ်နေကြသော ရန်လင်း၊ သာလိကာမနှင့် ကြက်တူရွေးမတို့ တို့ ကြည့်ကာ ပိုရယ်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာလိကာမကတော့ 'စကားပြော၍ မဆုံးသေးခင် စင်အောက်ပရိသတ် လက်ခုပ်ဝိုင်းတီးတာ ခံရသလိုမျိုး' အောင့်သက်သက် ခံစားမှုကြီးဖြင့် အီစီကလီကြီး ဖြစ်နေရှာသည်။ ရန်လင်းနှင့် သူ့ကောင်မလေးကလည်း ထို့နည်းတူပင်။

ပုံပြောရင်းတန်းလန်းဖြင့် မှာထားသော အစားအသောက် တချို့ရောက်လာသည်။ သူနှင့် ငြိမ်းဆွေက အရယ်ကို အတောမသတ်နိုင်သေး။ သူမက သူ့ရှေ့ကြာဆံကြော် ပန်းကန်ထဲမှ ဇွန်းနှင့် ခက်ရင်းကို ယူကာ တစ်ရှူးဖြင့် သုတ်ပေးနေသည်။ ဘယ်သူပဲ ကြည့်ကြည့် ဒီအနေအထားက သိသာလွန်းသည်။ ဒီရေလာမြောင်းပေး ဆိုတာကြီးကို။ ဒါပေမယ့် သူ သူမကို ခင်လည်း ခင်သည် အားလည်းနာသည်။ ထို့ကြောင့် 'ကျေးဇူး' ဟုဝတ်ကျေတန်းကျေဆိုဖြစ်သည်။ သူမက ရှက်ရှက်ဖြင့် မျက်စောင်းထိုးသည်။ အကြောင်းမသိသူ တစ်ယောက်ယောက်ကများမြင်လျှင် သမီးရည်းစားတွေဟု တစ်ထစ်ချ။ (နှစ်ထစ် သုံးထစ်မျှ) ထင်သွားနိုင်သည်။ သူ့စိတ်ထဲမှာ ကျောမလုံသလိုကြီးခံစားနေရသည်။ ဘေးဘီကို မျက်လုံးရွေ့ အကြည့်။

'ဟင်'

သူသေချင်စိတ်ပင်ပေါက်၍ သွားသည်။ မိုဟွမ် သူမ၏ဘေးမှာက ဇာနေဝ်ရီ။ သူမတို့ နှစ်ယောက်စလုံးက သူတို့ ဝိုင်းကို ကြည့်နေကြသည်။ မိုဟွမ်က စားပွဲထိုးကို လှမ်း၍ခေါ်သည်။ 'သွားပြီ' ဟု စိတ်ပျက်လက်ပျက်ကြီးဖြစ်လို့သွားသည်။ ပါးစပ်ထဲမှ ငုံထားဆဲ ကြာဆံကြော်က ခါးသက်လာသလိုလိုရှိ၍ ဆက်မဝါးမိ။ မိုဟွမ်နှင့် ဇာနေဝ်ရီတို့ ထွက်သွားတာကို လိုက်ကြည့်နေရင်းက မဆီမဆိုင် သူ့ရင်ဘတ်က နာနေလေသည်။

'စားလေ ဘာလိုလို့လဲ'

'ဟင့်အင်း . . မလိုပါဘူး'

သူမ၏ အမေးကို ဖြေရင်း သူကြာဆံကြော်ကို စိတ်မပါ လက်မပါစားဖြစ်သည်။

'ငါ ဗိုက်ပြည့်သွားပြီကွ. မိန်းရှေ့ငါစောင့်မယ်သိလား'

ကမန်းကတန်း ထောင်တန်တစ်ရွက်ကို ရေနွေးပန်းကန်ဖြင့် ဖိရင်းထရပ်သော သူ့ကိုအားလုံးက ကြောင်ရင်းကြည့်နေကြသည်။

'ဟကောင် နေဦးလေ'



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရန်လင်းက ပလုပ်ပလောင်းသံကြီးဖြင့် လိုက်အော်သည်။ သူ့မိုဟွမ်တို့သွားရာဘက်ကို အပြေးတစ်ပိုင်း လိုက်သွားမိသည်။

ဇော်ထင်မြို့မှ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မို ဟွမ် သူမဘာကို စိတ်တိုလို့ တိုမှန်းမသိတော့။ စိတ်ညစ်ညူးနေသည်ကား အမှန်။ ခွန်နိုင်အေးတို့ ကင်တင်းကို စတင်ဝင်လာချိန်ကစလို့ သူမတစ်ချိန်လုံးကြည့်နေခဲ့သည်။

သူမနှုတ်ခမ်းများ အပြုံးတို့ဖြင့် စိုလက်နေတာကို ကြည့်ရင်း သူမ မဆီမဆိုင် ဒေါသတွေ ဖွတ်ထွက်လာခဲ့ရသည်။ မနာလိုခြင်း ဆိုတာ ဒါလား?ဟု သူမရှက်ရှက်ဖြင့် တွေးမိသေးသည်။

ပြီး သူ့နှုတ်ခမ်းများဟကာ တဟားဟားဖြင့် ရယ်လိုက်ချိန် သူမ ဘယ်လိုမှသူတို့ ဝိုင်းကို ဆက်မကြည့်ချင်တော့။

သို့သော် လူတို့၏ မျက်လုံးဆိုတာကလည်း မကြည့်ချင်မြင်လျက်သား ဆိုသလို သူ့ပန်းကန်ထဲမှ ဇွန်းခက်ရင်းတို့ကို စပရိမ်ဆံပင်နှင့် ကောင်မလေးက တစ်ရှူးဖြင့် သုတ်ပေးနေတာကို မြင်ဖြစ်အောင်မြင်လိုက်သေးသည်။ ‘ပိုလိုက်တာ’ ဟုတွေးရင်း သူမ ဘယ်လိုနည်းနှင့်မှ ထိုကင်တင်းတွင် အကြာမထိုင်ချင်တော့။ မဆီမဆိုင်ရပါဘဲ တစ်ဖက်သတ်ကြီး ဒေါသထနေမိသော မိမိကိုယ်



www.burmeseclassic.com

www.burmeseclassic.com


မိမိလည်း ဒေါသထွက်မိသေးသည်။

ငွေရှင်းကာ ထိုကင်တင်းမှ ထထွက်လာခဲ့သည်။ လက်ချာချိန်တာ အချိန်အနည်းငယ် လိုသေးသည်မို့ မိန်းရှေ့က စိန်ပန်းပြာပင်အောက်တာ ထိုင်ခုံလေးမှာ နော်ရီနှင့် သူမထိုင်ဖြစ်သည်။

'မိုဟွမ် အခုရုံတင်တဲ့ ကားသွားမကြည့်ချင်ဘူးလား'

'မကြည့်ချင်ပါဘူး နော်ရီရယ် အဲဒီကား သွားကြည့်ရင် လက်ချာချိန်တွေ လွတ်ကုန်မှာပေါ့'

'အေးဟာ ဒါနဲ့ နင့်ဆိုင်ကယ်ပြင် ထားတာမရသေးဘူးလား'

'ရပြီလေ ငါရောင်းခိုင်းထားတယ်'

'ဟယ် ဘာဖြစ်လို့'

'ဘာမှ မဖြစ်ပါဘူး၊ ဘယ်မှလည်း သွားစရာ လာစရာမရှိဘဲနဲ့ သိမ်းရဆည်းရတာအလုပ် ရှုပ်လွန်းလို့၊ ကျောင်းကလည်း နီးလွန်းတော့ တော်တန်ရုံမစီးဖြစ်ဘူးလေ၊ မြို့ထဲသွားစရာရှိရင်လည်း လိုင်းကားက ဒီလောက်ပေါတာ'

'အေး ဟုတ်တာပဲ'

နော်ရီနှင့်ရောက်တတ်ရာရာ စိတ်ပြေလက်ပျောက်ရှိချိန်မှာ သူမခွန်နိုင်အေးကို လှမ်းမြင်လိုက်ရသည်မို့ မမြင်ချင်ယောင်ပြုကာ တောင်တန်းကြီးဆီအကြည့်ကို ပို့လိုက်သည်။ ဒါပေမဲ့ တင်းထားသည့်ကြားထဲက တစ်ချက်ခိုးကြည့် ဖြစ်သည်။ သူတောင်ကြည့် မြောက်ကြည့်ဖြင့် တစ်ခုခုကို ရှာနေတာကို သူမတွေ့နေရသည်။ 'သူဘာများ ရှာနေပါလိမ့် သူမကိုများလား'ဟုမရဲတရဲတွေးဖြစ်သည်။

ထိုစဉ် သူ၏မျက်နှာ သူမဘက်လှည့်တာကို တွေ့လိုက်ရသည်။ သူသူမတို့ ဘက်လျှောက်လာနေတာကို သူမြင်နေရသည်။ သူမရင်တို့က တဒိန်းဒိန်း ခုန်လို့လာသည်။

ဆက်ပဲထိုင်နေရမလား။ သို့မဟုတ် ထထွက်သွားရကောင်းမလားဟု သူမတွေးမိသည်။ သူ့ကို မြင်လျှင်စပရိမ်ဆံပင်နှင့် ကောင်မလေးကို သတိရလာသည်ကိုး။

'မိုဟွမ် ခွန်နိုင်အေး ဒီဘက်ကိုလာနေတယ်'

'သိသားပဲ မမြင်ချင်ယောင်ဆောင်နေတာ'

'နင်ကလည်း'


www.burmeseclassic.com

www.burmeseclassic.com



'နင်အသာနေပါ နော်ရီရဲ့ ငါတို့ဆီကိုလာတာ ဟုတ်ချင်မှ ဟုတ်မှာ'

သူတဖြည်းဖြည်းနီးကပ်လာလေ သူမရင်တို့ ပိုခုန်လာလေလေ။ ခေါင်းကိုငုံ့ထားနေမိသည်။ ဘာကြောင့်မှန်းမသိ။ ဘာမှမဆိုင်ဘဲ စိတ်ထဲမှ နေ၍ သူ့ကို စိတ်ကောက်နေမိသည်။

'နန်းမိုးဟွမ်'

သူမ၏ အမည်နာမကို တပ်ကာ သူမ၏ဘေးမှ ရပ်လျက်ခေါ်လာပြီ ဆိုတော့ သူမမော့ ကြည့်ဖြစ်သည်။

'ဟိုဒင်း ကက္ကူသွားဖို့ အဖော်တွေများပြီလား'

'မိုးဟွမ်တို့ လိုက်ဖြစ်ပါ့မလား မသိဘူး'

'ဟာ . . ဘာ . . ဘာဖြစ်လို့လဲ ဟိုမအားလို့လား မအားရင် ရက်ရွှေ့ လိုက်မယ်လေ'

'ဟာ ရပါတယ် နေပါစေ နိုင်အေးတို့ရော လူစုံတာများပြီလား'

'အင်း အခုတော့ ကျွန်တော်တို့ လေးယောက်က သေချာပြီပေါ့၊ အဆောင်ကဘော်ဒါတွေလည်း လိုက်ဖြစ်ကြမယ်ထင်တယ်၊ လိုက်မယ်ပြောတာ တော့ သုံးလေးယောက်ရှိပြီ'

ပြောရင်း သူမဘေးမှ သူခပ်တည်တည်နှင့် ဝင်ထိုင်သည်။ နဂိုကမှ ရင်ခုန်နေရသည့်ကြားထဲ ရင်မှာနွေးခနဲဖြစ်သည်။ သူ သူမကို ရင်ခုန်သံတွေ ပျက်ပြားအောင် လုပ်နေသည်ထင့်။

'ဟို နိုင်အေးတို့ မေဂျာကဖြစ်ဖြစ် အဆောင်နားကဖြစ်ဖြစ် ကောင် မလေးတွေ ခေါ်ကြည့်ဦးပေါ့'

'ဟာခင်တဲ့ ကောင်မလေးမရှိဘူးလေ အခုထိကက္ကူသွားဖို့ ဘယ် ကောင်မလေးကိုမှ မခေါ်ရသေးဘူး။ ဟို မိုးဟွမ် တို့ပထမဆုံးပဲ'

သူ့စကားကို သူမယုံချင်ပါသည်။ 'ပထမဆုံး' ဆိုသည့်စကားကြောင့် လည်း သူမလိုက်ခနဲ ပျော်သည်။ သို့သော် သူမ ဟို စပရိမ်ဆံပင်နှင့် ကောင်မ လေးကို မြင်မြင်နေမိသည်။ အဲဒီ ကောင်မလေးမပါဘဲ နေမည်တဲ့လား။

'သောကြာနေ့ကျရင် အဆောင်လာခဲ့မယ်လေ ဟို လူအနည်းအများ ပေါ် မူတည်ပြီး ကားငှားရအောင်လို့'

'အင်း လာခဲ့လေ'

ဟို မိုးဟွမ်လည်း လိုက်ဖြစ်အောင်လိုက်ပေါ့ ကျွန်ုပ်တစ်ဝိုက်က



www.burmeseclassic.com

www.burmeseclassic.com



အရမ်းသာယာတာ၊ ကင်မရာယူလာပေးမယ်လေ၊ ဓာတ်ပုံရိုက်ရတာပေါ့'

သူမခေါင်းညိတ်မိသလား မညိတ်မိသလား မသိတော့၊ သူ့ကောင်မလေးအတွက် အဖော်မရှိမည်စိုး၍ သူမတို့ကို အပြတ်စည်းရုံးနေတာလားအသိ၊ သူမတို့က သူ့ကောင်မလေးအတွက် အဖော်လုပ်ပေးရမည့် 'အဖြည့်ခံ'များလား၊

'အဖြည့်ခံ'ရှိ သက်သက်ဆိုလျှင်တော့ သူမတော်တော်ကြီးကို ခါးခါးသီးသီး ထိုခရီးတို ငြင်းချင်ပါသည်။ သူနှင့် အတူသွားချင်မိသော စိတ်နှင့်ဟိုစပရိမ်ဆံပင်နှင့် ကောင်မလေးပါနိုင်သည် ဟူသော အတွေးကြောင့် မသွားချင်စိတ် စသည်ဖြင့် သူမအတွေးတို့ ရှုပ်ထွေးလို့နေသည်။

'ဟို မိုဟွမ်တို့ အတန်းမရှိဘူးလား'

'ရှိတယ် အချိန်နည်းနည်း လိုသေးလို့'

'အင်းလေး အဆောင်မှာပဲလား'

'ဟုတ်တယ်'

သူနှင့် ဇာနော်ရီတို့ အမေးအဖြေတွေ လုပ်နေကြသည်။

'အချိန်နီးပြီပဲ နော်ရီ သွားကြရအောင် နိုင်အေး သွားတော့မယ်နော်'

'လူစုထားဦးနော်'

ခေါင်းညိတ်ရင်းသူက ထိုသို့လှမ်းမှာသည်။ သူမခေါင်းညိတ်ပြလိုက်သည်။ သူက ထိုနေရာလေးမှာပင် ထိုင်ကျန်ရစ်ခဲ့သည်။ သူမတို့ 'အင်းလေး' အဆောင်ဘက်ထွက်ခဲ့သည်။

'ဟဲ့ မိုဟွမ် သူနင့်ကို ခိုးကြည့်နေတယ်ဟဲ့'

'သွားစမ်းပါ နော်ရီရာ ငါစိတ်မဝင်စားပါဘူး'

'တကယ်'

'တကယ်ပေါ့၊ ငါကစာပဲ စိတ်ဝင်စားတယ်'

'အေးပါ ငါက သူနင့်ကို ခိုးခိုးကြည့်နေတယ် ဆိုတာပြောပြတာပါ၊ အမယ် လက်ချာချိန်ကို အင်းလေးဆောင်မှာပဲလားတဲ့ ဘယ်လောက်တောင်စုံစမ်းထားလဲ မသိဘူး'

'နင်ကလည်း ကြဲကြဲဖန်ဖန် အင်းလေးဆောင်ရှေ့မှာ ငါတို့ ခဏခဏဆုံဖူးတာပဲ'

'ဒါတော့ ဒါပေါ့'

သူမနှင့်နော်ရီတို့ မိန်းရှေ့ရောက်ချိန် အမှတ်မထင် 'ဒါတော့ ဒါပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်းနောက်ကို တစ်ချက်လှည့်ကြည့်သည်။

'ဟဲ လိုက်ကြည့်နေတယ် မိုဟွမ်'

'အို တိုက်ဆိုင်တာဖြစ်မှာပါဟာ နော်ရီကလည်း'

ဘာပဲဖြစ်ဖြစ် လိုက်ကြည့်နေတယ်၊ ဆိုသောကြောင့် သူမ နွေးထွေးသွားခဲ့သည်ကားအမှန်။ စပရိမ်ဆံပင်နှင့်ကောင်မလေး ရှိရဲ့သားနဲ့။

သူဟာ မိန်းကလေးများစွာရဲ့ အချစ်ကို ရယူချင်သူလား။

ဒီလို ဆိုရင်တော့ သူမမုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒူးတွေ အခုထိတုန်လို့ ကောင်းတုန်း။ ရင် ဆိုတာကတော့ ဘာခုန်သလဲ မေးရာပင်မလို။ သူမထွက်သွားချိန်မှာ သူရင်မှာ ဟာတာတာကြီး ကျန်ရစ်ခဲ့သည်။ သူမကို လိုက်ကြည့်ရင်းက ပိုမိုချစ်လာသလို မျိုးခံစားရသည်။

သူမနှင့် ဆုံတိုင်း သူ ကံဆိုးသည်ဟု ဆိုရမည်။ သူမနှင့် ခင်မင်သိ[illegible]နောက်ပိုင်း ကျောင်းမှာနှစ်ခါဆုံသည်မှာ နှစ်ခါစလုံး သာလိကာမက ဘေးမှာရှိနေခဲ့သည်။

ရှိနေရုံဆိုလျှင် တော်သေးသည်။ အခုဟာက . . . သူဆက်မတွေးချင်တော့။

ပြောရင်းဆိုရင်း ရန်လင်းတို့နှင့် သာလိကာမတို့ကို လှမ်းမြင်နေရသည်။ မိန်းရွေ့ အုတ်ခုံကို ဦးတည်ရင်း သူကို လိုက်ရှာနေတာကိုလည်း သူသိသည်။ သူလက်ခုပ်တီး လိုက်သည်။

သူ့ကို လှမ်းကြည့်ရင်းမြင်သွားကြသည်။ သူရှိရာ စိန်ပန်းပြာပင် အောက်ကို လျှောက်လာကြသည်။ စောစောက မိုဟွမ် ထိုင်နေသော နေရာကို



www.burmeseclassic.com

www.burmeseclassic.com



သာလိကာမက ဂင်ထိုင်သည်။ မဆီမဆိုင် ထိုနေရာလေးကို သူမ ဝင်ထိုင်သွားခြင်းအတွက် သူတွန့်တိုမိသည်။

'ရော့'

သာလိကာမက စောစောက သူထားခဲ့သော တစ်ထောင်တန်ကို ပြန်ပေးသည်။

'အဲ့ ထည့်ရှင်းလိုက်တာ မဟုတ်ဘူး'

'ဒီနေ့ မီကျွေးတာလေ၊ နောက်ရက်ကျမှ နိုင်အေးကျွေးပေါ့'

ပိုက်ဆံကို သူလှမ်းယူလိုက်သည်။ မဟုတ်လျှင် ပိုက်ဆံကို ဇွတ်ပေးလျှင် သရုပ်ပျက်နေဦးမည်။

'နိုင်အေး ကိုစိတ်ဆိုးတယ်သိလား'

ဖြူနီးစားကြီး 'စိတ်ဆိုးတယ်'ဆိုသော သာလိကာမ။ သူမကိုကြည့်ရင်း (ခေါင်းငုံ့နေသော သူမကို ကြည့်ရင်း) စိတ်ပျက်သွားမိသည်။ အစမရှိ အဆုံးမရှိ။

'ဘာဖြစ်လို့လဲ ယွန်းမီဇင်ကို ဘာများ'

'ဘာမှ မဟုတ်ဘူး၊ ကက္ကူသွားမှာကို မခေါ်လို့၊ သူများလည်း လိုက်ချင် တာပေါ့လို့၊ တော်သေးတယ် ရန်လင်းပြောလို့ ရန်လင်းသာ မခေါ်ရင် မီတို့ သိလိုက်ရမှာတောင် မဟုတ်ဘူး'

သူ ရန်လင်းကို ဖျပ်ခနဲ ကြည့်မိသည်။ သကောင့်သားက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးဖြီးဖြီးကြီး ပင်လုပ်နေလိုက်သေးသည်။ သူဆောင့်ကန်ချင်စိတ် ပေါက်သွားရသည်။

သွားပြီ သာလိကာမဆာပါလို့ကတော့ သူမျှော်လင့်ထားသော ကမ္ဘာကြီး . . . . . ။

'ဟင် . . ပြောလေ ဘာဖြစ်လို့ သူများကို မခေါ်တာလဲ၊ ဘာလဲ ယောကျ်ားတွေချည်းသွားမှာ မို့လို့လား'

'မဟုတ်ပါဘူး မိန်းကလေးတွေလည်း ပါမှာပေါ့'

ရန်လင်း ကြက်တူရွေးမကို ခေါ်တော တစ်သိန်းအားဖြင့် ကြည့်ခြင်း သူဖြေရမည့် မေးခွန်းကို ဝင်ဖြေသည်။ သူစိတ်တွေ ဘယ်လောက်တိုစိစ်နေတယ်ဆိုတာ သကောင့်သား သိမည်မထင်။

'ဒါဆို တမင်သက်သက် မခေါ်ချင်လို့ကို မခေါ်တာပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . .

သူမက (လှလည်း မလှပါဘဲ) နှုတ်ခမ်းကို စူကာ သူ့ကိုမေးသည်။ 'ရော် . . . . ခက်ပြီ' ဟု သူတွေးသည်။ ဖြစ်နိုင်လျှင်သူ သူ့မြို့ 'ပင်လောင်း' သို့ ပြေးသွားချင်သည်။

'မဟုတ်ပါဘူး'

'ဒါဆို ဘာဖြစ်လို့လဲပြော'

'မသေချာသေးလို့'

သူပေါ့ပြက်ပြက် အဖြေကို သူမကတော့ အကျေနပ်ကြီး ကျေနပ်သွားသည်။

'ထင်တော့ ထင်သားပဲ တစ်ခုခုကြောင့်ဆိုတာ နိုင်အေးက မိန်းတလေး ဘော်ဒါဆိုလို့ မီတို့ပွဲရှိတဲ့ဟာကို နော်'

'အင်း'

အင်း ဆိုတာကို တကယ်တော့ သူ သက်ပြင်းနှင့်ရောကာ ကြိတ်ချလိုက်ရခြင်း ဖြစ်သည်။ သူ့ အကြောင်းကို ကောင်းကောင်းသိနေသော ရန်လင်းက ရှုချင်ယောင်ဆောင်နေသည်။

'ဒီကောင်အဆောင်ရောက်မှ တွေ့ဦးမည်' ဟု သူတွေးသည်။ တစ်ဖက်မှလည်း ''အေးလေ သူအီစီကလီ လုပ်နေသော ကောင်မလေးကို ပါစေချင်မည် ပေါ့' ဟုတွေးမိသည်။

ငြိမ်းဆွေကတော့ အခြေအနေအားလုံးကို သိသူမို့ ခေါင်းကို ကုတ်ကာနေသည်။

'ကက္ကူကိုလေ မီ တစ်ခေါက်ရောက်ဖူးတယ် သိလား'

'မီ' ကို ခပ် ချွဲချွဲဆိုလိုက်သည်မို့ 'မို'ဖြစ်ကာ နေသည်။ 'တစ်ခေါက်ကြီးများတောင် ရောက်ဖူးနေတာ လိုက်မနေပါနဲ့တော့လား' ဟု စိတ်ထဲမှ ပြောမိသည်။

'လမ်းလည်း ကောင်းတော့လေ ခရီးလည်း မပန်းဘူး၊ မီသွားတဲ့တစ်ခေါက်က တန်ဆောင်မုန်းလပြည့်နေ့ကြီး ရန်ကုန်က မာမီ့ အမျိုးတွေ တန်ဆောင်တိုင် လာလည်ကြတာလေ၊ နေ့ခင်းဘက်ဆို ပင်းတယတို့ အင်းလေးတို့ သွားပြီး ညဘက်ဆို မီးပုံးပျံကြည့်ကြတယ်လေ၊ ကက္ကူကိုလည်း လပြည့်နေ့ကြီး လိုက်ပို့တာပေါ့၊ အဲဒီမှာ ပွဲရှိတယ် သိလား နိုင်အေး'

'ဟုတ်လား အင်း'



www.burmeseclassic.com

www.burmeseclassic.com



'စကားရေလွတ် တတွတ်တွတ် ဆိုတာ ဒါများလား' ဟု နိုင်အေး တွေးဖြစ်သည်။ 'မသိဘူးလို့' ငေါ့လိုက်ပေမယ့် သူအနည်းငယ်တော့ သိထားပါသည်။ သူက ပအိုဝ့်ပဲ။ တပေါင်းလပြည့်နေ့ဆို ကက္ကူကိုသွားသွားကြတာ၊ သူ မသိဘဲနေပါ့မလား။ ကက္ကူက တပေါင်းလပြည့်နေ့မှာ တစ်ကြိမ် တန်ဆောင်မုန်း လပြည့်နေ့မှာတစ်ကြိမ် ကက္ကူ ဗုဒ္ဓပူဇနိယ ပွဲတော် လုပ်နေကျ။ တပေါင်းလပြည့်ပွဲတော်မှာ ရာသီဥတုသာယာပြီး လူထု အားလပ်ကြကာ ပအိုဝ်းအမျိုးသားနေ့နှင့်လည်း တိုက်ဆိုင်၍ ပိုမိုစည်ကားသည် ဆိုတာကို။

'ငါးထမင်းချဉ်တို့ ဝက်သားချဉ်၊ အမဲချဉ်တွေလေ အရမ်းစားကောင်းတာပဲ သိလား နိုင်အေး'

'ဟင့်အင်း မသိဘူး'

' ရော် မနောက်နဲ့နော် သူများအကောင်းလည်း ပြောပြရသေးတယ်'

သူမနှုတ်ခမ်းကို စူရင်းကောက်ဟန်ပြုသည်။ သူမပင် တစ်ပြန်တစ်လဲ ရှင်းပြသဖြင့် ကျေးဇူးတင်ရမည့် သူဘော။

'အခုကြားရက်ဆိုတော့ အကောင်းဆုံးကတော့ ထမင်းတွေ ဘာတွေ ဒီကစီစဉ်သွားကြပေါ့၊ အင်း . . . နိုင်အေးတို့က ယောကျ်ားလေးတွေ ဆိုတော့ မထူးပါဘူး မှီနဲ့ သူဇာနဲ့ စီစဉ်ခဲ့မယ် လူဘယ်နှယောက်လဲပြော'

'သေသေချာချာ မသိသေးဘူး၊ ရပါတယ်၊ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ထည့်လာပါ့မယ် ယွန်းမီဇင်ရာ ဒုက္ခမရှာပါနဲ့'

'မဟုတ်ဘူး နိုင်အေး . . . မီက'

'အားနာစရာမှ့လို့ပါ အဲဒီနေ့ကျရင် ယွန်းမီဇင်နဲ့ နွယ်သူဇာ အတွက်ပဲ ယူလာခဲ့။ ဒီကကောင်တွေ လပေးနဲ့ စားတဲ့ဆိုင်မှာ တစ်ခါသုံးဘူးနဲ့ ဒံပေါက်ဖြစ်ဖြစ် ထမင်းကြော်ဖြစ်ဖြစ် ယူခဲ့လို့ရပါတယ် ဟုတ်ပြီလား'

ဗွတ်ပြောလိုက်တော့မှသူမမချင့်မရဲနဲ့'ပြီးတာပဲ' ဟုပြောရင်းအလျှော့ပေးသည်။ သူကတော့ ထိုနေ့ကိုတွေးရင်း ရင်လေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိမိလည်း ဒေါသထွက်မိသေးသည်။

ငွေရှင်းကာ ထိုကင်တင်းမှ ထထွက်လာခဲ့သည်။ လက်ချာချိန်က အချိန်အနည်းငယ် လိုသေးသည်မို့ မိန်းရှေ့က စိန်ပန်းပြာပင်အောက်က ထိုင်ခုံလေးမှာ နော်ရီနှင့် သူမထိုင်ဖြစ်သည်။

'မိုဟွမ် အခုရုံတင်တဲ့ ကားသွားမကြည့်ချင်ဘူးလား'

'မကြည့်ချင်ပါဘူး နော်ရီရယ် အဲဒီကား သွားကြည့်ရင် လက်ချာချိန်တွေ လွတ်ကုန်မှာပေါ့'

'အေးဟ ဒါနဲ့ နင့်ဆိုင်ကယ်ပြင် ထားတာမရသေးဘူးလား'

'ရပြီလေ ငါရောင်းခိုင်းထားတယ်'

'ဟယ် ဘာဖြစ်လို့'

'ဘာမှ မဖြစ်ပါဘူး၊ ဘယ်မှလည်း သွားစရာ လာစရာမရှိဘဲနဲ့ သိမ်းရဆည်းရတာအလုပ် ရှုပ်လွန်းလို့၊ ကျောင်းကလည်း နီးလွန်းတော့ တော်တန်ရုံ မစီးဖြစ်ဘူးလေ၊ မြို့ထဲသွားစရာရှိရင်လည်း လိုင်းကားက ဒီလောက်ပေါတာ'

'အေး ဟုတ်တာပဲ'

နော်ရီနှင့်ရောက်တတ်ရာရာ စိတ်ပြေလက်ပျောက်ရှိချိန်မှာ သူမခွန်နိုင်အေးကို လှမ်းမြင်လိုက်ရသည်မို့ မမြင်ချင်ယောင်ပြုကာ တောင်တန်းကြီးဆီအကြည့်ကို ပို့လိုက်သည်။ ဒါပေမဲ့ တင်းထားသည့်ကြားထဲက တစ်ချက်ခိုးကြည့် ဖြစ်သည်။ သူတောင်ကြည့် မြောက်ကြည့်ဖြင့် တစ်ခုခုကို ရှာနေတာတို သူမတွေ့နေရသည်။ 'သူဘာများ ရှာနေပါလိမ့် သူမကိုများလား'ဟုမရဲတရဲ တွေးဖြစ်သည်။

ထိုစဉ် သူ၏မျက်နှာ သူမဘက်လှည့်တာကို တွေ့လိုက်ရသည်။ သူ သူမတို့ ဘက်လျှောက်လာနေတာကို သူမြင်နေရသည်။ သူမရင်တို့က တဒိန်းဒိန်း ခုန်လို့လာသည်။

ဆက်ပဲထိုင်နေရမလား။ သို့မဟုတ် ထထွက်သွားရကောင်းမလားဟု သူမတွေးမိသည်။ သူ့ကို မြင်လျှင်စပရိမ်ဆံပင်နှင့် ကောင်မလေးကို သတိရလာသည်ကိုး။

'မိုဟွမ် ခွန်နိုင်အေး ဒီဘက်ကိုလာနေတယ်'

'သိသားပဲ မမြင်ချင်ယောင်ဆောင်နေတာ'

'နင်ကလည်း'



www.burmeseclassic.com

www.burmeseclassic.com



'နင်အသာနေပါ နော်ရီရဲ့ ငါတို့ဆီကိုလာတာ ဟုတ်ချင်မှ ဟုတ်မှာ'

သူတဖြည်းဖြည်းနီးကပ်လာလေ သူမရင်တို့ ပိုခုန်လာလေလေ။ ခေါင်းကိုငုံ့ထားနေမိသည်။ ဘာကြောင့်မှန်းမသိ။ ဘာမှမဆိုင်ဘဲ စိတ်ထဲမှ နေ၍ သူ့ကို စိတ်ကောက်နေမိသည်။

'နန်းမိုဟွမ်'

သူမ၏ အမည်နာမကို တပ်ကာ သူမ၏ဘေးမှ ရပ်လျက်ခေါ်လာပြီ ဆိုတော့ သူမမော့ ကြည့်ဖြစ်သည်။

'ဟိုဒင်း ကက္ကူသွားဖို့ အဖော်တွေများပြီလား'

'မိုဟွမ်တို့ လိုက်ဖြစ်ပါ့မလား မသိဘူး'

'ဟာ. . ဘာ. . ဘာဖြစ်လို့လဲ ဟိုမအားလို့လား မအားရင် ရက်ရွှေ့ လိုက်မယ်လေ'

'ဟာ ရပါတယ် နေပါစေ နိုင်အေးတို့ရော လူစုတာများပြီလား'

'အင်း အခုတော့ ကျွန်တော်တို့ လေးယောက်က သေချာပြီပေါ့။ အဆောင်ကဘော်ဒါတွေလည်း လိုက်ဖြစ်ကြမယ်ထင်တယ်၊ လိုက်မယ်ပြောတာ တော့ သုံးလေးယောက်ရှိပြီ'

ပြောရင်း သူမဘေးမှ သူခပ်တည်တည်နှင့် ဝင်ထိုင်သည်။ နဂိုကမှ ရင်ခုန်နေရသည့်ကြားထဲ ရင်မှာနွေးခနဲဖြစ်သည်။ သူ သူမကို ရင်ခုန်သံတွေ ပျက်ပြားအောင် လုပ်နေသည်ထင့်။

'ဟို နိုင်အေးတို့ မေဂျာကဖြစ်ဖြစ် အဆောင်နားကဖြစ်ဖြစ် ကောင် မလေးတွေ ခေါ်ကြည့်ဦးပေါ့'

'ဟာခင်တဲ့ ကောင်မလေးမရှိဘူးလေ အခုထိကက္ကူသွားဖို့ ဘယ် ကောင်မလေးကိုမှ မခေါ်ရသေးဘူး။ ဟို မိုဟွမ် တို့ပထမဆုံးပဲ'

သူ့စကားကို သူမယုံချင်ပါသည်။ 'ပထမဆုံး' ဆိုသည့်စကားကြောင့် လည်း သူမလိုက်ခနဲ ပျော်သည်။ သို့သော် သူမ ဟို စပရိမ်ဆံပင်နှင့် ကောင်မ လေးကို မြင်မြင်နေမိသည်။ အဲဒီ ကောင်မလေးမပါဘဲ နေမည်တဲ့လား။

'သောကြာနေ့ကျရင် အဆောင်လာခဲ့မယ်လေ ဟို လူအနည်းအများ ပေါ် မူတည်ပြီး ကားငှားရအောင်လို့'

'အင်း လာခဲ့လေ'

' ဟို မိုဟွမ်လည်း လိုက်ဖြစ်အောင်လိုက်ပေါ့ . . . တစ်ဝိုက်က

www.burmeseclassic.com



အရမ်းသာယာတာ၊ ကင်မရာယူလာပေးမယ်လေ၊ ဓာတ်ပုံရိုက်ရတာပေါ့'

သူမခေါင်းညိတ်မိသလား မညိတ်မိသလား မသိတော့၊ သူ့ကောင်မလေးအတွက် အဖော်မရှိမည်စိုး၍ သူမတို့ကို အပြတ်စည်းရုံးနေတာလားအသိ။ သူမတို့က သူ့ကောင်မလေးအတွက် အဖော်လုပ်ပေးရမည့် 'အဖြည့်ခံ'များလား။

'အဖြည့်ခံ'ရဲ့ သက်သက်ဆိုလျှင်တော့ သူမတော်တော်ကြီးကို ခါးခါးသီးသီး ထိုခရီးကို ငြင်းချင်ပါသည်။ သူနှင့် အတူသွားချင်မိသော စိတ်နှင့် ဟိုစပရိမ်ဆံပင်နှင့် ကောင်မလေးပါနိုင်သည် ဟူသော အတွေးကြောင့် မသွားချင်စိတ် စသည်ဖြင့် သူမအတွေးတို့ ရှုပ်ထွေးလို့နေသည်။

'ဟို မိုဟွမ်တို့ အတန်းမရှိဘူးလား'

'ရှိတယ် အချိန်နည်းနည်း လိုသေးလို့'

'အင်းလေး အဆောင်မှာပဲလား'

'ဟုတ်တယ်'

သူနှင့် ဇာနေဘ်ရီတို့ အမေးအဖြေတွေ လုပ်နေကြသည်။

'အချိန်နီးပြီပဲ နေဘ်ရီ သွားကြရအောင် နိုင်အေး သွားတော့မယ်နော်'

'လူစုထားဦးနော်'

ခေါင်းညိတ်ရင်းသူက ထိုသို့လှမ်းမှာသည်။ သူမခေါင်းညိတ်ပြလိုက်သည်။ သူက ထိုနေရာလေးမှာပင် ထိုင်ကျန်ရစ်ခဲ့သည်။ သူမတို့ 'အင်းလေး' အဆောင်ဘက်ထွက်ခဲ့သည်။

'ဟဲ့ မိုဟွမ် သူနင့်ကို ခိုးကြည့်နေတယ်ဟဲ့'

'သွားစမ်းပါ နေဘ်ရီရာ ငါစိတ်မဝင်စားပါဘူး'

'တကယ်'

'တကယ်ပေါ့၊ ငါကစာပဲ စိတ်ဝင်စားတယ်'

'အေးပါ ငါက သူနင့်ကို ခိုးခိုးကြည့်နေတယ် ဆိုတာပြောပြတာပါ။ အံမယ် လက်ချာချိန်ကို အင်းလေးဆောင်မှာပဲလားတဲ့ ဘယ်လောက်တောင် စုံစမ်းထားလဲ မသိဘူး'

'နင်ကလည်း ကြုံကြုံဖန်ဖန် အင်းလေးဆောင်ရှေ့မှာ ငါတို့ ခဏခဏ ဆုံဖူးတာပဲ'

'ဒါတော့ ဒါပေါ့'

သူမနှင့်ဇနေဘ်ရီတို့ မိန်းရှေ့ရောက်ချိန် အမှတ်မထင် 'ဒါတော့ ဒါပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောရင်းနောက်ကို တစ်ချက်လှည့်ကြည့်သည်။

'ဟဲ လိုက်ကြည့်နေတယ် မိုဟွမ်'

'အို တိုက်ဆိုင်တာဖြစ်မှာပါဟာ နော်ရီကလည်း'

ဘာပဲဖြစ်ဖြစ် လိုက်ကြည့်နေတယ်၊ ဆိုသောကြောင့် သူမနွေးထွေးသွားခဲ့သည်ကားအမှန်။ စပရိမ်ဆံပင်နှင့်ကောင်မလေး ရှိရဲ့သားနဲ့။

သူဟာ မိန်းကလေးများစွာရဲ့ အချစ်ကို ရယူချင်သူလား။

ဒီလို ဆိုရင်တော့ သူမမုန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒူးတွေ အခုထိတုန်လို့ ကောင်းတုန်း။ ရင် ဆိုတာကတော့ ဘာ ခုန်သလဲ မေးရာပင်မလို။ သူမထွက်သွားချိန်မှာ သူရင်မှာ ဟာတာတာကြီး ကျန်ရစ်ခဲ့သည်။ သူမကို လိုက်ကြည့်ရင်းက ပိုမိုချစ်လာသလို မျိုးခံစားရသည်။

သူမနှင့် ဆုံတိုင်း သူ ကံဆိုးသည်ဟု ဆိုရမည်။ သူမနှင့် ခင်မင်သိ ပြီးနောက်ပိုင်း ကျောင်းမှာနှစ်ခါဆုံသည်မှာ နှစ်ခါစလုံး သာလိကာမဂ္ဂ ဘေး နှာရှိနေခဲ့သည်။

ရှိနေရုံဆိုလျှင် တော်သေးသည်။ အခုဟာက . . . သူဆက်မတွေး ချင်တော့။

ပြောရင်းဆိုရင်း ရန်လင်းတို့နှင့် သာလိကာမတို့ကို လှမ်းမြင်နေရ သည်။ မိန်းရှေ့ အုတ်ခုံကို ဦးတည်ရင်း သူကို လိုက်ရှာနေတာကိုလည်း သူသိ သည်။ သူလက်ခုပ်တီး လိုက်သည်။

သူ့ကို လှမ်းကြည့်ရင်းမြင်သွားကြသည်။ သူရှိရာ စိန်ပန်းပြာပင် အောက်ကို လျှောက်လာကြသည်။ စောစောက မိုဟွမ် ထိုင်နေသော နေရာကို



www.burmeseclassic.com

www.burmeseclassic.com



သာလိကာမက ဂင်ထိုင်သည်။ မဆီမဆိုင် ထိုနေရာလေးတို့ သူမ ဝင်ထိုင်သွားခြင်းအတွက် သူတွန့်တိုမိသည်။

'ရော့'

သာလိကာမက စောစောက သူထားခဲ့သော တစ်ထောင်တန်ကို ပြန်ပေးသည်။

'အာ ထည့်ရှင်းလိုက်တာ မဟုတ်ဘူး'

'ဒီနေ့ မီကျွေးတာလေ၊ နောက်ရက်ကျမှ နိုင်အေးကျွေးပေါ့'

ပိုက်ဆံကို သူလှမ်းယူလိုက်သည်။ မဟုတ်လျှင် ပိုက်ဆံကို ဖွတ်ပေးလျှင် သရုပ်ပျက်နေဦးမည်။

'နိုင်အေး ကိုစိတ်ဆိုးတယ်သိလား'

ဖြန်းစားကြီး 'စိတ်ဆိုးတယ်'ဆိုသော သာလိကာမ။ သူမကိုကြည့်ရင်း (ခေါင်းငုံ့နေသော သူမကို ကြည့်ရင်း) စိတ်ပျက်သွားမိသည်။ အစမရှိ အဆုံးမရှိ။

'ဘာဖြစ်လို့လဲ ယွန်းမီဇင်ကို ဘာများ'

'ဘာမှ မဟုတ်ဘူး၊ ကက္ကူသွားမှာကို မခေါ်လို့၊ သူများလည်း လိုက်ချင် တာပေါ့လို့ တော်သေးတယ် ရန်လင်းပြောလို့ ရန်လင်းသာ မခေါ်ရင် မီတို့ သိလိုက်ရမှာတောင် မဟုတ်ဘူး'

သူ ရန်လင်းကို ဖျပ်ခနဲ ကြည့်မိသည်။ သကောင့်သားက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြုံးဖြီးဖြီးကြီး ပင်လုပ်နေလိုက်သေးသည်။ သူဆောင့်ကန်ချင်စိတ် ပေါက်သွားရသည်။

သွားပြီ သာလိကာမသာပါလို့ကတော့ သူမျှော်လင့်ထားသော ကမ္ဘာကြီး ......။

'ဟင် .. ပြောလေ ဘာဖြစ်လို့ သူများကို မခေါ်တာလဲ၊ ဘာလဲ ယောကျ်ားတွေချည်းသွားမှာ မို့လို့လား'

'မဟုတ်ပါဘူး မိန်းကလေးတွေလည်း ပါမှာပေါ့'

ရန်လင်း ကြက်တူရွေးမကို ခေါ်တော တစ်သိန်းအားဖြင့် ကြည့်ရင်း သူဖြေရမည့် မေးခွန်းကို ဝင်ဖြေသည်။ သူစိတ်တွေ ဘယ်လောက်ညစ်နေတယ်ဆိုတာ သကောင့်သား သိမည်မထင်။

'ဒါဆို တမင်သက်သက် မခေါ်ချင်လို့ကို မခေါ်တာပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



သူမက (လှလည်း မလှပါဘဲ) နှုတ်ခမ်းကို စူကာ သူ့ကိုမေးသည်။ 'ရော် . . . . ခက်ပြီ' ဟု သူတွေးသည်။ ဖြစ်နိုင်လျှင်သူ သူ့မြို့ 'ပင်လောင်း' ကို ပြေးသွားချင်သည်။

'မဟုတ်ပါဘူး'

'ဒါဆို ဘာ့ဖြစ်လို့လဲပြော'

'မသေချာသေးလို့'

သူပေါ့ဖြက်ဖြက် အဖြေကို သူမကတော့ အကျေနပ်ကြီး ကျေနပ်သွားသည်။

'ထင်တော့ ထင်သားပဲ တစ်ခုခုကြောင့်ဆိုတာ နိုင်အေးက မိန်းကလေး ဘော်ဒါဆိုလို့ မီတို့ပဲရှိတဲ့ဟာကို နော်'

'အင်း'

အင်း ဆိုတာကို တကယ်တော့ သူ သက်ပြင်းနှင့်ရောကာ ကြိတ်ချလိုက်ရခြင်းဖြစ်သည်။ သူ့ အကြောင်ကို ကောင်းကောင်းသိနေသော ရန်လင်းက နှာချင်ယောင်ဆောင်နေသည်။

'ဒီကောင်အဆောင်ရောက်မှ တွေ့ဦးမည်' ဟု သူတွေးသည်။ တစ်ဖက်မှလည်း 'အေးလေ သူအီစီကလီ လုပ်နေသော ကောင်မလေးကို ပါစေချင်မည် ပေါ့' ဟုတွေးမိသည်။

ငြိမ်းဆွေကတော့ အခြေအနေအားလုံးကို သိသူမို့ ခေါင်းကို ကုတ်ကာနေသည်။

'ကက္ကူကိုလေ မီ တစ်ခေါက်ရောက်ဖူးတယ် သိလား'

'မီ' ကို ခပ် ချွဲချွဲဆိုလိုက်သည်မို့ 'မှီ'ဖြစ်ကာ နေသည်။ 'တစ်ခေါက်ကြီးများတောင် ရောက်ဖူးနေတာ လိုက်မနေပါနဲ့တော့လား' ဟု စိတ်ထဲမှ ပြောဖြစ်သည်။

'လမ်းလည်း ကောင်းတော့လေ ခရီးလည်း မပန်းဘူး၊ မီသွားတဲ့တစ်ခေါက်က တန်ဆောင်မုန်းလပြည့်နေ့ကြီး ရန်ကုန်က မာမီ့ အမျိုးတွေ တန်ဆောင်တိုင် လာလည်ကြတာလေ၊ နေ့ခင်းဘက်ဆို ပင်းတယတို့ အင်းလေးတို့ သွားပြီး ညဘက်ဆို မီးပုံးပျံကြည့်ကြတယ်လေ၊ ကက္ကူကိုလည်း လပြည့်နေ့ကြီး လိုက်ပို့တာပေါ့၊ အဲဒီမှာ ပွဲရှိတယ် သိလား နိုင်အေး'

'ဟုတ်ွ အင်း'



www.burmeseclassic.com

www.burmeseclassic.com



'စကားရေလွှတ် တတွတ်တွတ် ဆိုတာ ဒါများလား' ဟု နိုင်အေး တွေးဖြစ်သည်။ 'မသိဘူးလို့' ငေါ်လိုက်ပေမယ့် သူ့အနည်းငယ်တော့ သိထားပါသည်။ သူက ပအိုဝ့်ပဲ။ တပေါင်းလပြည့်နေ့ဆို ကက္ကူကိုသွားသွားကြတာ၊ သူ မသိဘဲနေပါ့မလား။ ကက္ကူက တပေါင်းလပြည့်နေ့မှာ တစ်ကြိမ် တန်ဆောင်မုန်း လပြည့်နေ့မှာတစ်ကြိမ် ကက္ကူ ဗုဒ္ဓပူဇနိယ ပွဲတော် လုပ်နေကျ။ တပေါင်းလပြည့်ပွဲတော်မှာ ရာသီဥတုသာယာပြီး လူထု အားလပ်ကြကာ ပအိုဝ်းအမျိုးသားနေ့နှင့်လည်း တိုက်ဆိုင်၍ ပိုမိုစည်ကားသည် ဆိုတာကိုး။

'ငါးထမင်းချဉ်တို့ ဝက်သားချဉ်၊ အမဲချဉ်တွေလေ အရမ်းစားကောင်းတာပဲ သိလား နိုင်အေး'

'ဟင့်အင်း မသိဘူး'

'ရော် မနောက်နဲ့နော် သူများအကောင်းလည်း ပြောပြရသေးတယ်'

သူမနှုတ်ခမ်းကို စူရင်းကောက်ဟန်ပြုသည်။ သူမပင် တစ်ပြန်တစ်လဲ ရှင်းပြသဖြင့် ကျေးဇူးတင်ရမည့် သဘော။

'အခုကြားရက်ဆိုတော့ အကောင်းဆုံးကတော့ ထမင်းတွေ ဘာတွေ ဒီကစီစဉ်သွားကြပေါ့၊ အင်း . . . နိုင်အေးတို့က ယောက်ျားလေးတွေ ဆိုတော့ မထူးပါဘူး မှီနဲ့ သူဇာနဲ့ စီစဉ်ခဲ့မယ် လူဘယ်နှယောက်လဲပြော'

'သေသေချာချာ မသိသေးဘူး၊ ရပါတယ်၊ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ထည့်လာပါ့မယ် ယွန်းမီဇင်ရာ ဒုက္ခမရှာပါနဲ့'

'မဟုတ်ဘူး နိုင်အေး . . . မီကာ'

'အားနာစရာမို့လို့ပါ အဲဒီနေ့ကျရင် ယွန်းမီဇင်နဲ့ နွယ်သူဇာ အတွက်ပါ ယူလာခဲ့။ ဒီကကောင်တွေ လပေးနဲ့ စားတဲ့ဆိုင်မှာ တစ်ခါသုံးဘူးနဲ့ ဒံပေါက်ဖြစ်ဖြစ် ထမင်းကြော်ဖြစ်ဖြစ် ယူခဲ့လို့ရပါတယ် ဟုတ်ပြီလား'

ဖွတ်ပြောလိုက်တော့မှသူမမချင့်မရဲနဲ့'ပြီးတာပဲ' ဟုပြောရင်းအလျှော့ပေးသည်။ သူကတော့ ထိုနေ့ကိုတွေးရင်း ရင်လေးနေမိဘည်။



www.burmeseclassic.com

www.burmeseclassic.com



သော ကြာနေ့ရောက်တော့ သူနှင့်သူရတို့ နှစ်ယောက်သား 'ချယ်ရီလိပ်ပြာ' အဆောင်ဘက်ဆီ ထွက်ခဲ့ကြသည်။ သူရဆိုသော ကောင်ကလည်း အကြံနဲ့ပဲဖြစ်သည်။

သူနှင့်မိုးဟွမ်ကို မိတ်ဆက်သောနေ့က မိုးဟွမ်ရဲ့ဘော်ဒါ ဇာနော်ရီကို ရင်ခုန်သွားမိပါသည်တဲ့။ ထို့ကြောင့် ဤဘုရားလည်ဖူး လိပ်ဥလည်းတူး ခရီးစဉ်ကို တက်ကြွစွာ လှုပ်ရှားပါဝင်နေခြင်း ဖြစ်သည်။

သူမနှင့် ဇာနော်ရီတို့ကျောင်းကပြန်သွားတာကိုမြင်ပြီးအနည်းငယ်ကြာမှ သူတို့လာခဲ့ကြခြင်းဖြစ်သည်။

'ဩော် မိုးဟွမ်သူငယ်ချင်းတွေကိုး၊လာလာ သားတို့ခဏထိုင်'

'မိုးဟွမ်တို့ပြန်ကောပြန်ရောက်ပြီးလားအန်တီ'

'ရောက်ပြီ ခဏလေးနော် အန်တီသွားခေါ်ပေးမယ်'

သူရကပြန်ရောက်နေပြီမှန်း သိသိကြီးနှင့် မေးသည်ကိုဖြေ[illegible]ဖြေရင်း မိုးဟွမ် တို[illegible]ဒေါ်ကအဆောင်ပေါ်သို့တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ သူမတို့ဆင်းလာကြသည်။ အိမ်နေရင်းမို့ဘောင်းဘီရှည်ခပ်ပွပွကို သူမတို့ နှစ်ယောက်စလုံး ဝတ်ထားကြသည်မှာ ကလေးများကဲ့သို့။

'ဩော် သူရ'

'အေး'

သူမက 'ဩော် . . . သူရ' ဟုရေရွတ်ရင်း ဆက်တီများဆီအလာ 'သူရ ကလည်း 'အေး' ဟုခပ်တည်တည် မဆီမဆိုင် ပြောရင်း ဇာနေဘ်ရီကို 'ဆွေ့'ခနဲ ကြည့်သည်။

'နော်ရီရေ မရှိမသေ အအေး'

'ဟာ နေပါစေ ငါတို့အခုမှ 'ရောဝတီ'ကထလာတာ မသောက်နိုင်တော့ဘူး'

'ဟုတ်လို့လား'

'ဟုတ်တယ်'

သူမက သူရကို မေးခြင်းဖြစ်သော်လည်း အခါအခွင့် သင့်တုန်းမို့ သူဝင်ကာ ဖြေပစ်လိုက်သည်။

'ဟို နင်တို့မိန်းကလေး ဘယ်နှယောက်လဲ'

'၁၂ ယောက် သူရ၊ ဒီအဆောင်ကရယ် ဟိုဘေးအဆောင်ကရယ်'

'ဟုတ်လား ငါတို့ယောကျ်ားလေးက ၁၀ယောက်'

'ဟိုကောင် သူငယ်ချင်း ကောင်မလေးနှစ်ယောက်လည်း လိုက်မယ်ထင်တယ် သူရ'

'ဩော် အေး ဟုတ်သားပဲ ဟိုကောင် ရန်လင်းရဲ့ သူငယ်ချင်း ကောင်မလေးနှစ်ယောက်လည်း လိုက်ချင်တယ်ဆိုလို့ ပါမယ်'

'ဒီလိုဆို ငါတို့ ကားငှားလိုက်တော့မယ်နော်'

'အေး'

သူမက တစ်ခွန်းတည်းဖြေသည်။

'ဩော် မိုဟ္ဂမ် နင့်သူငယ်ချင်းတွေကို ပြောလိုက်ပေါ့ ဟို အစားအသောက်ကို ကိုယ့်အစီအစဉ်နဲ့ကိုယ် ထည့်ခဲ့ကြလို့ . . . ဟိုမှာက စားသောက်ဆိုင်တော့ရှိတယ်၊ ဒါပေမယ့် ငါတို့ညောင်ပင်ကြီးအောက်မှာ ဖျာခင်းပြီးစားရအောင် ပါဆယ်ဂိမ်းတွေ ဘာတွေလဲ ဆော့ရင်းနဲ့ပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'အေး ငါပြောထားလိုက်မယ် ဒါနဲ့ ဘယ်နှနာရီ ဘယ်မှာစုကြမလဲ သူရ'

'ညြော် ဟို ခြောက်နာရီခွဲလောက် စောင့်နေ၊ ငါတို့ကားနဲ့ လာခေါ်ပေးမယ်၊ နင်တို့ ဒီမှာပဲ စောင့်ပေါ့'

'အေး အေး'

သူရနှင့် သူမပဲ စကားတွေ ပြောဖြစ်နေကြ၏။ သူကတော့ သူမကို ခိုးခိုးကြည့်ဖြစ်သည်။ လူမိမှာကိုလည်း စိုးရသေးသည်။

သကောင့်သား သူရကတော့ ပြောစရာ ဆိုစရာပြီးသွားပြီမို့ သူ့ကို လက်တို့သည်။

'ဒါဆို ငါတို့ပြန်လိုက်ဦးမယ် မိုဟွမ် ခြောက်ခွဲနော်'

'အေး'

သူရနှင့်သူထိုင်ရာမှ ထရပ်လိုက်သည်။ သူမက 'လိုက်မပို့တော့ဘူး' ဟု သူရကို လှမ်းစသည်။ သူ့ရင်ထဲမှာ နင်တင်တင်ကြီး ဖြစ်လို့သွားသည်။ သူ့ကို အသိအမှတ်ပြု အပြုံးလေး တစ်ပွင့်တစ်ဖူးတောင် ပြုံးမပြ၊ ဒီလိုမှန်းသိရင် သူရကို သူအနိုင်ကျင့်ပြီး မလိုက်စေဘဲ သူတစ်ယောက်တည်းလာသည်။ ဒါဆို သူမ သူ့ကို စကားမပြောဘဲ နေလို့ကို ရမှာမဟုတ်။

'ကဲ ငါတို့အဆောင်ပြန် ဟိုနှစ်ကောင်ခေါ်ပြီး ထမင်းစားကြတော့မလား'

'ကောင်းသားပဲ'

www.burmeseclassic.com



ထမင်းစားပြီးနောက် ဝရန်တာမှာ ဂီတာတစ်လုံးဖြင့် သူတို့အုပ်စု ထိုင်ကြသည်။ သူရက ဂီတာကြိုးကို ညှိနေသည်။

'ကြိုးညှိမိုးလင်းတော့ မလုပ်နဲ့နော် သူရ'

'ဟ ညှိနေတာပဲကွ'

'ညှိညှိ ဟိုကောင် နိုင်အေးကတော့ သီချင်းအရမ်းဆိုချင်နေပြီ တော်ကြာ တုတ်ပျာလွှတ် ထဆိုနေဦးမယ် ဒီကောင်က တစ်ညနေလောက် သီချင်းမဆိုရရင် သေမယ့်ကောင်'

သူရနှင့်ရန်လင်းက တစ်ယောက်တစ်ပေါက်စီ။

'ရန်လင်း'

'ပြော ငါ့တပည့် နံပါတ် ၁၀၀၃ နိုင်အေး'

'ငါ အတည်ပြောမလို့'

ရန်လင်းက သူ့ကို ခပ်တည်တည်ဖြင့် ကြည့်ရင်း 'ပြောစေချား'ဟု နောက်ပြစ်အောင် နောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကက္ကူဘုရားသွားတဲ့နေ့ရောက်ရင် မင်းခေါ်ထားတဲ့ သာလိကာမနှင့် ကြက်တူရွေးမကို မင်းတွဲခေါ်နော်'

'အာ သူဇာကိုပဲ ငါကတွဲမှာ မင့်သာလိကာကို မင်းခေါ်ပေါ့'

'ဟ ငါက ငါ့မိုဟွမ် ရှိသေးတယ်လေ'

'ဘာ ဘာ နားရှိလို့သာ ကြားရတယ် ငါ့ မိုဟွမ် ဟုတ်လား ဟိုကဖြင့် မင်းကို ငါတို့ ပရယ်တီကယ် အခန်းထဲက ဆေးစိမ်ထားတဲ့ ပုတ်သင်ညိုလို သဘောထားတာ'

'ဘာဖြစ်လို့လဲ ရန်လင်းရေ ငါတို့ကို ပြောပြစမ်းပါဦး'

ငြိမ်းဆွေက ဝင်ထောက်ပေးသည်။ ရန်လင်းသူ့ကို နှိပ်ကွပ်တော့မည် ဆိုတာ သူသိသည်။

'ဩော် ရွှံ့ ရွှံ့နဲ့ ကိုင်နေရတာလေ အားနာပါးနာ မကိုင်မဖြစ်လို့ ဒါတောင် ပုလင်းနဲ့ ထည့်ထားတာနော် ဒီကောင့်ကိုလည်း သူရနဲ့ ကိုးရိုးကားရား ကြီး ပါပါလာလို့သာ ခေါ်ခေါ်ပြောပြော လုပ်နေတာ ငါသိရသလောက် ဟိုက စကြမ်းပိုးကြီး'

ရန်လင်း၏ နှိပ်ကွပ်မှုက သူ့ရင်ကိုမှန်သည်။

'ဒီတော့ ငါ့ကောင်ရာ သူ့ချစ်ကိုပဲ ရှာစမ်းပါ။ ယွန်းမိဇင်က သူဌေး သမီး၊ လကုန်ဆို သူ့ ဒယ်ဒီက ကားဝယ်ပေးတော့မှာတဲ့၊ သူတစ်ယောက်တည်း အတွက်သီးသန့်နော် မိသားစုသုံးကား သက်သက်ရှိပြီးသား ကဲ ဘယ်လောက် ချမ်းသာလဲ၊ မင်းကိုလည်း ဘယ်လောက်တောင် ဂရုစိုက်ဆဲ၊ နိုင်ဒေးရာ နေရာ ချင်းသာ လဲလိုက်ချင်တယ် ကိုယ့်ချစ်ဆိုကိုယ့်က လျှော့ပေးရမှာ ပေါ့ သူ့ချစ်ဆို တော့ ကိုယ်ကအေးဆေးပဲ အဲဒါက သိပ်ကောင်းတဲ့ လိပ်ဒေါင်းကွ'

ရန်လင်းက မမောနိုင်မပန်းနိုင် သူ့ကိုဆိုသည်။ သူခေါင်းကို ဘယ်ညာ ယမ်းလိုက်သည်။

'ကဲ ပါကွာ. . . ရပြီ သီချင်းဆိုရအောင်. . . ထူးအိမ်သင်နဲ့စပြ' သူရက စကားကိုဖြတ်ပြောရင်း ထူးအိမ်သင် သီချင်းတစ်ပုဒ်ကို စတီးသည်။ အားလုံးငြိမ်သက်စွာ လိုက်ဆိုကြသည်။ ရှေ့ဆောင်ကောင်မလေးများက ထုံး အတိုင်း ဝရန်တာမီးကို ပိတ်ကာ ဝရန်တာ ထွက်ပြီးသူတို့သီချင်းကို နားဆောင် ကြသည်။ သူမတို့က ဘယ်သူ ဘယ်ဝါသိမည်စိုး၍ မီးပိတ်ထားသော်လည်း သူတို့က ပုံရိပ်ကိုကြည့်ပြီး ဘယ်သူဆိုတာ မှန်းမိနေပြီးသားဖြစ်သည်။ ထူးအိမ်



www.burmeseclassic.com

www.burmeseclassic.com



သင် သီချင်းပြီး ဇော်ဝင်းထွဋ်၊ ဒိုးလုံး၊ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ စိုင်းထီးဆိုင် သီချင်းပေါင်းများစွာ ဆိုဖြစ် တီးဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁ ကိုကြက်ခြေ ဖြ ခတ်ငကြီး

အခ ဆောင်ရှေ့မှာ ကားရပ်သည်မို့ သူတို့တွေ လာကြပြီ ဆိုတာ သိလိုက်သည်။ သူမနှင့် ဇာနော်ရီတို့ နှစ်ယောက်သား စားစရာသောက်စရာ များ ထည့်ထားသော ဆွဲခြင်းကို တစ်ယောက်တစ်ဖက်မလိုက်ကြသည်။ သူတို့သို့ လိုက်မည့်အဆောင်သူလေးများကလည်း အသီးသီး လှုပ်လှုပ်ရှားရှား ဖြစ်တုန်သည်။

အဆောင်ဝမှ အပြေးတစ်ပိုင်း ထွက်လာမိသော သူမ။ မြင်လိုက်ရ သောမြင်ကွင်းကြောင့် အားအင်များပင် ကုန်ခန်းချင်ချင်ဖြစ်လို့သွားသည်။ ဆောက်ကျားလေးများက ဟိုင်းလတ် (Hilux) ကား၏ခေါင်မိုးပေါ် မှာ၊ ကားအ နီးကို ရှေ့ခန်းမှ ထွက်လာသော စပရိမ်ဆံပင်နှင့် ကောင်မလေးကို မြင်လိုက် ချိန် သူမ။ ရှေ့သို့ပင် ခြေမလှမ်း ချင်တော့။ နေကာမျက်မှန်ကို ဟန်ပါပါ တပ်ထားသော သူမက ခင်မင်တတ်ပုံတော့ရသည်။ သူမ၏ သူငယ်ချင်းနှင့် အပြေးတစ်ပိုင်း ရောက်လာပြီး လက်ထဲက ဆွဲခြင်းကို ကူဆွဲသည်။ ဘာကြောင့် မှန်းမသိ မိုဟွမ်စိတ်ထဲမှာ သူမကို ရင်းနှီးဖနသယောင်ယောင်။



www.burmeseclassic.com

www.burmeseclassic.com


'ရပါတယ်'

'ရတယ် ပေးပေး မီ ဆွဲဖေးမယ်'

ထို မီဆိုသော ကောင်မလေးက ဆွဲခြင်းကို ဖွတ်ပင်ယူလို့သွားသည်။ ကားအမိုးပေါ် မော့ကြည့်တော့ ခွန်နိုင်အေးက သူမကို လက်ပြသည်။ သို့သော် သူမ မမြင်ချင်ယောင်ဆောင်လိုက်သည်။ အဒေါ်ဖြစ်သူကတော့ ဝရန်တာမှနေ၍ သူမတို့ အဖွဲ့ကို ကြည့်နေခဲ့သည်ကို သူမမြင်ရ၏။

ကားစပယ်ယာက ကားပေါ်သို့ တက်ရန် ထိုင်ခုံတစ်လုံးကို ခြေနင်းခုံအဖြစ် လုပ်ထားပေးသည်။ အဲဒီမီဆိုသော ကောင်မလေးက ရှေ့ခန်းမှာ စီးမည်ပေါ့။ သူမနည်းနည်းတော့ တိုချင်သွားသည်။ သို့သော် သူမထင်တာနဲ့ တခြားစီ ထို 'မီ' ဆိုသောကောင်မလေးရော သူမ၏သူငယ်ချင်းပါ ဆွဲခြင်းကို အပေါ်သို့ပေးပြီး နောက်ခန်းမှပင် လိုက်သည်။

'ကားမူးတတ်လားဟင် မီမှာ ရှုဆေးတွေပါတယ်နော် သိလား'

သူမ ခေါင်းညိတ်ပြလိုက်သည်။ သူမဘက်က ရှိုင်းပြသွားတာမျိုးတော့ ဘယ်သောအခါမှ မဖြစ်စေရ။ သူမက အရာရာကို သည်းခံခြင်းဖြင့် ကျော်လွှား နိုင်ရမည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသည် မဟုတ်လား။

'နာမည်လေးက မှီတဲ့လား ချစ်စရာလေး'

ဇာနေ်ာရီက တမင်ပင် သူမကိုယ်စား ထိုမှီဆိုသော ကောင်မလေး နာမည်ကို သိရအောင်မေးသည်။ ထိုကောင်မလေးက ပြုံးသည်။ ကြည့် ထို ကလေးမ အပြုံးက မိန်းကလေးချင်းပင် ငေးချင်ချင်။ ယောကျ်ားလေးဆိုရင်တော့. . . . . ။

'ဩော် မှီ နာမည်က ယွန်းမီဇင်တဲ့ သူက မှီသူငယ်ချင်း နွယ်သူဇာတဲ့ You တို့ကရော'

'တို့က ဇာနေ်ာရီတဲ့'

'ကာ နာမည်လေးက လှလိုက်တာ မှီတော့ချစ်သွားပြီ'

'သူက နေ်ာရီသူငယ်ချင်း 'မိုးဟွမ်'တဲ့'

'ဟယ် နာမည်လေးက ခေါ်လို့ကောင်းလိုက်တာ 'မိုးဟွမ်' တဲ့'

'အလာကြီးပါလား'ဟု သူမတွေးသည်။ ဆက်ဆံရေးကတော့ အင်မတန်ကို တော်သော ယွန်းမီဇင် ဖြစ်သည်။ ကက္ကူဘက်ကို ဦးတည်နေပြီဖြစ်သည့် ကားပေါ်မှာ 'အဆောင်သူတော်တော်များများ ယွန်းမီဇင်နှင့် အဖွဲ့က


www.burmeseclassic.com

www.burmeseclassic.com



...န်ကြသည်။

'မှီကတော့ အရမ်းကိုပျော်သွားပြီ သူဇာနဲ့ မှီကစိုးရိမ်နေတာ မှီတို့ကို ...င်မှုခင်ကြပါ့မလားလို့'

'ဟာ ခင်မှာပေါ့ မှီရဲ့။ ဒီလိုပဲ ရေစက်က ရှိတော့လေ'

ရေစက်တဲ့ ဟုတ်သည် 'တော်တန်ရုံရေစက်မဟုတ် . . . မိုဟွမ် ...တော့ သူမကို အကြိမ်ကြိမ်တွေ့ရှိကာ မှတ်မိပြီးသား ဖြစ်သည်။

ခေါင်မိုးပေါ်မှ ကျောင်းသားများကတော့ ဂီတာ တဒေါင်ဒေါင်နှင့် ...ကတတ်ရာရာ သီချင်းများကို ပျော်ပျော်ပါးပါး ဆိုလာကြသည်။

သူတို့အောက်မှ ကျောင်းသားများကလည်း တဝါးဝါးတဟားဟား။ ...င်ဘာနှင့်စပယ်ယာသာ ရှေ့ခန်းမှာရှိသည်။ ဘယ်သူမှရှေ့ခန်းကိုသွား မစီး ...

ရွာတွေတစ်ရွာပြီး တစ်ရွာဖြတ်သည်။ လမ်းကောင်းနေသည်မို့ ...က သိပ်မခုန်လှ။

'မွေတော်ကက္ကူဘုရားသို့' ဟူသော မြားအတိုင်း ကွေ့ဝင်လိုက်ချိန် ...ခနဲ မြင်လိုက်ရသော များပြားလှသော ဘုရားအဆူဆူကို တွေ့လိုက်ရချိန် ...ည်သိုသပ္ပာယ်သော စိတ်များက မိုဟွမ် ခန္ဓာအနှံ့ စီးဆင်းသည်။

ကားက ညောင်ပင်အောက်မှာ ရပ်ပေးသည်။ အပေါ်မှ ယောကျ်ား ...များက 'ဟေး' ခနဲ အော်တာ သူမကြားသည်။ မိုဟွမ် ကင်မရာကို ထုတ်ပြီး ...တ်ပုံတွေ ရိုက်နေမိသည်။ ဒီလိုမြက်ခင်းလှလှများ မြင်နေရပါလျက် ဓာတ်ပုံ ...မိဟု ဖြစ်လိုက်ရမှာ သူမနှမြောသည်။

'ကဲ ဘုရားဖူးကြရအောင်'

ယောကျ်ားလေး အုပ်စုထဲမှ တစ်ယောက်က အော်သည်။ ဖိနပ်များ ...ချွတ်ပြီး ကားပေါ်မှာထားလျက် သူတို့အားလုံး ထွက်သွားကြသည်။

ကက္ကူဘုရားမုခ်ရှေ့မှာ ယောကျ်ားလေးများက ရပ်လျက် မိန်းခလေး ...က ထိုင်လျက် အမှတ်တရ ဓာတ်ပုံကို ဒရိုက်ဘာက ရိုက်ပေးသည်။ စပယ် ...တော့ ကားမှာအိပ်ရင်း ကျန်ရစ်ခဲ့သည်။

ကင်မရာ သုံးလုံးမှာ လက်မလည်ရအောင်ကို ရိုက်ရသည်။

'မိုဟွမ်ကို ကြည့်ရတာ ကင်မရာကိုင် အရမ်းကျွမ်းကျင်တာ...

ယွန်းမိဇင်က သူမကို ချီးကျူးနေသည်မို့ ပြန်လည်ကာပြုံးပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး မှီရဲ့ ဝါသနာကတော့ပါတယ်'

'မှီ့ ကင်မရာနဲ့ မှီကို တစ်ပုံလောက်'

ယွန်းမီဇင်ကသူမ၏ ကင်မရာကို ပေးရင်း ရိုက်ခိုင်းသည်။ မိုဟွမ် သေသေချာချာ ချိန်ကာလှလှလေး ရိုက်ပေးလိုက်သည်။

'နေပါဦး၊ ခဏလေး နိုင်အေး. . . လာ လာ. . . သူဇာနဲ့ ရန်လင်း ခေါ်ခဲ့ ဓာတ်ပုံရိုက်ရအောင်'

ယွန်းမီဇင်က ကလေးတစ်ယောက်လို ခုန်ရင်းခေါ်သည်။ မိုဟွမ် ကင် မရာကို ကိုင်ထားရင်း နိုင်အေးကို ကြည့်ဖြစ်သည်။ ရန်လင်းက သူ့ပခုံး ဖွတ်ဖက်ကာ ဆွဲခေါ်လာသည်။ သူ့ကို ကြည့်ရတာ မိုဟွမ်ကို အားနာနေ ဟန် တူသည်။

'လာ တော်ကြာ Photographer က စိတ်ဆိုးပြီး မရိုက်ပေးဘဲ နေမယ်'

ယွန်းမီဇင်က သူမကို လှမ်းစတာပဲ ဖြစ်သည်။ ဒါပေမယ့် သူမရင် တော့ လာမှန်သည်။ ဓာတ်ပုံရိုက်တော့ နွယ်သူဇာ၊ ယွန်းမီဇင်၊ နိုင်အေး ရန်လင်း ဆက်လျက် တန်းစီသည်။ ယွန်းမီဇင်က သူ့လက်မှ အကျီလက်စ မရဲတရဲ လေးကိုင်လိုက်တာ သူမတွေ့သည်။ သူကတော့ ခရီးပန်းလာတာ ရှက်တာပါ ရောနေသည်ထင့်။ မျက်နှာက နီရဲလို့နေသည်။

'ကဲ ရိုက်မယ်နော် ပြုံးထားမယ် OK'

မိုဟွမ်အလှဆုံးဖြစ်အောင် ရိုက်ပေးလိုက်သည်။

'Thank you so much နော် မိုဟွမ်'

ယွန်းမီဇင်ကတော့ ကလေးတစ်ယောက်လို ဆိုရင်း ကင်မရာကို ယူသည်။ ဇာနော်ရီက 'ငါ့တစ်ပုံ ရိုက်ပါဦး'ဟု ဆို၍ ရိုက်ပေးရသေးသည်။

'တစ်ပုံလောက် ဗျို့'

ကင်မရာကို လှမ်းပေး၍ Request လုပ်လာသော နိုင်အေးကို သူ မငြင်းလိုက်မိ။ ငြင်းလို့လည်း မကောင်း။ နိုင်အေး၏ ကင်မရာကို လှမ်းယူ သူမ လက်တို့ မသိမသာ တုန်ခါနေခဲ့သည်။

'ပြုံးမယ်'

'အာ မပြုံးတတ်ဘူး မိုဟွမ်ရဲ'

'ဒါဆိုလည်းရပါတယ် ကဲရိုက်ပြီနော် ဟုတ်ပြီ OK'



www.burmeseclassic.com

www.burmeseclassic.com



ကင်မရာကို ကိုင်ထားသော သူမ၏ လက်တို့က တုန်ယင်နေဆဲ
ကင်မရာရှေ့မှာ တောင့်တောင့်ကြီး ရပ်ခဲ့သောသူက ကင်မရာကို လာယူရင်း
'Thank'ဟုဆိုသည်။

'မိုဟွမ်ကော ရိုက်ဦးမလား . . . ရိုက်ပေးမယ်လေ'

'ရတယ် . . . မိုဟွမ်က ရှုခင်းပုံတွေပိုသဘောကျတယ်'

သူမ၏ စကားကြောင့် သူ့ရှက်တက်တက်ဖြစ်သွားသည်။ ခုလေးတင်
သူက ဓာတ်ပုံရိုက်ပြီးတာကိုး။

'ဒါဆို ဟိုဘက်သွားကြမလား . . . အဲဒီဘက်မှာ ချောင်းကလေးရှိ
တယ်'

သူမရင်ထဲမှာ လှိုက်ခနဲ ဖြစ်လို့ သွားသည်။

'ဟင့် အင်း ဒီမှာရိုက်ဦးမယ်'

'နိုင်အေး ဒီမှာ သူဇာနဲ့ ဓာတ်ပုံရိုက်ပေးဦး'

လှမ်းခေါ်သော ယွန်းမီဇင်ဘက် နှစ်ယောက်စလုံး လှည့်ကြည့်ဖြစ်
သည်။

'သွားလိုက်လေ မိုဟွမ် ဒီမှာ ရိုက်ဦးမယ်'

နှင်သည် ဟုထင်လိုကထင် အလိမ္မာဖြင့် သူမ နှင်လိုက်သည်။
ဘယ်လည်းသူမ ဓာတ်ပုံတွေ အဆက်မပြတ် ရိုက်ချင်သေးသည်။

သူထွက်သွားတာကို သူမမျက်ဝန်းထောင့်ကမြင်နေရသည်။

ရင်၌အမျိုးအမည် မသိသော ခံစားမှုက စုန်ချည်ဆန်ချည်။

ရှေးဟောင်းစေတီတကဲမှ အနုပညာရုပ်လုံးများ၏ ဆန်းပြားခမ်း
နားမှုများကို မြင်လိုက်ရသည့် ခဏ သူမ အရာရာကို မေ့လျော့သွားပြန်သည်။
ကင်မရာကို ရှေ့ချပြီး လက်အုပ်ချီကာ များပြားလှစွာသော စေတီအဆူဆူတို့ကို
ကြည်ညိုလှစွာ ဖူးနေမိသည်။ ထူးထူးခြားခြား ဆင်ပေါ်၌ တည်ထားသော
စေတီကိုလည်း ဖူးမြင့်လိုက်ရသေးသည်။ (ဆင်ခံ ဘုရားဟု ခေါ်ကြောင်း သိရ
သည်)။ ဤကဲ့သို့သော စေတီမျိုး တစ်ခါမှ မဖူးဘူးခဲ့။

မွေ့တော်ကဏ္ဍုဘုရားမြောက်ဘက် အာရုံခံအတွင်းရှိ ရှေးဟောင်း
ရုပ်ပွားတော်မှာ အလွန်ကြည်ညိုဖွယ်ကောင်းသည်။ ထိုရုပ်ပွားတော်ကို အား
လုံးက ဝိုင်းဝန်းရှိခိုးနေကြသည်။ သူမလည်း အသာဝင်ထိုင်ကာ ရှိခိုးလိုက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုရားကုန်းတော်ပေါ်မှနေ၍ ချောင်းငယ်နှင့် လယ်ကွင်းများကို သူတို့လှမ်းကြည့်ဖြစ်သည်။ ရှုခင်းကားမျက်စိထဲမှ မထွက်နိုင်။ သူ ကင်မရာဖြင့် ရိုက်ဖြစ်ပြန်သည်။

'မင်းပြောပြတာ မေ့သွားတယ် နိုင်အေး။ ကက္ကူဆိုတာ ဘာအဓိပ္ပာယ်လဲ'

'ငါက, ကက္ကူဘုရားသမိုင်း စာအုပ်မှာ ဖတ်ဖူးတာကတော့ ဒီကက္ကူ စေတီစုမှာ ဂေါတမဘုရားရှင်ရဲ့ ဓာတ်မွေတော်ကို ဌာပနာထားပေမယ့် စေတီရဲ့ဘွဲ့တော်အမည်ကိုတော့ ဒီဘဒ္ဒကပ်ကမ္ဘာမှာ ပွင့်တော်မူခဲ့တဲ့ နောင်တော်က ကကုသန်ဘုရားရှင်ရဲ့ နာမတော်ကို ဂုဏ်ပြုပူဇော်တဲ့အနေနဲ့ ကကုသန်ဘုရားလို့မှည့်ခေါ်ခဲ့တယ်။ ကာလရွှေ့လျားလာတော့ 'ကကု'။ အဲဒီကနေမှ 'ကက္ကူ' ဆိုပြီး ပြောင်းလဲလာခဲ့တာ'

BURMESE CLASSIC

နိုင်အေး၏ စကားကြောင့် အားလုံးခေါင်းညိတ်ကြသည်။ 'နှစ်ပေါင်းသုံးထောင်ကျော်ကလား' ဟု သူမ ချီးမွမ်းဖြစ်သည်။

'နိုင်အေး၊ ဒါဆိုဒီဘုရားရဲ့ တည်ထားခဲ့တဲ့ သူကရော'

'သာသနာပြုဖို့အတွက် အင်မတန်ဘုန်းကံပါရမီရှိတဲ့ ရှင်သောနနဲ့ ရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်တို့ အမှူးပြုပြီး သာသနာပြု အင်မတန် ထင်ရှားကျော်ကြားခဲ့တဲ့ သာသနာပြု ဒါယကာ ဧကရာဇ် ဘုရင်မင်းမြတ် သီရိဓမ္မာသောကမင်းကြီးပေါ့'

'ဟော့ ဒါဆို ဟိုရေတွင်း ရေကန် ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ အထဲမှာ ပါတာပေါ့နော် နိုင်အေး'

'ဒါပေါ့ ငြိမ်းဆွေရ၊ ဒီမွေတော် ကက္ကူဘုရားမှာ အဲဒီရေတွင်းပေါင်း ရှစ်သောင်းလေးထောင်မှာ ပါဝင်တဲ့ ရေတွင်းရှိသလို ရေကန်ပေါင်းရှစ်သောင်းလေးထောင်မှာ ပါဝင်တဲ့ အထိမ်းအမှတ်ရေကန်လည်း ရှိတယ်၊ အဲဒီလို ကျောင်းပေါင်း လေးထောင်မှာပါဝင်တဲ့ ကျောင်းရာယ်လို့ ကြွင်းကျန်ခြင်းမရှိ တော့ပေမယ့် ရှေးဟောင်းကျောင်းနေရာ ရှိတယ်၊ ဒါ့အပြင် ရှင်သောနနဲ့ ရှင်ဥတ္တရတို့ သမုတ်ထားတဲ့ ရှေးဟောင်းရဟန္တာ သိမ်တော်လည်းရှိတယ် ညောင်ပျ ငါးဖြင့်လေးသစ္စာကို ထိုးထွင်းသိမြင်ပြီး မာန်ငါးပါး အောင်မြင်တော်မူ မဟာဗောဓိပင်ကို စိုက်ပျိုးထားရှိသလို သီရိရ ဓာတ်မွေတော်တွေကို ဌာပနာ သွင်းပြီး တည်ထားကိုးကွယ်ထားတဲ့ ဓာတုစေတီဘုရားရှိတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလို ထူးခြားတဲ့ ဖြစ်စဉ်ခြောက်ခုကို ကက္ကူဘုရားသမိုင်းမှတ်တမ်းမှာလည်း အတိအကျ ဖွင့်ဆိုထားတယ်လေ'

အင်မတန် နှံ့စပ်သော ခွန်နိုင်အေး၏ ရှင်းပြမှုအဆုံးဝယ် အားလုံးက ပါးစပ်အဟောင်းသားဖြင့် ခေါင်းညိတ်ကြသည်။

'ဟိုမှာတွေလား ကက္ကူမွေတော်စုရဲ့ မြောက်ဘက်ပေါ့ မဇ္ဈိမဒေသကလွဲပြီး တခြားအစွန်အဖျားကျတဲ့ ပစ္စန္တာရစ် ဒေသမှာ သိမ်သမုတ်ခြင်း စတဲ့ သံဃာကံများ အောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ဆောင်ရွက်နိုင်ဖို့ဆိုပြီး တတိယသင်္ဂါယနာတင်ပြီးတာနဲ့ ကိုးတိုင်းကိုးဌာနသာသနာပြု ရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်နဲ့ အသောကမင်းကြီးတို့က ဒီသုဝဏ္ဏဘူမိကို သောဏမထေရ်နဲ့ ဥတ္တရမထေရ် အမှူးထားရှိတဲ့ သံဃာအဖွဲ့ငါးပါးကို သာသနာပြုလွှတ်ခဲ့တယ်။ အဲဒီရဟန္တာအရှင်မြတ်များ သမုတ်တည်ထားခဲ့တဲ့ ရဟန္တာသိမ်တော်ပေါ့။ အဲဒီမြောက်ဘက်နေရာမှာ အခိုင်အမြဲ ရှိနေသေးတယ်'

'ဟား. . . နိုင်အေး သိလှချည့်လား၊ မင်းစာအုပ်ဖတ်ရုံတင်မကဘူး ရောက်ဖူးတယ်ထင်တယ်'

'ဟုတ်တယ် ငြိမ်းဆွေ ရောက်ဖူးတယ်. . . ဒါပေမယ့် ရိုးသွားတယ်ရယ် လို့ မရှိဘူး ဖူးလို့ကို မဝနိုင်ဘူး ဖြစ်နေတယ်'

'ဒါနဲ့ ဒီမွေတော်ကက္ကူဘုရားက ဘယ်နယ်မှာပါသွားသလဲ ရှမ်းပြည်နယ် တောင်ပိုင်းပဲပေါ့ ဟုတ်တယ် မဟုတ်လား'

'ဒါပေါ့ · သူရ ရ. . . တောင်ကြီးမြို့နယ် ကက္ကူကျေးရွာအုပ်စု မွေတော်ကျေးရွာထဲမှာပါတယ်၊ ဟိုးအရင်တုန်းကဆိုရင် ဒီကက္ကူမွေတော်စေတီအနီးမှာ ရွှေဝက်တွေရှိပြီး ဘုရားကို စောင့်ရှောက်ကြတယ်ဆိုတယ်။ ဒါကြောင့် ရွှေဝက် ဂူဘုရား၊ ရွှေဝက်ကူးဘုရားလို့လည်း ခေါ်ဆိုကြသေးတယ်။ အရင်တုန်းကဆိုရင် အဲဒီရွှေရောင်ဝက်တွေကို နေဖို့အတွက် နေအိမ်တော်တွေကိုတောင် ဆောက်လုပ်ပေးထားခဲ့ကြတယ်။ ဝက်မင်းနန်းတော်တို့ ရွှေဝက်ရုပ်တုတို့ကိုလည်း ပြုလုပ်ထားခဲ့ကြတာပေါ့'

'နိုင်အေး. . . မိုဟွမ်တော့လေ ဘုရားတွေ စေတီတွေ တစည်းတစည်းတည်း ဘွားခနဲ မြင်လိုက်ရတော့ ရင်ထဲမှာ လှိုက်ခနဲပဲ၊ တော်တော်များတယ်နော်'

'ဟုတ်တယ် မိုဟွမ်၊ ဗေဒင်နည်းအကွရာသျှာနဲ့ 'တောင်သူ



www.burmeseclassic.com

www.burmeseclassic.com



ကွမ်းညှပ်တပြတ်ပြတ်' လို့မှတ်ထမ်းတင်ထားခဲ့ကြတယ်။ မွေ့တော်ကတ္တူစေတီမှာ တောင်သူကွမ်းညှပ်ဆိုတဲ့ အတိုင်း(၇၆၂၃) ဆူရှိတယ်။ အဲ 'တပြတ်ပြတ်' ဆိုတာကတော့ အသံကာရန်လိုက်ဖြည့်ထားတဲ့ စကားပေါ့ ဒီလို စေတီထောင်ပေါင်းများစွာ အုံ့မခန်းတည်ထားခဲ့တဲ့ ဒေသခံတိုင်းရင်းသား တောင်သူတွေရဲ့ စေတနာ သဒ္ဓါတရားကြောင့် 'တစ်မူးရလို့ တစ်ပဲလှူ တို့ရှမ်းဟောင်သူ တူနိုင်ရိုးလား' ဆိုတဲ့ (ချီးကျူးဂုဏ်ပြုဥဒါန်း) ဆိုယိုးရှိခဲ့တာပေါ့။ 'ဩော်စောစောက မေ့သွားတယ် ရွှေဝက်ကူးဘုရားလို့ ခေါ်တဲ့စေတီကို သာသနာတော်ကြီး အဓွန့်ရှည်စွာသန့်ရှင်း တည်တံ့ပြန့်ပွားရေးမှာ အင်မတန် ကျေးဇူးရှိခဲ့တဲ့ နရပတိစည်သူ မင်းကြီး တည်ထားခဲ့တာ'

'ဟာ ဒါဆိုအရင်က ဒီနေရာမှာ ဖောင်တော်ဆိုက်ခဲ့ဖူးတာပေါ့'

'ဒါပေါ့ တပည့်ရ'

တပည့်ဟုအခေါ်ခံလိုက်ရသဖြင့် ငြိမ်းဆွေက မျက်နှာကို ရှုံ့သည်။

'မှီကတော့ နိုင်အေးကို လေးစားသွားပြီ တကယ်ပြောတာ'

ယွန်းမီဇင်၏ အပြောကြောင့် သူရှက်ရယ်ရယ်သည်။

'ကဲ ကဲ နေ့လယ်စာ စားကြရအောင် ဘုရားဖူးပြီးပြီဆိုတော့ လိပ်ဥတူး အဲလေ ပါဆယ်ဂိမ်းလေး ဘာလေးကစားရအောင်'

ခွန်ရန်လင်းက အစွမ်းထဖောက်သည်မို့ အားလုံး ရယ်ဖြစ်ကြသည်။

ဟင်းများကို အလယ်မှာ (ဖျာပေါ်မှာ) ချလျက် အားလုံးဝိုင်းကာ တပျော်တပါး စားသောက်ကြသည်။ မှီကတော့ ချီးကျူးစရာပင်။ ထမင်းဟင်းများပိုထည့်လာသဖြင့် ကားဆရာနှင့် စပယ်ယာတို့ကို ကျွေးနိုင်ခဲ့သည်။

'ကဲစားလို့လဲ ပြီးပြီ ဒီတော့ ဒီညောင်ပင်ရိပ်မှာပဲ ပါဆယ်ဂိမ်း ကစားရအောင် ကဲ ဝိုင်းထိုင်ကြမယ်'

ပါဆယ်ဂိမ်းဆိုသော အသံကြားသည်နှင့် မိုဟွမ်က ကင်မရာလေးကိုင်ကာ လစ်ထွက်ရန်ကြံသည်။

'ဟ မိုဟွမ် ဘယ်လဲ'

'ဟို ဓာတ်ပုံ ရိုက်ချင်သေးလို့ နိုင်အေး'

'လာပါခဏနေမှရိုက် . . . ခုဂိမ်းဆော့ရအောင်'

မိုဟွမ်က မကောင်းတတ်တော့သဖြင့် မထိုင်ချင်ထိုင်ချင် ထိုင်သည်။

'ကဲ သူရ . . . ဟိုဘက်ကိုလှည့် ဂီတာတီး၊ ကျန်ပါ ပူတွေက



www.burmeseclassic.com

www.burmeseclassic.com


ဒီပါဆယ်ကို ထုံးစံအတိုင်းပါပဲ လက်လွှဲကြ၊ လက်ဆင့်ကမ်းကြမယ်။ ဒီမှာ ဒီဆွဲခြင်းထဲမှာ မဲလိပ်ရှိတယ်။ သူရဂီတာတီးလို့ရပ်လိုက်တဲ့ အချိန် လက်ထဲမှာ ပိုက်ဘောမိတဲ့ လူမဲလိပ်လာနှိုက်ပါ။ ဘာပဲကျကျ လုပ်ရမယ်၊ မငြင်းရဘူး. . . သဘောတူလား'

'တူပါတယ်'

အားလုံးက ဝိုင်းအော်ကြသည်။ ပါဆယ်က ခွန်ရန်လင်းမှ စသည်။ တစ်ယောက်ပြီးတစ်ယောက်။ ဖြဟ္မာခေါင်းလို သဘောထားနေကြလား မသိ။ လက်ထဲရောက်လာသည့် ပါဆယ်ထုပ်ကို ဖုတ်ပူမီးတိုက် လက်ဆင့်ကမ်းသည်။

'ဇဝး မရပ်သေးဘူးလား'

သူရလည်း ကောင်းကောင်းလက်စွမ်းပြသည်။ ဂီတာတီးတာကို မရပ်သေး။ ပါဆယ်ထုပ်က မိုဟွမ်နှင့် နီးလာသည်။ မိုဟွမ်အဏ္ဏိစကို ပင့်တင်ရင်း အသင့်ပြင်ထားသည်။ လက်ထဲရောက်သည်နှင့် ချက်ချင်းလက်လွှဲရမည်လေ။ ဂီတာသံနှင့်အတူ အားလုံးက ရင်ခုန်နေကြသည်။

ပါဆယ်ထုပ်က မိုဟွမ်လက်ထဲအရောက်၊ မိုဟွမ် အမြန်ယူရင်း နော်ရီ လက်ထဲထည့်သည်။ နော်ရီကလည်း အမြန်ယူကာ ကောင်မလေးတစ်ယောက် လက်ထဲ။ သူတို့ကသာ အသည်းအသန် လက်ဆင့်ကမ်းနေကြပေမယ့် သူရက ဂီတာကို လုံးလုံး မရပ်သေး။ အဆောင်တူ ဘော်ဒါတစ်ယောက်ပြီး ငြိမ်းဇဆွေ၊ ငြိမ်းဆွေလက်ထဲ အရောက် ဂီတာသံက တိခနဲ ရပ်ချသွားသည်။

'ဝေး ဟေး ဟေး'

'ဟား ဟား ဟား ကံစမ်းမဲပေါက်ပြီလား'

ငြိမ်းဆွေမှာ ပါဆယ်ထုပ်ငယ်ကိုကိုင်ကာ ဆီးရွက်သာသာ ရှိသော မျက်နှာဖြင့်။

'ဟကောင် ထလေ. . . ဘာဉာဏ်နီဉာဏ်နက် တွေထုတ်နေတာလဲ၊ လာမဲလာနှိုက်'

ခွန်ရန်လင်းက ဆွဲခြင်းကို မြှောက်ကာမြှောက်ကာဖြင့် အော်သည်။

'ထပါဗျို့'

ကျောင်းသူတချို့ကလည်း ထိုသို့တွန်းအားပေးသည့်နောက် ငြိမ်းဆွေ ခနေသာတော့။ မဲလိပ်ရှိရာကို မနှိုက်ရန်လာရတော့သည်။

'လာထား လာထား'


www.burmeseclassic.com

www.burmeseclassic.com



ရန်လင်းက မဲလိပ်ခြင်းကို မြောက်ကကာမြောက်ကာဖြင့် ရှေ့သို့ ဆန့်ပေးသည်။

'အလှူခံလား ကန်တော့ပါသေးရဲ့'

'ဟကောင် ရှုးချင်ယောင်ယောင်မနေနဲ့ နှိုက်'

'ငါ့အိမ်သာတက်ချင်လာပြီ'

'မရဘူး ဒါမျိုးတွေ ရှိုး . . . ဟိုး . . . ပ နေပြီ နှိုက်'

အီးမှန်ထားသော မျက်နှာဖြင့် ငြိမ်းဆွေ မဲလိပ်ကိုနှိုက်သည်။ ပြီးဖြန့်မကြည့်ဘဲ ကျစ်နေအောင် ဆုပ်ထားလိုက်သေးသည်။

'ပေး ပေး . . . မင်းဆရာ ငါ့ကိုပေး . . . ငါဖတ်ပြလိုက်မယ်'

ခွန်ရန်လင်းက လက်ထဲမှ မဲလိပ်ကို ဖြန့်ကာယူရင်း အသံကျယ်ကြီးဖြင့်အော်ဖတ်သည်။

BURMESE CLASSIC

'TV ကြော်ငြာသီချင်း တစ်ပုဒ်ဆိုရင်း သရုပ်ဆောင်ပြပါတဲ့'

'ဝေး ဟေး ဟေး'

အားလုံးက တပျော်တပါး လက်ခုပ်တီးနေကြစဉ် ငြိမ်းဆွေကတော့ ခေါင်းကို ကုတ်သည်။

'ငါကတိပေးပါတယ်ကွာ၊ ခဏနေမှလုပ်လို့မရဘူးလား'

'မရဘူး ဟကောင် . . . ဒါအဆောင်လခ မဟုတ်ဘူး၊ အကြွေးထားလို့မရဘူး'

'ဟုတ်တယ် ဟုတ်တယ်'

'စပါတော့ ဗျို့'

ပွဲတောင်းနေကြပြီမို့ ငြိမ်းဆွေငြင်းလို့မရတော့။

'ငါတစ်ယောက်တည်း လုပ်လို့မရဘူးလေ . . . အရန်တစ်ယောက်ပါမှရမှာပေါ့'

'ရအောင်လုပ်၊ ဒါတော့မင်းစဉ်းစားပေါ့ သက်သာတာတစ်ခုလုပ် ဒါပဲ'

သူရကပါ အားဝင်တီးသည်။ ငြိမ်းဆွေခမျာသနားစရာပင်ကောင်းသေးတော့၏။

'ကဲ လုပ်ပြီလုပ်ပြီ'

သူ 'လုပ်ပြီ' ဟုအော်အပြီးမှာ ကျောင်းသူများက ဘာမှမလုပ်ရသေးတာကို တခွိခွိဖြင့် ရယ်နေကြသည်။ ကျောင်းသားများကတော့ လက်ခုပ်တီးသံကို



www.burmeseclassic.com

www.burmeseclassic.com



ညီစွာ တီးနေကြသည်။

လက်ခုပ်တီးနေတာကို ကြည့်ရင်း ငြိမ်းဆွေ လက်ခနဲ သတိရသည်။

'ဒီမှာကြည့်' ဟုပြောရင်း လက်ခုပ်ကို သုံးလေးချက်တီးသည်။ ပြီး ပါဆိုတာ နေရာတိုင်းမှာရှိတယ်' ဟုဆိုသည်။

'မရဘူးဗျို့ မရဘူး သီချင်းလည်းဆိုရမှာလေ . . . အကြီးလုပ်ပြီး သစ်နဲ့'

'ဟာ. . . . ဒါလည်း သရုပ်ဆောင်တာပဲလေ'

'မရဘူးဗျို့'

'မရရင်လည်း မတတ်နိုင်ဘူး'

'နေဦး နေဦး မငြင်းကြနဲ့ ဟုတ်ပြီ . . . ရပြီ၊ နောက်လူတွေ အတွက် ကြအောင်'

ခွန်ရန်လင်း ဝင်ပြောလိုက်တော့မှ ကျန်လူများက မချင့်မရဲဖြင့် သ ဘောတူကြသည်။

'ကဲ သူရရေ စကြမယ်ဟေ့'

ပါဆယ်ထုပ်လေးကို ငြိမ်းဆွေက စသည်။ ငြိမ်းဆွေက ဘေးလူကို ဆောင့်ဆောင့် ထည့်ပေးလိုက်သည်။ (ကံစမ်းမဲတွေထဲမှာ ဒီကံစမ်းမဲကို ကြိုက်သည်ထင့်)။ ပါဆယ်ထုပ်ကို မီးခဲတစ်ခုအလား လက်ထဲမရောက်မီမှာ အသည်းအသန်ယူကာ တစ်ဆင့်ကမ်းကြသည်။ သူရကတော့ အသည်း ဘားဘဲယားအောင် (ယားစေသတည်းဟု) ဂီတာသံကို ခပ်မြူးမြူးသံစဉ်ဖြစ် တာ အကြာကြီးတီးနေသည်။ ရင်တဖိုဖိုဖြင့် ဒီကောင်တွေက ပါဆယ်ထုပ်ကို သည်းအသန်။ ကံဆိုးသူ (အဲ) ကံထူးရှင်ကို ကျောပေးတီးနေသော သူရက တီး တာ တီခနဲ ရပ်ရင်းရှာလိုက်သည်။

ကံဆိုးသူက ကြက်တူရွေးမ။ မျက်နှာက အပယ်ခံလိုက်ရရှာသော စိမ်းပွဲရုံက မုန်လာထုပ်လို ရှိရွဲ့လို့နေသည်။

ဒီကြားထဲ ငနောက်တစ်ကောင်က 'ဟေး' ဟု လက်ခုပ်တီးရာ အား ဘာ ပျော်ပျော်ပါးပါးကြီး လက်ခုပ်ဝိုင်းတီးကြသည်။ တချို့တချို့သော လူ ဘာဝအတိုင်း အချို့အချို့သော လူများကသူတစ်ဖက်သား ဒုက္ခရောက် ထိုသို့ လက်ခုပ်တီးတတ်ကြသည်။ အခုလည်းကြည့် ပျော်နေလိုက် များ။ ဓာချို့ဆို ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အီးမှန်သည့်မျက်နှာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူမကိုကြည့်ကာ ဗိုက်နှိပ်၍ပင် ရယ်လိုက်ကြသေးသည်။

'ကဲ ကဲ မဲလိပ်လေးနှိုက်ပါ. . . . . . လာပါဆို'

ခွန်ရန်လင်းက 'လာပါဆို' ဆိုတာကို ရှောက်သီးဆေးပြားသည်လို လုပ်ပြီး ပြောသည်။ ကြက်တူရွေးမက စိတ်ကိုတင်းလိုက်ဟန်ဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့သည်။ သို့သော် သူမပုံက စိတ်တင်းနေသည်နှင့်မတူ အကြွေးမရသဖြင့် လူကိုရိုက်ပစ်လိုက်မည်ဟု ဆုံးဖြတ်ထားသော အကြွေးရှင်တစ်ယောက်ပုံမျိုးပေါက်နေသည်။ မဲလိပ်ကို ကတုန်ကယင်ဖြင့် နှိုက်သည်။

သူမမဲလိပ်ကို နှိုက်သည့်ပုံစံက ကံစမ်းမဲ ဖောက်ပေးသော မော်ဒယ်ဂဲများနှင့်တော့ တခြားစီ ဖြစ်သည်။ ခြင်းထဲမှာ မြွေရှိနေသလိုမျိုး အမှတ်ဖြင့် တွန့်ဆုတ်တွန့်ဆုတ်။ခွန်ရန်လင်းက စိတ်သိပ်မရှည်တော့သည်မို့ "နှိုက်လေ" ဟု အလန့်တကြားစလိုက်သည်။ သူမက စိတ်လှုပ်ရှားနေချိန်မို့ "ကုလားနှာခေါင်း"ဟု လန့်ရင်းယောင်သည်။

ဒါကိုပဲ အားလုံးက ပွဲကျကာ အားရပါးရရယ်ကြသည်။ ကြက်တူရွေး၏မျက်နှာမှာ နီရဲလျက်။ မဲလိပ်ကို ခွန်ရန်လင်းလက်ထဲ ဆောင့်ထည့်ပေးလိုက်သည်။

ရန်လင်းက ငါးခူပြုံး ပြုံးပြီး မဲလိပ်ကို ဟန်ပန်အပြည့်ဖြင့် ဖွင့်သည်။ ထို့နောက် ပြုံးဖြီးဖြီးဖြင့် တစ်ချက်ရယ်သည်။ စာရွက်ထဲပါသည့် စာသားအတိုင်း သူ မအော်ဖြစ်။ မဆီမဆိုင်တာကို အော်ဖြစ်သည်။

'ရှူး ရှူးပေါက်သည့် ပုံစံလုပ်ပြပါ'

'ဟေ. . . . '

ကြက်တူရွေးမ ခေတ္တကြောင်သွားသည်။ ပြီးမှ အလန့်တကြား ပေါင်နှစ်ခုကို လိမ်ကာရပ်သည်။ ဘာကြောင့်မှန်းမသိ။

'မလုပ်ဘူး မလုပ်ဘူး မညစ်ပတ်နဲ့'

'ဟာ မရဘူးလေ'

'မသိဘူး မလုပ်ဘူး'

လက်ခုပ်သံတွေကော ငြင်းဆိုသံတွေရော ဆူညံလို့သွားသည်။တချို့က ရယ်ရင်း ရယ်ရင်းဖြင့် ဗိုက်ကိုနှိပ်ကာ 'သေပါပြီ' ဟုဆိုသည်။ ဒီကျွန်းကွဲတွေထဲမှာ ရယ်ရလွန်း၍ ဗိုက်အောင့်တာလည်းပါမည်ထင်သည်။ ကြက်တူရွေးမက ဖွတ်ရှုန်းရင်းဆန်ခတ် ခုန်ကာခုန်ကာ ခေါင်းကို ယမ်းကာယမ်းကာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန်ငြင်းသည်။ ခမျာ ငိုချင်ပတ်ကျိပင် ဖြစ်နေရှာသည်။

ဒီလိုကြုံကြုံဖန်ဖန် အတွေးမျိုး ဘယ်ကောင်က လက်ဆော့လိုက်မှန်း မသိ။

'ကဲ ကဲ ကဲ ငိုတော့မငိုပါနဲ့ ကဲနောက်တစ်လိပ်နှိုက် ဒါကိုမထည့်တော့ဘူး'

ခွန့်ရန်လင်း၏ အပြောကြောင့် ကြက်တူရွေးမ (သို့) နွယ်သူဇာက မဲလိပ်တစ်ခုကို ခပ်ဆောင့်ဆောင့် နှိုက်ကာ ရန်လင်းဖြန့်ထားသော လက်ထဲ ဆောင့်ထည့်ပေးလိုက်သည်။ ရန်လင်းကဖြေကာဖတ်သည်။

'ဟုတ်ကဲ့ ခင်ဗျာ မျောက်က ကပြပါတဲ့'

'ဝေး ဟေး ဟေး . . . . . . .'

သူတစ်ဖက်သား၏ ဒုက္ခကို ချိုမြိန်တတ်သော မဖုံးနိုင်မဖိနိုင် ပျော်သွားသည့် (ဝါ) ပျော်တတ်သောသူတို့၏ လက်ခုပ်သံများ၊ ဒီတစ်ခါငြင်းလို့ မကောင်းတော့သည်မို့ သူမကမြန်မြန်ပင် နှစ်စက္ကန့်မျှ ကပြီး 'ရပြီ' ဟု သူမဘာသာသူမပြောရင်း နေရာဟောင်းမှာ ခပ်ဆောင့်ဆောင့် သွားထိုင်သည်။ 'တူပါဘိ' ဟု တစ်ယောက်ကထအော်သည်။ တစ်ယောက်က 'Once more' ဟု၊ လက်ခုပ်သံများက ရယ်သံများနှင့်အတူ ဟိန်းလို့ထွက်လာသည်။

'ကဲ ကဲ နောက်တစ်ချီဟေ့'

သူရက ပြောပြောဆိုဆို အားလုံးကို ကျောပေးရင်း ဂီတာကို စတီးသည်။ ပါဆယ်ထုပ်ခများလည်း မလိုချင်သူတွေ လက်ထဲမှာ ကူးနေရရှာသည်။ သူရက ဂီတာတီးသည်ကို တိခနဲ ဖြတ်သည်။

'ဝေး ဟေး ဟေး'

'ဒီတစ်ခါက်စမ်းမဲ ပေါက်သူက ရန်လင်း ထို့ကြောင့် သူ့ကို ချဉ်နေသော ကြက်တူရွေးမက ဝမ်းသာအားရ စတင်ကာ လက်ခုပ်တီးလိုက်သည်။ အားလုံးကလည်း လက်ခုပ်တီးကြသည်။ ရန်လင်းက မျက်နှာပိုးမသေ၊ စပ်ဖြီးဖြီး

'ကဲ အလှည့်ကျတော့လည်း မနွဲ့စတမ်းပေါ့လေ ဒါပေမယ့်လည်း သည်း'

'ဟကောင် . . . မရဘူးနှိုက်'

ငြိမ်းဆွေက ထိုသို့အော်ရင်း ရန်လင်းရှေ့က ဆွဲခြင်းကို လှမ်းညီးထိုးသည်။ ဆရာသမားက 'ဟဲဟဲ' ဟု ရယ်ရင်း မဲလိပ်ကိုနှိုက်သည်။ ပြီးဘေးမ



www.burmeseclassic.com

www.burmeseclassic.com


ကျောင်းသားတစ်ယောက်ကို ဖတ်စေသည်။ ထိုကျောင်းသားမဲလိပ်ကို ဖြေ
စဉ်မှာ အားလုံးက အာရုံစိုက်ကာ ကြည့်နေကြသည်။

'အုန်းပင်ထောင်ပြပါတဲ့'

'ဝေးဟေးဟေး'

'ဟဒုက္ခပဲ အဲဒီ မဲလိပ်ငါရေးတာကွ'

'ကောင်းတာပေ့ါ ကိုယ့်ရှူရှုးကိုယ်ပတ် အဲလေ ကိုယ့်ရှုးကိုယ်ပ

ရန်လင်းက မတ်တတ်ရပ်ရင်း သူ့ကိုယ်သူ ငုံ့ကြည့်သည်။ သူ
ထားတာက ပုဆိုး၊ ပြီးသူကပြောသေးသည်။ 'ငါက စကပ်ဝတ်ထားတဲ့ ကော
မလေး နှိုက်မိပါစေဆိုပြီး ရေးထားတာ၊ အခုတော့သွားပြီ'ဟု မျက်နှာပိုး
လုံးလုံးမသေ။

'ကဲ ကဲ ခါးတောင်းကျိုက်မှာလား ဒီတိုင်းထောင်မှာလား'

'အောင်မာမာ ကျိုက်မှာပေ့ါလို့'

ငြိမ်းဆွေ၏ အမေးကို ရန်လင်းက ကတော်သံဖြင့်ဖြေသည်မို့ ပွဲ
သွားပြန်သည်။ ရန်လင်းက ကတော်သံဖြင့် ပြောရုံသာမက ကတော်ဟန်ဖြင့်
သရုပ်ဆောင်လိုက်သေးသည်ကို အားလုံးက လက်ခုပ်သံကို တူညီစွာတီး
သည်။

သကောင့်သားက တရုတ်သိုင်းကားများထဲကလို 'ကျား' ဟု အော
ရင်း အုန်းပင်ထောင်သည်။ ဖြစ်ချင်တော့ ကျိုက်ထားသည့် ခါးတောင်း
မခိုင် ပုဆိုးက ဖြေလျှော့ကာကျသည်။ Discovery ထဲက ပန်းပွင့်လာပုံမျိ
ဖျာခနဲ၊ ကောင်မလေးများက 'အောင်မလေး' ဟုအော်ကာ အကြည့်လွှဲကြသည်

တော်ပါသေးသည်။ သကောင့်သားက အောက်က အာစင်န
ဘောလုံးကန် ဘောင်းဘီဝတ်ထား၍ မဟုတ်ရင်တော့ လူပုံအလယ်မှာ အထ
ဖြေပြသလိုဖြစ်ဦးမည်။ သကောင့်သားက ရှက်ကြောနှင့် ချက်ကြော မှားဖြ
ထားပုံရသည်။ လုံးလုံးမရှက် 'တဟီးဟီး' ပင်ရယ်လိုက်သေးသည်။

'ဟကောင် ငါကတော့ သံသယရှိတယ်နော် မင်းဒါတမင်ကြံစည်ထ
တာပေ့ါလေ ပြောစမ်း'

'မင်းကြီးတော် ငါလိုရှက်တတ်တဲ့ကောင်ကို မင်းက'

'တော်သေးတယ် ရှက်တတ်ပေလို့သာပဲ'

'ကဲ ကဲနောက်တစ်ချီစရအောင်'


www.burmeseclassic.com

www.burmeseclassic.com



သူရစကားကို ဖြတ်ပြောရင်း ဂီတာကို စတီးသည်။ ရန်လင်းက 'ကဲ ...ကောင်းသူ ထိပ်ပေ့' ဟု အော်ရင်း ဘေးကို လက်ဆင့်ကမ်းသည်။ ပါဆယ် ...ခများ ခပ်ကြမ်းကြမ်း စီးသော မြစ်ရေမှာ မျောနေသော ဖော့တုံးနှင့်ပင် ...သေးသည်။ လှုပ်ကာပြေးကာ မတည်ငြိမ်ရှာ။

ဒီတစ်ခါ သူရ ဂီတာတီးရပ်လိုက် ချိန်မှာ ကံစမ်းမဲ ပေါက်သူကတော့ ...ခေါ်လာသော သူမတို့ အဆောင်က အဆောင်သူလေးတစ်ယောက်ဖြစ် ...သည်။ 'ဝေး ဟေးဟေး' ဟု လက်ခုပ်တီးကာ အော်ကြသော အသံအောက်မှာ ...နှာငယ်လေး ဖြစ်နေရှာသည်။ သို့ပေမယ့် သူမက အကြာကြီးရှက်မနေပါ။ ...ခြင်းထဲက မဲလိပ်လေးကို နှိုက်ရင်း ရန်လင်းကို ပေးသည်။ ရန်လင်းဖတ်လိုက် ...း အော်ကာကြေညာသည်။

'ဟုတ်ကဲ့ မော်ဒယ်လို လမ်းလျှောက်ပြပါတဲ့ ခင်ဗျ'

ကောင်မလေးက မျက်နှာကို လက်ဝါးဖြင့် အုပ်ကာရယ်သည်။ ပြီး ...နေတိုတင်းသည်။ ခေါင်းလျှော်ရည် ကြော်ငြာထဲက မော်ဒယ်လို ခေါင်းမှ ...ဆံပင်ကို ခါသည်။ ထို့နောက် လက်ခုပ်သံများဖြင့် လမ်းကို မော်ဒယ်လိုမျိုး ...လျှောက်သည်။ သုံးလှမ်းမြောက်မှာ အားပါးတရ သူမဘာသာသူမရယ်လိုက် ...တာ အဆုံးသတ်ဖြစ်သည်။ လက်ခုပ်သံများက ညံဆဲ။

'ကဲ ကဲဒါနောက်ဆုံးအချီ အချိန်မရတော့ဘူး မြန်မြန်လေး'

သူရကပြောရင်းဆိုရင်း အားပါးတရတီးသည်။ အတန်ငယ်တီးပြီး ...အသံကို တိခနဲ ရပ်ချပစ်လိုက်သည်။

ဒီတစ်ခါကံထူးသူက ခွန်နိုင်အေး၊ နဂိုက ရှက်တတ်လှသည်မို့ ...မျက်နှာကြီးတစ်ခုလုံး နီအမ်းကာ ထိုင်ရင်းမတ်တတ် ရှက်လို့နေသည်။ 'ဝေး ...ဟေး' ဆိုသော လက်ခုပ်သံများက သူနားထဲဝယ် မိုးခြိမ်းသံလို့။

'ထ. . . ထမင်းကနောက်ဆုံးကံထူးရှင် ဒီတော့ မင်းက နှစ်လိပ်နှိုက်'

'ဟာမလုပ်ပါနဲ့ကွာ'

'လာပါနှိုက်ပါခင်ဗျာ ကြိုဆိုပါ၏'

အရေးထဲ ငြိမ်းဆွေက တစ်မျိုး၊ ရန်လင်းက တစ်မျှော်ဖြင့် သူ ...ညစ်ချင်ချင်ဖြစ်လို့လာသည်။ မထူးတော့ ပြီမို့ သူမတ်တတ်ရပ်လိုက်သည်။

'ဝေးဟေး ကံထူးရှင်ကွ'

ခပ်နောက်နောက် ကျောင်းသားတစ်ယောက်က ထကာအော်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူ ကတုန်ကယင်ကြီးဖြစ်ကာ မဲလိပ်ကို နှိုက်သည်။ ရန်လင်း မဲလိပ်ကို ဖြန့်နေချိန်မှာ ရင်ဘတ်များ ပြုတ်ထွက်သွားမတတ် ခုန်နေသည်။

'ဟုတ်ကဲ့ ပြောပြမယ်နော် အဟာမ်း'

ရန်လင်း၏ အပြောကို စောင့်နေကြသူများက 'ပြောပြော' ဟု အော်သည်။

'အဟာမ်း . . . ပြောပြမယ် အဟာမ်း'

ဒီကောင်က ရင်ခုန်လွန်းကာ ရှက်နေရသည့်ကြားထဲ ရန်လင်းဆိုသည့်ကောင်လုပ်ပုံနှင့် နှလုံးရောဂါပင် ကောက်ခါငင်ခါ ရတော့မည့်ကိန်း။

'ယောကျ်ားလေးက ဒီမဲလိပ်ကိုနှိုက်မိရင် ဆန့်ကျင်ဘက် ကောင်မလေးတစ်ယောက်ယောက်ကို ဦးထုပ်ဆောင်းပေးရမယ့်သဘောပါပဲ အဲကောင်မလေးတစ်ယောက်ယောက် နှိုက်မိခဲ့ရင်လည်း ယောကျ်ားလေးတစ်ယောက်ယောက်ကို ဦးထုပ်ဆောင်းပေးရမယ်ပေါ့၊ သည်သဘောပဲ'

'ဝေး ဟေးဟေး'

သူလန့်သွားသည်။ ဒါရန်လင်း တမင်အကွက်ချပေးလိုက်တာမှန်း သူသိသည်။ သို့သော် သူ မရဲ လန့်ဖျပ်ကာနေသည်။

'ရော့'

ရန်လင်းက ဦးထုပ်တစ်လုံးကို သူ့လက်ထဲထည့်ပေးသည်။ အားလုံးက လက်ခုပ်သံကို ညီညီညာညာတီးနေကြသည်။ သူစိတ်အညစ်ကြီး ညစ်လို့သွားသည်။

'မဲ မဲလိပ် နောက်တစ်လိပ်ပီ နှိုက်မယ်လေ'

'ဒါ ဒါကမဖြစ်နိုင်ဘူး'

'မရဘူးလေ'

'ဟုတ်တယ်ဗျို့ မရဘူး စပါတော့ဗျို့'

ဝိုင်းကြပ် နေကြသည်မို့ သူလေသွားရသည်။ သည်ကြားထဲ ရင်ဘက်ကလည်း ပရမ်းပတာကြီး ခုန်နေလေတော့ နောက်ဆုံး သူဆုံးဖြတ်ချက် ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ပ ဟွမ်သူမစိတ်ညစ်သွားသည်။ သေချာပါတယ်လေ သူသည် ကေန်ချ 'ယွန်းမီဇင်'ကို ပဲ ဆောင်းပေးမှာ သူမ အဲဒီမြင်ကွင်းကို လက်ခုပ်တီးကာ ကြည့်နေရမည်တဲ့လား မကြည့်ချင်ပါ။

ကံကြမ္မာသည် တစ်ခါတစ်ရံသူမကို ဘေးကျပ်နံကျပ် တွေ့စေလွန်းသည်။ ဦးထုပ်ကို ကိုင်ကာ တွေဝေနေသော သူ့ကိုကြည့်ရင်းက သူမနည်းနည်းတော့ ဝမ်းနည်းလာသည်။ သူ့ကောင်မလေးကို ဆောင်းပေးလိုက်ရန် ရှက်နေသည်ထင့်။ 'ယွန်းမီဇင်'ကို လှမ်းကြည့်မိသည်။ 'ယွန်းမီဇင်'ကတော့ လက်ခုပ်တီးမပျက် မျက်နှာမှာက အပြုံးပန်းတွေကို ခင်းကျင်းကာထားသည်။

သူမလက်ခုပ်တီးနေရသော်လည်း စိတ်မပါလှ သူစတင်ကာ ခြေလှမ်းလာသည်။

အလို သူမရင်တွေ ဘာကြောင့်များ ဤမျှ ခုန်နေခဲ့ပါလိမ့် သူမခေါင်းကို မသိမသာငုံ့ကာ လက်ခုပ်ကို ဆက်တီးပေးနေမိသည်။ မကြည့်ချင်ပါ။ သူ 'ယွန်းမီဇင်' ကို ဆောင်းပေးလိုက်ချိန်မှာ အားလုံးက 'ဟေး' ဟုအော်ရင်း လက်


www.burmeseclassic.com

www.burmeseclassic.com



ခုပ်သြဘာများ ချီးမြှင့်နေသည်ကို မကြည့်ချင်ပါ။

မြေကြီးကို ငုံ့ကြည့်ကာ လက်ခုပ်တီးနေဆဲ ရှေ့မှာလာရပ်သော ခြေ တစ်စုံကြောင့် သူမရင်ခုန်သံတွေ ရပ်တန့်သွားသလိုမျိုး ဖြစ်၍သွားသည်။ ခေ ကြည့်တော့ ခွန်နိုင်အေး၊ သူမမော့အကြည့်မှာ သူကဦးထုပ်ကို ဆတ်ခနဲ စွပ် သည်။

'ဝေး ဟေး ဟေး'

အော်ဟစ်သံ. . . လက်ခုပ်သံ. . . သူမရင်၌ အမျိုးအမည် မခွဲခြားတတ်သော ခံစားမှုဖြင့် ရှက်သွားမိသည်။ သူကလည်း ရှက်ရှက် ခေါင်းကိုကုတ်နေသည်။ အားလုံး လက်ခုပ်တီးကာနေသည်ကို ကြည့်ရင်း သူမပိုပို ရှက်လာသည်။

အမှတ်မထင် ယွန်းမီဇင်ကို အကြည့်၊ ခေါင်းကိုဖွတ်ငုံ့ထားတာ သူမ မြင်လိုက်ရသည်။ ဟုတ်မှ ဟုတ်ခဲ့ပါလေစ. . . သူမကို ဦးထုပ်မှ တက ဆောင်းပေးပါလေစဟု တွေးမိသည်။ သူမ ယွန်းမီဇင်ကိုလည်း မဆီမဆိ အားနာသွားမိသည်။

'ကဲ ကဲ ဦးထုပ်လေးပြန်ပေးပါဦး'

အဆောင်သားတစ်ယောက်က ခပ်နောက်နောက် အော်သည်။ သူ ဆတ်ခနဲ ချွတ်ရင်းသူ့ကို ပေးဖြစ်သည်။

'ဝေး ဟေး ဟေး' ဟု ထပ်မံအော်ဟစ်ကာ လက်ခုပ်တီးနေကြသ မို့ နဂိုက ရှက်သည့်ကြားထဲ သူရော သူမပါ အရှက်သည်းနေမိကြသည်။

'ကဲ ကဲ ဘုရားကိုတစ်ခေါက်ပြန်ဖူးကြရအောင်'

သူရသာ အထက်ပါစကားကို မပြောဖြစ်ခဲ့ဘူးဆိုလျှင် သူမရော သူ ထိုနေရာမှာ ခေါင်းငုံ့လျက် မျက်နှာချင်းဆိုင်ရနေရင်းက တော်တော်နှင့် လှုပ် ဖြစ်ကြမည်မဟုတ်။

မွေတော် ကက္ကူဘုရားကို တစ်ခေါက်ပြန်ဖူးကြသည်။ သူ့ ခေတ်ပုံရိုက်ရန် သတိမထားမိခဲ့သော နေရာတို့ကိုလည်း ထပ်ရိုက်ဖြစ်သည်

ကားပေါ်ပြန်စုစဉ်က သူ သူမကို ကားပေါ်မှ ခိုးကြည့်နေသည် ဆုံသောခဏ သူမရင်တွေ ပြောင်းဆန်နေအောင် စည်းချက်မှားနေသည်

ထိုနေ့က တောင်ကြီးဘက်အပြန် လမ်းတစ်လျှောက်လုံး ယွန်းမီ စကားတစ်ခွန်းမှမပြောတော့ ဒါကိုသူမ မနေတတ်။' ယွန်းမီဇင်က သူမ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပင်မကြည့်တော့ပါ။

သူမ တစ်ခုခုကိုတော့ သိနေသလိုမျိုး ခံစားနေရသည်။ ယွန်းမီဇင်ကို မဆီမဆိုင် အားနာနေခဲ့သည်ကတော့ အမှန်၊ ကားပေါ်တက်ရန်ပြင်စဉ် အခါက သူမကျောင်းသားကတ်လေး တစ်ကတ်ကို ကောက်ရသည်။ ကံဆိုးချင်တော့ ထိုကျောင်းသားကဒ်ပိုင်ရှင်က ယွန်းမီဇင်။ သူမကပဲ စပ်စပ်စုစုဖြင့် ယွန်းမီဇင်၏ကျောင်းသားကတ်ကို စေ့စေ့စပ်စပ်ကြည့်ကာ လိုရမယ်ရ မှတ်သားခဲ့မိသေးသည်။

ဘာကြောင့် မှန်းတော့မသိ။ သူမကိုယ်တိုင်လည်း ထိုအပြန်လမ်းတစ်လျှောက်လုံးမှာ ယွန်းမီဇင်ကို ခဏခဏကြည့်ဖြစ်သည်။ စိတ်ထဲ ပျော်ပျော်ရွှင်ရွှင်မရှိသည်ကတော့ အမှန်ပင်။

ကတ်ကိုပြန်ပေးစဉ်က ယွန်းမီဇင်က သူမကို 'ကျေးဇူး' ဟုဝတ်ကျေတန်းကျေ အပြောကြောင့် နော်ရီက ဒေါသများပင် ထွက်နေခဲ့သေးသည်။ သည်လိုရိုင်းရကောင်းလားဟု။



www.burmeseclassic.com

www.burmeseclassic.com



ခွန်နိုင်အေးကတော့ ကဏ္ဍူက ပြန်ရောက်ရောက်ချင်း ကဗျာတစ်ပုဒ်ရေးဖြစ်ခဲ့သည်။

။

မွေ့ဝေကြကုဏ္ဍဘုရား
ဘွားသနဲ့ ဖူးရချိန်
ရပြာ့ဖြစ်ထွန်းကြသည်သို့လွန်း၍
မျက်ရည်များပင် မို့သည်အာထိ

ရှေးယောင်း ရပ်ကြ ရပ်လိုးလှန့်
ဖူးလို့ရယ် အားမရ
ဦးခိုက်လို့ ၅၀ ပါဘုရား။

။



www.burmeseclassic.com

www.burmeseclassic.com



'စပ်စပ်စုစုနဲ့ နင်ကလည်း'

'နော်ရီရာ ခဏလေး လိုက်ကူစမ်းပါ၊ အဲဒီယွန်းမီဇင်တို့ရဲ့ အိမ်ကို ငါသွားကြည့်ချင် လွန်းလို့ပါဟာ နင်ကလည်း လိမ္မာရဲ့သားနဲ့'

'စပ်စပ်စုစု'ဟု ခေါင်းစဉ်တပ်လည်း တပ်လောက်စရာပဲ သူမက ထို ယွန်းမီဇင်တို့ အိမ်ကို သွားချင်နေခဲ့သည်။

ပွစိပွစိရွတ်ရင်း မလိုက်ကူလည်းဘဲ မနေသော ဇာနော်ရီနှင့် သူမ ယွန်းမီဇင်တို့အိမ်ရှေ့ကို ရောက်ဖြစ်အောင်ရောက်သွားခဲ့ကြသည်။

သူမတို့ အိမ်ရှေ့အရောက် ယွန်းမီတို့အိမ်ထဲမှ ကမန်းကတန်းထွက် လာသော MARK II ကားခဲရောင်လေးဖြင့် တိုက်မိမလိုလိုဖြစ်ခဲ့သေးသည်။ ကားပေါ်မှလူက သူမတို့နှစ်ယောက်ကို စိုက်ကြည့်သွားခဲ့သည်။ ယွန်းမီဇင်တို့ ၏ အဖေဖြစ်မည်ထင်သည်ဟု သူမပြောတော့ 'ဒီလောက်ဆင်နေတာ သူ့ရဲ့ အဖေဖြစ်မှာပေါ့ စပ်စုမရဲ့' နော်ရီကခပ်ဆတ်ဆတ်ပြောခဲ့သေးသည်။

'ကဲ နော်ရီ စပ်စုလို့အားရသွားပြီ ပြန်ရအောင်'

'မပြန်ဘူး ရောက်မှတော့ မထူးဘူး. . . တစ်ခါတည်း ဝင်လည်ရ

www.burmeseclassic.com



အောင်လာ'

နော်ရီက သူမကို ဖွတ်ဆွဲရင်း အငေါ်တူးသည်။ ငေါ့သည်။ ရွဲ့သည့် နေရာမှာ နှစ်ယောက်မရှိသော နော်ရီပါပေ။

'ဟာ ဟိုက ဆီးရိုက်ထားလိမ့်မယ် သူခိုးဆိုပြီးတော့'

'ဟဲ့ ပျော်ပျော်ပါးပါး အရိုက်ခံကြတာပေါ့လာ'

သူမက ရှန်းလေလေ သူမကို ဆွဲပြီး နော်ရီက ခေါ်လေလေ ထိုနေ့ကနော်ရီသူမကို ထိုသို့ ပညာပေးခဲ့သည်။

သူမကလည်း စပ်စုမိခဲ့သည်ကိုး။ မှတ်မှတ်ရရ ယွန်းမီဇင်တို့အိမ်၏ ဘေးမှာ ထိုယွန်းမီဇင်တို့၏ အိမ်လေးကဲ့သို့ပင် တစ်ပုံစံတည်းသော တိုက်တစ်လုံးလည်း ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘချစ်ကို ကြက်ခြေ ပြ ခတ်ကြေး

ကက္ကူဘုရားသွားပြီးသည့်နောက်ပိုင်း ခွန်နိုင်အေး သူမနှင့် မတွေ့ဖြစ်တော့။ မတွေ့ဖြစ်ဘူးဆိုတာ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ဖြစ်ခြင်းကို ဆိုလိုသည်။ သူမ၏ အတန်းရှိရာကိုတော့ သွားသွားကာ ကြည့်ဖြစ်နေခဲ့သည်သာ။

မျက်နှာချင်းဆိုင်တွေ့ရန် နှုတ်ဆက်လိုက်ရန် သူ မရဲ။ သူရကတော့ ဒီကောင်ကွာ ယောက်ျားကြီးတန်မဲ့ ရှက်နေရတယ်လို့ မင်းကောင်မလေး သူများ သုတ်သွားတော့မှ ဟုတ်ပေ့ဖြစ်နေဦးမယ်' ဟုဖြဲခြောက်ခဲ့သေးသည်။ သူ ကြောက်ပါသည်။ သူမကို ဆုံးရှုံး စွန့်လွှတ်လိုက်ရမည် ဆိုတာကြီးကို အတွေးနှင့်မင် သူတော်ဆော်ရင်ပူနေပြီးသား။

သူမကလည်း သူဦးထုပ်ဆောင်းပေးလိုက်ချိန်ကစလို့ ကက္ကူကအပြန် ခရီးတစ်လျှောက်လုံး သူကို လုံးလုံးကြည့်ခဲ့တာမဟုတ် စိတ်များဆိုးသွားလေသလား ဆိုသော အသိက သူ့ကို ထူထူပူပူ ဖြစ်နေစေခဲ့သည်သာ။

'မင်းကွာ စစ်ကြေညာဖြစ်ပြီးတော့မှ ဆက်မတိုက်တဲ့ လူလို သူရဲဘော ကြောင်လိုက်တာကွာ ဒီည မိုဟွမ်တို့ အဆောင်မှာ ဂီတာသွားတီးမယ် မင်းလိုက်

www.burmeseclassic.com



ဆိုရမယ် ဘယ်လိုလဲ'

'ဟာ ကွာ. . . သူရကလည်း ငါရှက်တယ်ကွာ'

'မင်းယောကျ်ားမဟုတ်ဘူးလား နိုင်အေး'

'ဒါပေမယ့် . . . .'

'မလိုချင်ဘူး ငါရော ငြိမ်းဆွေပါ မင်းနဲ့ သူရနောက်ကို လိုက်အားဖြည့်ပေးမယ်ကွာ ဟုတ်ပြီလား'

ရန်လင်း၏ ပြတ်သားသော စကားအဆုံးမှာ အားလုံးက ခေါင်းညိတ်ကြသည်။ သူတော့မပါ။

'မင်းကလည်းကွာ လမ်းကြားတစ်ခုမှာ သွားဆိုတယ်၊ အသံကျင့်တယ်ပဲ သဘောထား၊ ဘာဖိစီးမှုမှ စိတ်ထဲမထည့်နဲ့ ဒီကောင်ကွာ အားကိုးလို့မရဘူး'

သူရက ဒုတိယမ္ပိ မချင့်မရဲဆိုသည်။ မှန်သည်ပဲလေ။ ပိုမှန်တာက သူ့ကို လိုက်ကူရင်း သူရက နော်ရီကို ကြောင်လို့ရသည်ကိုး။ ထို့ကြောင့် သကောင့်သားက သည်အစီအစဉ်မှာ အတက်ကြွဆုံးလောက်နီးနီး ပြေးနေသည်။

'ငါတို့ ဒီညအတွက် သီချင်းတိုက်ကြဦးမလား'

'အာ ညတိုင်းဒီလောက်ဆိုနေတာ ဖြစ်ပါတယ်. . . ဘာသီချင်းတွေဆိုမယ် ဆိုတာလောက်ကိုပဲရွေး'

သီချင်းရွေးသည့်နေရာမှာ သူ မပါ၊ မပါဆို ညအစီအစဉ်ကို တွေးတွေးကာ ရင်ခုန်လွန်းနေသည်ကိုး။ ကတုန်ကယင်ကြီးဖြစ်နေသော ရင်ဘတ်ကို မှောက်ကာ မှောက်လျက်နှင့် အိပ်နေရင်းက 'မိုဟွမ်ကို သဲကြီးမဲကြီး သတိတရ ဖြစ်နေသည်။

www.burmeseclassic.com

'ဟာ ကောင်နိုင်အေး . . . မင်းညနေစာ စားတာကလည်း နည်းလိုက် တာ ဘာလဲ ရင်ခံနေလား'

'မဟုတ်ပါဘူး ငြိမ်းဆွေရ'

ညနေစာ အစားနည်းသော သူ့ကို ငြိမ်းဆွေက စသည်။ ခံစားမှုတစ်မျိုးကြောင့် သူ့ရင်ဘတ် ကတုန်ကယင် ဖြစ်နေခဲ့သည်က အမှန်ပင်။

အဆောင်ပြန်ရောက်တော့ သူ ဂီတာကြိုးကို စပယ်ရှယ်ညှိသည်။ အားလုံးက တစ်ယောက်တစ်မျိုးစီတက်ကြွနေကြသည်။

'ရန်လင်း ငါအဝတ်လဲဦးမှနဲ့တူတယ်'

'ဘာ'

သူ၏ တိုင်ပင်သော စကားကို ရန်လင်းက 'ဘာ'ဟု အံ့အားသင့်ရင်းဘတ်'ခနဲ ရယ်သည်။

'နိုင်အေးရာ အမှောင်ထဲမှာ ဂီတာတီးပြီး သီချင်းဆိုမယ့် ကိစ္စကိုမင်းက အဝတ်လဲဦးမလို့လား . . . ဟား ဟား ဟား . . . ရယ်ရတယ်ကွာ'

ပြောရင်း ရယ်ရင်းဖြင့် ရန်လင်းက သူ့ပခုံးကို ခပ်ဖွဖွထိုးသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်သားပဲ' ဟုတွေးရင်း အနည်းငယ်ရှက်သွားသည်။

'ကဲပါ အဝတ်လဲချင်တယ်ဆိုရင်တော့ ဆံပင်လေးဘာလေးလည်းဖြီး ရေမွှေးလေး ဘာလေးလည်းဆွတ်၊ သေချာတာကတော့ ဂီတာမှောင်ရိပ်မှာတီး မှာ ဟား ဟား'

ငြိမ်းဆွေကပါဝင်ပြောရင်း ရယ်သည်။ ငြိမ်းဆွေ၏ ရယ်သံက အဓိပ္ပာယ်မရှိ ခြောက်ကပ်ကပ်နှင့် စိတ်ပျက်စရာကြီး ဟုသူမြင်သည်။

'ကဲဟေ့ ချီတက်ရအောင်'

သူရ၏ အသံပြကြီးအဆုံး၊ သူတို့သုံးယောက် အခန်းထဲက ထွက်ကြ သည်။ အဆောင်ထဲကနေ(ကုပ်ကုပ်၊ ကုပ်ကုပ်ဖြင့် ဂီတာလေးထမ်းကာ) သူရ ဦးဆောင်၍ ထွက်လာသည်။

'ချယ်ရီလိပ်ပြာ' အဆောင်ကို အသွားလမ်းတစ်လျှောက်လုံး တစ် ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။ သူကတော့ သူ့ရင်ခုန်သံကို မကျေမနပ်ဖြစ်နေမိသည်။ ခုန်ပဲခုန်နိုင်လွန်း။

ကံကောင်းထောက်မစွာပင် အဆောင်ရှေ့မှာ စက္ကူပန်းရုံကြီး၏ မှောင်ရိပ်မှာသူတို့ထိုင်ရန် နေရာရသည်။ အမျိုးသမီးတွေ၏ အဆောင်မှာ လိုက်တီးနေကျ မဟုတ်သဖြင့် ဘယ်ကစလို ဘယ်လိုတီးရမှန်း မသိ။

'ဟကောင် . . . သူရတီးတော့လေ၊ တော်ကြာ သူခိုးကပ်တယ်ထင် နေဦးမယ်'

'အေးပါကွ'

သူရ သီချင်းတစ်ပုဒ်ကို စတီးသည်။ သူကတော့ ရင်ခုန်လွန်း၍ အာ ခြောက်ကာ၊ နှုတ်ခမ်းတွေပင် ခြောက်ကပ်လို့လာသည်။ လျှာဖြင့် တစ်ချက် သပ်လိုက်ရင်းက သူ့သီချင်းကို လိုက်ညည်းသည်။

'ဟကောင် နိုင်အေး ကျယ်ကျယ်ဆိုလေကွာ တိုးတိုးလေး လုပ်မနေနဲ့'

'တိုးတိုးပြောပါကွ'

ရန်လင်း၏ အသံကျယ်ကြီးကြောင့် သူစိတ်တိုစွာပြန်ပြီး ခပ်ကြိတ် ကြိတ်ပြောရသေးသည်။ သီချင်းဆိုရင်းက Mood ဝင်လာသည်။ မျက်လုံး ကတော့ အဆောင်ဝရန်တာဆီ မျှော်လင့်တကြီး မော့ကြည့်လျက်။ အဆောင် ထဲက ဘယ်အဆောင်သူကမှ ထွက်ပြီးနားမထောင်ပါ။ ဧကန္တ အဆောင်ထဲ လာတီးသည်များ ထင်နေကြသလားမသိ။


www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် စောစောစီးစီးများ အိပ်ပျော်နေကြသလား။ သို့တည်း ဟုတ်သူတို့ဝိုင်း ဖျော်ဖြေမှုကို မနှစ်သက်လို့လား၊ သူ့ရင်ဘတ်ထဲမှာ လားပေါင်း များစွာဖြင့် ပူလာသည်။

တကယ်ဆို သူတို့ကလည်း ဆိုင်းမဆင့် ဗုံမဆင့် လာတီးဖြစ်တာကိုး။ အတယ်၍သာ တစ်နည်းနည်းနှင့် အကြောင်းကြားထားခဲ့လျှင်တော့ သူမတို့ အားနာပါးနာပဲ ဖြစ်ဖြစ် အားပေးကြလိမ့်မည်။

"ဟဘာကြီးလဲဟ. . . ဘယ်သူမှလည်း အားမပေးကြပါလား'

ရှန်လင်းက အံ့အားတသင့်ဖြင့် ရေရွတ်သည်။

ကေန္တ ဂီတာသံမလိုဘူး . . . လီဗာသံပဲလိုတယ် ဆိုတာများ ဖြစ်နေ အားမသိဘူး'

'ရှင်းစမ်းပါဦး'

သူရက ဂီတာတီးကို ရပ်ရင်းက မေးသည်။ အားပေးမည့် သူမရှိ သဖြင့် Feel ငုပ်သွားဟန်တူသည်။

'ဒီလိုကွ ငါတို့ရှေ့နှစ်က အစ်ကိုကြီးက ဒီလိုပဲ . . . အဆောင်သူတွေ ကို ဂီတာသွားတီးသတဲ့၊ အဲ့ဒါ အဆောင်မှူးကလည်း နားငြီးလာလို့လား၊ ဘာဖြစ်လို့လဲမသိဘူး ထွက်လာပြီး 'ဟဲ့ ငါတို့အဆောင်က အဆောင်သူတွေက ဂီတာသံ မကြားချင်ဘူး၊ လီဗာသံပဲ ကြားချင်တာ ပြန်ကြတော့လို့ ထွက်ပြောလို့ အောင့် သက်သက်ကြီး ပြန်လာရသတဲ့ကွာ'

'မဖြစ်နိုင်ပါဘူးကွာ ငါတို့လည်း ကြားတော့. . . ကြားဖူးပါတယ်'

'ကဲ ကဲ တီးကွာ ဒီတစ်ပုဒ်ဆိုလို့မှ အားမပေးရင် အောင့်မြင်စွာ ဆုတ်ခွာရအောင် ဟီး ဟီး'

အရေးထဲ ရန်လင်းက အရွှမ်းဖောက်နေသေးသည်။ သူရက ဂီတာ ကို စတီးသည်။ တီးစမှာပင် ဝရန်တာမီးဖျပ်ခနဲ မှိတ်သွားသဖြင့် အားတက်သွား ကြသည်။

ဝမ်းသာလို့မဆုံးသေး ငြိမ်းဆွေ၏ ခပ်တိုးတိုး အသံကြောင့် သူတို့ အားလုံးရယ်ချင်သွားကြသည်။ ဟုတ်သည်။ မီးပိတ်လိုက်တာမဟုတ်။ မီးပြတ် သွားတာဖြစ်သည်။ အားလုံးက ဝရန်တာကိုပဲ အာရုံစိုက်နေခဲ့သည်ကိုး။ ဖုန်မှိန် ပြန်လာသည်။ အဆောင်ထဲကနေ လက်ခုပ်သံတွေညံသွားသည်။ ဘာများ ပြုပ်နေကြသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



'နေဦး သူရ ရဲ့'

ရန်လင်း၏ အလန့်တကြား တားမြစ်သံကြောင့် သူရက ဂီတာတီး ခြင်းကို တခဏ ရပ်ရင်း ' ဘာလဲကွာ'ဟုဆိုသည်။

'ရှစ်နာရီထိုးမှ တီးတော့ ဆရာသမား'

'ဟာ ဘာဖြစ်လို့လဲကွ'

'ငါတို့အားလုံး ပညာရှိသတိဖြစ်ခဲ့ ဖြစ်နေတယ်' ကိုရီးယားကားလေ ကိုရီးယားကား မပြီးမချင်းကတော့ ပရက်စလေ အသက်ပြန်ရှင်ပြီး အရှင်လတ် လတ်လာဆိုလည်း လှည့်ကြည့်မှာမဟုတ်ဘူး'

ထိုအခါ 'ဟုတ်သားပဲ' ဟု အားလုံးသက်ပြင်းကိုယ်စီချဖြစ်ကြသည်။

'ငါကတော့ Feel လုံးလုံးမရှိတော့ဘူး'

'ဘာထူးလဲ၊ ငါကတော့ ပြန်ကိုပြန်ချင်နေပြီ'

'အချိန်အခါဆိုတာ အဲတာပဲ'

'ဒီလိုမှန်းသိ အဆောင်မှာနေပ်နေတယ်'

လေးယောက်သား စကား တစ်ယောက်တစ်ခွန်းပေါက် ပြောဖြစ်ကြ သည်။

'ကဲ စောင့်မှာလား၊ ပြန်မှာလား'

ရန်လင်းက ခပ်တိုးတိုးဆိုသည်။

'ပြန်တာပေါ့ကွာ၊ နောက်ရက်ပေါ့'

'ဟုတ်တယ် ပြန်ကြတာပေါ့'

'တောက်၊ ဒီလောက်တောင် ကိုရီးယားကားကြိုက်တဲ့ဟာ၊ ကိုရီးယား က ချစ်သူလေး အွန်စောနဲ့ လီဟန်နီကိုခေါ်ပြီး တစ်နေကုန် ထိုင်ကြည့်ဦးမယ်'

'ပါးစပ် ဝဲပေါက်နေဦးမယ်၊ ဘာချစ်သူလဲ ရှူးပါ့ကွာ'

'အဲဒီအခါကျရင် ထမင်းမစား ဟင်းမစားများ ထိုင်ကြည့်နေမလား မသိဘူး'

'ဘယ်ကြည့်မှာလဲ မင်းသားမှ မဟုတ်တာ၊ မင်းသမီးကိုတော့ မျက်စိ အညောင်းခံမှာ မဟုတ်ဘူး'

တစ်ယောက်တစ်ပေါက် ပြောရင်းဆိုရင်း ရေရွတ်ရင်းဖြင့် အောင်မြင် စွာ ဆုတ်ခွာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး မသိလိုက်သည်ကတော့ ထိုညက သူမတို့ 'ချယ်ရီသိပ်ပြာ' အဆောင်မှ T.V ပျက်နေသည်ဖြစ်ပြီး၊ သူမတို့ အဆောင်သူများက အခြား အဆောင်သူများနှင့်မတူ ဝရန်တာမှ အားမပေးဘဲ အောက်ထပ်မှာ ခီးပိတ်ပြီး အားပေးနေခဲ့သည် ဆိုတာပဲ ဖြစ်သည်။

မိုဟွမ်ကတော့ သူတို့ ပြောနေဆိုနေတာကိုပဲ အားလုံးကြားနေရသည်။ 'မဟုတ်ဘူး၊ မှားနေပြီ' ဟု လိုက်အော်ရမှာကလည်း မဟုတ်။

'တော်တော် ညံ့တဲ့အဖွဲ့'

'ဟဲ့ ဒီလောက် အဆိုအတီးကောင်းတဲ့ဟာကို'

'မဟုတ်ဘူးလေ၊ မတွေးတတ် မခေါ်တတ်တာကို ပြောပါတယ်၊ ဘယ့်နှယ် အဆောင်သူတွေတိုင်း ကိုရီးယားကား ကြိုက်တယ်များ ထင်နေသားမသိဘူး'

'အေး လေ၊ ဒီက မိုဟွမ်တို့လို ဂီတသူရဲတွေလည်း ရှိသေးတယ် လို့'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ နော်ရီ ငါ့နာမည် ထည့်မပြောပါနဲ့'

'အံမယ် မဟုတ်တာကျနေတာပဲ မှန်းစမ်း ရင်ခုန်နေလား နားထောင် ကြည့်စမ်းမယ်'

'သွားပါ'

သူမတို့ အဆောင်မှာတော့ ထိုသို့ ကျန်ရစ်ခဲ့သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



‘ကဲ

မရွှေချော ဟိုကတော့ ‘စလုံးရေ စ’ နေပြီနော်၊ ကဏ္ဍမှာက တည်းက အတိအလင်း ကြေညာလိုက်တဲ့သဘောပဲ။ ပြော နင့်ဘက်ကရော ဘယ်လိုလဲ’

နော်ရီက ပြုံးစစဖြင့် မေးသည်။

‘ငါကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် သူ့ကို မယုံဘူး’

‘ဘုရားရေ၊ ဘာကို မယုံတာတုံး’

‘မသိဘူး၊ ငါ့စိတ်ထဲမှာ သူဟာ ယွန်းမီဇင်နဲ့ ပတ်သက်မှု ရှိတယ်လို့ တစ်ထစ်ချ ထင်နေမိတယ်’

‘ဟောတော့ မိုဟွမ် နင်ခေါင်းလေးဘာလေး သုံးပါဦး။ တကယ်လို့များ သူသာ ယွန်းမီဇင်နဲ့ ဆက်နွယ်မှု ရှိခဲ့တယ်ဆိုရင် ကဏ္ဍမှာတုန်းကို နင့်ကို ဦးထုပ်ဆောင်းပေးပါ့မလား၊ အဲဒီတုန်းက ယွန်းမီဇင် မျက်နှာတွေပျက်နေတာလည်း နင်မြင်နေတာပဲ’

‘အဲဒါကိုပေါ့ . . . ငါ မသင်္ကာတာ၊ သူတို့တစ်ယောက်နဲ့တစ်ယောက် စိတ် အခန့်မသင့်ဖြစ်နေတုန်း ငါ့ကို အသုံးချတာဆိုရင် ဘယ်လိုလုပ်မလဲ’



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာဟာ၊ ကဲ ... ဒါဆို သီချင်း လာလာ ဆိုနေတာကရော ဘာပြောဦးမလဲ'

နော်ရီ၏ 'ဘာပြောဦးမလဲ' ဆိုသော ပုံစံက 'ဘာတတ်နိုင်သေးလဲ' ဆိုသော ညှပ်ပူးညှပ်ပိတ် လုပ်နိုင်ပြီ ဟူသော ပုံစံ။

'ဒါကတော့ သူရကို လိုက်ကူကြတာ ဖြစ်မှာပေါ့'

နော်ရီက 'ဘာမှ မဆိုင်ဘူး' ဟုပြောရင်း ရှက်သွားသည်။ ရှက်လည်း ရှက်ပေမည်။ သူရက သူမကို ကြည့်သောအကြည့်နှင့် ပြောသောစကားတို့က မရိုးသားမှန်း သူမ သိနေခဲ့သည်ကိုး။

'မဆိုင်ဘူးဆိုတာ သေချာလား၊ ငါ သူရလာရင် မေးကြည့်လိုက်မှာ နော်'

'မသိဘူး'

နော်ရီက ရှက်ရှက်ဖြင့် 'မသိဘူး' ဟုဆိုရင်း ခေါင်းကြီး ငုံ့ကာထား သည်။

'ဘာပဲပြောပြော အထက်တန်းကျောင်းမှာကတည်းက ခင်လာတာ ဆိုတော့လေ ဒီကောင်က ပျော်တတ်တာပဲရှိတယ်၊ သဘောကောင်း မနောကောင်းဟဲ့၊ ငါ့ သူငယ်ချင်းမို့ ငါပြောတာ မဟုတ်ဘူးနော်'

သူမက ရှက်ရှက်ဖြင့် ခေါင်းငုံ့ထားသော နော်ရီကို စကောင်းကောင်း ဖြင့် စနေမိသည်။ နော်ရီကတော့ ဘာမှ ပြန်မပြောတော့၊ ရှက်ရှက်ဖြင့် ခေါင်းကို ငုံ့၍သာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဆရာကြီး First Term ရဲ့ စာမေးပွဲတောင် ဖြေတော့မယ်၊ ဘာမှမထူးခြားပါလား'

'ဘာကိုလဲ'

'ဟာ၊ မိုဟွမ်နဲ့ ကိစ္စလေ၊ ညညဆို ဂီတာလေးသွားတီးလိုက်၊ နေ့နေ့ဆို သွားပြီး ခိုးကြည့်လိုက်နဲ့ မင်း ကျေနပ်နေတယ်ပေါ့၊ 'ချစ်တယ်' ဆိုတာကို နောက်ဘဝမှ ပြောတော့မလို့လား နိုင်အေး၊ ငါ အဲဒီလိုပဲ ပြောတော့မယ်'

ရန်လင်းက ဒေါသသံ ခပ်ပါပါဖြင့် ထိုသို့ဆိုသည်။ သူ တိတ်ဆိတ်နေမိသည်။

'ငါပြောတယ်. . . ချောကလက်ဖြစ်ဖြစ် တစ်ခုခုပေး. . . ရည်းစားစကားလေး ဘာလေးပြောဆိုတာကို မထုံတက်သေးလုပ်နေတယ်။ သူများနောက်ပါသွားတော့မှ လင်းတမှိုင်မှိုင်မနေနဲ့'

သူရကပါ အားမလို အားမရ ပြောသည်။ ပြောဆို သူက ပြောအားရှိသည်လေ။ သူက မကြာခင် နော်ရီဆီက အဖြေရတော့မှာ‌းကိုး အဆင်ပြေ ချိန် ရာနှုန်းပြည့် ရှိနေသည်ကိုး။ ရန်လင်းနှင့် ငြိမ်းဆွေတောင် ရည်းစားတွေ



www.burmeseclassic.com

www.burmeseclassic.com



အသီးသီးနှင့် ဖြစ်ကုန်ကြပြီ။

ရန်လင်းက ကြက်တူရွေးမလေး နွယ်သူဇာနှင့် ဖြစ်ပြီး၊ ငြိမ်းဆွေက တော့ အတန်းထဲက ကောင်မလေးတစ်ယောက်ပဲ ဖြစ်သည်။ သူရ ကလည်း မကြာမီ လာမည် မျှော်' သူကတော့ တစ်ဦးတည်းသော ရည်းစားမရှိသည့် ငပေါကြီး ဖြစ်လို့နေသည်။

'ဒီလို လုပ်ကွာ မင်း မပြောရဲ မဆိုရဲ ဖြစ်နေရင် စာလေးရေး၊ ငါ ပေးပေးမယ်'

'ဖြစ်ပါ့မလားကွာ၊ သူက ငါ့ကို အချိန်ပြည့် အနီကတ် ပြနေတာကွ'

'ဟား ခက်ပြီ၊ ဒါ မင်းဘက်က တစ်ဖက်သတ် အမြင်လေ၊ ဟိုက မိန်းကလေး၊ 'ရှင့်ကို ကျွန်မ ချစ်နေတာ မသိဘူးလား' လို့ မင်းကို ပြောနေမှာ တဲ့လား၊ တုံးပါ့ကွာ'

သူရက ထိုသို့ စိတ်တိုစွာ ကောက်ချက်ချသည်။ သူရ ပြောလည်း ပြောလောက်စရာ။ သူက အရာရာကို တွေးကာပူတတ်သည်။ ဒီအတိုင်း ဆို လို့ကတော့ သေချာပေါက် သူ့အနေနှင့် သူမကို အလိုလို လက်လွှတ်ရပေမည်။ ဒီလိုနည်းနှင့်တော့ သူအကြေကွဲ မခံချင်။ သူများဦးသွားမှာကို ရင်နာနာနှင့် ကြည့်နေရမည့်အစား သူမက 'ဟင့်အင်း'လို့ အငြင်းခံလိုက်ရ၍ ရင်နာသည်က ခံသာဦးမည်။

သူ စိတ်ဓာတ်ကို ခိုင်မာစွာချသည်။

'အေးကွာ ငါရေးမယ်၊ မင်း ပေး ပေး သူရ'

'ဒီလိုမှပေါ့ကွ'

ငြိမ်းဆွေက ထိုသို့ဆိုရင်း သူ့ပခုံးကို လက်သီးဖြင့် ခပ်ဖွဖွထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com


မိုဟွမ်

ဟောင်းဟတ်ဆူ

ခွန်နိုင်အေး

ထို စာကို ဖတ်ရင်း မိုဟွမ် ရယ်ချင်သွားခဲ့မိသည်။ ရင်လည်းခုန် ရှက်အည်းရှက်ဖြင့် နော်ရီကို ကျောမလုံသလို ကြည့်တော့ နော်ရီ မျက်နှာက စပ်ဖြီးဖြီးကြီး ဖြစ်လို့နေသည်။

ဒီစာကို သူမှတစ်ဆင့် သူရကို ပေးပြီး၊ သူရက တစ်ဆင့် နော်ရီ၊ နော်ရီမှ တစ်ဆင့် သူမထံသို့ ရောက်ရှိခဲ့သည်။ 'ဟောင်းဟတ်ဆူ'ဆိုတာ ရှမ်းအသံထွက်ဖြင့် ရေးသားထားတာပဲ ဖြစ်သည်။ အဓိပ္ပာယ်က 'မင်းကို တို့ချစ်တယ်' ဟူ၍။

ဒီလို ကျပြန်တော့လည်း အလာသား ဟု သူမတွေးသည်။ 'သူသည် ဤရှမ်းစကားလုံးတို့ကို ဘယ်သူ့ထံကများ သင်ယူခဲ့ပါလိမ့်။ စာကလည်း တိုတိုတုတ်တုတ်ကြီး၊ မိုဟွမ် (သူမ)ကို ယောကျ်ားတော်တော်များများ ရေး၍ အပျင်း


www.burmeseclassic.com

www.burmeseclassic.com



ပြေဖတ်ရှုခဲ့သော စာများမှာ ဒီစာထက်ရှည်ကာ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှိသည်။ ဒီစာ ကတော့ သူမ ဖတ်ဖူးသမျှ ရည်းစားစာတွေထဲမှ အတိုဆုံး။

ဒါပေမယ့် သူမ ရင်အခုန်ရဆုံး စာဆိုတာကိုတော့ ဝန်မခံချင်ပါ။

'ဘာတဲ့လဲ စာမှန်မှန်ကျက်' တဲ့လား။

နော်ရီက 'ဟက်'ခနဲ ရယ်ရင်းမေးသည်။ သူမ စာရွက်လေးကို နော်ရီ ထံကမ်းပေးလိုက်သည်။ နော်ရီက လှမ်းယူရင်း ဖြန့်ကာဖတ်သည်။ ထို့နောက် မျက်မှောင်ကြီးကုတ်သည်။

'ဟ ဘာကြီးလဲ . . . ဘာလဲ ဟောင်းဟတ်ဆူ၊ သူ ပအိုဝ်းလို ရေးထားတာလား'

'မဟုတ်ဘူး၊ ရှမ်းလို ရေးထားတာ'

'အဓိပ္ပာယ်က ဘာလဲ'

'ထမင်းစားပြီးရင် ရေသောက်တဲ့'

သူမ နော်ရီကို ခပ်ရွဲ့ရွဲ့ဖြေတော့ နော်ရီက ပါးစပ်ကို ဟရင်း အံသွား ကို လက်ညှိုး ထိုးပြသည်။ သဘောက 'အံတိုနေပြီ'ဆိုသည့် သဘော။

'ဘာလဲ သွားကြားညပ်နေလို့လား၊ ဟိုမှာ သွားကြားထိုးတံ'

'ရှူးချင်ယောင် မဆောင်နဲ့၊ အံတိုနေပြီလို့ပြောတာ'

'ဩော် မသိပါဘူး၊ သွားကြားညပ်နေတယ်လို့ ပြောတာလားလို့'

'ငါလည်း ရှမ်းပြည်နယ်သူပါ၊ 'ဟောင်းဟတ်ဆူ'မှ မသိရင် ကိုရီးယား မင်းသမီး မလုပ်ဘူး'

အရေးထဲ နော်ရီက ကြော်ငြာ ဖြတ်ဝင်နေသေးသည်။ အမှန်ကတော့ သူမ မသိချင်ယောင်ဆောင်ကာ မေးခြင်းဖြစ်သည်။ တကယ်လို့များ သူမက 'တို့ မင်းကို ချစ်တယ်' လို့ ဘာသာပြန်ပြလိုက်သည်နှင့် သူမက 'ငါ ပြန်ပြော လိုက်တော့မယ်'ဆိုပြီး စမှာပဲ ဖြစ်သည်။ နော်ရီ့ အထာကို သူမ ကောင်း ကောင်းကြီး နောကျေနေပြီးသား။

'အဲဒီတော့ နင့်သဘောထားက'

'ငါ့သဘောထားကတော့ အရင်အတိုင်းပဲ နော်ရီ၊ ငါ သူ့ကို ယွန်းခို ဇင်နဲ့ ပတ်သက်မှု ရှိနေတယ်လို့ တစ်ထစ်ချ ယုံကြည်နေတယ်'

'မိုဟွမ်ကလည်းဟာ၊ နင့်မှာ ဘာသက်သေရှိလို့လဲ၊ နင် သူ့ရကို သေသေချာချာ မေးကြည့်ပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ငါက မိန်းကလေးဟဲ့'

သူမ၏ အဖြေကြောင့် နော်ရီ နှုတ်ဆိတ်သွားသည်။ သူမ မိန်းကလေး တစ်ယောက်၏သိက္ခာနှင့် မာနတရားကိုတော့ ကောင်းကောင်း တန်ဖိုးထား သည်လေ။

'ဒါဆို နင် သူ့ကို ဘာအဖြေမှ မပေးဘူး ဆိုပါတော့'

'ဒါကတော့ စောင့်ကြည့်ရမယ်လေ၊ သူ ငါ့ကို စာလေးတစ်စောင် လောက်နဲ့ အကဲစမ်းကြည့်တာလား၊ သေသေချာချာ ချစ်လားဆိုတာကို၊ နောက်ပြီး ယွန်းမီဇင်နဲ့ အခြေအနေကိုလည်း ငါ သေသေချာချာ အကဲခတ်ကြည့်ချင် သေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ယူ

၁။ သွားလား၊ ဘာတဲ့လဲ'

သူ့အမေးကို သူရက မဖြေသေး၊ ရှူးချင်ယောင်ဆောင်ကာ မကြားချင်ယောင် ဆောင်နေသည်။

'ဟာကောင် သူရ ယူသွားတယ် မဟုတ်လား'

ဟာဘာကိုလဲ၊ ဒီမှာ ရည်းစားချိန်းရာက ပြန်လာတာကွ၊ အလိုက်သိ စမ်းပါ။ ကိုယ်ချစ်သူအကြောင်း ပြန်တွေးရင်း ယူလိုက်ဦးမယ်'

တကယ်တော့ သူရနှင့် ဇာနေ်ရီတို့က အတိအလင်း ချစ်သူ ဖြစ်ကြသေးတာ မဟုတ်မှန်း သူ သိထားသည်။ ဒါကို သကောင့်သားက ပါးစပ်အရသာ ခံကာ 'ကိုယ့်ချစ်သူ'တွေ ဘာတွေ လုပ်နေသည်။ မသိတာလည်း မဟုတ်၊ ဒီက ကောင်ကို အချဉ်လုပ်နေသည်။

'ရတယ်လေ၊ မင်း မပြောချင်လည်း နေပေါ့ကွာ၊ ငါ နေ်ရီ့ကိုပဲ သွားမေးတော့မယ်'

'ဘာလဲ ဘာသွားမေးမှာလဲ၊ ထမင်းစားပြီးပြီလားလို့ သွားမေးမှာလား



www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား ဟား'

'အေး ရယ်နေ ငါက နော်ရီကို ဟိုကောင်က နင်နဲ့ ရည်းစားချိန်းပြီး ပြန်လာတယ် ပြောနေတယ်၊ အဲတာ ဟုတ်လားတွေ ဘာတွေ မေးပစ်မှာ ငါက သည်း ရန်လင်း သူငယ်ချင်းနော် ဟွန်း'

ရန်လင်းက မဆီမဆိုင် သူ့ကို ဆွဲထည့်သဖြင့် သူ့ကောင်မလေး နွယ်သူ၏ မာတ်ပုံကို ခပ်ကြွားကြွား ကြည့်နေရင်းက သူ့ကို ဘုကြည့်ကြည့်သည်။

'အောင် မာမာ မင်းလိုဘာမှ မဟုတ်တာကို ရှက်တတ်တဲ့ ကောင်လား မေးရဲမှာ'

'လုပ်လိုက်လေ၊ ကြာသလားလို့ ငါ အခုသွားမယ်'

သူ ခပ်တည်တည်နဲ့ထရပ်ကာ ခြေလှမ်းပြင်တော့ သကောင့်သားက အခန်းဝမှာ ပြေးရပ်သည်။

'မနောက်နဲ့လေ၊ လာပါ ငါပြောပြပါ့မယ်၊ နော်ရီက မိုဟွမ်ကို မင်းရဲ့ စာ ပေးလိုက်တော့ ဝမ်းသာအားရ ယူသွားသတဲ့၊ အဲ အိမ်သာတက်ခါနီးဆို တော့ အသုံးဝင်တာကိုး'

သူရက ခုတင်ဆီ ဆွဲခေါ်ရင်း ထိုသို့ဆိုသည်။ ပြီး ခုတင်ပေါ်မှာ ထိုင်လျက် တဟားဟား ရယ်သည်။ ငြိမ်းဆွေနှင့် ရန်လင်းက လိုက်ပြုံးသည်။

သူကတော့ ပြုံးရုံသာ ပြုံးဖြစ်သည်။ ထိုအပြုံးက မချိပြုံး။

'အလကား စတာ ပါကွာ၊ မင်းရဲ့စာကို ပေးလိုက်တော့ ဝမ်းသာအားရ ကြီးကို ယူသွားတာတဲ့'

'ဘာလဲ နှပ်ညှစ်ခါနီး အချိန်ဆိုတော့အသုံးဝင်မှာကိုး' လို့ပြောဦး မလို့လား'

သူအရင် ငေါ့လိုက်သဖြင့် သူရက 'မဟုတ်ပါဘူးကွာ' ဟား ဟား ဟု ရယ်သည်။

'ကိုယ့်စာရဲ့ အခြေအနေကို ကိုယ်သိနေတဲ့ သဘောပဲကွ'

ငြိမ်းဆွေက ထိုင်ခုံပေါ်မှ လှမ်းပြောရင်း 'ဟက်'ခနဲ ရယ်သည်။ သူပါ လိုက်ရယ်ဖြစ်သည်။ ဒါပေမယ့် သူ့စာအပေါ် သူမ၏ သဘောထား သည်တို့ကို သူ အသည်းအသန် သိချင်နေခဲ့သည်။

'ကဲ ကဲ ကဲ. .. ငါ့ကောင်ကြီး သိချင်နေလောက်ရောပေါ့ ဒီလို ကွာ မင်းစာကိုလည်း ပေးလိုက်ရော မိုဟွမ်က ဝမ်းသာအားရ ယူသွားတာတဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟကောင် ဖောက်မလာနဲ့နော်၊ ဒီမှာ လက်သီးတွေ့လား'

'အေးပါနိုင်အေးရ၊ ငါပြောတာတောင် ဘယ်ရောက်သွားပြီလဲ'

'ဝမ်းသာအားရ ယူသွားတာ' ဆိုတဲ့အထိ ရောက်ပြီ သူရ'

'အာ ငြိမ်းဆွေ ပြောတာ မဟုတ်သေးဘူး သူရ၊ စာကိုလည်း ပေးလိုက် ရော ' အထိပဲ ရောက်သေးတယ်'

'ဟာ ဒီကောင် ရန်လင်း မင်းဉာဏ်အားကို မကောင်းဘူး၊ ဝမ်းသာ အားရ ယူတဲ့အထိ ရောက်ပြီ သူရ'

'မဟုတ်ဘူး စာကိုလည်း ပေးလိုက်ရောအထိ'

သူ့ကို အလယ်ထားကာ ငြိမ်းဆွေနှင့် ရန်လင်းက ရှုးချင်ယောင် ဆောင်သည်။ တစ်ယောက် တစ်ပေါက် စကားများချင်ယောင် ဆောင်သည်။ သိသိကြီး ဆိုပေမယ့် ပေရှည်နေမည်စိုး၍ သူ မသိချင်ယောင် ဆောင်ကာ နေလိုက်သည်။ ဝိုင်းကြပ်နေလိုက်ကြပုံများ. . .

'ကဲ ကဲ မထူးဘူး အစကပဲ ပြန်ပြောတော့မယ်'

'အေး ပြော၊ ဟကောင် ငြိမ်းဆွေ ငါက အမှန်ကွ သိလား'

'အောင်မာ လာလာချည်သေးတော့၊ ငါက အမှန်ကွနော် နိုင်အေး'

အရေးထဲ ငြိမ်းဆွေက သူ့ကိုပဲ ဆွဲထည့်လိုက်သေးသည်။

'တော်ပြီကွာ မင်းတို့ကောင်တွေ ငါတင်းလာပြီ မပြောနဲ့တော့ ရှာ'

သူတကယ်ကြီး ညစ်သွားသဖြင့် စိတ်ညစ်ညစ်နဲ့ ထိုသို့ပြောရင်း ခုတင်ပေါ် ပက်လက်လှန်ချကာ မျက်လုံးကို မှိတ်ထားလိုက်သည်။ မိုဟွမ်ကို သူမြင်သည်။

'ကဲပါကွာ ငါ ပြောမြပါ့မယ်'

သူရက သူ့ဘေးမှာ လာကပ်ထိုင်ရင်း လေပြည်ဖြင့် ဆိုသည်။ သူ မျက်လုံးကို ပြန်မဖွင့်မိ၊ တင်းလဏ်စနှင့် တင်းချင်ယောင် ဆောင်ထားရသည်။ တော်ကြာ 'ဝမ်းသာအားရ ယူသွားမှာပေါ့' ဆိုပြီး လုပ်နေဦးမည်။

'မိုဟွမ်က စာကို ဖတ်ကြည့်ပြီး ပြုံးတယ်တဲ့၊ နော်ရီက ပြောတယ် အဲဒီတစ်စောင်တည်းနဲ့တော့ မဖြစ်နိုင်လောက်ဘူးတဲ့။ မိုဟွမ်က တခြား မိန်းကလေးတွေလို မဟုတ်ဘူးတဲ့။ ပြီးတော့ မင်းကိုလည်း ယွန်းမီဇင်နဲ့ သိသယ် ဝင်နေတယ်' တဲ့၊ မင်း အနေအထိုင် ဆင်ခြင်လိုက်ရင် ပွဲပြီးပြီ'

သူရ၏ စကားအဆုံးမှာ သူ မျက်လုံးကို 'ဖျပ်'ခနဲ ဖွင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းမီဇင်' နှင့်။ ထင်တော့ အထင်သားပင်၊ ထို သာလိကာမလေးနှင့် အတယ်တမ်း သွားသွားလာလာ မလုပ်ဖြစ်တာတောင် ကြာလှပြီ၊ သူကလည်း အမင် ရှောင်နေခဲ့သည်ကိုး။

ဒါတောင် ချောကလက်တွေ အများကြီးပါသော အသည်းပုံ ချော ကလက်ဘူးကို ဖဲကြိုးစည်းပြီး ဖွတ်ပေးခဲ့၍ သူ ယူခဲ့ရသေးတာကို သူမ မသိ လောက်ပေလို့။

အဲဒီကိစ္စကိုသာ သိလို့ကတော့ မလွယ်၊ သူကလည်း အသည်းအသန် ငြင်းလျှင် မကောင်းတတ်သည်မို့ မယူချင် ယူချင်နှင့် ယူခဲ့သေးသည်။ ပြီး ကျောင်းကပြန်လာသော မူလတန်း ကျောင်းသား ကျောင်းသူလေးတွေကို ပေး ခဲ့တာ ပြန်အမှတ်ရသည်။

'ရန်လင်း မင်းကလည်း ဒီကောင့်ကို ယွန်းမီဇင်နဲ့ ဖွတ်ကြီး မလျော်နဲ့-

'အာ မြားဦးက ငါ့ဘက် မလှည့်နဲ့လေ၊ ငြိမ်းဆွေရဲ့ ကတ္တူကဲ ပြန်လာ တာည့်းက ငါ မတိုက်တွန်းခဲ့တာ မင်းလည်း အသိပဲ၊ မေးကြည့်ပါလား၊ ဒီ ကောင် အရှင်လတ်လတ်ကြီး ရှိသေးတယ်'

ငြိမ်းဆွေကို အနည်းငယ် ဒေါသထွက်သွားဟန်ဖြင့် ရန်လင်းက ထိုသို့ ဆိုသည်။

'တစ်ခုတော့ရှိတယ် ကြုံရင် ကြုံသလို မင်းတို့ ပတ်သက်မှု မရှိဘူး ဆိုတာကို ငါပြောပြပေးမယ်လေ၊ မင်းကလည်း စာလေးတစ်စောင်နဲ့ ဘရိတ် ချုပ် မထားနဲ့၊ မိုဟွမ်လို မိန်းကလေးမျိုးက တစ်ချက်တည်းနဲ့တော့လှုပ်ရှားမှာ မဟုတ်ဘူး၊ လှုပ်ပါများမှ နဲ့နဲ့လှာမယ့် သဘောရှိတယ်'

သူရ ဖြတ်ပြောသော စကားကို အားလုံးကခေါင်းညိတ်ကြသည်။ သူ့ ဆက်ပြင်းကိုသာ ချဖြစ်သည်။

မိုဟွမ်ရေ. . . ခက်ခဲပါဘိ။



www.burmeseclassic.com

www.burmeseclassic.com



။

ဆုတောင်ဘွဲ့
ယုံပါကွယ်
ငါက လက်ဆွဲတက်ချင်ယောင်ဆောင်ထားတဲ့
ပုပ်သိုးနေတဲ့ သံစဉ် တစ်ပုဒ်လည်း မဟုတ်ပါဘူး။

။



www.burmeseclassic.com

www.burmeseclassic.com


၁၁။ သူရ

နှင့် နော်ရီကလည်း အဆင်ပြေသွားခဲ့ပြီမို့ သူတို့အုပ်စုမှာ သူတစ်ယောက်သာ ရည်းစားလက်မဲ့အဖြစ် ကျန်ရစ်သည်။

'ထ ထ. . . နိုင်အေး၊ ဒီကောင်က အတော် အိပ်ပုတ်တဲ့ကောင်'

ညက တော်တော်နှင့်အိပ်မပျော်ခဲ့သည်မို့ နံနက်အိပ်ရာထ နောက်မကျ စဖူးကျသည်။ သကောင့်သားများပင် မျက်နှာသစ် ရေချိုးပြီးကြပြီထင့်။

အခန်းတံခါးကို ဖွင့်ပေးလိုက်တော့ သုံးယောက်သား စပ်ဖြီးဖြီးတွေနှင့် ဝင်လာကြသည်။ သူ မမြင်ချင်ယောင် ဆောင်ကာ နေလိုက်ရသော်လည်း 'အကြံအစည် တစ်ခုတော့ ရှိရမယ်' ဟု မာမီးခေါက်ဆွဲကြော်ငြာထဲကလို 'သူ' တွေးဖြစ်သည်။

'မင်း ညက အိပ်မပျော်ဘူးလား'

ရန်လင်း၏ စပ်ဖြီးဖြီးအမေးကို သူ 'အေး' ဟု ခပ်တည်တည် ပြန်ဖြေလိုက်သည်။

'ဘယ်ပျော်မလဲ၊ ရည်းစားမှ မရှိတာ'


www.burmeseclassic.com

www.burmeseclassic.com



ဘလိုင်းကြီး ငြိမ်းဆွေက ဝင်ဆော်သည်။ သူ 'ဟက်'ခနဲ ရှက်ရယ် ရှယ်ဖြစ်သည်။ 'ဘာဆိုင်လို့လဲကွ'ဟု သူ အရယ်တစ်ဝက်ဖြင့် မေးဖြစ်သည်။

'ငါတို့ ကောင်တွေက ရည်းစားကိုယ်စီ ရှိကြတဲ့၊ အဲ . : . မင်းရဲ့ ဆရာလို့ ပြောရင်လည်း ရတဲ့၊ ဘယ်လို ပြောမလဲကွာ၊ တစ်ခုေ ကာ့ ရှိတယ်နော်၊ ကိုယ့်ထက်သာ မနာလိုတော့ မဖြစ်နဲ့၊ မရယ်နဲ့လေ၊ မင်းကို ဟာသတွေလာတင် ဆက်နေတာမဟုတ်ဘူး၊ ငါပြောတာ ဘယ်ရောက်သွားပြီလဲ'

'ဟိုကွာ ငါတို့အရည်အချင်းရှိတဲ့ ကောင်တွေက ရည်းစားကိုယ်စီနဲ့ အဟ်'

'ဩော် အေး ဟုတ်ပြီ အဲဒီတော့ နိုင်အေးရာ မင်းက ရည်းစားမရှိ တော့ အိမ်ရာဝင်ချိန်လည်း ကြည့်စရာ ဓာတ်ပုံက မရှိ၊ တွေးရင်း စဉ်းစားရင်း အိပ်ရအောင် ချစ်သူက မရှိဆိုတော့'

'ဘာမှ မဆိုင်ဘူး'

သူရ၏ စကားကို သူ ဖြတ်ပြောလိုက်သဖြင့် သူရ နင်တင်တင်ကြီး ဖြစ်လို့သွားသည်။ ဘလိုင်းကြီး လူကို စောစောစီးစီး လာခွပ်နေသည်။ သူရ ကလည်း ခေသူမဟုတ်။

'ဟ ဆိုင်တာပေါ့၊ ငါကောင်ရ ဒူပါ့ကွာ၊ ဒူပါ၊ ဒီမှာ ငါတို့ကောင်တွေ က ရည်းစား'

'အေးပါကွာ အဲဒီ မင်းတို့ ရည်းစား ကိုယ်စီရှိတယ်ဆိုတာကြီးကို ကျော်ပြောစမ်းပါ၊ နားခါးလွန်းလို့၊ အမြင်တောင် ကတ်လာပြီ'

သူ့စကားကြောင့် အားလုံးက တရုတ်သိုင်းကားများထဲက လူဆိုးဗိုလ် ၏ နောက်လိုက်များ၏ ရယ်သံလို တဟားဟားဖြင့် သဘောတကျ ရယ်သည်။ တော်တော်လေး အမြင်ကတ်စရာ ကောင်းပါသည်။

'အေးပါကွာ ငါတို့အားလုံး ရည်းစားရှိတယ်ဆိုတာကို ကျော်ပြီးတော့ ပြောပေးလိုက်စမ်းပါ'

'ဩော် ကိုယ့်ထက်သာ မနာလို' ဆိုတာ ဒါကိုး ဒုက္ခ ဒုက္ခ'

အရေးထဲ ငြိမ်းဆွေနှင့် ရန်လင်းက ပဏာ ဝင်ယူနေလိုက်ကြသေး သည်။ သူရက စကားဆက်ရန် ပြင်သည်။ သူဗိုက်ထဲ ရစ်ရစ်၍ နာလာသည်။

'နေဦး မင်းတို့ခဏစောင့်၊ ငါအိမ်သာ ပြေးတက်ပြီး၊ မျှော်နှာသစ် ရေချိုး ချိုး'

www.burmeseclassic.com


..............

'ဟ ကောင်တွေ ဟဲခါးပိတ်'

ရန်လင်း၏ အမိန့်သံအဆုံး သူရက တံခါးကို Spider Man နီးနီး လျှင်မြန်သော အဟုန်ဖြင့် တံခါးကို ပြေးပိတ်ရင်း အပေါက်ဝမှ ပိတ်ရပ်သည်။ သူတို့အထင် သူတို့ကို ရှောင်ကာ လစ်ထွက်ရန် ကြံသည်ဟု ထင်နေဟန် တူသည်။ ဗိုက်က ရစ်ကာ ရစ်ကာဖြင့် နာလာသည်။ ငြိမ်းဆွေနှင့် ရန်လင်းက 'ဟကောင်တွေငါ အတည် . . . အတည်ကွ' ဟု ပြောနေသည့်ကြားက တစ်ယောက် တစ်ဖက်သူ့ကို ချုပ်ထားသည်။

'အံခွနေပြီ ဒီလိုကိစ္စတွေ၊ ရှိး . . . ဟိုးဟိုး နေပြီ'

သူရက အံကို ဟပြရင်း ထိုသို့ဆိုသည်။ သူ အနည်းငယ် စိတ်တို လာသည်။

'ဘာလဲ မင်းက နောက်နေတယ် ထင်လို့လား၊ အား အောင်မလေး ကျွတ်ကျွတ် တကယ်ကွ၊ ငါ အတည် . . . အတည်'

ပြောရင်းဆိုရင်း ဗိုက်က ပိုပို ရစ်ကာနာလို့လာသည်။ သကောင့်သား ရန်လင်းနှင့် ငြိမ်းဆွေ တံခါးဆီသွားသည့်သူ့လက်မောင်းကို ဆွဲကာ ခုတင်ပေါ် ထိုင်စေသည်။ တအားလည်း ရုန်းလို့မရ ထွက်ကျသွားနိုင်သည်။

'ငါတို့ပြောတာကို နားထောင်ပြီးမှသွား'

'ဟာကွာ မင်းတို့ကောင်တွေကလည်း ဇွတ်၊ ဒီမှာ တကယ် အတည်ကွ ဗိုက်နာနေပြီ၊ အား အား . . . အောင်မလေး ကျွတ် ကျွတ် . . . ငါပါချ လိုက်မှာနော်'

သူ ခြိမ်းခြောက်ကြည့်သေးသည်။ မရ။ တံခါးဝမှာ ပိတ်ကာ ရပ်နေသော သူရက မျက်နှာကြီး တကယ်နီမြန်းကာ ရှုံ့မဲ့နေသော သူ့ကိုကြည့် ရင်း 'ဟက်'ခနဲ ရယ်သည်။

'တောက်၊ တော်လိုက်တဲ့ သရုပ်ဆောင်ပညာ၊ ဟင်း အော်စကာတွေ အပြွတ်လိုက် ပေးလိုက်ဖို့ကောင်းတယ်၊ ပြော မင်း ငါတို့ရဲ့ ဆိုခုံးမ စကားတွေ ကို မြေဝယ်မကျ နားထောင်မှာလား၊ နားမထောင်ဘူးလား'

'ငါ ငါ . . . နားထောင်ပါမယ်ကွာ၊ အား ကျွတ်ကျွတ် ငါ အတည် . . . တည် . . . အိမ်သာတက်ချင် နေလို့ပါ၊ တကယ်ပါ'

သူ အားအင်ယုတ်လျော့စွာ ပြောဖြစ်သည်။ ဆက်လည်း မရုန်းနိုင် တော့၊ အောင့်ထားရသော ဒုက္ခ၊ ဒုက္ခမျိုးကွဲတွေထဲမှာ အိမ်သာတက်ချင်သည်


www.burmeseclassic.com

www.burmeseclassic.com



ကို အောင့်ထား ထားရသော ဒုက္ခလည်း ပါမည် ထင်သည်။

'အား. . . ကျွတ် ကျွတ်. . . လွှတ်ပေးပါကွာ၊ ဒီနေ့ တစ်နေကုန်ထိုင်ပြီး ငါ နားထောင်ပေးပါ့မယ်ကွာ'

'ဟ ရန်လင်း၊ ငြိမ်းဆွေ၊ လွှတ်ပေးလိုက်တော့၊ ဒီကောင့်ကို ကြည့်ရတာ ဝေဒနာကို တကယ်ခံစားနေရပုံပဲ၊ လွှတ်ပေးလိုက် တော်ကြာ၊ အဟုတ်ပါ ချနေဦးမည်'

သူရ၏ တိုက်တွန်းမှုအဆုံး ရန်လင်းနှင့် ငြိမ်းဆွေက လွှတ်ပေးသည်။ အမြန် မသွားနိုင်။ ဗိုက်ကို နှိပ်ရင်း ကွတတကြီး ထွက်လာသော သူ့ကို ကြည့်ကာ သကောင့်သားများ ရယ်ရင်း ကျန်ရစ်ခဲ့သည်။ သူကတော့ အောက်ထပ်က အိမ်သာဆီ တစ်လှမ်းချင်း။

အိမ်သာတက်၊ ရေမိုးချိုးပြီးသည်အထိ သကောင့်သားများက စိတ်ရှည်လက်ရှည်ဖြင့် သူ့အခန်းထဲမှာပင် ထိုင်စောင့်နေကြသည်။ သူအဝတ်လဲသည့် တစ်ချိန်လုံး တစ်ယောက်တစ်ပေါက် ဝိုင်းရွှတ်ကြသေးသည်။

'ဟကောင် လက်ဖက်ရည်ဆိုင် သွားမှာနော်၊ ဟိုရောက်တော့မှ အိမ်သာ တက်ချင်တယ် ထပ်မလုပ်နဲ့၊ တစ်ခါတည်း ကိစ္စပြီးအောင်လုပ်'

'အေးပါကွာ'

ဟငါတို့ တစ်ယောက်ချင်းစီရဲ့ မိန့်ခွန်းမယ့် ဆုံးမစကားကိုလည်း ရှိရှိသေသေ တစ်လုံးမကျန် လေးလေးစားစားနဲ့ မြေဝယ်မကျ နားထောင်ရမယ် ကြားလား'

'အေးပါကွ'

'အဓိကကတော့ မင်းရဲ့ ဆြာတွေ စားကြ သောက်ကြမယ့် ကုန်ကျစရိတ်ရှင်းဖို့ငွေလုံလုံလောက်လောက် ထည့်ခဲ့၊ ဟိုရောက်ရင် မျက်နှာမပျက်မငြိုမငြင် အောင်မလေး . . . မောလိုက်တာကွာ ရှင်းပေးရမယ်၊ ကြားတယ်မဟုတ်လား'

. . . . . . . . . . . .

'ဟာ ဟကောင် ဖြေလေကွာ၊ ကြားလား မကြားဘူးလား'

'နားရိဝက်လောက်ရှိပြီ နားမကြားတာ၊ မယုံမရှိနဲ့ အတည်တတည်'

စပ်ဖြီးဖြီးပြောသော သူ့စကားကြောင့် 'ဘာကွ' ဟု အော်ရွှတ်ရင်း သကောင့်သားများက ထိုင်နေရာမှ အသီးသီး ထရပ်ကြသည်။ သူ ဟက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ရယ်ဖြစ်သည်။

'အလကား စတာပါကွာ၊ ကျော့ပူ နားပူ ခံနေကျပါကွ'

'အာ၊ ဘာကွ'

'အလကား စတာပါကွာ. . . မသထာတဲ့ကြားက ကျွေးရဦးမှာပေါ့လေ'

' ဟာ ဒီကောင် '

'စတာပါကွာ၊ သည်းခံမှာပေါ့ကွ၊ မင်းတို့က အရည်အချင်းရှိတဲ့ ရည်းစားရှိတဲ့ကောင်တွေ မဟုတ်လား'

သူ့စကားကြောင့် သကောင့်သားများ 'ဒီလိုမှပေါ့' ဟု ဆိုကြသည်။ သူတို့အားလုံး 'ပန်းသီလာ' ဘက်သို့ ထွက်ခဲ့ကြသည်။

'ပန်းသီလာ' ရောက်တော့မှာကြား စားသောက်ကြပြီးနောက် သူရက ရေနွေးကို တစ်ငုံသောက်ပြီး 'ကဲ စမယ် အဟမ်း' ဟု ချောင်းဟန့်ရင်း ဆိုသည်။

'စတော့မှာလား'

'အေး'

'ကက်ဆက် Volume ချဲ့ခိုင်းလိုက်မယ်နော်'

'ဒီကောင်၊ နာချင်ပြီနဲ့တူတယ်'

သူ၏ ပြောင်ချော်ချော် အပြောကြောင့် သူရက 'နာချင်ပြီ ထင်တယ်' ဟု အရယ်တစ်ဝက်ဖြင့်ဆိုသည်။

'ဒီလိုပါကွာ မင်းကို ကြီးနိုင်ငယ်ညှဉ်း နှိပ်ကွပ်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ငါတို့လို ပြည့်ဝတဲ့ အဟမ်း၊ အရည်အချင်းရှိတဲ့ ရည်းစားရှိ၊ မင်းရဲ့ အပူဇော်ခံ ဆိုလည်းဟုတ်တဲ့ ငါတို့တွေက အဟမ်း'

'ချောင်းဆိုးနေရင်လည်း နောက်မှ ပြောပါလား'

'ဘာကွ ချောင်းဆိုးနေတာ မဟုတ်ဘူး၊ ချောင်းဟန့်နေတာ အေးအေး ဆေးဆေး နားထောင်စမ်း အဟမ်း'

ရယ်ချင်စိတ်ကို အတော်ကြီး အောင့်ထားရသော ငြိမ်းဆွေက ရေနွေးကို ငုံထားရက်က ဖွတ်မျိုချရာ ထ ပြီး သီးသည်။ သူရကတော့ ဂရုစိုက်၊ 'ပြောဦးမှာ' ဆိုသော ပုံစံဖြင့် ရေနွေးတစ်ခွက်ပင် ခပ်တည်တည်ငဲ့၍ အေးအေး ခံလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဟမ်း'

'ဟကောင် အဲဒီ အဟမ်းဆိုတာကြီး မထည့်စမ်းပါနဲ့၊ ငါလည်းချောင်းဟားချင်ချင် ဖြစ်လာပြီ၊တော်ကြာ လျက်ဆား လာရောင်းနေပါဦးမယ် 'အဟမ်း'

ငြိမ်းဆွေက ဝင်ရောက် တားမြစ်သလိုလိုနှင့် ဝင်ကာ 'အဟမ်း' တော့ ဆရာသမားက နှာကစ်ကြည့်ဖြင့် မကျေမချမ်းကြည့်သည်။

'ဒီလိုကွ နိုင်အေးရ၊ ငါတို့အားလုံးက ရည်းစားရှိပြီးသားဆိုတာကို ထည့်မပြောတော့ပါဘူး၊ မင်းကလည်း သိပြီးသားလေ . .'

သူရ၏ စကားကို သူက 'ဒါပေါ့ ဒါပေါ့'ဟု ပြောင်ချော်ချော် ဝင်ထောက်ပေးသည်။ သကောင့်သားက ရေနွေးကို ဟန်ပါပါ တစ်ငုံသောက်သည်။ ပြီးတော့မှ

'ငါ ငယ်ငယ်လေးကတည်းက ကိုယ့်မှာရှိပြီး သူများမှာမရှိရင် အရမ်းစိတ်မကောင်းဖြစ်တာ၊ အခုလည်းကြည့် ၊ ငါတို့မှ ရည်းစားလေ မင်းလည်း သိပါတယ်၊ အဲဒီတော့ ရည်းစား ကိုယ်စီ ငါတို့မှာရှိပြီး မင်းမှာ မရှိလေတော့ ကာ. . .'

'ဘာလဲ မင်းတို့ပါ ရည်းစားလက်မဲ့ဖြစ်အောင် ရည်းစားတွေကို ဖြတ်ပစ်ကြမလို့လား၊ မလုပ်ပါနဲ့မင်းတို့ ခဲခဲယဉ်းယဉ်းကြီး ရထားကြတာ မင်းတို့ရည်းစားတွေခမျာ ကံဆိုး မိုးမှောင်ကျပြီး လင်းတကို လူမှတ်လို့ ရည်းစား လုပ်ထားကြရှာတာ'

'ဟ ကောင်'

'မင်း ကိုယ့်ဆြာကြီးတွေကို မင်းစော်ကားနေတယ်'

'ရဦးမယ်၊ ရည်း စား၊ ဟင်း. . . မင်းဆြာကြီး ပြောနေတာ နား ထောင်ထားလေ၊ ဘာမှ အထွန့်မတက်နဲ့. . . ဟွင်းဟွင်း. . . လက်ဖက်ရည် မျက်နှာကြောင့်ပေါ့ ကွာ'

တစ်ယောက် တစ်ပေါက်စီ လူကို နှိပ်ကွပ်နေကြသည်။

'ကဲကဲ မင်းဆြာ ငါတို့ သုံးယောက်စလုံးရဲ့ ကိုယ်စား ငါကပဲ'

'ဟကောင် ရန်လင်း မင်းအသာနေ ငါက အရှိန်ရနေပြီ ငါပဲ ပြောမယ်'

'ဘယ်ရမလဲကွ၊ တော်ပြီနိုင်အေး၊ ငါ့ကိုကြည့် ရည်းစားဆိုတာကို ပထမဆုံး ငါတို့အဖွဲ့ထဲမှာရခဲ့တာ ငါ၊ ဒီတော့ကာ ငါကပဲ မင်းကိုပြောမယ်



www.burmeseclassic.com

www.burmeseclassic.com


ဘာတတ်ပြီလဲ'

ငြိမ်းဆွေ၏ စကားကြောင့် ရန်လင်းနှင့် သူရ ပါးစပ်ပိတ်သွားသည်။ မိတ်ဆို ငြိမ်းဆွေက သူတို့အားလုံးထဲမှာ သမ္မာရင့် ဝါရင့် ဖြစ်သည်ကိုး။

'ဒီလိုကွ ငါရဲ့ အတွေ့အကြုံကို ပြောရရင် မင်း မိုဟွမ်ကို စာပေးတာ တစ်စောင်မက တော့ဘူး၊ အဲ ညည သီချင်းသွားသွားဆိုရတာလည်း ငါ့ဥပမာ ဆေး နည်းနည်းကြွမ်းမယ်နော်၊ မင့်အတွက်ပါ . . . ဒီတော့ မင်းဗျူဟာပြောင်း တော့'

ငြိမ်းဆွေက ရေနွေးတစ်ငုံကို ဖြတ်သောက်သည်။ ပြီးတော့ စကားကို ဆက်သည်။

'ရည်းစားတစ်ယောက် ရဖို့ ရှုပါနဲ့ ဗျူဟာဆိုတာ ရှိရတယ်၊ မင့်မှာ ရှုပါရှိပြီးသားနော်၊ မင်းမှာရှုပါဆိုတာက ငါတို့လောက်နီးနီး ဖြောင့်ပြီးသား၊ ဗျူ ဟာလိုတယ်၊ အခု မင်းသုံးနေတဲ့ ဗျူဟာက အင်းတိတ်ကြီး၊ ဒါကြောင့် မင်း စာပေးတဲ့ ဗျူဟာကနေ ပါးစပ်နဲ့ လိုက်ပြောရမယ့် ဗျူဟာကို ပြောင်းတော့၊ ငါတို့ မင်းကို ပြောချင်တာ ဒါပဲ၊ ပြီးပြီ'

ငြိမ်းဆွေက ထိုသို့ဆိုရင်း ဟိုနှစ်ကောင်ဘက် လှည့်ကာ 'ဒါပဲ မဟုတ် သား' ဟု မျက်ခုံးကို ပင့်ကာပြသည်။ ဆုံးမစကားဖြင့် ချီးမြှင့်ကာ ဆရာကြီး ထောပ်လိုက်ရရှာသော နှစ်ကောင်သားက အောင့်သက်သက်ကြီး ဖြစ်နေကြ သည်။

'မိုဟွမ်က ကျောင်းကပြန်တိုင်း၊ သူ့ သူငယ်ချင်း နော်ရီပဲ ဘေးမှာ ပါတာ၊ နော်ရီကို သူရက ကြည့်ပြီး စည်းရုံးထားလိမ့်မယ်၊ မင်းက ပီပီပြင်ပြင် ခင် လှုပ်ရှားဖို့ပဲလိုတယ်'

ရန်လင်းက တွေးတွေးဆဆဖြင့် ဆိုသည်။

'နော်ရီက ငါ့ကိုပြောတယ်၊ မိုဟွမ်ကို စနေတဲ့ လူတွေက အများကြီး ပဲတဲ့၊ သူတို့ ဥပဒေ မေဂျာမှာကိုပဲ မနည်းဘူးတဲ့ဆရာ၊ သူတို့က မေဂျာတူဆို တော့ မင်းထက် အများကြီး အခွင့်အရေး ပိုရမှာကတော့ အမှန်ပဲ၊ ဒီတော့ မင်းက စာလေးပေးရုံ၊ သီချင်းလေး သွားဆိုရုံနဲ့ ဘယ်လိုမှ မရနိုင်ဘူး'

သူရက ထိုသို့ ဝင်ကာပြောပြသည်။ သူရစကားကြောင့် သူ့ရင်ထဲ မှာ မီးဟတ်လိုက်သလိုမျိုး ပူစပ်စပ်ကြီး ဖြစ်သွားရသည်။ စာပေးဖြေပြီး အတော်ကြာကြာကြီး ခွဲရဦးမှာပါလား' ဟူသော အသိကလည်း အသက်ရှ


www.burmeseclassic.com

www.burmeseclassic.com



ကျပ်စေပြန်သည်။

သူတို့စကားတွေ ပြောနေကြတုန်း ဆိုင်ရှေ့မှာ အဖြူရောင် Mark II တစ်စီးလာရပ်သည်။ ဘာရယ်မဟုတ် ကြည့်မိကြသည်။

'ဟာ သာလီကာနဲ့ ကြက်တူရွေးကွ'

ရန်လင်းက ဝမ်းသာအားရဆိုသည်။ သူ့ကောင်မလေး ကြက်တူရွေးခေါ် နွယ်သူဇာပါ ပါလာသည်ကိုး။ သူမတို့က ကားပေါ်မှ မဆင်းသေးဘဲ ဆိုင်ထဲကို လှမ်းကြည့်သည်။ နွယ်သူဇာကို ရန်လင်းက လက်ပြသည်။ နွယ်သူဇာက မြင်သွားပြီး ဝမ်းသာအားရဖြင့် လက်ပြန်ပြသည်။ ပြီး သူတို့ ကားပေါ်မှ ဆင်းလာကြသည်။

တနင်္ဂနွေနေ့မို့ ကျောင်းသား ကျောင်းသူ အတော်များများ ရှိနေကြသည်။ ကားကို ကိုယ်တိုင် မောင်းလာသော ကောင်မလေးဖြစ်သည့် ယွန်းမီဇင်ကို ဝိုင်းကြည့်နေကြသည်။ ကြည့်ရလောက်အောင်လည်း ယွန်းမီဇင်က ခေတ်ဆန်စွာ လှမသည်ကိုး။

'အဆောင် ရောက်ခဲ့သေးတယ်၊ ဒီဘက်ထွက်သွားတယ် ဆိုလို့'

ယွန်းမီဇင်ကို သူ့ကို တည့်တည့်ကြည့်ကာ ပြောရင်း ခုံလွတ်မှာ ဝင်ကာ ထိုင်သည်။ 'အဆောင်ကို ရောက်ခဲ့သေးသည်တဲ့' ။ တကယ်ဆို တစ်ခါမှ မလာဖူးသည်မို့ သူ့အတွက်တော့ အံ့အားသင့်စရာပဲ ဖြစ်သည်။

'ဟို . . . ဘာလို လို့လဲ မသိဘူး'

'ဩော် ကိုယ့်သူငယ်ချင်းဆီ ကိုယ်လာတာပဲ၊ ကိစ္စရှိမှ လာရမှာလား လို့'

ယွန်းမီဇင်က နှုတ်ခမ်းကို စူရင်းဆိုသည်။ တော်တန်ရုံလူသာဆို ထို အလှအပနှင့် အဖွဲ့အနွဲ့တို့မှာ ပစ်ကျသွားလောက်သည်။

'လာမယ့် ဗုဒ္ဓဟူးနေ့က မီ့ မွေးနေ့လေ၊ အဲဒါ လာဖိတ်တာ၊ မနက်ဖြန်နဲ့ သန်ဘက်ခါ ကျောင်းမလာဖြစ်မှာစိုးလို့ ဆရာ၊ ဆရာမတွေနဲ့ နိုင်အေးတို့ကို အရင်လာဖိတ်တာ၊ အခန်းထဲက သူငယ်ချင်းတွေကိုတော့ မနက်ဖြန်မှပဲ နွယ်သူဇာနဲ့ ဖိတ်ခိုင်းလိုက်မှာ၊ မီ ကျောင်းလာဖြစ်ရင်တော့ မီကိုယ်တိုင်ပဲ ရှေ့ ဖိတ်စာ၊ မလာရင် စိတ်ဆိုးမှာနော်'

သူ ဖိတ်စာကို လှမ်းယူသည်။ ဖိတ်စာက လေးစောင်။

'ဟို တစ်ယောက်က သူရနော်၊ မီ ဒီမှာရေးထားတယ်၊ နာမည်က



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . .

နှစ်လုံးမကဘူးထင်နေလို့'

'ဟုတ်တယ် ကျွန်တော့် နာမည်က နှစ်လုံးတည်း'

သူရက ပြန်လည် ပြုံးပြရင်းဆိုသည်။ သူမနှင့် သူရ အနေနှင့် သိပ်မရင်းနှီးလှသည်ကိုး။

'အမှန်တော့ ဒီကောင့်နာမည်က သူရ မဟုတ်ဘူး'

ငြိမ်းဆွေ၏ အပြောကြောင့် သူရက 'ဟကောင်' ဟု ဟန့်သည်။ သူပင် ကြောင်သွားရသည်။ ဒီကောင် ဘာမဟုတ်တာ ပြောဦးမလဲ မသိဘူး ဟု လည်း တွေးဖြစ်သည်။

'ဒီကောင် ကျောင်းတက်စက ငါတို့အဆောင်နားက အပျိုကြီး ကုန်စုံဆိုင်မှာ အကြွေးယူလို့ရတာဆိုလို့ တစ်ဆောင်လုံးမှာ သူတစ်ယောက်ပဲ ရှိတာ၊ သူပဲရတယ် ဆိုတာကို ပြောရင်းနဲ့ 'သူရ' ဖြစ်သွားတာ'

ငြိမ်းဆွေ ဖော်ကောင်လုပ်သောကြောင့် ယွန်းမီတို့က ရယ်သည်။ ရယ်စရာ မဟုတ်သော်လည်း လူ့ဝတ္တရားက ရှိသေးသည်ကိုး။ သူပါ လိုက်ရယ်ဖြစ်သည်။ ရယ်နေရင်းက မြင်လိုက်ရသော မြင်ကွင်းကြောင့် 'သွားပြီ' ဟု စိတ်ထဲမှ ရေရွတ်ဖြစ်သည်။

မိုးဟွမ်နှင့် နော်ရီ ဆိုင်ထဲကို ဝင်လာနေရင်းက သူ့ကို မြင်သည်ထင့်။ သူ မြင်ချိန်မှာ မိုးဟွမ်က မျက်နှာလွှဲသွားပြီ ဖြစ်သည်။ သူ့ရင်မှာ 'ဟာ'ခနဲ။ ကြဲဖန်ဖန် ဆုံပဲ ဆုံနိုင်လွန်းသည်မို့ သူ စိတ်ညစ်သွားရသည်။ ပိုဆိုးသည်က ယွန်းမီဇင်က သူ့ဘေးမှာ။

နဂိုကမှ သူမဘက်က ယွန်းမီဇင်နှင့် သူ့ကို မရှင်းမရှင်း ဖြစ်နေပါသည်ဟု တိတိကျကျ သိထားရပါလျက်နှင့် ဖြစ်ချင်တော့ ရယ်မောနေတုန်းမှ လာကြုံသည်။

'ဟကောင် နိုင်အေး၊ ငါမေးနေတာ မဖြေဘူး၊ ဘာငေါင်နေတာလဲ'

ငြိမ်းဆွေ၏ အမေးကြောင့် သူက 'ဘာလဲ၊ ငါမကြားလိုက်ဘူးကွ' ဟု ပြန်မေးရသည်။ ငြိမ်းဆွေက စိတ်မရှည်သလို စုတ်တစ်ချက်သပ်သည်။ ပြီးတော့မှ

'ဩော် ဒီလို ငါတို့က သတ္တဗေဒကျောင်းသားတွေ မဟုတ်လား၊ အခုတော့ ယွန်းမီဇင်ရဲ့ မွေးနေ့မှာ သတ္တဝါတစ်ကောင်ကောင်ကိုပဲ လက်ဆောင်ပေးရအောင်လို့၊ အဲ့ဒါ ဘာပေးရင် ကောင်းမလဲဆိုမေးတာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းဆွေ၏ အပြောကြောင့် ယွန်းမီက သကောင့်သားကို လက်ထဲမှ ဖိတ်စာအိတ်ဖြင့် လှမ်းရိုက်သည်။

'မြွေဟောက် နှစ်ကောင်လောက် ဖဲကြိုးကြီးကြီး စည်းပြီး ပါဆယ် ထုပ်ပေးလိုက်ရအောင်'

'အမလေး မလုပ်ပါနဲ့၊ ဒီက မြွေဆို အရမ်းကြောက်တာ'

သူ့စကားကြောင့် 'ယွန်းမီ'က 'အမလေး' တသည်။ ပြီး သူ့ကို သူ့လက်ထဲက (မည်သူ့ကို ဖိတ်မည် မသိသော) ဖိတ်စာဖြင့် ပခုံးစွန်းကို ရိုက်သည်။

'ဟုတ်သားပဲ မြွေက မကောင်းပါဘူးကွာ၊ ခပ်ငြိမ်ငြိမ်နေတတ်တဲ့ သတ္တဝါပဲ ကောင်းတယ်'

'ဘာကောင်လဲ'

'တော်ပြီ မီတော့ သူတို့လက်ဖွဲ့လာရင် လက်မခံဘူး၊ တစ်ကယ့် ဗရုတ်တွေ'

'အာ ရတယ်၊ ရတယ် ဒီလိုဆို ငါးပဲ လက်ဖွဲ့တော့မယ်၊ မွေးထားရတာပေါ့'

သူရ၏ စကားကြောင့် ယွန်းမီက 'ငါးဆိုတော်သေးတယ်' ဟု ရွတ်သည်။

'ဘာ ငါးလဲ သိလား မယွန်းမီ'

'ဟင့် အင်း'

'ငါးမန်း အကောင်ကြီး'

'အမလေး တော်ပြီ ရပြီ၊ ဒီအဖွဲ့ဆို လက်ဖွဲ့ခြင်း သည်းခံပါ'

ယွန်းမီက ထိုသို့ပြောရင်းရယ်သည်။ သူတို့အဖွဲ့လည်း ရယ်ကြသည် ဒါပေမယ့် သူ မပါ။..သူမျက်လုံးများက မိုဟွမ်တို့ ဝိုင်းဆီမှာ။

မိုဟွမ်ကတော့ သူတို့ဝိုင်းကို ကျောပေးကာ ထိုင်နေသည်။ သူက တော့ သူ့ ကောင်မလေး နော်ရီ ရောက်နေမှန်း သိသေးဟန်မတူ စကား ကောင်းနေဆဲ။

'ယွန်းမီက ဘယ်သတ္တဝါတွေကိုမှ ချစ်တာလဲ'

'မီလား၊ မီက သတ္တဝါတွေထဲမှာ အချစ်ဆုံးက 'ငှက်'၊ 'ငှက်'လေး လေထဲမှာ ပျံတာကို ကြည့်နေရ၊ မြင်နေရတာ စိတ်ချမ်းသာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သာလိကာလို့ မပြောရဘူး ငှက်ကို ချစ်နေသေးတယ်' ဟု သူတွေး
ငင်း ပြုံးမိသည်။ ပေါင်းတာကလည်း ကြက်တူရွေးနှင့်မှ တွဲသည်။

'ဟာ ဒီလိုဆို မယွန်းမီကို ငှက်ပဲ လက်ဆောင်ပေးတော့မယ်'

'လုပ်ပြီ လက်ဖွဲ့ခြင်း သည်းခံပါဆို'

'ဘယ်ဟုတ်မလဲ၊ မယွန်းမီကလည်း၊ ဟကောင် နိုင်အေး၊ ငါတို့ မယွန်း
မီကို မွေးနေ့လက်ဆောင်ပေးဖို့ လင်းတ နှစ်ကောင်လောက် သွားဖမ်းရအောင်'

'အမ လေးလေး တော်ပါပြီ၊ လက်ဖွဲ့ခြင်း သည်းခံပါဆိုနေမှပဲ'

ယွန်းမီဇင်က ရယ်မောရင်းဆိုသည်။ သူမှအပ တစ်ဝိုင်းလုံး ရယ်ကြ
သည်။ သူကတော့ မိုဟွမ်တို့ဝိုင်းဆီ ကြည့်မိနေရင်းက ထိုင်နေရာမှ ထပြေး
ချင် စိတ်ပင်ပေါက်လို့နေသည်။

'ယွန်းမီ'

'ပြော ငြိမ်းဆွေ'

'နင်နဲ့ငါ တစ်တန်းတည်းသားချင်း၊ အထူးပြောဖို့မလိုတော့ပါဘူး၊
ငါတို့ပြန်ရင် ပါဆယ်ထုပ်ပေးဖို့ မမေ့နဲ့နော်'

'အေးပါဟဲ့'

'အဲဒီအချိန်ကျရင် ငါကခပ်တည်တည်နဲ့ ငြင်းမှာနော် ဖွတ်ပေးဖို့
လည်း မမေ့နဲ့ဦး'

'အေးပါ'

သူမက 'အေးပါ' ဟု ပြောရင်း အားရပါးရ ရယ်သည်။

'ကဲ ကဲ ညောင်းလှပြီကွ ပြန်ရအောင်'

သူကပင် စကားစကို ဖြတ်ကာ ပိုက်ဆံအိတ်ကို ထုတ်ကာရှင်းရန်
ပြင်သည်။

'ဟာ နိုင်အေး နေ နေ

ငြိမ်းဆွေက အလန့်တကြား ထအော်သဖြင့် သူရုတ်တရက် ကြောင်
သွားသည်။

'ဟကောင် နေနေဆိုတာနဲ့ ငြိမ်မနေနဲ့ ဖွတ်ရှင်းမှ ပေါ့ကွ ရှင်းလေ'

ငြိမ်းဆွေ၏နောက်ဆက်တွဲ စကားကြောင့် ရယ်ဖြစ်ကြပြန်သည်။
သူ သာရယ်လိုက်ရသော်လည်း စိတ်ကသိပ်မလုံချင်သည်မို့ မိုဟွမ် တို့ဝိုင်းဆီ
သာ ခဏကြည့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘဲ ဒါဆို မိတ္တိသွားပြီနော်'

ယွန်းမီဇင်က သူ့ကိုကြည့်ရင်း နှုတ်ဆက်သည်။ သူခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်သည်။ သကောင့်သား၏ ဆောင့်ကန်ချင်စရာ အပြုအမူကြောင့် အဖော်မရှိတော့သော ယွန်းမီဇင်က သူ့ကိုပါစောင့်ရင်းလျှောက်နေသည်မို့ သူ့တစ်ကိုယ်လုံး ထူပူလျက်။

'မတွေ့လျှင် မြင်လျက်သား' ဆိုတာမျိုး၊ မုဆိုးရှေ့မှောက်လျက်ကြီးသည့် သမင်ကမှကံကောင်း အကြောင်းလှလျှင် သက်သာရာသက်သာကြောင်း ရှိဦးမည်။ သူကတော့ မသက်ာဘူးဟု အတိအလင်းဆိုသူ၏ ရှေ့မှာ ထိုမသက်ာမှုကြီးကို ပက်ပင်းတိုးစေခဲ့သည်။ ကံဆိုးပေစွ။

လက်ကလေးပြကာ ပြကာဖြင့်သွားခဲ့ပြီဖြစ်သော သာလိကာမနှင့် ကြက်တူရွေးမတို့၏ ကားကိုလိုက်ကြည့်ရင်း ရန်လင်းကတော့ လက်တပြပြဖြင့် အိုဗာ အကျကြီးကျနေလေသည်။ ကျောမလုံသူ နိုင်အေးကတော့ မိုဟွမ်ရှိရာ ဆီကြည့်ဖြစ်သည်။

'ဒိုင်း'ခနဲထိုးသွားခဲ့သော မိုဟွမ်၏ မျက်စောင်းက သူရင်ဘတ်ထဲ အက် ကြောင်းဖြစ်စေလုမတတ် တုန်လှုပ်သွားစေသည်။

သူမ၏ မျက်စောင်းသည် စစ်ကြေညာသော ခရာသံလို စူးရှရှ။ ဘာနေ တော့မဆိုင်။ ဒါပေမယ့် သူကတော့ အဲသလို တင်စားဖြစ်သည်။ အလိုလိုသိနေသော ကံဆိုးမှုအတွက် မည်သည့်ကို ပုံချရမည်ဟု သူ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



'မ တော်တဆ ကြုံတာပဲ ဖြစ်မှာပါ မိုဟွမ်ရာ'

'ငါကလည်း တမင်သက်သက်ကြီး ချိန်းတွေ့ကြတယ် မဆိုလိုပါဘူး။ ဒါပေမယ့် ငါ့ရဲ့ သံသယကတော့ ခိုင်မာသည်ထက် ခိုင်မာသွားတယ်'

'မဖြစ်နိုင်ပါဘူးဆိုတာ'

နော်ရီက သူမကို စိတ်ပျက်လက်ပျက် ဟန်ဖြင့် ကြည့်ရင်းဆိုသည်။ 'မဖြစ်နိုင်ဘူး'တဲ့လား။ တစ်ယောက်နှင့်တစ်ယောက် ပူးကပ်လုမတတ်ထိုင်ရင်း တစ်လောကလုံးကို မေ့လျော့စွာ ပယ်ပယ်နယ်နယ်ကြီး ရယ်မောနေတာကို သူမ မျက်လုံးနှင့် ဖျပ်အပ်မြင်ခဲ့တာပဲ ဖြစ်သည်။ သူတစ်ပါးက ပြောပြတာမျိုး ဆိုလျှင်တော့ 'ဆီဆယ်မှု' ဟု ခေါင်းစဉ်တပ်ကာ သူမ ပေါ့ပေါ့ပါးပါးရယ်ကောင်း ရယ်မိခဲ့ပေလိမ့်မည်။

နော်ရီကတော့ ခုထိ (လက်ပူးလက်ကြပ်ကြီး) ကြုံနေတာအောင် သူ့ဘက်က ရှေ့နေလိုက်ချင်နေတုန်း။ ထိုစဉ်က 'မကြည့်ဘူး' ဟုအတန်တန် တင်းထားသည့်ကြားက သူမ မသိစိတ်ဖြင့် ကြည့်ဖြစ်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ အမှတ်တမဲ့ ကြည့်သောအချိန်နှင့် သူတို့ ရယ်မောနေချိန်နှင့် ကွက်တိ 'ကဲ ဒါကို သုံးခါထက်မနည်း' တွေ့လိုက်ရသော သူမက မိုက်မိုက်မဲမဲ တိုက်ဆိုင်မှုပါဟု ယူဆရမည်တဲ့လား။ နိုင်အေး . . . သူတဆိတ် လွန်လွန်း သည်။ သူမကိုလည်း စာပေးသလို . . . ဟို ယွန်းမီဇင်နှင့်လည်း ပြတ်ပြတ် သားသား မနေခဲ့၊ ရလောက်တန်ကောင်းရဲ့ဟုမျှား လက်တည့်စမ်းခဲ့လေသလား။ ဒါဆိုရင် တော့မှားမည်။ သူမက လွယ်လွယ်ကူကူ ခေါင်းညိတ်ကာ အရာရာကို ခွင့်လွှတ်အလျှော့ပေးနေမည့် မိန်းမမျိုးမဟုတ်။

'ငါလည်း သူရကိုတွေ့တိုင်း အမြဲမေးနေတာပဲ၊ သူရကတော့ နိုင်အေး ဘက်က လုံးလုံးအာမခံရဲတယ်တဲ့ နိုင်အေးရင်ဘတ်မှာ နင်တစ်ယောက်တည်း ရှိတယ်တဲ့'

သူမ 'ဟက်' ခနဲ စိတ်ပျက်စွာရယ်မိသည်။ 'ရင်ဘတ်ထဲမှာ သူမတစ် ယောက်တည်း'တဲ့လား၊ ယုံချင်ပါသည်။ သူမသာ ခပ်တုံးတုံး ခပ်အအ မိန်းမ တစ်ယောက်ဆိုလျှင်ပေါ့၊ သူမက ထင်သလောက်မအဘူးဆိုတာ သိစေချင်လှ သည်။

'နင်မမေ့ဖို့က . . သူရနှင့် သူနဲ့က တစ်ဆောင်တည်းနေတာလေ ဘော်ဒါ အရင်းခေါက်ခေါက်ကြီးတွေ'

'ဟာ သူရက နင်နဲ့ဆို ဟိုင်ယှဲပေါင်း ကျတာပေါ့ မိုဟွမ်'

'နင် တစ်နေ့နေ့မှာ ယောကျ်ားတွေရဲ့ အတ္တကို နားလည်လာလိမ့် မယ်'

သူမ စကားကြောင့် နော်ရီက ခေါင်းကို လေးတွဲ့စွာခါသည်။ ခေါင်း က သာခါနေခဲ့ပေမယ့် တကယ်တမ်း သူမသာ မိုဟွမ်နေရာမှာဆို ထိုသို့ပဲ (သို့) ထို့ထက်ပို၍ ခံစားတွက်ဆမိမှာပဲဖြစ်သည်။

'နင်ရောငါရော သင်ခဲ့ဖူးတာပဲ ရဲသည်ပြဇာတ်ထဲက ရဲသည် ယောကျ်ား ပျို့ရဲ့ လောဘနဲ့ စိတ်ဓာတ်ဘယ်လောက်ထိ မပြတ်နိုင်သလဲဆိုရင် အိမ်ရှေ့အရာ ပေးသနားတဲ့ မင်းကြီးကို ရှေ့မှာထားပြီး ရေငရောင်းလို့ရတဲ့ ငွေ တွေထဲက စုထားတဲ့ ငွေစလေးရွှေကိုလည်း ပြေးယူခွင့်တောင်းခဲ့သေးတယ်လေ အထည်အထုပ် ငွေစသာ ဟုတ်ပါစေ၊ ဖြုတ်မျက်လုံးလောက်၊ သေးငယ်၍ပင် ပျောက်ကတဲ၊ မထောက်မရှု အနည်းငယ်မျှရယ်လို့၊ တယ်ကမျှသင့်ဘူး ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ၊ အာရုံကို ဖြတ်နိုင်ခဲလှပါသည်' လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ပြောခဲ့တာလေ၊ အဲဒါရေသည်ယောကျ်ားက ကမ္ဘာပေါ်မှာ ရှိရှိသမျှ ယောကျ်ားတွေရဲ့ အတ္တလောကစိတ်ကို ဆွဲဖွင့်ပြလိုက်တာပဲ၊ သေချာတာက ယောကျ်ားဆယ်ယောက်မှာ ကိုးယောက်က အဲဒီလိုပဲ'

နော်ရီ. . . မိုဟွမ်ကို ကြည့်ရင်းက ကြက်သီးထလာသည်။

'ငါ ဘယ် သူ့စိမ်းကိုမှ မပြောပြခဲ့ဖူးတဲ့ ကိစ္စတစ်ခု နင့်ကို ချစ်လွန်းလို့ ငါပြောပြမယ်၊ နော်ရီ ငါဘာဖြစ်လို့ ငါ့အဒေါ်နဲ့ နေရသလဲဆိုတာကိုပေါ့၊ တကယ်တော့ ဒီတောင်ကြီးမှာ ငါ့အဖေရှိတယ် နော်ရီ'

'ဘာ နင်ပြောတော့ နင့်မှာ အမေပဲ ရှိတော့တယ်ဆို'

'အရင်က ဟုတ်တယ်နော်ရီ ခုတောင်ကြီးမှာ ငါ့အဖေရှိတယ်၊ ပြည့်စုံအောင်ထပ်ပြောရရင် ငါ့အဖေမှာ နောက်မိန်းမနဲ့ မွေးထားတဲ့၊ ငါနဲ့ မတိမ်းမယိမ်း သမီးတစ်ယောက်ရှိတယ်၊ အဲဒီ ကောင်မလေး ဘယ်သူလဲ ဆိုတာသိရင် နင်ပို အံ့ဩသွားမယ်'

နော်ရီ တစ်စုံတစ်ရာကို သိသလိုလိုတော့ ဖြစ်လာသည်။ ဒါပေမယ့် သူမ ရဲရဲမတွေးရဲ မတွေးရက်။

'အဲဒီ ငါနဲ့ ဖအေတူ မအေကွဲ ကောင်မလေးက ယွန်းမီဇင်ပဲ'

'အို'

'နင် မှတ်မိသေးလား၊ ငါတို့ ကက္ကူအတူသွားခဲ့တုန်းက ယွန်းမီဇင်ရဲ့ ကျောင်းသားကတ်လေး ကျကျန်ခဲ့လို့ ငါလိုက်ပေးခဲ့တာလေ၊ ယွန်းမီဇင်ကို မြင်တာနဲ့ ငါ့စိတ်ထဲမှာ ရင်းနှီးသလိုလို ရှိနေတာနဲ့ ငါ့ကိုယ်ငါတောင် အံ့ဩနေခဲ့တာ၊ သူ့ရဲ့ ကျောင်းသားကတ်ထဲက အုပ်ထိန်းသူနေရာမှာ 'ဦးစိုင်းကျော်ဇင်' လို့ တွေ့လိုက်တော့ ငါ့သံသယတွေပို ခိုင်လာတယ်။ ဒါပေမယ့် ငါမယုံရဲသေးဘူး'

ပြောရင်းမှ မိုဟွမ် မျက်ရည်တို့ တလိမ့်လိမ့်ကျ ရှိုက်ကာငိုသည်။

'ငါ့ကို ငယ်ငယ်လေးတုန်းက ပေးထားတဲ့ နာမည်က 'နန်းယမုံဇင်'တဲ့ ငါ့အဖေ ဦးစိုင်းကျော်ဇင်ရဲ့ နာမည်နဲ့ ဆင်အောင်လို့ပေါ့၊ ဒါပေမယ့် ငါအဲဒီ နာမည် နဲ့ တစ်နှစ်ခွဲ သမီးလောက်ပဲနေခဲ့ရတယ်၊ ငါ့အမေနဲ့ အဖေနဲ့ ကွဲခဲ့လို့ နောက်ပိုင်းငါ့အမေက 'နန်းမိုဟွမ်' လို့ချက်ချင်း ပြန်ပြောင်းပစ်ခဲ့တာ'

နော်ရီ အတော်လေး စိတ်မကောင်းဖြစ်သွားမိသည်။ စောစောက ရေ သည်ယောကျ်ားရဲ့ လောဘကို ပြောပြရင်း 'ယောကျ်ားတိုင်းနီးပါး လောဘ



www.burmeseclassic.com

www.burmeseclassic.com



မသတ်နိုင်ဘူးဟုသူမ ပြောစဉ်က 'ဒါလူ့ သဘာဝပဲ၊ မိန်းကလေးတွေခရာ လောဘ သတ်နိုင်လို့လား' ဟုမေးရင်း နော်ရီ ပြောခဲ့သေးသည်လေ။

'ငါ့ အမေက ငါ့ကို အဖေသေပြီလို့ ပြောခဲ့တာကို တစ်သက်လုံး ငါ လက်ခံလာတာ၊ ငါ့နာမည်ကို ဟစ်နှစ်သမီး ကျော်မှပြောင်းခဲ့မှန်း သူများပြောလို့ ငါသိရတာ။ ရှားရှားပါးပါး အဖေ့ ဓာတ်ပုံဆိုလို့ ငါ့အဒေါ် ဆီမှာ တစ်ပုံပဲ ရှိတယ်။ ဒါတောင် အုပ်စုလိုက် ရိုက်ထားတဲ့ပုံ။ ငါ့အဒေါ်နဲ့ ငါ့အမေက အရွယ် မတိမ်းမယိမ်းဆိုတော့ ငါ့ အဖေနဲ့ နှစ်ယောက်စလုံး သူငယ်ချင်းတွေဖြစ်ခဲ့ကြ တယ်။ ငါ့အဒေါ်ကလည်း ငါ့အဖေ အသက်ရှင်လျက်ကြီး ရှိနေတယ်ဆိုတာကို လုံးဝ ပြောမပြခဲ့ဖူးဘူး'

တစ်လုံးချင်းပြောပြနေသော မိုဟွမ်၏ စိတ်ထိခိုက်မှုကို နော်ရီ နားလည်ပါသည်။

'နင်မှတ်မိဦးမှာပေါ့ နော်ရီ၊ ကက္ကူသွားပြီး ပြန်လာတုန်းက နင်နဲ့ငါ ယွန်းမိဇင်တို့ အိမ်ကိုသွားခဲ့တုန်းက ကားမောင်းထွက်လာတဲ့ လူကြီးလေ။ အဲဒါ ငါ့အဖေပေါ့၊ ငယ်ရုပ်တောင်မပျောက်သေးဘူး၊ ငါ . . . ငါလေ အဖေကိုတွေ့ တော့ 'အဖေ' လို့ခေါ်ကြည့်ချင်လိုက်တာဟာ၊ အဲဒီကျမှ အဖေရှိသေးတယ် ဆိုတာခိုင်ခိုင်မာမာ လက်ခံမိတာ'

ပြောရင်းနှင့်မှ မိုဟွမ်မျက်ရည်တို့ တစ်လိမ့်ချင်း ကျလာပြန်သည်။ နော်ရီ . . . မိုဟွမ် လက်ကိုဆုပ်ထားပေးမိသည်။ ဘာပြောရမည်မှန်းပင် (ဘယ်လို အားပေးရမည်မှန်းပင်) မသိတော့။ တကယ်တမ်းကျ မိုဟွမ်က သူမထက် စိတ်ဓာတ်အများကြီးခိုင်မာခဲ့ သူပဲဖြစ်သည်။ အခုတော့ ထိုစိတ် ခိုင်မာလှသည်ဆိုသော သူမ့သူငယ်ချင်းက မျက်ရည်ဖြိုင်ဖြိုင်ကျသည်အထိ ဝမ်းနည်းနေရှာသည်။

'ငါအဲဒီနေ့ကစပြီး ယွန်းမိဇင်ကို မြင်ရင် ဘယ်လိုခံစားရမှန်းကို မသိဘူး၊ ငါ. . ငါလေ ဒီနေ့ အထိကိုယ့်အဖေရဲ့ မျက်နှာကို ကြည့်ပြီး 'အဖေ' လို့ တစ်ခါမှ မခေါ်ခဲ့ဖူးဘူး၊ ငါ့အဖေ အသက်ရှင်လျက်ကြီးရှိနေသေးတာကို တောင် အခုတက္ကသိုလ်တက်တော့မှ သိခဲ့ရတယ်။ ငါ . . . ငါဖေဖေ . . . ဖေဖေ့ကို ခဏခဏသွားကြည့်ချင်တယ် နော်ရီ၊ ဒါပေမယ့် ငါမသွားခဲ့ဘူး ဖေဖေကရော ငါ့ကို သူ့သမီးမှန်းသိပါ့မလား၊ သူ့မှာ သမီးတစ်ယောက်ရှိ သေးတယ်ဆိုတာတောင် သိချင်မှသိမှာ ဟ'



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း မိုးဟွမ် စိတ်မကောင်းခြင်းကြီးစွာဖြင့် ရှိုက်မိသည်။ ငယ်စဉ်ကတည်းက သူမ၏အမေသည် သူမ၏အဖေကို 'သေပြီ' ဟုသာ ဆိုခဲ့သည်။ 'အဖေ့ပုံစံက ဘယ်လိုလဲဟင်' ဟု သူမမေးမိခဲ့လျှင် သူမ၏အမေက တစ်ခါမှ ဖြေခဲ့သည်မရှိ

'ငါ . . ငါအဖေကိုတွေ့ခဲ့တဲ့ နေ့တုန်းက ငါ့အဒေါ်ဆီ ငါတောင်းထားတဲ့ ဓာတ်ပုံကို ပြန်ကြည့်ရင်းနဲ့ ငါ့အဒေါ်ကို စိတ်ဆိုးမိသေးသည်။ တကယ်ဆို ငါ့အဒေါ်က တောင်ကြီးမှာနေတာ ကြာပြီဆိုတော့ သူတစ်နည်းနည်းနဲ့ သိချင် သိခဲ့မှာပဲ။ ဒါပေမယ့် ငါစဉ်းစားမိတာက ငါစိတ်ဆင်းရဲနေမှာ စိုးလို့ မပြောပြခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်'

'အဲဒါ အမှန်ပဲ သမီး'

ပြောရင်း ဝင်လာသော တံခါးဖွင့်သံကြောင့် သူမရော နော်ရိုပါ တံခါးဆီလှည့်ကြည့် ဖြစ်ကြသည်။ မျက်ရည်တချို့ ရစ်ဝိုင်းလျက်ရှိနေသေးသော မျက်ဝန်းအစုံဖြင့် မိုးဟွမ်ကို ကြည့်နေသော အဒေါ်ဖြစ်သူ နန်းဆမ်ဟွမ်။

'သမီးရယ် သမီးသိပြီးမှတော့ အဒေါ်လည်း ဖုံးကွယ်မထားချင်တော့ပါဘူး၊ အဒေါ်ဖုံးကွယ်ချင်လွန်းလို့ ဖုံးကွယ်ထားတာလည်း မဟုတ်ပါဘူး သမီးရယ်'

ပြောရင်းမှ မိုးဟွမ့်ကို အဒေါ်ဖြစ်သူ နန်းဆမ်ဟွမ်က ထွေးဖက်ထားသည်။ အဒေါ် ဖြစ်သူရင်ခွင်ထဲ နေရင်း မိုးဟွမ်မျက်ရည်တို့ ကျလာမိပြန်သည်။

'တကယ်တမ်းကျတော့ သမီးကို အဒေါ်တောင်ကြီးခေါ်ခဲ့တာ သမီးရဲ့ ဖေဖေခေါ်ခိုင်းခဲ့လို့ပဲ'

'ရှင်'

'ဟုတ်တယ်သမီး ဒါကြောင့်လည်း သမီးကို ခေါ်ဖို့ သမီးမေမေနဲ့ အဒေါ် စကားများခဲ့ကြတာပေါ့၊ သမီးရဲ့ ဖေဖေကတော့ သမီးတို့ မိသားစု အပေါ် လျစ်လျူရှုသလို ဖြစ်ခဲ့တာမို့ ပြန်ပေးဆပ်ချင်ခဲ့တာလေ။ မာနကြီးတဲ့ သမီးရဲ့ မေမေကတော့ လက်မခံခဲ့ဘူး ခါးခါးသီးသီး ငြင်းခဲ့တယ်လေ'

အဒေါ်ဖြစ်သူ စကားကြောင့် ကိုးတန်းအောင်စဉ်က အဒေါ်ဖြစ်သူနှင့် အမေဖြစ်သူ တိုးတိုးကြိတ်ကြိတ် စကားများခဲ့တာကို သတိရမိသည်။

'တကယ်တော့ သမီးရဲ့အဖေက သမီးတစ်ယောက်တည်းကိုပဲ ခေါ်တာ မဟုတ်ပါဘူး၊ သမီးရဲ့ အမေကိုပါခေါ်ခဲ့တာ၊ ဒါပေမယ့် သမီးမေမေ



www.burmeseclassic.com

www.burmeseclassic.com



က မလိုက်လာခဲ့ဘူး၊ သမီးအဖေဖြစ်စေချင်တာက သူ့မျက်စိအောက်မှာပဲ သမီးနဲ့ သမီးရဲ့ မေမေကို ရှိနေစေပြီး စောင့်ရှောက်ချင်တဲ့သဘောပါပဲ။ ဒါပေမယ့် သမီးရဲ့မေမေက သိပ်မာနကြီးတာလေ၊ တကယ်လို့သာ ကျိုင်းတုံမှာ ရှိနေတဲ့ စားသောက်ဆိုင်သာရောင်းအားကောင်းပြီး စီးပွားမကျခဲ့ရင် သမီးကို ဒီ ဆောင်ကြီးကို ထည့်မှာတောင် မဟုတ်ဘူး'

အဒေါ်ဖြစ်သူ၏ စကားကြောင့် သူမအမေ၏ သတ္တိနှင့် မာနကို ကြက်သီးထသည်အထိ လေးစားသွားမိသည်။ သမီးဖြစ်သူကို အရွယ်ရသည်အထိ နောက်အိမ်ထောင်မထူပါဘဲ ရဲရဲရင့်ရင့် ကျွေးမွေးစောင့်ရှောက်ခဲ့ပါသော မေမေ၊ မေမေ့မှာ ဒီလိုခံစားချက်တွေ မာနတွေရှိခဲ့လို့လည်း ဒီမှာကျောင်းတက်စဉ်တစ်လျှောက်လုံး ဖုန်းဖြင့်သာအဆက်အသွယ်လုပ်ပြီး လူကိုယ်တိုင် တောင်ကြီးကို မလာခဲ့။

'ဒီမှာ သမီးကျောင်းတက်စဉ်မှာ ငွေရေးကြေးရေးမပူမပင်ရအောင် ဒီ 'ချယ်ရီလိပ်ပြာ' အဆောင်နေရာကို ဈေးကြီးကြီးနဲ့ ဝယ်ပြီးဒီလိုအဆောင်ကြီးကို ဆောက်ပေးခဲ့တာပေါ့'

သူမ မှင်တက်မိသွားမိခဲ့သည်။ သူမ၏အဒေါ်ပိုင်ဟု တစ်ချိန်လုံး သူမသိထားခဲ့သော ဤ 'ချယ်ရီလိပ်ပြာ'အဆောင်ကြီးသည် သူမ အဖေပိုင်ဖြစ်နေ ခဲ့သည်တဲ့။

ပထမဦးဆုံးအကြိမ် အဖြစ်ဖခင့် မေတ္တာဆိုတာကို သူမကြည်နူးသွားခဲ့မိသည်။ ဒီအဆောင်ကနေရသော လခတို့ကို သူမသုံး၍ပင်မကုန်။ ကျိုင်းတုံမှမိခင်ဖြစ်သူကို ငွေပို့ပေးခဲ့စဉ်က ခါးခါးသီးသီး ငြင်းဆိုကာ ပြန်ပို့ခဲ့သော မိခင်ဖြစ်သူ၏ သဘောထားတို့ကို သူမအခုမှ သဘောပေါက်တော့သည်။

'ဒါဆို ဖေဖေက ဘာဖြစ်လို့ သမီးကို လာမတွေ့တာလဲဟင်၊ တကယ်ဆို'

အဒေါ်ဖြစ်သူ လက်ကာပြသည်မို့ သူမစကားကို လမ်းတစ်ဝက်မှာ ရပ်တန့်သွားသည်။

'သမီးကို သမီးအမေဆီကခေါ်လာစဉ်အခါက သမီးကို သမီးဖေဖေနဲ့ ပေးမတွေ့ပါဘူးဆိုတဲ့ ကတိကိုအဒေါ်ပေးခဲ့ရတယ်၊ အဒေါ်ရော သမီးအဖေပါ စဉ်းစားခဲ့ကြသေးတယ် ဖွင့်ပြောပြဖို့ကိုပေါ့၊ ဒါပေမယ့် သမီးရဲ့အမေက သမီးကသာ အဖေရှိတယ်ဆိုတာ သိတဲ့နေ့ သမီးကို ကျိုင်းတုံပြန်ခေါ်တဲ့နေ့လို့



www.burmeseclassic.com

www.burmeseclassic.com


ပြတ်ပြတ်သားသားပြောခဲ့လို့ အဒေါ်တို့ လက်လျှော့ထားခဲ့ကြတာ'

'အို'

'သမီးဖေဖေက သမီးကို လာလာကြည့်ရှာပါတယ်ကွယ်၊ သမီးက မသိလို့ပါ။ သူလည်း လက်ရှိမိသားစုကို ဖွင့်မပြောပြီး သမီးနဲ့ သမီးရဲ့ညီမလေး နွေးထွေးမှုရအောင် သူကြိုးစားချင်နေရှာတာ'

'အို ဒါဆို ဒီ 'ချယ်ရီလိပ်ပြာ' အဆောင် သမီးအတွက် ဆောက်ထားပေးတာကို ဖေဖေ့ မိန်းမက မသိသေးဘူးပေါ့'

'သိတယ် သမီး၊ မသိသေးတာက သူ့သမီး ယွန်းမီဇင်ပဲ'

'ယွန်းမီဇင်'တဲ့။ အဒေါ် ပီပီသသရင်းရင်းနှီးနှီးကြီးကို ပြောလိုက်သည်။ ဒါဆို သူမရေးတေးတေး မှတ်မိသလိုလိုရှိလာသည်။ သူမတို့ ကက္ကူ သွားစဉ်က ဝရန်တာမှ အဒေါ်ကြည့်ခဲ့တာ 'ယွန်းမီဇင်' ကိုပေါ့။

'သမီးတို့ အခန်းထဲက ယွန်းမီဇင် ဆိုတဲ့ နာမည်ကို ကြားရတိုင်း အဒေါ်လန့်နေမိတာ၊ သမီးတို့ ညီအစ်မ ဆိုတာကို သမီးမသိဘူးထင်လို့ အခုတော့ သမီးက အစောကြီးကတည်းက သိနေခဲ့တယ်။ ကက္ကူက ပြန်လာပြီး သမီး သမီး အဖေအိမ်သွားပြီး ကြည့်တော့ သမီးရဲ့ အဖေနဲ့ ထိပ်တိုက်တွေ့ခဲ့ကြသေးတယ် မဟုတ်လား၊ သမီးဖေဖေ ဖုန်းဆက်ပြီးတော့ အဒေါ့်ကို ပြောတယ် ငိုလိုက်တာလည်း မပြောနဲ့တော့၊ သူ့မှာ သမီးအရင်းကိုတောင် 'သမီး'လို့ ခေါ်ခွင့် မရှိဘူးတဲ့လေ'

'အို'

သူမ မျက်ရည်တို့ အလိမ့်လိမ့်ဖြင့် ငိုရှိုက်မိပြန်သည်။ ဖေဖေ့နေရာမှ ခံစားကာ သူမ မွန်းကျပ်စွာ ရင်နာသွားမိသည်။ သမီး လို့ခေါ် ချင်ခဲ့သည်တဲ့ လား။ ရင်ခွင်ထဲမှာလည်း သမီးဖြစ်သောသူမကို ထွေးပိုက်ချင်ခဲ့ပေမည့်ဖေဖေ ဖခင် တစ်ယောက်၏ ရင်ခွင်နှင့် မေတ္တာတို့ကို သူမ ငတ်မွတ်စွာ တောင့်တမိ သည်။

'ဖေဖေ' ဟုရင်မှ ဟစ်အော်ခေါ်နေမိသည်။

'သမီးရဲ့ဖေဖေက ကျိုင်းတုံက သမီးမေမေကို ညှိပါသေးတယ် ဒါပေမယ့် သမီးမေမေကလည်း သိတယ်မဟုတ်လား၊ နှစ်ပေါင်းအေးစွာ ပစ်ထားခဲ့တဲ့ အတွက် ဒဏ်ခတ်ခံရတယ်ပဲ သဘောထားပါ' လို့တဲ့ပြောခဲ့တယ် သမီးကိုလာတွေ့တဲ့နေ့ ကျိုင်းတုံပြန်ခေါ်မယ်ဆိုတာကို ပဲတွင်တွင်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ။ သင်းအမေက စိတ်ဓာတ်ပြတ်သားပြီး ပြောသလိုလုပ်တတ်တော့ သမီး အဖေလည်း သမီးရဲ့ပညာရေး ကစဉ့်ကလျားဖြစ်မှာစိုးလို့ ဟိုရွှေ့သည်ရွှေ့ မဖြစ်ရအောင် အောင့်အည်းပြီးနေခဲ့တာပေါ့၊ သနားစရာပါကွယ်။ သူခများ သမီးကို ခဏခဏ နေ့တိုင်းလိုလို လာလာပြီး ခိုးကြည့်နေရှာတယ်'

'အို'

'ဖေဖေရယ်' ဟုသူမရှိုက်သံထက် ရှိုက်မိပြန်သည်။ 'ဖေဖေ' ဟုလည်း မပီမသ ရှိုက်ရင်း မပီမသခေါ် ဖြစ်သည်။ ဖခင်၏ မှတ်တမ်းကိုလည်း အကြွင်းမဲ့ ယုံကြည်သက်ဝင်သွားမိခဲ့သည်။

'သမီးရော သမီးဖေဖေနဲ့တွေ့ချင်လား'

'ရှင်'

သူမမည်သို့ ပြောရမည်နည်း။ သက်တမ်းတစ်လျှောက်လုံး တစ်ခါမှ မျက်နှာချင်းဆိုင် မတွေ့ဖူးခဲ့သော ဖခင်ကို 'တွေ့ချင်လား' တဲ့။

မတွေ့ချင်ဘဲ မည်သို့သောသူ နေနိုင်ပါမည်နည်း။ သူမ 'တွေ့ချင်' စိတ်ကိုအောင့်အည်းထားခဲ့သော ရက်တို့က မနည်းတော့။ ဒါပေမယ့် မေမေ၊ မေမေကရှိသေးသည်။

ဖခင်ဖြစ်သူနှင့်တွေ့ခဲ့သည် ဆိုတာကိုသာ မေမေသိလျှင် ယမ်းပုံ မီး ျ' ဒေါထပေလိမ့်မည်။ ပြီး မေမေက သာမန်မိန်းမတစ်ယောက်မဟုတ်၊ အ[ု]ျူးအတေး အလွန်ကြီးကာ ခေါင်းမာသည့်နေရာတွင် နှစ်ယောက်မရှိ။

'သမီးကို အဒေါ်နားလည်ပါတယ်ကွယ်၊ သမီးရဲ့မေမေသိသွားပြီး ပြ ဿနာတက်မှာ စိုးနေတယ်မဟုတ်လား၊ တကယ်တမ်းတော့ အဒေါ်နဲ့ သမီးရဲ့ ဖေ ေဖကပဲ သမီးရဲ့ မေမေမာနကို မချင့်မရဲ ဖြည့်ဆည်းပေးနေကြတာပါ။ နောက်ကွယ်မှာမို့ သမီးနဲ့ သမီးဖေဖေ အဆက်အသွယ် လုပ်ခဲ့ကြရင်လည်း သ ီးမေမေ မသိနိုင်ပါဘူး၊ ဒါပေမယ့်သမီးဖေဖေ ိုယ်၌ကလည်း အဲဒီလို မ ြ်ချင်ဘူး။ သမီးရဲ့ မေမေကို နောက်တစ်ကြိမ် စိတ်ဆင်းရဲအောင် လု ်သလိုဖြစ်သွားမှာကို သိပ်ကြောက်နေတယ်လေ။ ဒါကြောင့်လည်း သူခများ သ းကို ပွင့်ပွင့်လင်းလင်းလာမတွေ့နိုင်ခဲ့တာပေါ့။ ဒါပေမယ့် သမီးက သမီး ဖေ ေကို တွေ့ချင်တယ် ဆိုရင်တော့ အဒေါ်စီစဉ်ပေးမှာပေါ့။ သမီးဖေဖေရဲ့ သီးသန့်ဖုန်းကို အဒေါ်ခေါ်ပေးမယ်'

သူမ တွေဝေသွားသည်။ ဖေဖေ . . . .



www.burmeseclassic.com

www.burmeseclassic.com



'သမီး ဖေဖေ့ဖုန်းကို ကိုယ်တိုင်ဆက်ချင်တယ် ဒေါ်ဒေါ်'

'သမီး'

'စိတ်ချပါ ဒေါ်ဒေါ် . . . သမီးပြဿနာ မရှာပါဘူး'

အဒေါ်ဖြစ်သူက သက်ပြင်းချကာ ဖုန်းနံပါတ်ကို စာရွက်အလွတ်တစ်ရွက်မှာရေးပေးနေသည်ကို သူမငေးကြည့်နေမိသည်။ သူမမျက်လုံးတွေထဲမှာ ဘာကိုမှ ဝေဝေဝါးဝါးမမြင်။

'ဒေါ်ဒေါ် သမီးကို ယုံပါတယ်ကွယ်၊ သမီးက အရမ်းလိမ္မာတဲ့ ဘူမပဲ ဥစ္စာ'

အဒေါ် ဖြစ်သူက သူမ၏ဆံပင်ကို သပ်ချရင်း တိုးညင်းစွာပြောသော စကားက သူမကို ပါးနပ်စွာ တစ်စုံတစ်ရာနှင့် ချည်နှောင်လိုက်မှန်း သူမ သိသည်။

ဒေါ်ဒေါ် အခန်းထဲမှ ထွက်သွားသည်နှင့် သူမဖုန်းနံပါတ်ကို စိုက်ကြည့်နေရင်း စိတ်တွင်ခံစားမှုပေါင်းစုံဖြင့် ရှုပ်ထွေးလာသည်။

'နော်ရီ စောစောကကြားလိုက်တာ ယွန်းမီဇင် မွေးနေ့ ဘယ်နေ့လဲ'

'နင် ဘာလုပ်မလို့လဲ မိုဟွမ်'

'ငါ ဘာလုပ်မယ်လို့ နင်ထင်လဲ . . . '

'ကျွတ်'

နော်ရီက 'ကျွတ်' ဟုဆိုရင်း ခေါင်းကို ကုတ်သည်။

'သန်ဘက်ခါ' တဲ့

သန်ဘက်ခါ။ သူမပြုံးလိုက်မိသည်။ ထိုအပြုံးက နာနာကျင်ကျင်ပြုံးသော အပြုံးတစ်ခုတော့ ဖြစ်ချင်ရင်လည်း ဖြစ်နေလိမ့်မည်။ သူမ 'ယွန်းမီဇင်'ကို အာရုံ ဝယ်မြင်နေရသည်။ ယွန်းမီဇင်က 'နတ်သမီး'လေးလို လှပအောင် ပြင်ဆင်လျက်မွေးနေ့ ကိတ်ကို အားပါးတရ လှီးနေသည်။ ဘယ်ညာ တစ်ဖက်တစ်ချက်မှာ ဖေဖေနှင့် ခွန်နိုင်အေးတို့ လက်ခုပ်တီးနေကြသည်။ မြင်ယောင်လာသော ပုံရိပ်တို့ကို သူမမောင်းထုတ်ရန် ခေါင်းကိုဘယ်ညာ အားပါးတရ ခါယမ်းဖြစ်သည်။

မိဘများရဲ့ အလယ်မှာ ချစ်သူနှင့်အတူ သူငယ်ချင်းများနှင့်အတူ မွေးနေ့ဆိုတာကြီးကို ယွန်းမီဇင် ပျော်ပျော်ရွှင်ရွှင်ဖြင့် ကျင်းပနေချိန်မှာ သူမကတော့ ကံကြမ္မာက ဖဲကြိုးမစည်းဘဲ၊ ပါကင်လှလှ မထုပ်ပိုးခဲ့ပါဘဲ၊ ကွင်းလုံးစွပ်

www.burmeseclassic.com



ချပေးခဲ့သော ခေါင်းစဉ်တပ်ရန်ခက်သည့် ဒုက္ခကို လုံးထွေးကာ နေနေရမည်။

'ဖေဖေ' သူမရင်မှာ လှိုက်လှိုက်လှဲ့လှဲ့ကြီး ခေါ်ဖြစ်သည်။ ရင်မှ အားကုန်ညှစ်ကာ ခေါ်လိုက်ရသဖြင့် သူမရင်ဘတ်တစ်ခုလုံး မွန်းကျပ်သွားခဲ့သည်။

သူမ ဖခင်ဖြစ်သူနှင့် တွေ့ဖြစ်အောင် တွေ့မည်။ 'ဖေဖေ' ဟု အားပါးတရ ခေါ်ကာ ဖေဖေ့ရင်ခွင်တွင် သူမ အားပါးတရ ငိုရှိုက်ပစ်မည်။ မေမေသိကာ ထိုကိစ္စ (ဖေဖေနှင့် တွေ့ဆုံခြင်း) အတွက် အပြစ်ပေးခဲ့လျှင်လည်း သူမ ကျေကျေနပ်နပ်ကြီး ခံယူပစ်လိုက်မည်။

ယွန်းမီဇင် သူမ ကံကောင်းလွန်းသည်။ မိုဟွမ်ဘဝနှင့် နှိုင်းစာလိုက်လျှင် ယွန်းမီမှာ အားသာချက်တွေက အများကြီး။ မိဘ စုံစုံလင်လင် နေရသည်။ မိုဟွမ်အနေဖြင့် ကျန်ဥစ္စာ ပစ္စည်း ပြည့်စုံတင့်တယ်ခြင်း၊ မပြည့်စုံခြင်းတို့အပေါ် သိပ် အာရုံမထား၊ မိစုံ ဖစုံ ဆိုတာမျိုးတော့ သူမ မက်မက်မောမောဖြစ်ချင် လိုချင်သည်။

အရင်တုန်းကလို ဖခင် သက်ရှိထင်ရှား ရှိမှန်းမသိခဲ့တာမျိုးကတော့ထား။ ယခုလို ကိုယ့်ဖအေ တစ်ယောက်လုံး ရှိနေပါလျက်နှင့် မိသားစုနှင့်အတူတကွ မနေရပါသော။ ဖခင်ဖြစ်သူကို တစ်ခါမှပင် မဆုံစည်း (ခေါ်ခွင့်) မရှိခဲ့ဖူးသော သူမကိုယ်သူမ ရင်နာသည်။ ဖေဖေ့မှာက လက်ရှိ အိမ်ထောင်နှင့်၊ အိမ်ထောင်မရှိတော့ဘူးဆိုလျှင်တောင်မှ သူမ၏ မေမေသည် ဖေဖေ့အား ပြန်ပေါင်းရန် မဆိုထားနှင့် လှည့်ကြည့်ရန်ပင် စိတ်ကူးမည်မဟုတ်။

အရာအားလုံးကို သူမ မုန်းတီးချင်လာသည်။ သူမခေါင်း၌ အရာရာသည် ရှုပ်ထွေးနောက်ကျိကာနေသည်။

သူမ၏ ရင်ဘတ်ဝိုယ် မွန်းကျပ်ကာ အသက်ရှူများပင် တစ်ချက်တစ်ချက် မှားချင်သလိုလို ဖြစ်လို့လာသည်။ အရာခပ်သိမ်းအတွက် ကံကို ယိုးမယ်ဖွဲ့ရလေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းနံပါတ်ကို နှိပ်လိုက်ပြီးနောက် သူမရင်မှာ လှပ်ခနဲ ခံစားမှုတစ်မျိုးက ပေါ်သည်။ တစ်ဖက်ကို ဖုန်းဝင်သွားသည်။ တော်တော်နှင့် မကိုင်။ ဖေဖေ ရှိမှ ရှိပါလေစ’ ဟု အတွေးဝင်သည်။ (သူ့သမီး မွေးနေ့အတွက် အလုပ်များ နေသလား?) ဟူသော အတွေးဝင်လာချိန်မှာ သူမရင်၌ ‘တင်း’ခနဲ နာကျင် သည်။ ထိုနာကျင်မှုနှင့် တစ်ပြိုင်နက် နာကျင်စွာ ပြုံးဖြစ်သည်။

‘တူ. . . . . တူ. . . .’

ဖုန်းသံက မြည်နေဆဲ တစ်ဖက်မှ ဖုန်းကို ကိုင်လိုက်သံ သူမကြား သည်။

‘ဟဲလို . . . အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော် စိုင်းကျော်ဇင်’ပါ

‘အမိန့်ရှိပါခင်ဗျာ’ တဲ့ သူမ ငိုချင်လာမိသည်။ မည်သို့ ပြောရပါမ နည်း။ ‘ဖေဖေ’ဟု အားပါးတရ ခေါ် လိုက်ရမည်လား။ သူမ ဘာစ်ချက်(ပင်းစပ် ကိုအုပ်ထားရင်း) ရှိုက်ဖြစ်သည်။

‘ဟဲလို’



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အနည်းငယ် စိတ်တိုလာဟန်ရှိသည်။ 'ဟဲလို' ဆိုတာကို နည်းနည်း ဆောင့်ထူးသည်။ သူမ အားတင်းလိုက်သည်။ တစ်ကိုယ်လုံး ရှိရှိသမျှသော အားတို့ကို စုစည်းကာ အသက်ရှူမှုကို ထိန်းချုပ်ရင်း တစ်လုံးချင်း

'ဖေ . . ဖေ. . .'

မရဲတရဲ 'ဖေဖေ'ဟု ခေါ်အပြီး တစ်ဖက်မှ အသံတိတ်သွားသည်။ သူမ မျက်ရည်တို့ကို ထိန်းထားခြင်းငှာ မစွမ်းတော့၊ ရှိုက်နေမိသည်။

ဖေဖေ၊ ဖေဖေသည် ဖုန်းမှားနေသည်ဟုများ သံသယ ဝင်နေလေရော့သလား၊ သမီးပါ ဖေဖေ၊ အကြာကြီး မေ့နေခဲ့တဲ့ ဖေဖေ့ရဲ့ သမီးပါ။ ဖေဖေ အံ့သြနေသလား၊ မှင်တက်မိနေသည်လား မသိ။

'ဟဲ . . . လို'

'ဖေဖေ ထူးသော 'ဟဲလို' ဆိုတာကြီးကလည်း တုန်ခါလှိုက်လှဲလျက်၊ ဇဝေဇဝါ ဖြစ်နေသလိုမျိုး၊ 'ဟဲလို' တဲ့။ 'သမီးလား?' လို့ပဲ မေးလိုက်ပါတော့လား ဖေဖေ။

'ဖေ ဖေ'

ပထမ 'ဖေ' မှာ ငိုသံကို ဖွတ်ဖုံးဖိထားနိုင်ခဲ့ပြီး ဒုတိယ'ဖေ'မှာတော့ သူမ လုံးလုံး မဖုံးဖိနိုင်တော့ ငိုချလိုက်ရင်း မပွင့်တပွင့်။ တစ်ဖက်မှ ဖေဖေ့ အသံက တိတ်ဆိတ်သွားပြန်သည်။ ဇဝေဇဝါများ ဖြစ်နေလား ဖေဖေ။ သမီး ရင်နာလိုက်တာ။ ပထမဆုံး 'ဖေဖေ'လို့ ခေါ်ချိန်မှာ ဖေဖေဟာ ဘာမှ မတုံ့ပြန်ခဲ့ဘူးတဲ့လား။ ဖေဖေရယ်၊ ဖေဖေ့မှာ သမီးတစ်ယောက် ရှိနေခဲ့သေးတယ်ဆိုတာ မေ့များ မေ့နေလေရော့သလား။

'သ . . . သမီး. . . မို. . . မိုးဟွမ်လား?

သူမ စကြဝဠာ အပြင်ဘက်ကို 'ဖြန်း'ခနဲ လွင့်စဉ်ထွက်သွားပြီဟု ခံစား လိုက်ရသည်။ 'သမီး'တဲ့။ 'မိုးဟွမ်လား' တဲ့။ သူမ အားပါးတရကြီး ငိုရှိုက်လိုက် မိသည်။ ဖုန်းကို နားမှာ ကပ်ထားရင် ဖေဖေ့ဆီက အကြင်နာ အနွေးဓာတ်တို့ သူမကိုယ်ထဲ စီးဝင်လာသလိုမျိုး၊ သူမဘဝမှာ ဖခင်ဖြစ်သူက 'သမီး'ဟု ပထမ ဆုံးအကြိမ် အခေါ် ခံရခြင်း၊ သူမ တမ်းတခဲ့သော ငတ်မွတ်ခဲ့သော ဖေဖေ၏ မေတ္တာအပြည့်ပါသော . . . . 'သမီး' ဆိုသည့်ခေါ်သံ၊ သူမ ဝမ်းနည်းခြင်းကြီးစွာ ရှိုက်ငိုဖြစ်သည်။

'သမီး . . သမီး . . . မိုးဟွမ် . . . မိုးဟွမ်လား . . . ဟဲလို'



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖေဖေ့အပြောကြောင့် သူမ ဖေဖေ့ကို သနားသွားမိသည်။ ဖေဖေသည်လည်း သူမနည်းတူ ခံစားနေရပေလိမ့်မည်။ ဖြစ်နိုင်လျှင် သူမ ဖေဖေ့ ရင်ခွင်မှာ ခေါင်းအပ်၍ပင် ငိုပစ်လိုက်ချင်သည်။

'ဖေဖေ'

အငမ်းမရ၊ တမ်းတင်တ်မွတ်စွာ သူမခေါ်ဖြစ်သည်။

'သမီး သမီးရယ်'

ဖေဖေ့အသံမှာ အဖျားခတ် တုန်ယင်နေသည်။ ဖေဖေကော ငိုနေပါသလား?။ သူမကတော့ သေချာပါသည်။ တစ်ကိုယ်လုံး တုန်ယင်စွာ ငိုရှိုက်လျက်။



www.burmeseclassic.com

www.burmeseclassic.com



# ယွန်း မိဇင်။

မွေးနေ့အတွက် ဝယ်စရာရှိသည်တို့ကို ဝယ်ရင်းက သူမ ပင်ပန်းလာသည်မို့ အနီးမှ လူရှင်းသော အအေးဆိုင်ထဲအဝင် မြင်လိုက်ရသော မြင်ကွင်းကြောင့် သူမစိတ်တို့ နောက်ကျိရှုပ်ထွေးသွားရသည်။

ဖေဖေနှင့် ဟိုတစ်ခါက ကက္ကုသွားစဉ်က သူမ၏ စိတ်တို့ကို များစွာ အနှောင့်အယှက် ဖြစ်စေခဲ့သော မိုဟွမ်။ နန်းမိုဟွမ် ဆိုသော မိန်းကလေး။

မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ မိုဟွမ်က ခေါင်းကို ငုံ့တင်ထားသည်။ ဖေဖေက ဘာတွေ ပြောနေသည် မသိ။ သူမ နားမလည်နိုင်တော့။ နားမလည်နိုင်မှုနှင့်အတူ ထိုစားပွဲရှိရာဆီ ရောက်မှန်းမသိ ရောက်သွားခဲ့သည်။ ဒေါသနှင့်အတူ ရင်တို့က နိမ့်ချည်မြင့်ချည်။

'ဖေဖေ'

သူမခေါ်သံက အနည်းငယ် ကျယ်သည်မို့ ဘေးဝိုင်းများပါ လှည့်ကြည့်လာကြသည်။ ဖေဖေရော နန်းမိုဟွမ်ပါ ဆတ်ခနဲ သူမကို မော့ကြည့်လာ

တော်ထင်မြို့မှ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ နှစ်ယောက်စလုံး၏ မျက်နှာများ ပျက်ယွင်းသွားမှုက သူမ၏ ဒေါသနှင့် ဘာကို နားမလည်နိုင်မှန်း မသိ ... စိတ်တို့ကို ဆွပေးလိုက်သလို ဖြစ်၍ သွားသည်။

'သ သမီး လာ ထိုင်'

'မထိုင်ဘူး'

ဖေဖေနှင့် မိုဟွမ်၊ မည်သို့ ခင်မင်သွားကြပါသနည်း။ သူမ မကြိုက်ပါ။ နှန်းမိုဟွမ်ကို သူမမုန်းသည်။ ကတ္တူတုန်းက ခွန်နိုင်အေး မိုဟွမ်ကို ဦးထုပ်ဆောင်းပေးနေသည်ကို သူမ ပြန်မြင်သည်။ မနာလိုမှုများက သူမရင်မှာ ပြည့်နှက်လို့နေသည်။ ဒီကြားထဲ ဖေဖေက မျက်နှာအပျက်ကြီး ပျက်လို့နေသည်။ မိုဟွမ်က တစ်ဖက်ကို မျက်နှာလွှဲထားသည်။ ဘာကြောင့် ဖေဖေ မျက်နှာပျက်နေရပါသနည်း။ မိုဟွမ်က ဖေဖေ့ သူငယ်ချင်း တစ်ယောက်ယောက်၏ သမီးလား။ ဘာကိစ္စ ဖေဖေနှင့် ရုံးခန်းမှာ မတွေ့ဘဲ မှန်များ ကာရံထားသော အအေးဆိုင်မှာ တွေ့ဆုံနေရပါသနည်း။ ငွေရေးကြေးရေး (သို့မဟုတ်) လူမှုရေး အကူအညီ တစ်ခုခုများ တောင်းနေလေရော့သလား။ ဆိုင်ရှေ့မှာလည်း ဖေဖေ့ကားကို မတွေ့မိ။

'သမီး ခဏလေး ထိုင်ဦး'

'မထိုင်ဘူး'

'သမီး'

ဖေဖေ့အသံက အကျယ်ကြီး။ ဖေဖေ့ မျက်နှာက နီမြန်းလျက်။ ဘယ်တုန်းကမှ လေသံ ခပ်မာမာမပြောခဲ့ဖူးသော သူမကို သူမမုန်းပါသည်ဆိုသော ရွယ်တူ ကောင်မလေးတစ်ယောက်ရှေ့မှာ၊ လူအများဝိုင်းကြည့်နေကြမှုမှာ ထိုသို့ အအော်ခံလိုက်ရသောအခါ သူမရှက်သွားမိသည်။ သူမ မိုဟွမ်နှင့် အတူတကွ မထိုင်ချင်ပါ။ သို့သော် ဘယ်တုန်းကမှ မမြင်ဖူးသော ဖေဖေ့ဒေါသကြောင့် သူမခပ်ဆောင့်ဆောင့် ထိုင်ဖြစ်သည်။

ဦးစိုင်းကျော်ဇင် နားထင်၌သွေးများတိုးကာ ရင်၌ခုန်သံမမှန်ချင်တော့။ သူ့ဘဝ၌ ဖြစ်တည်ခဲ့သော သူ၏သက်တမ်း တစ်လျှောက်မှာ ရခဲ့သော သူ၏ သမီးနှစ်ယောက်။ သူ၏အရှေ့မှာ တစ်ယောက်မျက်နှာ တစ်ယောက်လွှဲကာ သူစိမ်းပြင်ပြင် ထိုင်နေကြသည်။ သမီးကြီး မိုဟွမ်ကတော့ သမီးငယ် ယွန်းမီဇင် ကိုသိသည်။ သမီးငယ်က ဘာကိုမှ မသိသေး။ မည်သို့

www.burmeseclassic.com



ပြောပြလိုက်ရမည်မှန်း လည်း သူ မသိတော့။

'သမီး သူက . .'

'နန်းမိုဟွမ်လေ သမီးသိပြီးသား မိတ်ဆက်ပေးမလို့လား၊ သမီးသူနဲ့ မိတ်မဖွဲ့ချင်ဘူး ဖေဖေ'

'သမီး'

မထင်မှတ်ဘဲ ပြောထည့်လာသော စကားက မိုဟွမ်၏ ရင်ကို ဝုန်းခနဲ စူးခနဲ၊ နာကျင်သွားစေသည်။ ဖေဖေက သမီးဟု မာန်လိုက်သော်လည်း ယွန်းမီဇင်က မျက်နှာကို ချီထားဆဲ။ ခွန်နိုင်အားကိစ္စနဲ့ ပတ်သက်ပြီး သူမကို မကြည်မလင်ဖြစ်နေမှန်း သူမသိသည်။ သူမသိသလို ဖေဖေသိမည်မထင်။ ဖေဖေစိတ်ညစ်သွားမှာကို သူမမလိုလားပါ။ ဒီနေ့မှ သူမသည် ဖေဖေ့ကို သမီးတစ်ယောက်အနေနှင့် ပထမဆုံး မျက်နှာချင်းဆိုင်ဖြစ်ခြင်း။ ဘာမှ စကားရေရေရာရာ မပြောဖြစ်ကြသေးခင် ယွန်းမီဇင်နှင့် လာဆုံခြင်းဖြစ်သည်။ ကံကြမ္မာသည် သူမဘက်၌ မရှိ။ သုံးယောက်သား တိတ်ဆိတ်နေကြသည်။ ယွန်းမီဇင်ကတော့ သူမကို သိသိသာသာကြီး ကျောပေးထားသည်။ ဝိုင်းကြည့်နေကြသော လူတချို့ကြောင့် သူမရှက်လာမိသည်။ သူမကတရားဝင် လူသိရှင်ကြား သမီးမဟုတ်။ ယွန်းမီဇင်ပင် မသိသော သူမ။ သူမကိုယ်သူမ အားငယ်ကာ ရှက်စိတ်တို့ကြောင့် မျက်ရည်တို့က ဝဲတက်လာသည်။ မာနနှင့် ဝုန်းခနဲသူမ ထရပ်တော့ ဖေဖေက မျက်နှာညှိုးငယ်နေသည်။ ကြားထဲက တအံ့တသြ မော့ကြည့်သည်။

'သမီး ပြန်တော့မယ် ဖေဖေ'

'သမီး နေဦး'

ယွန်းမီဇင် ကိုယ့်နားကိုပင် ကိုယ်မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိသည်။ မိုဟွမ်က သူမ၏ဖေဖေကို ဖေဖေတဲ့၊ ဖေဖေကလည်း လိုက်ခေါ်သည်၊ သမီးတဲ့၊ ဘာတွေဖြစ်ကုန်ကြပြီနည်း။ ဖေဖေက မိုဟွမ်နောက်ကို အပြေးတစ် ပိုင်းလိုက်ရန်ထရပ်သည်။ သူမဖေဖေ့လက်ကို လှမ်းဆွဲထားမိသည်။

'ဖေဖေ'

ဖေဖေက သူမကို ငုံ့ကြည့်သည်။ အံ့သြမှုများ၊ ရှက်ရွံ့မှုများ နားမလည် နိုင်မှုများဖြင့် မော့ကာကြည့်နေသော (မျက်ရည်ဝိုင်းကာ နေသော) သူမကို ဖေဖေက သနားသွားဟန်တူသည်။ 'ပြန်ကြရအောင်' ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မထရပ် စဉ်မှာ မိုက်နေ့ ဖြစ်သည်။

'သမီး' ဟု ဖေဖေ စိုးရိမ်တကြီး ခေါ်ရင်းလဲ ပြိုသော သူမကိုလှမ်းတာ ထိန်းလိုက်မှန်း သူမသိသည်။ နောက် . . . . မှောင်အတိ။



www.burmeseclassic.com

www.burmeseclassic.com



'ပြော လေ မိုဟွမ် နင်ဘာမှ မပြောဘဲ ငိုနေတော့ ငါဘယ်လို စိတ်ကောင်းနိုင်မှာလဲ ခဏနေ ဒေါ်ဒေါ်သိသွားရင် သူပါစိတ်မကောင်း ဖြစ်နေဦးမယ်'

နော်ရီ စကားက အားပေးစကား။ ပြီး စိုးရိမ်သောစကား။ သူမဘာကြောင့် ငိုသည်ဆိုတာကို သူမရှင်းမပြချင်တော့။ ဒါပေမယ့် တစ်ယောက်ကိုတော့လည်း သူမရင်ဖွင့်ချင်နေသည်။

'နော်ရီ ငါ . . . ငါဖေဖေ့ဆီကို ဖုန်းဆက်တယ်'

'ဘာရယ်'

'ဟုတ်တယ် ဖေဖေ့ဆီကို ငါဖုန်းဆက်တယ်၊ အခုပဲတွေ့ပြီးတော့ပြန်လာတာ၊ ငါနဲ့ဖေဖေနဲ့ တွေ့ပြီးမကြာဘူး ယွန်းမီဇင် ရောက်ချလာတယ်'

'ဘုရားရေ'

နော်ရီက သူမရင်ဘတ်ကို ဖိကာ ဘုရားတသည်။

'မနေ့က ဖေဖေ့ဆီ ငါဖုန်းဆက်တော့ . . . .



www.burmeseclassic.com

www.burmeseclassic.com



ဖြန်း ကိုကိုင်ကာ သူမရောဖေဖေပါ။ အတန်ကြာ အထိငြိမ်သက်နေ ကြသည်။

'ဖေဖေ'

သူမ၏ မရဲတရဲ မွတ်သိပ်စွာ ခေါ်သောအခေါ်ကို ဖေဖေက 'ပြော သမီး' ဟု တုံ့ပြန်သည်။

'သမီး ဖေဖေနဲ့ တွေ့ချင်တယ်'

'. . . . .'

ဖေဖေ့ဘက်က တုံ့ပြန်မှုမလာသော အခါ သူမ၏ရင်တို့ နာကျင်လို့ လာသည်။ ဖေဖေသည် သူမနှင့် တွေ့ရန် မနှစ်မြို့လေရော့ သလား။ မဖြစ်နိုင်။

'ဖေဖေ့ သမီးကို တွေ့ဖို့ အခက်အခဲရှိနေလို့လား'

'အို မဟုတ်ဘူးသမီး. ဘယ်မှာတွေ့ကြရင်ကောင်းမလဲလို့ ဖေဖေ့ ရုံးခန်းကိုလာခဲ့မလား၊ အေးအေးဆေးဆေး'

'သမီး အဲဒီကိုမလာချင်ဘူး'

ဖြတ်ကာပြောလိုက်သော သူမ၏စကားကြောင့် ဖေဖေ။ အတန်ကြာ သည်အထိ တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး ဖေဖေ့ရုံးခန်းကို မလာချင်လို့လား'

'အဲဒီလိုတော့ မဟုတ်ဘူး ဖေဖေ ဟို လူရှင်းတဲ့ အအေးဆိုင်မှာ တွေ့ရင် ကောင်းမလားလို့'

'ရတယ်လေ သမီး သဘော'

'သမီးသဘောတဲ့' ချိုသာသော နူးညံ့သော နွေးထွေးသော ဖေဖေ၏ ဂရုဏာစကား။ သူမရင်၌ အေးချမ်းသွားသည်။

'သမီး ဖုန်းချလိုက်တော့မယ်နော်'

' OK သမီး'

ဖုန်းချလိုက်ပြီးကြာသည်အထိ ဖေဖေခေါ်သော သမီး ဆိုသည့် ခေါ်သံက သူမနားမှာ ကြားယောင်နေဆဲ။ ဖျတ်ခနဲ ယွန်းမီဇင်ကို သတိရသည်။ ဖေဖေသည် ယွန်းမီဇင်ကို သမီးလို့ ရေမတွက်နိုင်အောင်ခေါ်ခဲ့ဖူးပေမည်။ သူမကရော နည်းနည်းတော့ ယွန်းမီဇင်ကို မနာလိုဖြစ်သွားမိသည်။ တစ်ခါတစ်ခါတော့လည်း၊ ကံတရားကို သာယိုးမယ်ဖွဲ့ရလေ မည်လားမသိ။

ဘာကိုမှလည်း မစဉ်းစားချင်တော့ ရှိပါစေ' ဟုမေ့မေ့ ပျောက်ပျောက် ထားလိုက်တာပဲ ကောင်းသည်။

ဖေဖေနှင့်တွေ့ရမည်ဆိုသော အသိက အိပ်မပျော်အောင် ရှိစေသည်။ နံနက်အိပ်ရာကအထ၊ တစ်နေကုန် 'ဖေဖေနှင့်တွေ့ရမည်ဆိုသော အသိကသာ ကြီးစိုးလို့နေသည်။

ဒေါ်ဒေါ်နှင့် နော်ရီကို အသိမပေးဘဲ သူမထွက်လာခဲ့သည်။ အအေးဆိုင်သို့ ဦးတည်သော ခြေလှမ်းတို့က အားအင်မပြည့်လှ။ နာရီကိုကြည့်တော့ သူမကိုယ်သူမ စောသေးမှန်းသတိထားမိပြန်သည်။ ဆိုင်ရှေ့မှာ ရပ်ကာ သူမ လာရာဘက်သို့ ကြည့်ရင်းစောင့်နေသော ဖေဖေ့ကို မြင်ရသည့်ခဏ သူမ အသက်ရှူများပင် ရပ်တန့်သွားသလား အောက်မေ့ရ အောင်မင်တက်မိသွားမိသည်။ ဖေဖေသည် သူမထက်ပင် အချိန်စော၍ရောက်ခဲ့သည်လေ။ သူမကို မြင်တော့ ဖေဖေ ဝမ်းသာအားရဖြင့် လက်ကိုဝှေ့ယမ်းပြသည်။ သူမလည်း လက်ကို ပြန်ဝှေ့ယမ်းပြဖြစ်သည်။

ခြေလှမ်းတို့က မြန်ချင်လျက်နှင့် နှေးနေသလားဟု အောက်မေ့မိသည်။ ဖေဖေနှင့်နီးလာလေလေ သူမရင်ခုန်လာလေလေ။

ဖေဖေနှင့် မျက်နှာချင်းဆိုင် ရပ်မိချိန်မှာ ဖေဖေ့ကို သူမလွမ်းဆွတ်



www.burmeseclassic.com

www.burmeseclassic.com


သလို မျိုးကြည့်ဖြစ်သည်။ ဖေဖေ့မျက်ဝန်းမှာ မျက်ရည်အချို့ ရစ်ဝိုင်းနေတာကို တွေ့တော့ သူမရင်ဆို့သွားရသည်။ အေးလေ ဖေဖေသည်လည်း ဒီလိုသူမနှင့် တွေ့ရဖို့ အနှစ်နှစ်အလလ ကြိုးစားခဲ့ရသည်ပဲ။ နှုတ်ခမ်းကို တင်းတင်းစေ့ရင်း မျက်ရည်မကျအောင် ထပ်ထိန်းသည်။

'ဖေ . . . . ဖေဖေ စောင့်နေတာကြာပြီလား'

'မကြာသေးဘူး သမီး လာ'

ဖေဖေပြောရင်း သူမလက်ကို 'လာ' ဟု ပြောရင်း ညင်သာစွာ ကိုင်သည်။ ဖေဖေ့လက်က နွေးထွေးမှု ရှိသလောက် သူမ၏ လက်တို့က အေးစက်နေခဲ့သည်။

'ထောင့်ကျသော ဝိုင်းမှာ ဖေဖေနှင့်မျက်နှာချင်းဆိုင်ထိုင်ဖြစ်သည်။ စကောစက အချိန်မို့ ဆိုင်တွင်း လူကသိပ်မရှိ။'

'သမီး ဘာသောက်မလဲ'

'ဖေဖေ သောက်တာပဲ သမီး သောက်မယ်'

သူ၏ အဖြေကြောင့် ဖေဖေ့ မျက်နှာတစ်ချက်ပျက်သည်။ တကယ်လည်း သူမက ဖေဖေသောက်သော အအေး(သို့) တစ်စုံတစ်ခုကိုပဲ သောက်ချင်သည်။ သူမဖေဖေနှင့် တွေ့ရန်လာခြင်း မဟုတ်ပါလား။

'ကုတ် (Coca) နှစ်ဘူးလောက်'

ဖေဖေမှာပြီး သိပ်မကြာခင်မှာပဲ စားပွဲထိုးက coca လာချပေးသွားသည်။ ဖေဖေရော သူမပါ စကားမပြောဖြစ်သေး။ ဆိုင်တွင်းမှာ အင်မတန်လွမ်းမောစရာကောင်းသော အနောက်တိုင်း သီချင်းအေးအေးလေးကို ဖွင့်ကာထားသည်။

'ဒါပြီး ဖေဖေသမီးကို shopping လိုက်ပေးမယ်လေ'

ဖေဖေက အအေးတစ်ငုံသောက်လိုက်ရင်းက ဆိုသည်။ တစ်ချိန်လုံး ဖေဖေက သူမကို မြတ်နိုးစွာကြည့်နေခဲ့တာကို သူမသိသည်။ 'Shopping လိုက်ပေးမယ်'ဆိုတာ တကယ်တမ်းကျတော့ မိန်းကလေးပီပီ အဝတ်အစားစသည် ဝယ်ချင်နေလေမလားဟု ဖေဖေတွေးဟန်တူသည်။

'သမီးဘာမှ မလိုပါဘူး ဖေဖေ။ ပထမဆုံး ဖေဖေနဲ့ တွေ့တဲ့ အချိန်မှာ သမီး ဖေဖေ့မျက်နှာကို တစ်ဝကြီး ကြည့်နေချင်တယ်'

'သမီးရယ်'


www.burmeseclassic.com

www.burmeseclassic.com



ငိုသံမပါအောင် ထိန်းကာပြောရင်းမှ မျက်ရည်ကျသော သူမကို ဖေဖေ စိတ်မကောင်းစွာ ကြည့်သည်။ ဖေဖေသည်လည်း မျက်ရည်မကျအောင် အတော်ကြီး ထိန်းထားရဟန်တူသည်။ တကယ်လည်း သူမက ဖေဖေ့မျက်နှာကို တစ်ဝကြီး သူမကြည့်ချင်နေခဲ့သည်ပဲလေ။

'သမီးလေ ငယ်ငယ်လေးကတည်းက သမီး ဖေဖေဟာ ဘယ်လိုပုံစံလဲဆိုတာ အရမ်းသိချင်ခဲ့တာ။ ဒေါ်ဒေါ့ဆီမှာ ဖေဖေ့ဓာတ်ပုံလေး မရှိခဲ့ရင် ဖေဖေ့ကို ဖြူလားမည်းလား ဆိုတာတောင်သိမှာ မဟုတ်ဘူး'

'သမီးလေးရယ်'

သူမ၏ ရင်ဖွင့်မှုက ဖေဖေ့ကို ဆို့နင့်သွားစေသည်ထင့် ဖေဖေမျက်တောင်ကို နှစ်ချက်သုံးချက်ခတ်ရင်း 'သမီးလေးရယ်' ဟုဆိုသည်။ ဖေဖေက စကားအတော်လေး နည်းပုံရသည်။ 'ဘာကြောင့်များ မေမေသည်ဖေဖေ့နှင့် ကွဲခဲ့ရပါလိမ့်' ဟူသော အတွေးဝင်လာသည့် ခဏဖေဖေ့ကို ကြည့်ရင်း သူမမွန်းကျပ်ကျပ်ကြီး ဖြစ်လို့လာသည်။ ဘာကိုမှပြန်ပြီး မငတွေးချင်။

မျက်ရည်တို့ကို သုတ်လိုက်ရင်း ခေါင်းကို ငုံ့ထားဖြစ်သည်။ ဆိုင်ထဲ လူတွေက တဖွဲဖွဲရောက်လာခဲ့သည်။

'သောက်လေ သမီး'

'ဟုတ်'

အအေးကို တစ်ငုံသောက်လိုက်ရင်း သူမခေါင်းကို ငုံ့ထားနေမိသည်။ တကယ်ဆို သူမဖေဖေ့ကို စကားတွေအများကြီး ပြောချင်သေးသည်။ ဖေဖေ့မျက်နှာကိုလည်း တစ်ဝကြီး ကြည့်နေချင်သေးသည်။ ဒါပေမယ့် တကယ်တမ်းကျ သူမမှာ ပြောစရာစကားများလွန်း၍ ဘာပြောရမည်မသိတော့လောက်အောင် သူမဆွံ့အ နေခဲ့သည်။

'ဖေဖေ'

ရင်းနှီးသလိုလိုရှိသော အသံကြောင့် သူမရော ဖေဖေပါ အသံလာရာ မော့ကြည့်မိကြတော့ ယွန်းမီဇင်။ မီးတောက်လုမတတ်သော မျက်လုံးတို့ဖြင့် သူမကို ကြည့်နေသည်။ ဖေဖေတစ်ယောက် အကြီးအကျယ် မျက်နှာပျက်သွားသလို သူမသည်လည်း ထိုနည်းတူ။ ယွန်းမီဇင်ကတော့ ရင်နိမ့်ချည်မြင့်ချည်ဖြင့် အတော်လေးစိတ်လှုပ်ရှားကာ ဒေါသထွက်နေဟန်တူသည်။

'သ . . သမီး လာထိုင်'



www.burmeseclassic.com

www.burmeseclassic.com


ဖေဖေကအထစ်ထစ်မှ အငေါ့ငေါ့ဖြင့် ထိုသို့ ဖိတ်ခေါ်လိုက်သည်နှင့် 'မထိုင်ဘူး' ဆိုသော သူမ၏ စူးစူးရှားရှား အသံဖြင့် အော်ရင်း ချက်ချင်းတုံ့ပြန်သည်။ ဘေးဝိုင်းမှ လူအချို့က သူမတို့ကို ကြည့်နေကြသည်မို့ သူမမျက်နှာတို မည်သို့ထားရမည်မသိတော့။ ယွန်းမီဇင်ကလည်း မီးတောက်လုမတတ် သူမကို ကြည့်နေခဲ့သည်မို့ 'သူဘာလဲ ငါဘာလဲ' ဟူသောမာနမျိုးက ရင်၌ ရှုန်းကြွလာသည်။ မျက်နှာကို တမင်ပင် လွှဲထားပစ်လိုက်သည်။ ဂရုစိုက်စရာလား။ သူမက ဖေဖေ၏ တရားဝင် သမီးအကြီး ဖြစ်သည်ပဲ။

'သမီး ခဏထိုင်ဦး'

'မထိုင်ဘူး'

'သမီး'

ဖေဖေ့အသံက တော်တော်လေး ကျယ်သည်မို့ အာရုံစိုက်သူတွေများလာသည်။ မိုဟွမ်ရှက်လွန်းသဖြင့် ဘာလုပ်လို့ လုပ်လိုက်ရမှန်းကိုပင် သူမမသိတော့။ အအော်ခံလိုက်ရသော ယွန်းမီဇင်က သူမကို ခပ်စောင်းစောင်းကျောပေးကာ ခပ်ဆောင့်ဆောင့်ထိုင်သည်။

ဖေဖေကသက်ပြင်းကိုချသည်။ ကွက်ကြည့်ကွက်ကြည့်လုပ်နေကြသော အဒေးဆိုင်ထဲမှ လူတချို့ကို ဖေဖေဝေ့ကာကြည့်သည်။ ပြီး ယွန်းမီဇင်တို့ကြည့်သည်။ ယွန်းမီဇင်ကတော့ ဒေါသ မပြေသေးဟန်ဖြင့် မျက်နှာကို ချိုထားသည်။

'သမီး သူက . . .'

'နန်းမိုဟွမ်လေ . . သမီးသိပြီးသား . . မိတ်ဆက်ပေးမလို့ မဟုတ်လား၊ သမီး သူနဲ့ မိတ်မဖွဲ့ချင်ဘူး ဖေဖေ'

သူမမျက်နှာ 'ဖြန်း' ခနဲ မီးဟပ်ခံလိုက်ရသလို ပူသွားသည်။ ရင်၌ဒေါသ ကလည်း 'ထောင်း'ခနဲ ထွက်သည်။ ဖေဖေက သူမသည်လည်း ဖေဖေ့သမီး ဖြစ်ကြောင်း ပြောပြရန် ကြိုးပမ်းလိုက်ခြင်း ဖြစ်သော်လည်း ယွန်းမီဇင်က ထိုသို့ သူမကို ပယ်ပယ်နယ်နယ်ကြီး စော်ကားလိုက်သည့်အတွက် ဖေဖေ့မျက်နှာမှာ စိတ်မကောင်းမှုတို့ကို အထင်းသားမြင်နေရသည်။

ဖေဖေစိတ်ညစ်နေမှန်း သူမသိသည်။ ဖေဖေ၏ အကျပ်အတည်းကို သူမမြင်လို။ ယွန်းမီဇင်၏ ရိုင်းပျမှုကိုလည်း ဘယ်လိုတုံ့ပြန်လိုက်ရမှန်း မသိအောင်ပင် သူမထူပူနေမိသည်။ သေချာမှုတစ်ခုက ဝိုင်းကြည့်နေသော လူများ


www.burmeseclassic.com

www.burmeseclassic.com



၏ရှေ့မှာ သူမဆက်မနေလိုတော့။ သူမမျက်နှာကို လွှဲထားသော ယွန်းမိဇင် မျက်နှာကို ခါးသက်စွာ ကြည့်ရင်း သူမ၏ မာနတရားတို့က 'ဝုန်း' ခနဲ သူမကို ထရပ်ရန် စေ့ဆော်ပေးလိုက်ကြသည်။

'သမီးပြန်တော့မယ် ဖေဖေ'

ထို စကားလုံးတို့ကို ပီပြင်ပြတ်သား ရှင်းလင်းစွာ ပြောလိုက်ရင်း ဆတ်ခနဲ သူမ လှည့်ထွက်တော့ ဖေဖေက 'သမီး နေဦး' ဟု လိုက်ခေါ်သည်။ သူမလှည့်မကြည့်မိ 'ဖေဖေ့ ဖေဖေ့ သမီးနဲ့ပဲ ကျန်ခဲ့ပါဖေဖေ သမီးဖေဖေနဲ့ တစ်သက်လုံး ခွဲနေလာခဲ့တာမို့ သမီး ခံနိုင်ရည်ရှိပါတယ်'

စိတ်ထဲမှာ ထိုသို့တွေးမိရင်း မျက်ရည်တို့က တားဆီးမရနိုင်အောင် လိမ့်ဆင်းကာ ကျလာခဲ့သည်။ ဖေဖေ သူမနောက်ကို လိုက်မလာခဲ့ပါ။ သူမ ယွန်းမိဇင် မျက်နှာကို မြင်ကာ အမုန်းကြီးမုန်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲနော်' နော်ရီ ငါတော့ ယွန်းမီ မျက်နှာကို လုံးဝမမြင်ချင်တော့ဘူး'

'ဒါဆို ဒီလိုလုပ်'

'ဘာလဲ'

'နင် နိုင်အေးကို အဖြေပေးလိုက်'

'ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ဟ သူ နိုင်အေးကို တစ်ဖက်သတ်ကြီး ဖြစ်နေတာ နင်ကလွဲရင် ငါတို့အကုန်လုံး သိတယ်။ နင်သာ နိုင်အေးကို အဖြေပေးလိုက်ရင် သူလုံးဝ ဟာတ်ထိသွားမယ်'

'ဟာ-ငါအဲဒီနည်းတော့ မသုံးချင်ပါဘူး'

သူမရှက်ရွံ့စွာ ခေါင်းကို ငုံ့ရင်းဆိုဖြစ်သည်။

'မိုဟွမ်ရေ ဖုန်းလာတယ်'

နော်ရီက သူမပါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။ မေမေ့ ဆီကများလားမသိ။ သူမရင်တို့ တဆတ်ဆတ်ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'မေမေသိသွားပြီလား။' ဟူသော အတွေးက သူမတစ်ကိုယ်လုံးကို ထုပ္ပနေစေသည်။ ဖုန်းရှိရာလာရင်း သူမစိတ်နှင့် လူနှင့် ကင်းကွာကာနေသည်။ ဖုန်းခွက်ကိုသူမကိုင်လိုက်သည်။

'ဟဲလို'

'...'

တစ်ဖက်မှ ဘာမှပြန်မထူး။ အသက်ရှူသံပြင်းပြင်းကို သူမကြားလိုက်ရသည်။ ဖုန်းလိုင်းက အရမ်းကြည်နေသည်မို့ မြို့တွင်းဆိုတာ သူမသိလိုက်သည်။ ဘယ်သူပါလိမ့်။

'ဟဲလို ဘယ်သူလဲ'

'ငါ ယွန်းမိဇင်'

ဖြုန်းခနဲ သူမရင်၌ ဒေါသကလာရိုက်ခတ်သည်။ 'ငါ'တဲ့ သူ့ကိုယ်သူ 'ယွန်းမိဇင်' တဲ့။ 'ဆရာကြီးလား' ဟု သူမတွေးသည်။

'ဘာကိစ္စလဲ ငါ့ဆီဖုန်းဆက်စရာ ဘာအကြောင်းမှမရှိဘူး'

သူမလေသံအေးစက် မာကျောကာနေသည်။ တစ်ဖက်က 'ယွန်းမိဇင်' ထံမှ 'ဟင်း'ခနဲ ထွက်လာသော ခနဲ့တဲ့တဲ့ အသံကြောင့် ဒေါသထွက်စွာ နှုတ်ခမ်းကို ကိုက်ထားမိသည်။

'နင် ငွေဘယ်လောက်လိုချင်လဲ မိုဟွမ်'

'ဘာ'

'ငါ အကုန်သိပြီးပြီ၊ ဒါပေမယ့် နင်ဟာ ငါ့ရဲ့ ဖခင်အတူမအေကွဲ အစ်မဆိုတာ ဒါပေမယ့် ငါလက်မခံနိုင်ဘူး။ အဲဒီလိုပဲ ဘယ်သူ့ကိုမှလည်း အသိမခံနိုင်ဘူး၊ ဒီတော့ နင့်ပါးစပ်ပိတ်နိုင်ဖို့ ငွေဘယ်လောက် ငါပေးရမလဲ'

မိုဟွမ် ဒေါသထွက်လွန်း၍ ဘာပြောလိုက်ရမည်မှန်းမသိတော့။ တော်တော်ကို မိုက်ရိုင်းသော ယွန်းမိဇင်။ သူမကို ဒီလိုလာချိုးလို့ရမတဲ့လား။ သူမကမေ့မေ့သမီး ဖြစ်သည်။ မာနဆိုတာကို တစ်သက်လုံးစားသုံးလာတာ ဘယ်သူ့အစော်ကားမှ သူမ မခံနိုင်။

'နင် ရူးနေလား။ ယွန်းမိဇင် ငါက ငွေမက်တဲ့ မိန်းမမဟုတ်ဘူး'

'သွားစမ်းပါ နင်ငွေမက်လို့ ငါ့အဖေကို ကပ်နေတာပေါ့ဟဲ့၊ ပြောစမ်း နင်ငွေ ဘယ်လောက်လိုချင်လဲ'

ယွန်းမိဇင်ကတစ်ဖက်မှ အသံကုန်အော်နေသည်မို့ သူမလည်း အသံ



www.burmeseclassic.com

www.burmeseclassic.com



ကုန် ပြန်အော်မိသည်။ ဒ.ဆောင်မှာ ဒေါ်ဒေါ်မရှိ၍ တော်သေးသည်။ နော်ရီ နှင့် အဆောင်သူ တချို့က သူမကို ငုံ့ ကြည့်နေကြသည်။ သူမ နှုတ်ခမ်းကို တင်းနေအောင်စေ့ ဖြစ်သည်။

'ဒီမှာ ယွန်းမီဇင် နင်က နောက်ပေါက်တဲ့ ရွှေကြာလေ အဲဒါကို နင်လက်မခံလို့ ရဘူး၊ ကြည့်ထား ဖေဖေ့ကို ငါ့ဘဝထဲပြန်ရောက်လာအောင် ပြန်ခေါ်ပြမယ်'

'ဘာပြောတယ်၊ စိတ်ကူးမယဉ်နဲ့ အရူးမ'

'နင် ဖေဖေနဲ့ နောက်ထပ် မတွေ့ရဘူး မိုဟွမ် ဒါပဲ'

'စိတ်ချ ယွန်းမီဇင်၊ ငါ့ဖေဖေကို ရအောင်တွေ့ပြီး တစ်သက်လုံးကို ငါ့ဆီမှာ ခေါ်ထားမယ်'

'အရူးမ'

'ခွေးမ'

ပျစ်ပျစ်နှစ်နှစ် ပြန်ဆဲ ထည့်လိုက်ရင်း ဖုန်းကို 'ဂွပ်'ခနဲ နေအောင် ဆောင့်ချပစ်လိုက်သည်။ ဒေါသတို့ကြောင့် သူမတစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေခဲ့သည်။ တွေ့မယ်။ သူမက ဒီလို စိန်ခေါ်မှုမျိုးကို ဘွာ မခတ်တတ်။

မနက်ဖြန်။

မနက်ဖြန်သည်။ ယွန်းမီဇင်၏ မွေးနေ့။ သူမ အားစက်စွာ ပြုံးလိုက်သည်။

'မိုဟွမ်'

နော်ရီက သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ခပ်တိုးတိုးခေါ်ရင်း တအံ့ တသြ ကြည့်နေသည်။ နော်ရီက သူ့ကို အမြဲ ခံစားနားလည်ပေးနေကျမို့ သူမ ဘာတွေ ဘယ်လောက် စိတ်ညစ်နေမှန်း နော်ရီ သိသည်လေ။ နော်ရီ ရင်ထဲ တိုးဝင်ကာ သူမ ငိုချပစ်လိုက်သည်။

နော်ရီက သူမကို ဖက်ထားရင်း ကျောကို သပ်ပေးကာနေသည်။ ငိုလို့ ဝတော့မှ သူမ နော်ရီ၏ ရင်ဘတ်ထဲမှ ထွက်သည်။ မျက်ရည်စတို့ကို သုတ်သည်။ ထို့နောက် အားစက်စွာ ပြုံးဖြစ်သည်။ ဖုန်းကိုကိုင်ကာ ဖုန်း နံပါတ်တို့ ကို တစ်လုံးချင်း နှိပ်သည်။

'တူ တူ'

တစ်ဖက်မှ ဖုန်းမကိုင်သေး။ တော်တော်လေး ကြာပြီမှ ဖုန်းလာကိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဟဲလို ကျွန်တော် စိုင်းကျော်ဇင်ပါ'

'ဖေဖေ'

ဖေဖေက အံ့သြသွားဟန်ဖြင့် ခေတ္တ တိတ်ဆိတ်သွားသည်။

'သမီး မိုဟွမ်'

'မနက်ဖြန် မနက် ခုနစ်နာရီ ဖေဖေနဲ့ တွေ့ချင်တယ် ဖေဖေ'

'.............'

ဖေ့ဖေ့ဘက်မှ တိတ်ဆိတ်သွားသည်။ သူမသိသည်။ ယွန်းမိဇင်၏ မွေးနေ့က ရှစ်နာရီ စမှာကိုး။ ဖေဖေ အတော်ကြီး ခေါင်းစားသွားဟန်တူသည်။

'သမီး ညနေခင်းမှ'

'ပန်းခြံက ကြိုးတံတားမှာ မနက်ခုနစ်နာရီမှာ သမီးစောင့်နေမယ် ဖေဖေ'

ပြောပြီးသည်နှင့် သူမ ဖုန်းကို 'ဂွပ်'ခနဲ ချလိုက်ပြီး ဖုန်းပလပ်ကို ဖြုတ် ထားလိုက်သည်။ နော်ရီက သူမကို ပြုံးကြောင်ကြောင် ကြည့်နေသည်မို့ သူမ ပြုံးပြလိုက်သည်။

'မိုဟွမ် ငါတော့ နင့်ကို ကြောက်တောင် ကြောက်လာပြီ'

ကြက်သီးထဟန် ပခုံးနှစ်ဖက်ကို တွန့်ရင်းက နော်ရီ ဆိုသည်။

'နင် ဘယ်လိုထင်လဲ၊ မနက်ဖြန် ငါချိန်းတဲ့နေရာကို ဖေဖေ လာ၊ မလာ'

'ဟဲ့ လာမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အရောက်လာမှာ သေချာတယ်'

နော်ရီ၏ အဖြေက သူမကို ကျေနပ်သွားစေသည်။ ဖေဖေလာမှာ သေ ချာသည်။ သူမ အပြည့်အဝ ယုံကြည်ထားပြီးသား။

မနက်ဖြန် ရှစ်နာရီ။ ယွန်းမိဇင်ဆိုသော မိန်းမ။ ဧည့်ခံပွဲကျင်းပ နေချိန်မှာ ဖေဖေသည် သူမနှင့်အတူ ရှိနေလိမ့်မည်။

မွေးနေ့ကိတ်ကို လှီးပြီး ဖခင်ဖြစ်သူကို ကျွေးရန် သဲကြီးမဲကြီး ရှာနေ သော ယွန်းမိဇင်၏ ပုံကို မြင်လိုက်ရသည့်ခဏ သူမ အကျေနပ်ကြီး ကျေနပ် သွားမိသည်။

သူမ တစ်သက်လုံး ခံစားလာရသည့် ဤဝေဒနာမျိုးကို ယွန်းမိဇင် ခံစား ရစေမည်။ ပထမကတော့ ပါးပါးလေးပဲ ပညာပေးရန် သူမတွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စောဘောက ဖုန်းဆက်ပြီး သူမအား စော်ကားခဲ့ပြီးချိန်မှ သူမ ဤသို့ သင်ခန်းစာပေးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ခံစားစမ်း . . . . ။

အားပါးတရ ပြုံးနေသော သူမကို ကြည့်ကာ နော်ရီကတော့သက်ပြင်းကို ချသည်။ သူမ မသိချင်ဒယောင် ဆောင်ကာ နေလိုက်သည်။ 'နင် နားမလည်ပါဘူး နော်ရီရယ်' ဟု။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ် သွားမလို့လဲ ဖေဖေ'

ဖေဖေ့ကို အနည်းငယ် မှုံမှုန်ဟု ယူဆရင်း ယွန်းမီ လှမ်းမေးခြင်း ဖြစ်သည်။ သူမ၏ အမေးကြောင့် ဖေဖေ့ကိုယ်က မသိမသာ အနည်းငယ် ခါသွားသည်ဟု သူမထင်သည်။ မနေ့က အအေးဆိုင်ကနေ ဆေးခန်းကို သူမတို့ ရောက်သွားခဲ့ပြီး သူမ အားဆေးသွင်းရန် ဆေးခန်းမှာ ခဏ နေခဲ့ရသေးသည်။ ခုလည်း သူမရင်မှာ တလှပ်လှပ်နှင့်။ ဖေဖေက သူမဘက် လှည့်ကြည့်သည်။

'ဒီနားလေးတင် သမီး'

'ဖေဖေ'

'မကြာပါဘူး သမီးရဲ့'

'သမီး မွေးနေ့မှာ ကိတ်မုန့်လှီးတိုင်း ဖေဖေ့ကို အရင်ကျွေးနေကျလေ။ တကယ်လို့ အရေးမကြီးဘူးဆိုရင် နေ့လယ် မွေးနေ့ပွဲပြီးမှ သွားပါလား'

'မကြာပါဘူး သမီးရဲ့၊ ဖေဖေ အခုပဲ ပြန်လာခဲ့မယ်ဟုတ်ပြီလား'

ဖေဖေက သူမခေါင်းကို အသာလေးပုတ်ကာ ပြောရင်း ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . . . . . . . .

သည်။ ဖေဖေ ထွက်သွားသည်ကို သူမ လိုက်ကြည့်နေဖြစ်သည်။ ကားလုံးလုံး ပျောက်ကွယ်သွားချိန်မှာ သူမအတွေး 'လက်'ခနဲ။ 'မိုဟွမ်'၏ စကားတို့ကို သတိရလိုက်သည်။

'စိတ်ချ ယွန်းမိဇင်' ငါဖေဖေ့ကို ရအောင်တွေ့ပြီး တစ်သက်လုံးကို ငါ့ ဆီမှာ ခေါ်ထားလိုက်ဦးမယ်'

ဖေဖေ အမူအရာတွေ ပျက်နေသည်။ ဒါဆို

'မေမေ'

အိမ်အတွင်းဘက် လှည့်ကာ အာခေါင်ခြစ်၍ အော်လိုက်သော သူမ၏ အော်သံကြောင့် မေမေနှင့် အိမ်ဖော်မလေးနှစ်ယောက် အပြေးတစ်ပိုင်း ထွက် လာသည်။

'ဘာလဲ သမီး အထိတ်တလန့်နဲ့'

'ဖေဖေ ဘယ်သွားတာလဲ'

'ဘယ်သိမှာလဲ သမီးရဲ့၊ ပြန်လာမှာပေါ့၊ ဒီမှာ ဒီလောက် အလုပ် ရှုပ်နေကြတဲ့ဟာ'

'မဟုတ်ဘူး မေမေ၊ ဖေဖေ သူ့ သမီးဆီ သွားတာ'

'ဘယ်လို'

'ဟုတ်တယ် မေမေ၊ ဖေဖေ ဟိုကောင်မဆီ သွားတာ'

မေမေ့ရင်ခွင်ကို တိုးကာ ဝင်ရင်း သူမ ငိုချလိုက်မိသည်။ ဒီကိစ္စတွေ မေမေက သိထားပြီးသား။

'ပြန်လာမှာပါ သမီးရယ်၊ သမီးဖေဖေက သမီးကို အရမ်းချစ်တာပါ'

မေမေက လေသံပျော့ပျော့လေးဖြင့် ဆိုလေ သူမရင်နင့်လေ။

'သမီး ဖေဖေက အစောကြီးကတည်းက မေမေ့ကို အရာရာ အသိ ပေးပါတယ်ကွယ်၊ ဟိုဘက်က အိမ်ကို ဒီအိမ်နဲ့ တစ်ပုံစံတည်း ဆောက်ထားတာ လဲ အဲဒီ သူ့သမီးအတွက်တဲ့ သမီး'

'မနေဘူး . . . နန်းမိုဟွမ်နဲ့ သမီး နီးနီး မနေချင်ဘူး၊ သမီး သူ့ကို မုန်းတယ်'

'သမီးရယ်'

မေမေက သူမအား ပွေ့ဖက်ထားရင်း ညင်သာစွာ ပွတ်သပ်ပေးနေ သည်။ သက်ပြင်းချနေသော မေမေ့ကို သူမ နားမလည်နိုင်။ တကယ်ဆို ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ဒီလို အနေအထားမျိုး မဖြစ်သင့်။ အခု မေမေ့ပုံစံက ဘာမှမဖြစ်သလို အေးအေး ဆေးဆေး။

'သမီး ခဏလှဲနေလိုက်ပါလား'

ရှိုက်နေဆဲဖြစ်သော သူမကို မေမေက လေပြည်လေးဖြင့် ဆိုသည်။ သူမ ခေါင်းကို ညိတ်ရင်း သူမ၏ အခန်းဘက်ကို ဦးတည်သည်။ ခုတင်ပေါ် ထိ လိုက်ပို့ပြီး ထွက်သွားသော မေမေ၏ တည်ငြိမ်နေမှုအပေါ် သူမ အားမရ။ နားလည်း မလည်နိုင်။

ဖေဖေ . . . ဖေဖေသည် အခုဆို မိုးဟွမ်ဆီ သွားနေလောက်ပြီ။ တကယ်တော့ ဘာကြောင့် မိုးဟွမ်ကို အလွန်အမင်း မုန်းနေမိမှန်း သူမကိုယ် သူမပင် နားမလည်နိုင်။

မကြာမီ သူမ၏ မွေးနေ့ပွဲ အစီအစဉ်တွေ ဤအိမ်ကြီးပေါ်မှာ စတင်တော့မည်။ သူမ ဘာကိုမှ မပြင်ဆင်ရသေး။ ဘာတွေကို ပြင်ဆင်ရမည်နည်း။ ဤညဉ့်ခံပွဲကား ဖေဖေမရှိသော ကြုံတောင့် ကြုံခဲ ပွဲတစ်ပွဲလည်း ဖြစ်သွားနိုင်သည်။

မိုးဟွမ် . . . မိုးဟွမ် ဆိုသော မိန်းမကို သူ အလွန်မုန်းတီးနေမိသည်။ ဒီပွဲ ဟာ အဲဒီ မိန်းမကြောင့် ပျက်မတဲ့လား။ သူမ ခေါင်းကို ဆတ်ခနဲ မော့ပစ်လိုက်သည်။ မဖြစ်စေရ။ ဒီပွဲကို ဖေဖေ မတက်ရောက်နိုင်ခဲ့ရင်တောင် ဘာမှ မဖြစ်ခဲ့သလိုမျိုး သူမ ထိန်းသွားမည်။ ရင်ထဲမှာ မီးတောက်တွေ အဆင့်ဆင့် ပေါက်ကွဲနေပါစေ။ ဒီနေ့တစ်နေ့လုံး သူမ အပြုံးမပျက်စေရ။ 'ဆတ်' ခနဲ သူမ ထရပ်သည်။ အလှပြင်မည်။ အလှပဆုံးဖြစ်အောင်ကို ပြင်မည်။ ပြီး ဗီဒီယို မှတ်တမ်းကို စပါယ်ရှယ် ရိုက်ကာ မိုးဟွမ် ဆိုသော မိန်းမဆီ ပို့ပစ်လိုက်ဦးမည်။ သူမသည် ပျော့ညံ့ညံ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာကို သိသွားအောင်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးမြို့ရဲ့ အလှပဆုံး နေရာများထဲ၌ ရှုခင်းသာ ပန်းခြံဏ ထိပ်ဆုံးမှ ပါဝင်သည်။ ကြိုးတံတား။ ကွေ့တိကွေ့ကောက် နှစ်ထပ်လမ်း၊ အေးသာယာဂေါက်ကွင်း စသည်တို့ကို အပေါ်စီးမှ သူမ မြင့်နေရသည်။

သို့သော် ထိုအလှအပတို့ကို သူမ မခံစားမိ။ လက်မှနာရီကို ကြည့်ကာ သူမ ကြိုးတံတားဆီလာခဲ့သည်။ ဖေဖေနှင့် ချိန်းထားသော ခုနစ်နာရီထိုးရန် ဆယ့်ငါးမိနစ်ကြီးများတောင် လိုသေးသည်။ ဒါပေမယ့် သူမ ခြောက်နာရီခွဲကတည်းက ရောက်နေတာပဲ ဖြစ်သည်။ ကြိုးတံတားပေါ်ကို တော့ အခု သူမ ရောက်လာခြင်းဖြစ်သည်။

ကြိုးတံတားမှ အောက်ဘက်ရှိ ကားလမ်းကို ငေးနေမိသည်။ သို့သော် ထိုလမ်းပေါ်မှာ သွားနေသော ကားတို့ကို သူမ မမြင်၊ သူမ မြင်သည်က ယွန်းမီဇင်၏ မျက်နှာ။

'ငွေ ဘယ်လောက် လိုချင်လဲ' ဟု အမေးခံရတာလောက် ဒေါသ ဖြစ်စရာရှိမည် မထင်။ ငွေဆိုတာကို နေရာတကာသုံးလို့ ရမည်ဟု မိုက်မဲစွာ



www.burmeseclassic.com

www.burmeseclassic.com



ခံယူထားသည်ထင့်။ သနားစရာပင် ကောင်းသေးတော့သည်။

'ဖေဖေနှင့် နောက်ထပ် မတွေ့ရဘူး မိုဟွမ်' တဲ့။ လာလာချေသေး၊ တကယ်တမ်းဆို ဒီစကားမျိုး (အမိန့်ဆန်သော စကားမျိုး) ကို ယွန်းမီဇင်မှာ သုံးစွဲခွင့်မရှိ။ သူမက ယွန်းမီထက် တစ်နှစ် (သို့မဟုတ်) တစ်နှစ်ထက် ပို၍ ကြီးသည်။ ပြီး ခပ်ရင့်ရင့်ပြောရလျှင် သူမကသာလျှင် ဖေဖေ့ မယားကြီးက မွေးသော သမီး။ ယွန်းမီဇင်က မယားငယ်မှ မွေးသောသမီး။

'ဆီနဲ့ရေပါ ယွန်းမီဇင်ရယ်။ နင့်အနေအထား ဘာလဲဆိုတာ နင် ကောင်းကောင်းကြီး သိသွားစေရမယ်'

သူမ နှုတ်ခမ်းကို တင်းတင်းစေ့ထား လိုက်ရင်းက တွေးဖြစ်သည်။ နာရီ ကို ဘယ်နှကြိမ်မြောက်မှန်းမသိ ကြည့်ဖြစ်သည်။

'ဟင်'

၇း၀၀ နာရီတိတိ။ သူမ ဖေဖေ့ကို ချိန်ထားသော ခုနစ်နာရီ။ ဖေဖေ သည် ရောက်မလာခဲ့သေး။ သူမရင်တို့ တဒိတ်ဒိတ် ခုန်လို့လာသည်။ ဖေဖေ မလာဘူးလား?။ မဖြစ်နိုင်။ ယွန်းမီဇင်ကများ မာယာ အနန္တဖြင့် ဖေဖေ့ကို ဆွဲထားသလား?။ သူမ တွေးမိချိန် သူမနားထင်၌ သွေးတို့က တဒိတ်ဒိတ် တိုးလာသည်။

မဖြစ်နိုင်။ ယွန်းမီဇင်ဆိုသော သမီးကို အလေးသာသွားဖို့ရာ ဖေဖေ က ဆုံးဖြတ်မည်တဲ့လား?။ ဒီလိုတော့ ရက်ရက်စက်စက်ကြီး ဖေဖေ ဆုံးဖြတ် မည်မထင်။ ရင်မှ ပူလောင်မှုတို့နှင့်တူ နာရီကိုပင့်ကာ ကြည့်မိပြန်သည်။

၇း၁၀ မိနစ်။

ဖေဖေ ရောက်မလာသေး။

သူမရင်သည် အပူလောင်ဆုံး အနေအထားသို့ ရောက်ရှိလို့နေသည်။ ဝေ့ဝဲကာ တက်လာသော မျက်ရည်တို့ကို မျက်တောင်ဖြင့် ပုတ်ခတ်ကာ သူမ ထိန်းသည်။ မျက်တောင်ဖြင့် ပုတ်ကာ ထိန်း၍ မလုံလောက် ကျလုကျခင် မျက်ရည်ကို ခေါင်းမော့ကာ ထိန်းသည်။ သို့သော် မျက်ရည်တို့က စီးကာ ကျ လာသည်။ သူမ အားရပါးရ ရှိုက်ငိုပစ်လိုက်သည်။

စောသေးသည်မို့ ကြိုးတံတားပေါ်မှာ သူမတစ်ယောက်တည်း။ အားပါးတရ ငိုကျွေးလို့ ကောင်းတုန်း။ မျက်ရည်စ တချို့တို့ကို သုတ်ကာ နာရီကိုပင့်ကာ သူမကြည့်ဖြစ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



၇း၁၇ မိနစ်။

သူမ ရပ်နေရာမှ ဖေဖေလာနိုင်မည့် နေရာများဘက်သို့ ကြည့်မိသည်။ အရိပ်အယောင်ပင် သူမ မမြင်မိသေး။ ဖေဖေ မလာတာလား။ မလာဘဲတော့ နေမည်မဟုတ်။ ဒါဆို လမ်းမှာ ကားများတစ်ခုခု ပျက်နေသလား။ သို့မဟုတ် ဘီးတွေ ဘာတွေများ ပေါက်နေလေသလား?။ ဖေဖေ့အတွက် သူမ စိုးရိမ်သွားရပြန်သည်။ လာချင်စောနဲ့များ ကားကို အမြန်မောင်းရင်း . . . . သူမ ဆက်မတွေးရဲတော့။

ထိုစဉ် ကြိုးတံတားဆီ လာနေသော အရိပ်တစ်ခုကြောင့် သူမ ထိုပုံရိပ် စူးစိုက်ကာ ကြည့်မိသည်။ ပုံရိပ်က သိပ်မသဲကွဲသေး။ တဖြည်းဖြည်းနှင့် ထင်ရှားလာသည်။

ဖေဖေ. . . ဖေဖေက သူမကို လက်ဝှေ့ယမ်းပြသည်။ သူမက အားပါး တရ လက်ကို ပြန်ဝှေ့ယမ်းပြဖြစ်သည်။ တစ်လှမ်းချင်းလာနေသော ဖေဖေ့ကို ကြည့်ရင်း သူမရင်၌ ခံစားမှုတစ်မျိုးက လှိုက်တက်လာသည်။ မျက်ရည်တို့ကလည်း ဝေ့တက်လာသည်။

'ဖေဖေ'

အားပါးတရ ခေါ်ရင်း ဖေဖေ့ရင်ခွင်ထဲကို တိုးဝင်ကာ ငိုရှိုက်လိုက်မိသည်။ ဖေဖေက သူမကို ပြန်လည် ထွေးပွေ့ထားရင်း 'မငိုရဘူးလေ သမီး'ဟု ဆိုသည်။

'သမီးက ဖေဖေ မလာတော့ဘူးလားလို့'

'လာမှာပေါ့ သမီးရယ်၊ ဖေဖေ လမ်းမှာ ကားပျက်နေလို့ သမီးရဲ့'

'တော်ပါသေးရဲ့' ဟု သူမ သက်ပြင်းကို ချသည်။ မတော်လို့များ ဖေဖေ သာ ကားအက်စီးဒင့် တစ်ခုခုနှင့် ကြုံလျှင် သူမ ရင်ကျိုးလိမ့်မည်။

'ကဲ ဆို သမီးက စောစောစီးစီး ဖေဖေနဲ့ တွေ့ချင်ရတဲ့အကြောင်း'

'ဖေဖေနဲ့ ဒီနေ့တစ်နေကုန် စကားတွေ ပြောချင်လို့'

သိပ်ပိရိမည် မထင်သော်လည်း ထိုစကားကို မျက်လုံး ဖွတ်မှိတ်ကာ ပြောဖြစ်သည်။ ဖေဖေ သူမ၏ အကြံကို ရိပ်မိချင် ရိပ်မိနေနိုင်သည်။

'ဒီကလေးကတော့'

ဖေဖေက သူမကို 'ကလေး' တဲ့ အနည်းငယ်တော့ သူမ ရှက်ချင်သွားသည်၊ ကြည်လည်း ကြည်နူးသွားမိသည်။ ဖေဖေက သူမ၏ခေါင်းကို ခပ်ဖွဖွ



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ရင်း ကြင်နာစွာ ပြောခဲ့သည်ကို။ ဘာပဲဖြစ်ဖြစ် ယွန်းမီဇင် မွေးနေ့မှာ ဖေဖေ ရောက်မသွားနိုင်ဖို့ပဲ အရေးကြီးသည်။

'ဒါဆို သမီး ခဏလေးစောင့် ဖေဖေ အိမ်ခဏလေးပြန်ပြီး ချက်ချင်း'

'ဟင်း အင်း ဖေဖေ၊ ဖေဖေ မပြန်ရဘူး'

ဖေဖေ့ စကားကိုဖြတ်ကာ သူမအလောတကြီး ပြောမိသည်။ ဖေဖေက သူမကို နားမလည်သလို ကြည့်သည်။ ဒါပေမယ့် ဖေဖေ နားလည်ကောင်းနားလည် နေပေလိမ့်မည်။

'ခဏလေးပါ သမီးရယ် ဖေဖေ'

'ဖေဖေ မပြန်ရဘူး'

သူမအသံက အကျယ်ကြီး ဖြစ်သွားသည်။ ငိုသံပါကြီးဖြင့်ပြောရင်း ဖေဖေ့ရင်ခွင်ထဲ ဝင်ကာ ဖေဖေ့ကို သူမတင်းကျပ်စွာ ဖက်ထားဖြစ်သည်။ တကယ်တော့ သူမ ဖက်ထားတာက ဖက်ထားတာနဲ့ မတူဘဲ ဆွဲထားတာနှင့် တူသည်။

'မသွားပါနဲ့ ဖေဖေရယ်၊ ဒီနေ့ တစ်ပိုင်းလေးလောက်တော့ သမီးနဲ့ ဖေဖေ နေပေးနိုင်မယ် မဟုတ်လားဟင်'

သူမ ကလေးတစ်ယောက်လို ပူဆာရင်း ရှိုက်ရင်းပြောသော စကားကို ဖေဖေက သက်ပြင်းချရင်း နားထောင်သည်။ ဒီလောက်ဆို ဖေဖေ ကောင်းကောင်းသဘောပေါက်သွားမည်ထင်သည်။ ဖေဖေက တောင်ကြီးမြို့၏ အထက်မြက်ဆုံးသော စီးပွားရေးသမားတွေထဲက တစ်ယောက် ဖြစ်သည်ကိုး။

ယွန်းမီဇင်၏ မွေးနေ့မှာ ဖေဖေ့ကို ရှိမနေစေချင်သော သူမ၏ အတွေးဆိုးကို ဖေဖေ ကောင်းကောင်း ရိပ်မိပါလိမ့်မည်။ သေချာတာကတော့ ဖေဖေ ဖွတ်သွားမည် မထင်။

ခံစားစမ်း ယွန်းမီဇင်။ ငွေနှင့် ဘာမဆို ဖြေရှင်းနိုင်သည်ဆိုသော အသိကို ခေါင်းထဲ ရိုက်သွင်းထားသော သူမအတွက် မိုဟွမ်၏ ပါးပါးလေးသဲ ဖြစ်သော သင်ခန်းစာ။ ဒီအချိန်လောက်ဆို ဧည့်ခံပွဲစတင်ရန် တရှန်းရှန်း ရှိပေလိမ့်မည်။ အဲဒီအချိန် သူမ၏ ဖေဖေ ရှိမနေဘူးဆိုတဲ့အသိ ယွန်းမီဇင် တစ်ယောက် ရင်၌ မီးတောက်နေလိမ့်မည်။

'ဖေဖေ သမီးတို့ တစ်ခုခုစားရအောင်'

သူမ ဘာမှ မစားရသေးသည်မို့ 'ဖေဖေလည်းစားရသေးဟန် မတူ



www.burmeseclassic.com

www.burmeseclassic.com



တု တွေးမိရင်း သူမ ခေါ်သည်။ ဖေဖေက ကြိုးတံတားပေါ်မှ အောက်ဘက်ကို ငေးကြည့်ကာနေသည်။ သူမပြောသော စကားကို ဖေဖေ မကြား။

'ဖေဖေ'

သူမ နောက်တစ်ကြိမ် ခေါ်သည်။ ဖေဖေကတော့ ကြိုးတံတား၏ လက်ရန်းကို ပယ်ပယ်နယ်နယ် ဆုပ်ကိုင်ကာ အောက်ကို ငေးကြည့်နေတုန်း။ သူမ ခေါ်သည်ကို လုံးလုံးမကြား။ ဖေဖေ၏ စိတ်တို့သည် ဖေဖေ့သမီး ယွန်းမီ ခင်၏ မွေးနေ့ပွဲကို ရောက်နေသည်ထင့်။ သူမ ဖေဖေ့ကို ကြည့်ရင်း ငိုချင်လာ သည်။ ကြည့်။ ဖေဖေက အခုထိ ကြိုးတံတားအောက်ကို အဓိပ္ပာယ်မဲ့ ငေး ကြည့်နေတုန်း။

ဖေဖေသည် သမီးနှစ်ယောက်ကြား၌ ကြီးစွာ စိတ်ဆင်းရဲနေရသည် ထင့်။ ဖေဖေသည် ယခုမူ သူမနှင့် တွေ့စကလို မဟုတ်။ အနည်းငယ် (စိတ် ဖိစီးမှုများကြောင့်) အိုစာနေသလိုမျိုး ထင်ရသည်။

ဖေဖေက ဤသို့ ငိုင်တွေတွေကြီးဖြင့် သောကရောက်နေတာမျိုးကို သူမလိုချင်ပါ။ ဖေဖေ၏ စိတ်ဆင်းရဲမှုနှင့် ရင်းပြီး သူမ ဘာကိုမှ မလိုချင်။ ဖေဖေ့ကို ကြည့်နေရင်းက သူမဘာကြောင့်မှန်းမသိ မျက်ရည်တို့က တလိမ့် လိမ့်ဖြင့် စီးကျလာသည်။ သူမရင်၌လည်း မွန်းကျပ်လျက်။

'ဖေဖေ'

သူမ ခေါ်သည်ကို ဖေဖေက မကြားသေး။

'ဖေဖေ'

ဖေဖေ၏ လက်မောင်းကို ကိုင်ကာလှုပ်ရင်းခေါ်တော့မှ ဖေဖေက 'ဗာင်' ဟု အလန့်တကြားထူးရင်း သူမကို ကြည့်သည်။

'ဖေဖေ သမီးကို အဆောင်ပြန်ပို့ပေးတော့'

ဖေဖေက မျက်ရည်များနှင့် သူမကို နားမလည်သလို ကြည့်သည်။ မျက်ရည်တို့ကို သုတ်ကာပေးသည်။

'ဘယ်လို ဖြစ်ရပြန်တာလဲ'

ဖေဖေက အခုတစ်မျိုး တော်ကြာတစ်မျိုး ဆိုးသောကလေးတစ် ယောက်ကို ချော့မေးသလိုမျိုး။ ယုယု ယယ ၊ ကြင်ကြင် နာနာ။

'အဟီး သမီး ကျောင်းပျက်မှာစိုးလို့'

တမင် ရယ်ဖြဲဖြဲဖြစ်အောင် လုပ်ကာပြောသော သူမ၏ အမူအရာ



www.burmeseclassic.com

www.burmeseclassic.com



တို့ သိပ်ပီပီပြင်ပြင်ရှိမည် မထင်ပါ။ ဖေဖေ အကျဉ်းအကျပ် သောကရောက်နေသော အနေအထား လွတ်မြောက်ပါစေတော့။ သူမ ဘယ်အရာကိုမှ အနိုင်မယူချင်တော့ပါ။

'သဘောတော် အတိုင်းပါ ခင်ဗျား'

ဖေဖေက နောက်တောက်တောက်ဖြင့် ပြန်ဆိုရင်း သူမ၏ပခုံးကို ကြင်နာစွာ ဖက်သည်။ ပြီး သူမတို့ ဖေဖေ့ကားရှိရာ လာကြသည်။

ကားကို ဖေဖေက မိန်းလမ်းအတိုင်း မောင်းလာသည်။

'ဖေဖေ ဟိုရှေ့က ဆိုင်လေးမှာ ကားခဏ ရပ်ပေးနော်'

ဖေဖေက သူမကို နားမလည်စွာကြည့်ရင်း သူမ ညွှန်ပြသော ဆိုင်ရှေ့မှာ ကားကို ရပ်ပေးသည်။

'ဖေဖေ ကားပေါ်မှာပဲ ခဏစောင့်ပေးနော်'

ဖေဖေက ခေါင်းကို သာယာစွာ ညိတ်ပြသည်။ သူမ Sister ဆိုသော Gift Shop ထဲ ဝင်လာခဲ့သည်။ ဆိုင်နာမည်ကလည်း Sister ဆိုပါလား။

ဆိုင်ထဲမှ အဖြူရောင် ပန်းစည်း တစ်စီးကို သူမ ရွေးဝယ်လိုက်သည်။ ငွေချေပြီး ဖေဖေ့ ကားဆီ ပြန်လာကာ တံခါးဖွင့်ရင်း ဝင်ထိုင်သည်။ ဖေဖေက ကားစက်ကို နှိုးသည်။

'ဖေဖေ'

'ပြော သမီး'

ဖေဖေက ကားကို အာရုံစိုက်ကာ မောင်းရင်းက ထူးသည်။

'မရှိမသေ ဒီပန်းစည်းလေးကို ညီမလေးအတွက် မွေးနေ့လက်ဆောင်ထည့်ပေးလိုက်မယ်နော်'

ဖေဖေက မိန်းလမ်းမှ လမ်းသွယ်တစ်ခုထဲ ချိုးချကာ ကားကို တုန့်ခနဲ ရပ်သည်။

'သမီးရယ်'

ဖေဖေ့အသံက တုန်ယင် လှိုက်မောနေသည်။ ဖေဖေ့မျက်ဝန်းမှာ သူမ မတွေ့ချင်သော မျက်ရည်တချို့ တွေ့ရသည်။

သူမ ကမ်းပေးသော ပန်းစည်းကို ယူရင်း ဖေဖေက သူမ၏ လက်တို့ကို ပါ အုပ်မိုးရင်း ဆုပ်ကိုင်ထားသည်။ ဖေဖေက သူမကို ဆို့နင့်စွာ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီး ဖေဖေ စိတ်ဆင်းရဲတာ မမြင်ချင်ဘူးဆိုတာ ဖေဖေ သိပါတယ် သမီးရယ်၊ ဖေဖေ့သမီးက အရမ်းလိမ္မာတယ်'

ဖေဖေက ထိုစကားတို့ကို တစ်လုံးချင်း ဆို၏။ ဖေဖေ့မျက်ဝန်းမှာ မျက်ရည်တို့က ဝေ့ဝဲနေသည်။ သူမ မျက်ရည်ကို မျက်တောင်ခတ်ရင်း ထိန်းသည်။ ဖေဖေဟ သူမ၏ လက်နှင့်အတူ ပန်းစည်းကို အားပါးတရ ညှစ်ကာ ဆုပ်ကိုင်ထားသည်။

'သမီး မွေးနေ့ပွဲကို တစ်ခါတည်း လိုက်ခဲ့ပါလား'

'မလိုက်တော့ဘူး ဖေဖေ၊ သမီး ပရက်တီကယ် ရှိသေးတယ်'

မှသား စကားဆိုတာ ဖေဖေ သိမည် ထင်သည်။ ဖေဖေက အဆောင်ဘက်ဆီသို့ ဦးတည်ရင်း ကားကို မောင်းပေးသည်။

အဆောင်ရှေ့ ရောက်တော့ ကားကို တုန့်ခနဲ ရပ်ပေးသည်။

'ဒါဆို ဖေဖေ သွားတော့မယ်နော်'

'ဟုတ်'

ဖေဖေက ကားကို ကျွမ်းကျင်စွာ ကွေ့ရင်း ထွက်သွားသည်။ ဖေဖေ့ကား သူမ မျက်စိအောက်က ပျောက်သွားချိန်၊ တင်းထားခဲ့သော မျက်ရည်တို့က စီးကျကျသည်။ သူမခန္ဓာကိုယ်က ယိုင်ခနဲမို့ သူမ ဝင်းတံခါးတိုင်ကို မှီလိုက်သည်။

ယူလိုက်တော့ ယွန်းမီဇင်။ အောင်မြင်မှုတွေ အကုန်လုံး ယူလိုက်တော့ တစ်သက်လုံး ရှုံးလာပြီးမှတော့ ရှုံးလက်စနဲ့ ရှုံးပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



ငိုခဲ့သောအရှိန်တို့ကြောင့်လားမသိ။ ခေါင်းကိုက်နေသည်မို့ ကျောင်းမသွားဖြစ်။ နှစ်ယောက်လုံး ကျောင်းပျက်၍ မဖြစ်သည်မို့ နော်ရီက တော့ စိတ်မချသည့်ကြားက ကျောင်းကို (သူမအတင်းသွားခိုင်း၍) သွားသည်။ အိပ်ရာပေါ်မှာ သူမ တစ်ယောက်တည်း တွေးချင်ရာတွေး။

'မိုဟွမ်ရေ ဧည့်သည်'

အဆောင်သူ တစ်ယောက်၏ အသံကြောင့် သူမ အိပ်ရာထဲက လူးလဲထသည်။ အိပ်ရေးပျက်သည့်ဒဏ်၊ အစာကောင်းကောင်း မစားဖြစ်သည့်ဒဏ်၊ စိတ်ဖိစီးမှုဒဏ်တို့ကြောင့် အားနည်းကာ မူးချင်ချင် ဖြစ်နေသည်။ ဧည့်သည် ဆိုတော့လည်း မထလို့ မဖြစ်။ ဒေါ်ဒေါ်ကလည်း ဈေးသို့သွားသည်။

လှေကားထစ်အပေါ်ကနေ သတိထား ဆင်းရင်း ခေါင်းကခိုက်ခနဲ ဖြစ်ချင်သည်။ လှေကားတစ်ထစ်ချင်း သူမ သတိထားကာ ဆင်းသည်။

အောက်ရောက်ရောက်ချင်း မြင်ရသည့် မြင်ကွင်းက သူမကို အမော

www.burmeseclassic.com



ဆို့စေသည်။ ယွန်းမီဇင် ရယ်လေ။ သူမက လှေကားပေါ် ပြန်တက်ရန် ကိုယ်တို လှည့်သည်။ သွားပါ အောင်နိုင်သူရယ်။ ငါ့ကို လာမနှိပ်စက်ပါနဲ့။ သူမ လှေကားပေါ် တက်ရန်ပြင်သည်။

'မ မ'

BURMESE CLASSIC

သူမ ခြေလှမ်းတို့ တုန့်ခနဲ။ 'မမ' တဲ့။ ကမ္ဘာပေါ်မှာ သူမ၏သွေးသားရင်းဖြစ်သော ကစ်ဦးတည်းသော ညီမလေး။ သူမ ပြန်လှည့်အကြည့်မှာ မျက်ရည်စက်က ကြွေကျသည်။ ယွန်းမီဇင်က သူမ ရှိရာပြေးလာသည်။

သူမရင်ကို ဖွင့်ပေးလိုက်သည်။ ယွန်းမီဇင်က သူမကိုအားရပါးရပွေ့ရင်း 'မမ' ဟု ရှိုက်သံတစ်ဝက်ဖြင့် ထပ်ခေါ်သည်။ သူမလည်း ပြန်လည်ပွေ့ဖက်ထားဖြစ်သည်။ တစ်ယောက်ကိုတစ်ယောက် ဘာစကားမှ မဆိုဘဲ ဘယ်လိုမှ မရှင်းကြပါဘဲ ရင်ဘတ်ချင်းနားလည်သွားကြသည်။ တကယ်တမ်းကျတော့ သံယောဇဉ်ဆိုသောကြိုးက မမြင်လိုက်ရပါဘဲ ရစ်ပတ်နှောင်တွယ်တတ်သော သဘောရှိသည်လေ။ ယွန်းမီဇင်က ငိုရှိုက်လို့ကောင်းဆဲ သူမရော။ သူမသည်လည်း ငိုရှိုက်မိသည်ပဲလေ။ ပြီး သူမခန္ဓာကပျော့ကျသွားသည်။

'မမ . . . မမ'

ယွန်းမီဇင် စိုးရိမ်တကြီး ခေါ်ရင်း သူမကို ပွေ့ဖက်ထားတာကို နောက်ဆုံး သူမသိလိုက်ရသည်။ ပြီး သူမအသိမှာ မှောင်အတိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟော

ဟော သတိရလာပြီ'

BURMESE CLASSIC

ပထမဆုံး သူမမျက်လုံး ဖွင့်ဖွင့်ချင်း မြင်ရသည်က ဖေဖေ။ ပြီး ယွန်း မီဇင်။ နော်ရီ ပြီးတော့ ခွန်နိုင်အေးနှင့် သူ၊။

'သမီး သက်သာလား'

ဖေဖေက ကရုဏာ အပြည့်ဖြင့် ဆံနွယ်တို့ကို သပ်ရင်း ကြင်နာစွာ မေးသည်။ သူမခေါင်းကို သာယာစွာ ညိတ်ပြလိုက်သည်။

'မမရေ ဖေဖေက အဖြစ်သည်းနေတာ၊ တစ်ညလုံး ညီမလေးနဲ့ စောင့်နေတာ လုံးလုံးမအိပ်ဘူး'

ယွန်းမီဇင်က ဖေဖေ့ကိုချစ်စနိုးဖြင့် မျက်စောင်းထိုးရင်း သူမကိုတိုင် သလိုပြောသည်။ ဒါဆို သူမ၏မဖေဖေရော ညီမလေးပါ တစ်ညလုံး သူမကို စောင့်နေခဲ့သည်ပေါ့။

'အားနည်းသွားတာတဲ့ ဘာမှစိုးရိမ်စရာမရှိဘူးတဲ့'

www.burmeseclassic.com

www.burmeseclassic.com


ယွန်းမီဇင်ကပဲ သူမ၏လက်ကို အားပါးတရ ဆုပ်ရင်းက အားပေးစကား ဆိုသည်။

'ဒီလိုဆို ဦးနဲ့ ယွန်းမီဇင်ပြန်နှားလိုက်ဦးလေ နော်ရီတို့တစ်လှည့် စောင့်ပေးမယ်။ ဒီညနေ ဆွင်းမှာပဲဟာ'

ဖေဖေက နော်ရီစကားကြောင့် ယွန်းမီဇင်ကို ကြည့်သည်။ ယွန်းမီဇင်က 'ကောင်းသားပဲ' ဟုဆိုသည်။

'ကဲ ဒီလိုဆို ဖေဖေတို့ ခဏပြန်လိုက် ဦးမယ်နော်'

သူမ ဖေဖေ့ကို ခေါင်းညိတ်ပြလိုက်သည်။ ယွန်းမီဇင်က သူမနား ရောက်လာပြီး ပါးကို ရွှတ်ခနဲနမ်းသည်။ ဖေဖေက အခန်းအပြင်တောင် ရောက်၍ နေပြီ။

'ငါ့အစ်မကို သူများ မနမ်းခင် အရင်နမ်းတာဟေ့'

BURMESE CLASSIC

ယွန်းမီဇင်က ခွန်နိုင်အေးကို မေးငေါ့ရင်းဆိုသည်။ ပြီးအခန်းအပြင်သို့ ခပ်သွက်သွက် ထွက်သွားသည်။ ခွန်နိုင်အေး မျက်နှာရဲခနဲ။ နော်ရီနှင့် သူရက ပြုံးစိစိဖြင့် လူမမာဖြစ်သော သူမနှင့် ခွန်နိုင်အေးကို ကြည့်သည်။

'ဒေါ်ဒေါ်ကမှာ လိုက်တယ်။ နင့်အမေဆီက ဖုန်းလာတယ်တဲ့'

'ဘာ အမေ့ဆီက'

'မစိုးရိမ်ပါနဲ့ဟဲ့၊ နင့်အမေက နဂိုကတည်းက ဒီလိုဖြစ်လာမယ်မှန်း သူသိပြီးသားတဲ့၊ နေကောင်းအောင်နေတဲ့၊ သူလည်း အသက်ရလာပြီမို့ ဘာအားယားတမှ မထားတော့ဘူးတဲ့'

နော်ရီ စကားကြောင့် သူမရင်၌ ငြိမ်းချမ်းသွားရသည်။

'ကဲကဲ ငါတို့ တစ်ခုခုသွားသောက်လိုက်ဦးမယ်၊ ခွန်နိုင်အေး မင်းသူနာ စောင့်ကျန်ခဲ့။ ငြိမ်ငြိမ်စောင့်နေနော်'

'ငါတို့ စိတ်ချမယ်နော်'

သူရနှင့် နော်ရီက တစ်ယောက်တစ်ပေါက်ဆိုရင်း သူမ မတားလိုက်မီမှာပင် အပြင်ဘက် ထွက်သွားသည်။ အခန်းထဲမှာ သူမနှင့် သူသာ ကျန်ခဲ့သည်။ ခွန်နိုင်အေးက ရှက်ရှက်ဖြင့် မျက်နှာက ပန်းရောင် ခပ်သန်းသန်း။

'သက်သာ သလိုနေနော်'

'စိတ်ချ'

မရဲတရဲ ပြောသော ခွန်နိုင်အေး၏ အပြောကို သူမက 'စိတ်ချ' ဟု


www.burmeseclassic.com

www.burmeseclassic.com



ငေါ်တော့တော့ ဆိုလိုက်တော့ သကောင့်သား မျက်နှာကြီး ရဲတွတ်သွားသည်။

'လူမမာကလည်း လေသံက မာလှချည်လား'

'မာ မာ ပဲ'

'ဒါကြောင့် ဖေဖေနဲ့ ညီမလေးက ပြောတာပေါ့'

'ဘာ ဘာ'

သူမ အော်သောကြောင့် ခွန်နိုင်အေး လန့်သွားဟန်တူသည်။ ကြည့်စမ်း၊ လူကြည့်တော့ ရှက်တတ်သလို ကြောက်တတ်သလိုလိုနဲ့။ အသားလာယူနေသည်။

'အသား လာမယူနဲ့နော် ဟင်း'

'အေးပါ'

သူမ မျက်စောင်းထိုးရင်း အဆို သူက 'အေးပါ' ဟု အားမလို အားမရ ဆိုရင်း သူမ၏ လက်ဖဝါးကို လာဆုပ်ကိုင်သည်။

BURMESE CLASSIC

'အောင်မာ လွှတ် အသားမယူနဲ့'

ရှက်ရှက်ဖြင့် သူမဆိုသည်။ နှုတ်ကသာ ဆိုသော်လည်း လက်က မရုန်းမိ။

'ဘယ်မှာ အသားယူလို့လဲ အားပေးတာ အားပေးတာ'

'လူလည်'

သူမရှက်ရှက်ဖြင့် 'လူလည်' ဟုသာ ဆိုဖြစ်သည်။ ရင်ကလည်း အားပါးတရ ခုန်နေသည်ကိုး။

'နေကောင်းအောင် နေနော်'

'ရှင့် အပူလား'

'ဒါပေါ့ ချစ်တာကိုး'

'သွား'

သူမ ရှက်လွန်းလို့ မျက်နှာလွှဲထားခြင်း ဖြစ်သည်။ အစတုန်းကတော့ မခုတ်တတ်သော ကြောင်လို ခပ်ကုပ်ကုပ်၊ ကျောချမှ ဓားပြမှန်း သိသည်။

'ဒေါက် ဒေါက်'

တံခါးခေါက်သံကြောင့် ခွန်နိုင်အေးက ကိုင်ထားသော လက်ကိုဖြုတ်သည် သူမက ရှက်စိတ်ကြောင့် နီရဲနေသော မျက်နှာကို စောင်ဖြင့် ကမန်းကတန်း ဆွဲကာအုပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရနှင့် နော်ရီ နှစ်ယောက်သား စပ်ဖြီးဖြီးဖြင့် အခန်းထဲဝင်လာသည်။

'ဟာ လူမမာက စောင်ကြီး အုပ်လို့ပါလား'

'ဟယ် လူမမာ စောင့်ကလည်း ခေါင်းကြီးငုံ့လို့'

မထိတထိ စနေမှန်း သိသော်လည်း

သူရော သူမပါ ခေါင်းမဖော်ရဲ။

'နော်ရီ ငါတို့ အအေးသောက်တာ မြန်များ သွားသလား'

'ရှင့် အပူလား'

'ဒါပေါ့၊ ညစ်တာကိုး'

'တွား'

နော်ရီနှင့် သူရကတော့ သူတို့ကိုယ် သူတို့ ဟောလီဝုဒ်က သရုပ်ဆောင်များ အောက်မေ့နေသလားမသိ။ မိုဟွမ်ကတော့ ရင်ခုန်လွန်း ရှက်လွန်း၍ ခေါင်းမဖော်ရဲ။

နိုင်အေးသည်လည်း ရှက်လွန်း၍ ခေါင်းမမော့ရဲ။

ရှက်ရှက်နှင့် ရင်ကိုယ်စီ ခုန်နေကျသည်ကိုး။ တကယ်တမ်းကျတော့ နိုင်အေးသည် မိုဟွမ်၏ လူနာစောင့်သာမက တစ်သက်စာ ရင်ဘတ်စောင့် ဘဝဖော်လည်း ဖြစ်တော့မည် မဟုတ်ပါလား။



[illegible]

[illegible]